# နိဗ္ဗာနဒီပနီဘယ်လဲ?




ရွှေမြင်တင်တောင်
၁၃၃၄ခုနှစ် ပဌမဝါဆိုလဆုတ် ၁ ရက်


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မာတိကာ | ၃ |
| ၁။ | အချီးစကား | ၁၁ |
| | အခန်း(၁)<br>နိဒါန်း | |
| ၂။ | နိဗ္ဗာနဒီပနီအား သုံးသပ်ရခြင်းအကြောင်း | ၁၅ |
| ၃။ | နိဗ္ဗာနဒီပနီအား ရှုကြည့်ပုံ | ၁၉ |
| | အခန်း(၂)<br>ကောကနုဒ်ဗိမာန်အား လေ့လာခြင်း | |
| ၄။ | နိဗ္ဗာနဒီပနီအား သုံးသပ်နည်း | ၂၃ |
| ၅။ | နိဗ္ဗာန်အရကောက်ကွဲ၍ အကျင့်ကွဲသည် | ၂၅ |
| ၆။ | လုပ်ငန်းမှန်,မမှန် ပန်းတိုင်ဖြင့်စစ်ရမည် | ၃၂ |
| ၇။ | နိဗ္ဗာန်ကို အတိအကျသိဖို့လိုသည် | ၃၄ |
| | အခန်း(၃)<br>ကောကနုဒ်ဗိမာန်၏ ဒုတိယကမ္ဘည်းကိုလေ့လာခြင်း | |
| ၈။ | နိဗ္ဗာန်ဟူသည် ဘဝတို့၏မဖြစ်ခြင်းလော | ၄၁ |
| ၉။ | လူသည် ရှေ့ဘဝ,နောက်ဘဝကိုသိနိုင်သလား | ၄၄ |
| ၁၀။ | စိတ်တန်ခိုးဆိုသည်မှာ | ၄၅ |
| ၁၁။ | တန်ခိုးသည် လူ၏ မမွေးမီနှင့်သေပြီးနောက် အဖြစ်ကို သိနိုင်သလား | ၄၈ |
| ၁၂။ | ပညာစွမ်းဖြင့် လူ၏ ရှေ့ဘဝနောက်ဘဝသိနိုင်သလား | ၅၂ |
| ၁၃။ | ဗုဒ္ဓအဘိဓမ္မဝါဒ၏ အနှစ်သာရ | ၅၃ |
| ၁၄။ | ကိုယ့်ကံကို ဘယ်သူကစီမံဖန်တီးသနည်း | ၅၆ |



ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ကြိုက်ခြင်းသည်လည်း ဆင်းရဲပင် | ၅၇ |
| ၁၆။ | ဗုဒ္ဓအဘိဓမ္မဝါဒ၏ ဘဝအမြင်(ဒဿန) | ၆၃ |
| ၁၇။ | ပညတ်နှင့်ပရမတ်သည် နာနတ္တဖြစ်သလို ဧကတ္တလည်းဖြစ်သည် | ၆၆ |
| ၁၈။ | ကံဆိုတာဘာလဲ | ၆၉ |
| ၁၉။ | ဘဝဟူသည် | ၇၁ |
| ၂၀။ | ဘဝ၏ အကြောင်းရင်း | ၇၂ |
| ၂၁။ | ဘဝ၏ အကျိုးရင်း | ၇၄ |
| ၂၂။ | ကံနှင့်ဝိပါက်စိတ်များ တသားတည်းဖြစ် | ၇၈ |
| ၂၃။ | သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ | ၈၂ |
| ၂၄။ | ဘဝအကျိုး ဝိပါက်နာမ်ရုပ် | ၈၅ |
| ၂၅။ | ဘဝဟူသည် စိတ္တက္ခဏမျှသာ | ၈၇ |
| ၂၆။ | ဘဝအစသည် အမိဝမ်းတွင်းကလော | ၈၈ |
| ၂၇။ | ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များ | ၉၀ |
| ၂၈။ | အမိဝမ်းတွင်း၌ အကြည်ရုပ်မဖြစ် | ၉၂ |
| ၂၉။ | လူဟူသည် ကံကြောင့်ဖြစ်သောသတ္တဝါ | ၉၃ |
| ၃၀။ | သုံးဆယ့်တစ်ဘုံဘဝ ပြဿနာ | ၉၄ |
| ၃၁။ | သုံးဆယ့်တစ်ဘုံဘဝ(=ဥပပတ္တိဘဝ)ရပုံ | ၉၄ |
| ၃၂။ | ဗုဒ္ဓအဘိဓမ္မာဟာ ဘာလဲ | ၉၈ |
| ၃၃။ | လူ့ဘဝ ဘယ်ကရသနည်း | ၉၉ |
| ၃၄။ | ယောကျ်ား,မိန်းမ ဘယ်လိုကြောင့်ကွဲပြားရသနည်း | ၁၀၃ |
| ၃၅။ | လူတို့၏ မတူသောအဖြစ်များ ဘာကြောင့်ကွဲပြားခြားနားရသလဲ | ၁၀၇ |
| ၃၆။ | အသက်တိုခြင်း,ရှည်ခြင်း အကြောင်းရင်း | ၁၀၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ရောဂါနည်းခြင်း,များခြင်း အကြောင်းရင်း | ၁၁၂ |
| ၃၈။ | ရုပ်ဆိုးခြင်း,လှခြင်း အကြောင်းရင်း | ၁၁၃ |
| ၃၉။ | မိတ်ဆွေနည်းခြင်း,များခြင်းနှင့် ဩဇာအာဏာ အကြောင်းရင်း | ၁၁၆ |
| ၄၀။ | ဥစ္စာပစ္စည်းပြည့်စုံခြင်းနှင့် မွဲခြင်း အကြောင်းရင်း | ၁၁၈ |
| ၄၁။ | ယဉ်ကျေးမြင့်မြတ်သောဇာတိ ရှိ,မရှိ အကြောင်းရင်း | ၁၂၄ |
| ၄၂။ | ဉာဏ်ထက်ခြင်း,နုံ့ခြင်း အကြောင်းရင်း | ၁၂၅ |
| ၄၃။ | ကံသတ္တိဆိုတာ ဘာလဲ | ၁၃၀ |
| ၄၄။ | နိဗ္ဗာန်ဒီပနီဆရာ၏ ဘဝအမြင်ဘာလဲ | ၁၃၁ |
| ၄၅။ | ပရမတ္ထအရှိဝါဒသည် ဗုဒ္ဓဝါဒမဟုတ် | ၁၃၇ |
| ၄၆။ | အရှိဆိုတာ ဘာလဲ | ၁၃၉ |
| ၄၇။ | အနိစ္စသည် ပရမတ်အရှိပြအချိန်ကို ငြင်းဆိုသည့်စကား | ၁၄၀ |
| ၄၈။ | ပရမတ်နှင့်ပညတ် | ၁၄၆ |
| ၄၉။ | သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ သမဘာဂဖြစ် | ၁၅၀ |
| ၅၀။ | အထက်သစ္စာရောက်သော်လည်း အောက်သစ္စာမပျက် | ၁၅၂ |
| ၅၁။ | အဖြစ်နှင့်အရှိသည် အတူလော | ၁၅၇ |
| ၅၂။ | အရှိတရားအစစ်သည် ငြိမ်းအေးခြင်းသဘော | ၁၅၉ |
| ၅၃။ | ယနေ့ဘုရားသာသနာသည် လိင်္ဂသာသနာအဖြစ် ရောက်ရှိ | ၁၆၁ |
| ၅၄။ | မရှိနှင့်အရှိသည် အတူဖြစ်၍ အချိန်ဖြင့်တိုင်းမရ | ၁၆၃ |
| ၅၅။ | ဒုက္ခသည် ပရမတ်အရှိပြအသွင်အပြင်ကို ငြင်းဆိုသည့်စကား | ၁၆၇ |
| ၅၆။ | အနတ္တသည် ပရမတ်အရှိပြနေရာဌာနကို ငြင်းဆိုသည့်စကား | ၁၇၁ |
| ၅၇။ | ပရမတ္ထအရှိဝါဒသည် ဗုဒ္ဓဝါဒနှင့် လားလားမျှမပတ်သက် | ၁၇၂ |
| ၅၈။ | ပရမတ္ထအရှိဝါဒသည် စိတ္တဇဝါဒ | ၁၇၃ |


 ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၄)<br>နိဗ္ဗာန်သည် တန်ခိုးအာနုဘော်ကြီးသည် အဆိုအပေါ် သုံးသပ်ချက် | |
| ၅၉။ | နိဗ္ဗာန်သည် တန်ခိုးအာနုဘော်ကြီးသလား | ၁၇၉ |
| ၆၀။ | နိဗ္ဗာန်ရောက်သောကြောင့် ရာဂကုန်ခြင်းလော | ၁၈၃ |
| ၆၁။ | သစ္စာလေးချက်သည် အချိန်မခြား တပြိုင်နက်လည်သည် | ၁၈၅ |
| ၆၂။ | ပျက်သောသစ္စာများ | ၁၈၇ |
| | အခန်း(၅)<br>အနုပါဒိသေသနိဗ္ဗာန်သည် ဝိပါက်နာမက္ခန္ဓာ အကြွင်းမဲ့ ချုပ်ဆုံးခြင်းလား | |
| ၆၃။ | သဥပါဒိသေသနှင့်အနုပါဒိသေသနိဗ္ဗာန် | ၁၉၁ |
| ၆၄။ | အနုပါဒိသေသနိဗ္ဗာန်သည် ရဟန္တာတို့၏နိဗ္ဗာန် | ၁၉၄ |
| ၆၅။ | သဥပါဒိသေသနိဗ္ဗာန်သည် အောက်အရိယာတို့၏နိဗ္ဗာန် | ၂၀၃ |
| | အခန်း(၆)<br>သုညတ,အနိမိတ္တ,အပ္ပဏိဟိတနိဗ္ဗာန် စိစစ်သုံးသပ်ချက် | |
| ၆၆။ | သုညတနိဗ္ဗာန်စသည် | ၂၀၇ |
| ၆၇။ | သုညတနိဗ္ဗာန် အရကောက်အမှန် | ၂၀၉ |
| ၆၈။ | ခန္ဓာနှင့်နိဗ္ဗာန်သည် အပြိုင်ပြု၍ မစပ်နိုင် | ၂၁၀ |
| ၆၉။ | အနိမိတ္တနှင့် အပ္ပဏိဟိတနိဗ္ဗာန် အရကောက်အမှန် | ၂၁၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၇) | |
| | နိဗ္ဗာန်သည် အရှိ-စသည်အပေါ် စိစစ်သုံးသပ်ချက် | |
| ၇၀။ | နိဗ္ဗာန်အမှန်ရှိကြောင်း ဖော်ပြပုံအပေါ် စိစစ်ချက် | ၂၁၉ |
| ၇၁။ | နိဗ္ဗာန်၏ အမြင့်ဆုံးငြိမ်းချမ်းမှုဖြစ်ပုံ သုံးသပ်ချက် | ၂၂၃ |
| | အခန်း(၈) | |
| | နိဗ္ဗာနဒီပနီ သုံးသပ်ချက် အချုပ်စကား | |
| ၇၂။ | နိဗ္ဗာနဒီပနီအပေါ် ခြုံငုံသုံးသပ်ချက် | ၂၂၇ |
| ၇၃။ | နိဗ္ဗာနဒီပနီဘယ်လဲ နိဂုံး | ၂၂၈ |



ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

# နိဗ္ဗာနဒီပနီဘယ်လဲ?

ရှင်ဉာဏ
ရွှေမြင်တင်ဆရာတော်
မင်းကွန်း

ရွှေမြင်တင်တောင်
၁၃၃၄ခုနှစ် ပဌမဝါဆိုလဆုတ် ၁ ရက်

 ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

# နိဗ္ဗာနဒီပနီဘယ်လဲ?

၁။ အချီးစကား

လေးစားအပ်သော ဆရာတော်ကြီးတစ်ပါးထံမှ လယ်တီဆရာတော်၏ 'နိဗ္ဗာနဒီပနီ' အမည်ရှိသော စာအုပ်ကို ဖတ်ရှုခွင့် ရခဲ့သည်။ ဤစာအုပ်ကို ဖတ်ရသောအခါ ဤစာ၌ညွှန်ပြသော နိဗ္ဗာန်သည် ယနေ့ ဗုဒ္ဓဘာသာဝင်လူထု နားလည်နေသော နိဗ္ဗာန် ဖြစ်နိုင်ရာသည်ဟု လေးစားယုံကြည်မိပေသည်။ သို့သော်လည်း ဤနိဗ္ဗာန်နှင့်စပ်လျဉ်း၍ တုံ့ပြန်သောစိတ်ထားများ စာရေးသူ၌ တဖွားဖွား ခံစားလာရသည်။

ဤနိဗ္ဗာန်သည် အကယ်ပင် ဗုဒ္ဓလမ်းညွှန်ပြခဲ့သော နိဗ္ဗာန်လော-ဟူ၍ ဖြစ်သည်။ ဤနိဗ္ဗာန်သည် ဗုဒ္ဓအသျှင်ညွှန်ပြခဲ့သော နိဗ္ဗာန်မှ သွေဖည်လျက်ရှိသည်ဟု စာရေးသူ၌ ကောက်ချက်ချ ထွက်ပေါ်နေခဲ့လေသည်။ ထို့ကြောင့် 'နိဗ္ဗာနဒီပနီ'-ကို သုံးသပ်ဝေဖန်ပြီး 'နိဗ္ဗာနဒီပနီဘယ်လဲ'ဟူ၍ တင်ပြလိုစိတ်များ စာရေးသူထံမှ ရုန်းကန် ထွက်လာကြပါသည်။

ထိုသို့ဖြစ်သော်လည်း ဤအဆိုကို ဆိုရန်သင့်,မသင့်ကို အဆင့်ဆင့် ချင့်ရ ချိန်ရပေသည်။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာနဒီပနီကို ပြုစုမွေးဖွားပေးခဲ့သော လယ်တီဆရာတော်ကြီးကား သာသနာ၌ မြင့်မိုရ်တမျှ ခိုင်ခန့်တော်မူခဲ့သော ဆရာတော်ကြီး ဖြစ်သောကြောင့် ဖြစ်သည်။ အကျင့်သိက္ခာ အရလည်း ကောင်း၊ ပိဋကတ်အတတ်ပညာ အရလည်းကောင်း၊ လူပေးသူပေး ဘွဲ့ပေါင်းများစွာနှင့် သဘာဝအလျောက်ရသော ဘွဲ့ပေါင်းများစွာကို ပိုင်ဆိုင်တော်မူသော၊ မြန်မာနှင့် မြန်မာ့အပြင် ကမ္ဘာတိုင်အောင် ထင်ရှားကျော်ကြားခဲ့သော ဆရာတော်ကြီး ဖြစ်ပေသည်။ တပည့်တပန်းအရလည်း လောကီ၊ လောကုတ္တရာ စွယ်စုံရသော တပည့်တပန်း အထင်အရှားများကို များစွာမွေးထုတ် ပြုစုတော်မူနိုင်သော ဆရာတော်ကြီး ဖြစ်ပေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ပြင်လည်း ဆရာစဉ်ဆက်အားဖြင့် ထေရဝါဒ အစဉ်မပြတ်ဘဲ ထေရဝါဒ အယူအဆမှ တစ်ဖဝါး မတိမ်းသောကြောင့် အလွန်ခိုင်ခန့်သောအယူအဆ နောက်ခံရှိသည်ဟု ဆိုရမည်။

ဤသို့သောအကြောင်းများကြောင့် ဤမည်သော၊ မြင့်မိုရ်တမျှ ကြီးမားသော ဆရာတော်ကြီးအား ထိပါးသောအဆိုကိုဆိုလျှင် မြင့်မိုရ်တောင်ကို လက်သီးဖြင့်ထိုးသူ ဖြစ်နေမလား-ဟု ချင့်ချိန်ရခြင်း ဖြစ်ပါသည်။

မြင့်မိုရ်တောင်ကို လက်သီးဖြင့်ထိုးခြင်းသည် ကြီးမားသောအန္တရာယ်ကို ရနိုင်ပါသည်။ လူသည် စိတ်လှုပ်ရှားမှု အကြောင်းကလေး တစ်ခုမျှဖြင့် ကြီးမားသောအန္တရာယ်ကို အလွယ်တကူ ဝင်ခွင့်မပေးသင့်ကြောင်း သတိပြုရပါမည်။

သို့သော်လည်း စာရေးသူသည် -

'အလယ်လမ်း အတွေးအခေါ်သမား' ဖြစ်ပါသည်။

ဗုဒ္ဓထုတ်ဖော်ညွှန်ပြခဲ့သော အလယ်လမ်းအတွေးအခေါ်ကို အနက်ရှိုင်းဆုံး ဦးညွှတ်လျက်ရှိသူ ဖြစ်ပါသည်။

ထိုအတွေးအခေါ်သည် လောက၌ အဖွေးအလက် အတောက်ပြောင်ဆုံးသော သစ္စာ။ ထိုသစ္စာသည် အကယ်၍ အားမာန်ဝင်လျက် အသက်ထင်ရှားရှိသည်ဟုဆိုလျှင် အန္တရာယ်မှန်သမျှ ကင်းစင်လွင့်ပျောက် မရောက်မလာဘဲ ရှိရမည်ဟု ယုံကြည်သူ ဖြစ်ပါသည်။ ထို့ကြောင့် အသွယ်သွယ်သော အန္တရာယ်အကြားမှ စာရှုသူများ တွေ့မြင်နိုင်ရန် ဤကျမ်းကို ကြိုးစား၍ မွေးဖွားဖော်ထုတ်လိုက်ရပါသည်။

ဤအချိန်မှစ၍ စာရှုသူတို့ နှလုံးအတွင်း၌ သန့်ရှင်းသော သစ္စာများအတွက် နေရာပေးနိုင်သော အခွင့်အလမ်းများ ဖြစ်ထွန်းပါစေ။

ဤစာသည်လည်း ထောက်ကူနိုင်ပါစေ။

ရှင်ဉာဏ
မင်းကွန်း
၁၃၃၄ခုနှစ်၊ ပဉ္စမဝါဆိုလဆုတ် ၁ ရက်

အခန်း(၁)

# နိဒါန်း

## အခန်း(၁)
## နိဒါန်း

၂။ နိဗ္ဗာနဒီပနီအား သုံးသပ်ရခြင်းအကြောင်း

'နိဗ္ဗာနဒီပနီ'သည် နိဗ္ဗာန်နှင့်စပ်၍ တည်ဆောက်ထားသော အကောင်းဆုံးသော အဆောက်အဦလေး ဖြစ်သည်။ 'နိဗ္ဗာနဒီပနီ'သည် နိဗ္ဗာန်နှင့်စပ်၍ တည်ဆောက်ခဲ့ကြသော ရှေးအဆောက်အဦများ၏ အမှားများကို ဖယ်ရှားလျက် သပ်သပ်ယပ်ယပ် တည်ဆောက်ထားသော အဆောက်အဦ ဖြစ်သည်။

ထိုရှေးက အဆောက်အဦ ဟူသည်များမှာ 'ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ'နှင့် 'နိဗ္ဗာနသရူပဒီပနီ' စသည်တို့ ဖြစ်ကြပေသည်။ ဤအမှားများကို ရှုကြည့်သိမြင်ပြီးသူတို့အနေနှင့် ဤ'နိဗ္ဗာနဒီပနီ'ကို ရှုကြည့်လျှင် ဤနိဗ္ဗာနဒီပနီ၏အလှသည် လက်ဖျစ်တီး၍ အံ့ချီးမကုန် ဖြစ်ရဖွယ် ရှိပေသည်။

နိဗ္ဗာနဒီပနီသည် အကြောင်းအရာ အားဖြင့်လည်းကောင်း၊ အသွင်သဏ္ဌာန်အားဖြင့်လည်းကောင်း ပီပြင်ခြင်း၊ ခန့်ထည်ခြင်း၊ သန့်ရှင်းခြင်း၊ လွှမ်းမိုးခြင်း၊ပျံ့နှံ့ခြင်းစသော အရည်အချင်းကောင်းများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့ရပေမည်။

ထိုသို့ဖြစ်သောကြောင့် နိဗ္ဗာနဒီပနီကို ကြည့်ရှုသူတို့သည် အားစိုက်၍ အထူးကြည့်နေရန် မလိုအပ်တော့ဘဲ မျက်စေ့ပသာဒကို အလိုအလျောက် ဒရောသောပါး ဆွဲခေါ်သွားခံရသကဲ့သို့ ဖြစ်ရပေသည်။ ပြီးလျှင် ထိုသူ၏နှလုံးစိတ်ဝမ်း၌ ပြည့်လျှမ်းကျေနပ်မှုများ ဖြစ်ပွားပြီး အောက်ပါ အာမေဍိတ်သံများ ပေါ်ထွက်လာရပေသည်။

'အင်း-ရှင်းသွားတာပဲ။ ဟုတ်ပေသားပဲ။ တစ်ခါတည်း နားလည်သွားတာပဲ။ နိဗ္ဗာန်နဲ့စပ်ပြီးတော့ ဘဝင်ကျပေပေါ့"စသည်ဖြင့် ဖြစ်လေသည်။ 'နိဗ္ဗာနဒီပနီ'သည် သာသနာမှ၄င်း၊ လောကမှ၄င်း၊ ကျမ်းအထွေထွေမှ သဘောတရားများဖြင့် တည်ဆောက်လျက် ကြောင်းကျိုးယုတ္တိများကို အချက်ကျကျသွင်းပြီး


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ရှင်းလင်းတည်ဆောက်ထားသောအရာ ဖြစ်လေသည်။

ထို့ကြောင့် 'နိဗ္ဗာနဒီပနီ'-ဟူသော အဆောက်အဦသည် လောက၌ အလှဆုံးသော ကောကနဒ်ဗိမာန် အဆောက်အဦကလေး ဖြစ်၍နေလေသည်။

လောက၌ ကောကနဒ်ဗိမာန်ကလေးတစ်ခု ရှိသည်ဆိုအံ့။

ထိုဗိမာန်ကလေးသည် မထိရက်သော ပြောက်အမွှမ်းတို့ဖြင့် စေ့စေ့စပ်စပ် တည်ဆောက်ထားသောကြောင့် ရှုကြည့်သူတို့ မျက်နှာမလွှဲချင်အောင် ဘဝင်ကျပြီး အေးမြမှုရသကို ခံစားရမှု ဖြစ်စေသည်ဆိုအံ့။ ထိုကောကနဒ်ဗိမာန်ကလေးသည် 'နိဗ္ဗာနဒီပနီ' ဖြစ်လေသည်။

ဟုတ်ပါ၏။ ဤ 'နိဗ္ဗာနဒီပနီ'တည်းဟူသော ကောကနဒ်ဗိမာန်ကလေးသည်လည်း ကြည့်ရှုသူ ဘယ်သူတို့ကိုမဆိုတို့အား ဆွဲယူညို့ငင် မခွါချင်အောင် ရှိစေလေသည်။ ထို့ကြောင့် 'နိဗ္ဗာနဒီပနီ'ဟူသော ထိုအဆောက်အဦကလေးသည် လှမျိုးကြွယ်သော ကောကနဒ်ဗိမာန်ကလေး ဖြစ်ပါတော့သည်။

ယင်းကောကနဒ်ဗိမာန်ကလေးကား ဩဘာလက်ခုပ် အပြည့်ရသော ဗိမာန်ကလေး ဖြစ်ပေသည်။ ယင်းဗိမာန်ကလေးကို ရှုကြည့်သူများသည် ပုဂ္ဂိုလ်အမျိုးမျိုး ရှိလေသည်။ ထိုပုဂ္ဂိုလ်များသည်-

တည်ဆောက်မှုကို ရှေ့တန်းတင်ထားကြသော ပုဂ္ဂိုလ်များ၊

အသုံးချမှုကို ရှေ့တန်းတင်ထားကြသော ပုဂ္ဂိုလ်များနှင့်

သာမန်လူများ ဖြစ်ကြလေသည်။

ကောကနဒ်ဗိမာန်ကလေးသည်ကား ထိုသုံးမျိုးသုံးစားသော ကြည့်ရှုသူပရိသတ်တို့အား ဆွဲယူညှို့ငင် မခွါချင်အောင် ရှိစေနိုင်ပေသည်။

ဤပုဂ္ဂိုလ်သုံးစားတွင် ပရိယတ်(စာပေ)ပညာရှင်များသည် တည်ဆောက်မှုကို ရှေ့တန်းတင်ထားကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ဤပရိယတ်စာပေပညာရှင်တို့သည် ကောကနဒ်ဗိမာန်ကို ရှုကြည့်ရာ၌ ဗိမာန်ကလေး၏ ပိသုကာပညာ (ပရိယတ်စာပေပညာ)ဖြင့် တည်ဆောက်ထားဟန်ကို အလေးထား ရှုစားကြပေသည်။

ကောကနုဒ်ဗိမာန်ကို ဖန်ဆင်းတည်ဆောက်သူကား အထက်မှဆိုခဲ့ပြီး သည့်အတိုင်း ပရိယတ်(စာပေ)တည်းဟူသော ပိသုကာပညာ၌ ဆေက(လိမ္မာခြင်း)၊ ကောဝိဒ(တတ်သိခြင်း)၊ ဝိဒူ(ကျွမ်းကျင်ခြင်း)၊ ပါရဂူ(တစ်ဖက်ကမ်းရောက် တတ်မြောက်ခြင်း)စသည်ဖြင့် သဘာဝပေး ဘွဲ့ဂုဏ်တို့ အထပ်ထပ်ထုံပြီး မွမ်းပြီး သူ ဖြစ်သည့်အားလျော်စွာ အပြစ်မျိုးမထင် ကင်းစင်အောင် တည်ဆောက်ခဲ့ပေ သည်။

ထို့ကြောင့် ထိုသူတို့မျက်စေ့၌ ကောကနုဒ်ဗိမာန်သည် ထည်ခြင်း၊ ဝါခြင်း၊ ခန့်ညားခြင်းများလည်း ရှိသည့်အပြင် အိခြင်း၊ နွဲ့ခြင်း၊ သွဲ့ပျောင်းခြင်းများ လည်း ရှိနေသည်ကို တွေ့မြင်ကြရလေသည်။

ထို့အပြင်လည်း ကောကနုဒ်ဗိမာန်သည် သမိုင်းလက်ကျန် အပြောက် အမွမ်းမှန်သမျှ ကုန်လို့မှသည်လည်း ထွေးခြင်း၊ လိမ်းခြင်း၊ ရှုပ်ရှက်ခတ်ခြင်း အလျဉ်းမရှိဘဲနေသည်ကို တွေ့ရှိကြရလေသည်။

သူတို့သည် ကောကနုဒ်ဗိမာန်၏ ရပ်ဟန်တည်ဟန် အနိမ့်အမြင့် အကွက် ပန္နက်များ အစစ ညီညွတ်ပြေပြစ်ဟန်ကို တွေ့မြင်ကြရ၍ ထိုဗိမာန်ကလေး၏ အညီ့အငင် လွင့်စင်လွတ်ထွက်အောင်ပင် မရုန်းနိုင်ဘဲ ရှိကြပေသည်။

ထို့အပြင် အသုံးချမှုကို ရှေ့တန်းတင်ကြည့်ကြသော ပုဂ္ဂိုလ်များကား ပဋိပတ်သမားများ ဖြစ်ကြပေသည်။ သူတို့သည် ကောကနုဒ်ဗိမာန်ကို ရှုကြည့်ရာ ၌ အသုံးကျမှုကို ရှေ့တန်းတင်၍ ကြည့်ကြလေသည်။

သူတို့၏မျက်စေ့၌ ကောကနုဒ်ဗိမာန်ကလေးသည် အလျားအနံ ဘယ် လောက်ကျယ်သလဲ။ အခန်းသေး အခန်းကြီးများ ဘယ်ပုံဖွဲ့ထားသလဲ။ တက်ရ ဆင်းရမည့်လမ်းက ဘယ်လိုလဲ။အလင်းအမှောင်က ဘယ်လိုနေသလဲ။ လေဝင် လေထွက် ရှိသလား,မရှိသလား-အစစ အသုံးနှင့် ပြေပြစ်ခြင်းရှိမရှိကို ရှုကြည့်ကြ လေသည်။ ကောကနုဒ်ဗိမာန်သည် သူတို့၏ အသုံးချမျက်စေ့၌ အစစ အသုံးကျ သည်ဟု ထင်မြင်၍ မခွါချင်အောင် ရှိကြလေသည်။

ကြွင်းသော ကျန်ကြည့်သူများကား ကောကနုဒ်ဗိမာန်ကို ရှုကြည့်သူများ ပရိသတ်၌ အရေးပါသူများ မဟုတ်ကြတော့ပေ။

ထိုသူများကား ခံစားမှုကို ရှေ့တန်းတင်ကြသောပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ သူတို့သည် ဘာသာတရားကို သဒ္ဓါဓါတ်အားဖြင့် ဆည်းကပ်နေကြသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလေသည်။ သူတို့၌ ကောကနုဒ်ဗိမာန်၏ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို အကယ်သိမြင်နိုင်သော မျက်စေ့များရှိကြသည် မဟုတ်ပေ။

သူတို့သည်လည်း ကောကနုဒ်ဗိမာန်ကို တွေ့ရသောအခါ အံ့ဩချီးကျူးကြည်နူးမဆုံး ရှိကြလေသည်။ ဟုတ်ပါသည်။ ကောကနုဒ်ဗိမာန်သည် သူတို့မျက်စေ့ကို အံ့ဩချီးကျူး မကြည်နူးနိုင်ဘဲ မနေနိုင်အောင် သတ္တိများ ရှိကြပေသည်။ သူတို့သည် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို သိတတ်သော ပညာအရည်အချင်းများ မရှိကြဟူ၍ပင် ဆိုရသော်လည်း တောက်ပြောင်ခြင်း၊ ထည်ဝါခြင်း၊ ကျော်ကြားခြင်းများကိုမူ သူတို့ ခံစားတတ်ကြပေသည်။

ထို့ကြောင့် သူတို့သည်လည်း ကောကနုဒ်ဗိမာန်ကို တွေ့ရသောအခါ အတုမဲ့ဗိမာန်၊ တစ်ခုတည်းသောဗိမာန်စသည်ဖြင့် အံ့ဩချီးကျူး၊ အကြည်နူးကြီး ကြည်နူးပြီး ထိုဗိမာန်ကလေးမှ မျက်နှာမလွှဲချင် ရှိနေကြလေသည်

ဤသို့ပင် ကောကနုဒ်ဗိမာန်ကလေးသည် ကြည့်ရှုသူတိုင်း၏ ဩဘာလက်ခုပ်ကို အပြည့်အဝရသော ဗိမာန်ကလေး ဖြစ်ပေသည်။ ဤဗိမာန်ကလေးကို ရှုကြည့်သူတိုင်းသည် သူတို့၏မျက်စေ့များကို ဤဗိမာန်ကလေးမှ မခွါချင်အောင် ဆွဲယူညို့ငင်မှုကို ခံကြရသည်ချည်း ဖြစ်လေသည်။ ထို့ကြောင့် သူတို့သည် ဤဗိမာန်ကလေးကို သူတို့၏ ဩဘာလက်ခုပ်သံများဖြင့် သွန်းလောင်းကြရလေသည်။

၃။ နိဗ္ဗာနဒီပနီအား ရှုကြည့်ပုံ

စာရေးသူသည် ဤဗိမာန်ကလေးကို ရှုကြည့်ရာ၌-

'အလယ်လမ်းအတွေးအခေါ် ပညာမျက်စေ့'-ဖြင့် ရှုကြည့်ပါသည်။

ပရိယတ်(စာပေ)သမားများကဲ့သို့ တည်ဆောက်မှုမျက်စေ့ဖြင့်လည်း မကြည့်ပါ။

ပဋိပတ်သမားများကဲ့သို့ အသုံးချမှုမျက်စေ့ဖြင့်လည်း မရှုကြည့်ပါ။

သာမန်လူများလို ခံစားမှုမျက်စေ့ဖြင့်လည်း မရှုကြည့်ပါ။

ထို့ကြောင့် သူတို့,သူတို့မြင်သကဲ့သို့ ဤကောကနုဒ်ဗိမာန်ကလေးသည် လက်ခုပ်ဩဘာ သွန်းထိုက်သော ဗိမာန်ကလေးဟု မမြင်ခြင်း ဖြစ်ပါသည်။

ဤစာရေးသူ၏ အလယ်လမ်းမျက်စေ့၌-

ဤကောကနုဒ်ဗိမာန်ကလေးသည် အပေါ်ယံ ရွှေမှုန့်ကျဲထားသော အထဲမှ နွားချေး,ရွှံ့စေးနှင့် ကောက်ရိုးနွယ်,ဝါးခြမ်းများဖြင့်ခံ၍ တည်ဆောက်ထားသော ဗိမာန်သာ ဖြစ်နေပေသည်။

ဆိုလိုသည်မှာ စာရေးသူ၏ အလယ်လမ်းအတွေးအခေါ်မျက်စေ့၌-

'ဤဗိမာန်သည် တကယ် အသုံးချခံနိုင်သောဗိမာန် မဟုတ်။ မှန်ဘီရို၊ ဖန်ပေါင်းချောင်များတွင်း သွင်းထားရမည့် ဟန်ပြဗိမာန်ကလေးသာဟု ဖြစ်သည်။ ဤဗိမာန်သည် အကယ်အသုံးပြုနိုင်သော သံ၊ သစ်သား၊ရွှေ၊ ငွေအစစ်တို့ဖြင့် တည်ဆောက်ထားသော ရွှေဗိမာန်မဟုတ်။ နွားချေး၊ ရွှံ့စေးတို့ဖြင့် တည်ဆောက်ထားသော ရွှေမှုန်ကျဲ ရွှံ့စေးဗိမာန်သာဖြစ်သည်'-ဟု တင်ပြလိုပါသည်။

ဤစကားသည် အမှန်ကိုဆိုသောစကား ဖြစ်ပါသည်။

ဤစကား မှန်နှင့်မမှန်ကို စာရှုသူများကိုယ်တိုင် တရားသူကြီးလုပ်၍ ဆုံးဖြတ်နိုင်ရန် ဤစာရေးသူက လျှောက်လဲလိုပါသည်။

စာရှုသူသည် အမှန်ကိုမြတ်နိုး၍ အမှန်ကိုအားကိုးပါလျှင် ဤလျှောက်လဲချက်ကို ငြိမ်သက်စွာ ရှုကြည့်စေလိုပါသည်။ မာန၊ အာဃာတစသော ဆိုးညစ်သောတရားများ စိုးစဉ်းမျှ အသိအထားမရှိဘဲ အရှိကို အရှိအတိုင်း တွေ့မြင်သိရှိ

နိုင်ရန် စာရေးသူက ကြိုးစား၍ လျှောက်ထားတင်ဆက်မည် ဖြစ်ပါသည်။

အမှန်ကိုမြတ်နိုးသောအားဖြင့် ကြိုးစား၍ ရှုကြည့် နားဆင်နိုင်ကြ ပါစေသတည်း။

အခန်း(၂)

# ကောကနဒ်မိမာန်အားလေ့လာခြင်း

## အခန်း(၂)
## ကောကနုဒ်ဗိမာန်အားလေ့လာခြင်း

၄။ နိဗ္ဗာနဒီပနီအား သုံးသပ်နည်း

ကောကနုဒ်ဗိမာန်ကို 'ရွှေဗိမာန်မဟုတ်၊ ရွှေမှုန်ကျဲဗိမာန်'-ဟု စာရေးသူ အဆိုပြုခဲ့ပါသည်။ ဤအမြင်ကို အလယ်လမ်းအတွေးအခေါ်မျက်စေ့ဖြင့် မြင်သည်ဟုလည်း ဆိုခဲ့ပါသည်။

ထိုအမြင်သည် အခြားသူများကိုပါ တွေ့မြင်အောင် မတင်ပြနိုင်လျှင် စိတ္တဇအမြင်လည်း ဖြစ်နိုင်ပါသည်။ ဤသို့မဟုတ်ကြောင်း အခိုင်အမာ တင်ပြနိုင်ရပါမည်။

ထိုသို့တင်ပြရာ၌ ဤဗိမာန်ကလေးကို နှစ်မျိုးနှစ်စားအားဖြင့် လေ့လာ တင်ပြရပါမည်။ 'ပဌမအမျိုး'-မှာ-

ဤကောကနုဒ်ဗိမာန်ကလေး၏ ပတ်ဝန်းကျင်ဝဲ,ယာမှ အစအနကလေး များကို လေ့လာအကဲခတ်ခြင်း ဖြစ်ပါသည်။

'ကျန်တစ်မျိုး'-မှာ-

ထိုဗိမာန်ကလေး၏ အစိတ်အပိုင်းကလေးများကို ဆိတ်ဖွဲ့ချိုးဖြတ်၍ လေ့လာကြည့်ရှုခြင်းမျိုး ဖြစ်ပါသည်။

ဤလေ့လာမှု နှစ်မျိုးလုံးမှာ အပေါ်ယံ ရွှေမှုန်ကျဲ၊ ရွှံ့စေးဗိမာန် ဖြစ်သည် ကို သိရှိရမည် ဖြစ်ပါသည်။ စာရှုသူတို့အား ရွှေဗိမာန်မဟုတ်ကြောင်း လျှောက်လဲ တင်ပြရာ၌ ပဌမလေ့လာမှုဖြင့် ရှေးဦးစွာ တင်ပြပါမည်။

အို - လေးစားအပ်သူ-

ကျွန်ုပ်နှင့်အတူ ကောကနုဒ်ဗိမာန်ကလေးကို အပြေးအလွှားလျှောက်ပြီး တစ်ပတ်လောက် လှည့်ကြည့်ကြပါစို့။

'တွေ့ပါပြီ'။ ကောကနုဒ်ဗိမာန်၏ တစ်နေရာမှာ အမှတ်အသား ကမ္ပည်း နှစ်ခု။ ယင်းမှာ ဤကောကနုဒ်ဗိမာန်ကို တည်ဆောက်သူ၏ဘဝကို ဖော်ပြထား

သော ကမ္ဘည်းများ ဖြစ်ပါသည်။

ယင်းကမ္ဘည်းနှစ်ခုကို တွေ့သောနေရာမှာ ကောကနုဒ်ပိမာန်ကလေး၏ ၁၅၂၊ ၁၆၆တို့တွင် ဖြစ်ပါသည်။

ယင်းကမ္ဘည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) 'နိဗ္ဗာန်စကားသည် မှားမည်၊တိမ်းမည် အလွန်ကြီး ကြောင့်ကြဖွယ် မရှိ'-ဟုလည်းကောင်း၊

(၂) 'သာသနာအတွင်း၌ လူဖြစ်၍နေရသော ယခုဘဝသည် နိဗ္ဗာန်နှင့် အနီးဆိုက်နေသော ဘဝပေတည်း။ သေလွန်၍ သာသနာမရှိရာ၌ လည်းကောင်း၊ အပါယ်၌လည်းကောင်းဖြစ်ခဲ့သော် ယခုဆိုက်လု နီးပါးနေသောနိဗ္ဗာန်နှင့် ကြာလေ,ကြာလေ ကွာလှမ်း၍သွားပြန် လေ၏'-ဟုလည်းကောင်း၊ ဖြစ်ပါသည်။

ကောကနုဒ်ပိမာန်ကို လေ့လာရာမှ ဤတွေ့ရှိချက်သည် ရွှေပိမာန်မဟုတ် ကြောင်း ပဌမလေ့လာချက်ဖြင့် တင်ပြနိုင်သော တွေ့ရှိချက် ဖြစ်ပါသည်။ဟုတ်ပါ သည်။ ဤတွေ့ရှိချက် ကမ္ဘည်းများသည် ကောကနုဒ်ပိမာန်ကို ဖန်ဆင်းသူ၏ ဘဝကို ဖော်ပြနေသောကမ္ဘည်းများ ဖြစ်ပါသည်။ဤတွေ့ရှိချက်ကမ္ဘည်းများအရ ကောကနုဒ်ပိမာန်ကို ဖန်ဆင်းတည်ဆောက်သူ၏ ဘဝသည် အဘယ် ဖြစ်သတဲ့ နည်း။

သူ့ဘဝသည် ဖန်ဆင်းတည်ဆောက်သူတော့ ဖန်ဆင်းတည်ဆောက်သူ အမှန်ပင်ဖြစ်သည်။ ဤအကြောင်းကိုမူ ဤကမ္ဘည်းကို မတွေ့မီကပင် သိရှိနိုင်ပြီး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤပိမာန်ကို သူဆောက်ထားသည်ကို သိပြီး ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ဤတွေ့ရှိချက်ကမ္ဘည်းများဖြင့် သူ့ဘဝကိုလေ့လာရန် လိုသည်မှာ သူ၏ ဖန်ဆင်းတည်ဆောက်မှု ပိသုကာဘဝသည် ရွှေ, ငွေ, သံ, သစ်သား-စသည်ကို ဖန်ဆင်းတည်ဆောက်သော ပိသုကာလော၊ မြက်, ဝါးခြမ်း, ရွှံ့စေး,နွားချေးတို့ဖြင့် ဖန်ဆင်းတည်ဆောက်သော ပိသုကာဘဝလော။ ဤသို့

သာ လေ့လာဖို့ရှိသည်ဟူ၍ ဖြစ်ပါသည်။

ဤပိမာန်မှ တွေ့ရှိချက် ကမ္ပည်းများသည် ဤပိမာန်ဆောက်သူ၏ ဘဝကို ရွှေပိမာန်ပိသုကာဘဝနှင့် ရွှေမှုန်ကျဲပိမာန်၏ ပိသုကာဘဝ၊ အဘယ်ဖြစ်သည်ဟု ညွှန်ပြနိုင်ပါသလော- ညွှန်ပြနိုင်သည်ဟု ပြောရပါမည်။

ဤကမ္ပည်းများသည် ဤပိမာန် တည်ဆောက်ဖန်ဆင်းသူ၏ဘဝကို ရွှေပိမာန်ပိသုကာ မဟုတ်၊ ရွှေမှုန်ကျဲပိမာန်၏ ပိသုကာဘဝဟု အထင်အရှားဖော်ပြနေပါသည်။ တွေ့ရှိသော ကမ္ပည်းနှစ်ခုအနက် နှစ်ခုစလုံးကပင် သူ့ဘဝ၏ ရွှေမှုန်ကျဲပိမာန်၏ ပိသုကာဘဝဖြစ်ကြောင်း သိသာထင်ရှားစေပါသည်။

ဤအကြောင်းများ ပြတ်သားလာစေရန် အောက်တွင် အကျယ်တဝင့် ရှင်းလင်းပါမည်။

ပဌမကမ္ပည်းမှာ-

'နိဗ္ဗာန်စကားသည် မှားမည်၊တိမ်းမည် အလွန်ကြီး ကြောင့်ကြစိုးရိမ်ဖွယ်မရှိ'-ဟူ၍ ဖြစ်သည်။ ဤသည်ကို ပဌမ ရှင်းပါမည်။

'နိဗ္ဗာန်မှားမည် စိုးရိမ်ဖွယ်မရှိ'-ဆိုလျှင် အဘယ်သည် မှားမည် စိုးရိမ်သတဲ့နည်း။

'ဗောဓိပက္ခိယများ မမှားဘို့သာ စိုးရိမ်ရသည်'-ဟူသတည်း။

ဤ၌ 'ဗောဓိပက္ခိယ'အရ 'နိဗ္ဗာန်'မပါသော ဗောဓိပက္ခိယကို ယူရပေမည်။ 'နိဗ္ဗာန်'ကို သီးခြားဆိုပြီး ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် 'ဗောဓိပက္ခိယ' အရ 'နိဗ္ဗာန်ရောက်ကြောင်းအကျင့်တရား'-ဟူ၍သာ အရကောက်ကြပါစို့။

ထို့ကြောင့် 'နိဗ္ဗာန်'စကားသည် မှားမည်၊ တိမ်းမည်-အလွန်ကြီးကြောင့်ကြစိုးရိမ်ဖွယ်မရှိ'-ဟူသော စကား၏ အနက်အဓိပ္ပါယ်သည် -

'နိဗ္ဗာန်သိဖို့ အရေးမကြီး၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ကျင့်ဖို့သာ အရေးကြီးသည်'-ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

စာရှုသူ အဘယ်သို့ သဘောရပါသလဲ?

'နိဗ္ဗာန်ကိုသိဖို့ အရေးမကြီး၊ နိဗ္ဗာန်ရောက်ကြောင်းကျင့်ဖို့ အရေးကြီးသည်'-ဆိုသော ဤအဆိုကို ဘယ်သို့ သဘောရပါသလဲ။

'နိဗ္ဗာန်'သည် 'နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏ အကျိုး'-ပင် ဖြစ်သည်။ 'အကျိုး'ဆို၍ အငြင်းပွားဖို့လည်း လက်ရုံး မဆန့်တန်းလိုက်စေချင်ပါ။ ဇနကကျိုးမျိုးကို မဆိုလိုကြောင်း သိစေချင်ပါသည်။ နိဗ္ဗာန်သည် နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏ 'သမ္ပာပကအကျိုး'-ပင် ဖြစ်ပါသည်။

'အကျိုး'ဖြစ်သော နိဗ္ဗာန်ကိုမသိဘဲ (အမှန်ကိုမသိဘဲ)၊ အကြောင်းဖြစ်သော နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဘယ်သူသည် ဘယ်သို့သောစေတနာဖြင့် ကျင့်မည်နည်း။

လောက၌ အကျိုးကျေးဇူးကို မသိမမြင်ဘဲ အကျင့်အလုပ်ကို ပြုနိုင်သောသူများ ရှိပါသလော။ ရှိလျှင် ထိုသူတို့သည် အဘယ်သူတို့နည်း။ အသေးဆုံးလက်လုပ်ကုလီကအစ အကြီးဆုံး လသွားပြိုဟ်သွားခြင်းနှင့် ကမ္ဘာစစ်တိုက်ခြင်းများအထိ အားလုံးသည် အကျိုးကိုတည်ဆောက်ဖို့ သို့မဟုတ် အကျိုးကိုကာကွယ်ဖို့ လုပ်နေကြသည်ချည်း ဖြစ်သည်။ အကျိုးကိုမသိဘဲနှင့် အကြောင်းကိုဖန်တီးနေသူ-ဟူ၍ကား ကြောင်းကျိုးညီညွတ်သောလောက၌ လုံးဝမရှိနိုင်။

ကျိုးကြောင်း ကျိုးပြတ်နေသော သို့မဟုတ် ကြောင်းကျိုး သန္ဓေမတည်သေးသော အရူး,ကလေးငယ်နှင့် အိပ်နေသူတို့၌သာ ကြောင်းကျိုးမသိဘဲ အကြောင်းကို လုပ်ကောင်းလုပ်နေပေလိမ့်မည်။

သို့သော်လည်း ထိုသူတစ်စုကား လောက၌ စကားအရာမဝင်သော 'အဗ္ဗောဟာရိက'တစ်စုသာ ဖြစ်ပေသည်။ ပြောလောက်,ဆိုလောက်, အရေးယူလောက်သော လောက၌ကား ကြောင်းကျိုးကို မသိမြင်ဘဲ အကြောင်းကိုပြုလုပ်တည်ဆောက်နေပြီ-ဟူ၍ လုံးဝမရှိပေ။ စာရှုသည် ဤအရာကို ဉာဏ်ဖွင့်မည်ဆိုလျှင် ဉာဏ်ဖွင့်သူတိုင်းပင် ပွင့်လင်းစွာ အမှန်အတိုင်း ကျယ်ကျယ်ပြန့်ပြန့်သိနိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် အကျိုးကိုမသိဘဲ အကြောင်းကိုလုပ်ဖို့-ဆိုသည်ကိုလက်မြှောက်လိုက်ကြပါစို့။

ဆက်လက်၍ အကျိုးကို ပြတ်ပြတ်သားသားမသိဘဲ အကြောင်းမှန်ကို လုပ်နိုင်,မလုပ်နိုင်ကို ဆွေးနွေးနိုင်ပါသေးသည်။ 'နိဗ္ဗာန်သည် မှားမည်,တိမ်းမည်၊ အလွန်ကြီး ကြောင့်ကြစိုးရိမ်ဖွယ်မရှိ'-ဟူသောစကား၌ 'နည်းနည်းပါးပါးသိလျှင် ပြီးတာပဲ'-ဟူသော အဓိပ္ပါယ်လည်း ထွက်သင့်သလောက် ထွက်နေပါသည်။

ဆိုလိုသည်မှာ-

'နိဗ္ဗာန်ကို သိပ်သိနေဖို့ မလိုပါဘူး။ အကျင့်ကို ကျင့်ဖို့ပဲ သိတယ်။ နိဗ္ဗာန်ကိုတော့ နည်းနည်းပါးပါး သိလျှင်ပြီးတာပဲ'-ဟုလည်း တစ်ချက်အားဖြင့် ဆိုလိုရာ ရောက်ပေသည်။

ဤအဆိုကိုတော့ စာရှုသူ ဘယ်သို့သဘောရပါသနည်း။

နိဗ္ဗာန်ကို မှန်ကန်သည့်အဆင့်အထိ မသိရှိဘဲ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို မှန်ကန်အောင် ကျင့်နိုင်ပါမည်လော။ 'နိဗ္ဗာန်ကို သိပ်သိနေဖို့မလို'-ဟူသော အဓိပ္ပါယ်သည် နိဗ္ဗာန်နှင့်စပ်၍ တိကျပြတ်သားအောင် သိဖို့မလို-ဟု ဆိုလိုသည်။

လောက၌ ဘယ်လုပ်ငန်းမဆိုသည် ထိုလုပ်ငန်း၏ ပန်းတိုင်ကို 'အနုဗောဓ-သိ'-ဟုခေါ်သော အလျော်သိ(အနုမာန-သိ)'အားဖြင့်၄င်း၊ 'အဝဗောဓ-သိ'ခေါ်သော ကိုယ်တိုင်သိ၊ ပစ္စက္ခ-သိအားဖြင့်၄င်း။ ယင်းအသိနှစ်ပါး တစ်ပါးပါး ဖြင့်သိပြီးမှ သေချာသောလုပ်ငန်း-ဟု ဆိုခွင့်ရှိပါသည်။ သို့မဟုတ်လျှင် ထိုလုပ်ငန်းသည် မရေရာသောလုပ်ငန်း-ဟု ဆိုခွင့် ရှိပါသည်။ (ဝါ) ဆိုရာရောက်ပေသည်။ 'အဝဗောဓ-သိ'-ဟူသည်မှာ အမှန်အတိုင်း ပြီးပြည့်စုံအောင်သိ၊ အကုန်သိ။ ထမင်းဆာ၍ ဝဝစား၏။ အဲဒါလိုသိရန် 'ဝဝကြီးသိတာ'ကို ဆိုလိုပါသည်။

ဤစကားအရ ကောက်ချက်ထွက်လာသည်မှာ-

'လုပ်ငန်းတစ်ခု၌ အမှားအမှန် မှတ်ကျောက်သည် 'ပန်းတိုင်'-ဖြစ်သည်။ ထို့အတူ ပန်းတိုင်၏ အမှားအမှန် မှတ်ကျောက်သည်လည်း 'လုပ်ငန်း'ပင်ဖြစ်မည်'-မှာလည်း ပြောဖွယ်မရှိပါ။ ဤကောက်ချက်များ ထွက်လာပါသည်။

'လုပ်ငန်းမှန်၊ လုပ်ငန်းမှား'-ကို ပန်းတိုင်မှတ်ကျောက်ဖြင့် စံတင်ဆုံးဖြတ်ရမည်ဆိုသော စကားသည် သမုတိနယ်ပယ်တွင် သစ္စာကျသော စကား ဖြစ်ပါသည်။ ဥပမာ- လမ်းသွားခြင်းသည် လုပ်ငန်းဖြစ်ပါသည်။ သွားခြင်း၏ အဆုံးပန်းတိုင်ကို ရောက်ခြင်းသည် ထိုလမ်းသွားခြင်း၏ လုပ်ငန်းအမှန်ဖြစ်ကြောင်း သက်သေသာဓကပင် ဖြစ်ပါသည်။ ပန်းတိုင်ကို မရောက်ခြင်းသည်လည်း သွားခြင်းလုပ်ငန်း၏ မှားယွင်းခြင်းပြ သက်သေသာဓကပင် ဖြစ်ပါသည်။

ထို့အတူ စားဝတ်နေရေးဆိုင်ရာ လုပ်ငန်းများ၏ အမှားနှင့်အမှန်ကို စားဝတ်နေရေးပြည်စုံခြင်း မပြည့်စုံခြင်းဟူသော လုပ်ငန်း၏ ဆိုက်ခြင်း၊ မပြည့်စုံခြင်းဟူသောလုပ်ငန်း၏ အဆိုက်ရောက်ခံပန်းတိုင်ကိုကြည့်ပြီး ဆုံးဖြတ်ရလေသည်။

ထို့ကြောင့် လုပ်ငန်း၏ အမှားနှင့်အမှန်ကို စံထိုးစရာကား 'ပန်းတိုင်'-သာ ဖြစ်သည်ဟူသော စကားသည် သမုတိနယ်ပယ်၌ သစ္စာကျသောစကား အမှန်ပင် ဖြစ်သည်။

## ၅။ နိဗ္ဗာန်အနက်ကောက်ကွဲ၍ အကျင့်ကွဲသည်

ထိုစကားများမှန်ခဲ့လျှင် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို သေချာရေရာအောင် မသိဘဲ လုပ်ငန်းဖြစ်သော နိဗ္ဗာန်ရောက်ကြောင်းအကျင့် ဗောဓိပက္ခိယတရားကို အမှန်ကျအောင် ဘယ်သို့ကျင့်မည်နည်း။ နိဗ္ဗာန်ကို သေချာရေရာအောင် မသိဘဲ နိဗ္ဗာန်ရောက်ကြောင်း ဗောဓိပက္ခိယအကျင့်ကို မှန်ကန်အောင် မကျင့်နိုင်ဘဲ ရှိရမည်မှာ အမှန်ပင် ဖြစ်သည်။

'နိဗ္ဗာန်'ကို အမှန်အကန်မှ အနည်းငယ်မျှ တိမ်းစောင်းသော အနက်အဓိပ္ပါယ်အားဖြင့် အသိဖြစ်စေသည် ဆိုအံ့။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော ဗောဓိပက္ခိယအကျင့်သည်လည်း နိဗ္ဗာန်သို့မရောက်သော လွဲမှားသော အကျင့် ဖြစ်ရာပါမည်။ ထိုစကားကို သဘောကျနိုင်အောင် လောကကို ကျယ်ကျယ်ပြန့်ပြန့် မျက်လွှာပင့်၍ ကြည့်သင့်ပါသည်။

ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တစ်ဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု ရှင်ဉာဏ

ကမ္ဘာ့နိုင်ငံရေးလောက၌ လှုပ်လှုပ်ရှက်ရှက်ဖြင့် မငြိမ်မသက် ဖြစ်နေပါသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းသည် 'နိုင်ငံတော်အာဏာ'ဆိုသော စကားလုံးကလေး တစ်လုံးတည်း၏ အနက်အဓိပ္ပါယ်ကို အနည်းငယ်မျှစီကွဲလွဲသော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့် သိနေမှုများ ကွဲလွဲကြသောကြောင့် ဖြစ်သည်။

ထို့အတူပင် ဤတိုင်းပြည်၌ သူပုန်သူကန်အများနှင့် အုပ်ချုပ်သူတို့၏ ပဋိပက္ခများသည်လည်း စကားလုံးတစ်လုံးတည်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကလေး ကွဲလွဲခြင်းမှ စခဲ့လေသည်။

ထို့အတူ ဘုရားသျှင်လက်ထက်ကလည်း 'မင်္ဂလာ'-ဟူသော စကားလုံး၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ကွဲလွဲမှုကြောင့် လောကကြီးတစ်ခုလုံး ဒုက္ခငြိမ်းအေးသော မင်္ဂလာရှိသောလမ်းကြောင်းကို ရှာမတွေ့ဖြစ်ပြီး၊ ဒုက္ခရကြသည်မှာ ဆယ့်နှစ်နှစ်တိုင်ကြာခဲ့သည်-ဟု သိရပါသည်-

အချို့သည် အဆင်းကို မင်္ဂလာ၊

အချို့သည် အသံကို မင်္ဂလာ၊

အချို့သည် အတွေ့အထိကို မင်္ဂလာ၊

ဤသို့ မင်္ဂလာ၏ အဓိပ္ပါယ်ဖွင့် ကွဲလွဲခြင်းအပေါ်မှာ မှီလျက် သူတို့၏ မင်္ဂလာကျင့်စဉ်သည် အမှန်မှ ကွဲလွဲကြရလေသည်။

ဆိုခဲ့ပြီးသော အကြောင်းအရာများသည် 'ပန်းတိုင်'ကို အမှန်မှ အနည်းငယ်မျှကလေးဖြစ်စေ၊ သွေဖည်ပြီး သိနေလျှင် 'အလုပ်' မမှန်နိုင်ကြောင်း လောကထဲမှ ပြဆိုစရာအချို့ကို ထုတ်ပြခြင်း ဖြစ်ပါသည်။ ဉာဏ်ကျက်စား၍ ထိုထက်စေ့စပ်သေချာအောင် ထုတ်ကြည့်နိုင်ကြစေလိုပါသည်။

များစွာ ကျယ်ဝန်းမနေစေရန် 'နိဗ္ဗာန်'ကို အဓိပ္ပါယ်ဖွင့်ပုံ အနည်းငယ်မျှ ကွဲလွဲခြင်းအပေါ်မှီ၍ လုပ်ငန်းများကွဲပြားသွားပုံကို တင်ပြဆွေးနွေးရပါမည်။

'နိဗ္ဗာန်'၏ ပါဠိပုဒ်သည် 'ရာဂက္ခယော၊ ဒေါသက္ခယော'-ဟူ၍ ရှိပါသည်။ ယင်းကို အဖွင့်ဆရာအသီးသီးသည် မိမိတို့စိတ်သန်သလို ဖွင့်ကြပါသည်-

'ရာဂတို့၏ ကုန်ရာကုန်ကြောင်း'- ဟူ၍လည်းကောင်း၊

'ရာဂတို့၏ ကုန်ခြင်း'-ဟူ၍လည်းကောင်း၊

သဒ္ဒါစည်းကမ်း အမျိုးမျိုးဖြင့်လည်းကောင်း၊

အဘိဓမ္မာစည်းကမ်း အမျိုးမျိုးဖြင့်လည်းကောင်း ဖွင့်ကြပါသည်။

'နိဗ္ဗာန်'၏ အနက်အဓိပ္ပါယ်သည် ဤမျှလောက် အနည်းငယ်ကလေး ကွဲလွဲချက်ဖြင့် ဘာအရေးဖြစ်နိုင်သနည်း-ဟု ဆိုဖွယ်ရှိပါသည်။

ဟုတ်ပါသည်။ ရာဂ-ကုန်ရာကုန်ကြောင်းနှင့် ရာဂ-ကုန်ခြင်း၊ ဤနှစ်မျိုးသည် ဓါတ်သံအားလုံး တူကြသည်။ ပစ္စည်းသံကလေးမျှပင် မတူကွဲပြား ခြားနားမှုရှိပေသည်။

'ကြောင်း'နှင့်'ခြင်း'-ဤမျှသာ ထူးသည်မဟုတ်ပါလော။ ရာဂကုန်ရာ-ဟူသော၊ ရာဂ-နှင့် ရာဂ-တို့၏ ဓါတ်အနက်ချင်း၌ ဝါဒရှင်နှစ်ဦးလုံးပင် တူမျှစွာ လက်ခံကြသည်။ ဤသို့ တစိုးတစိကလေးမျှ ခြားနားချက်သည် လုပ်ငန်း၌ 'ကျောချင်းကပ်လျက်' ဆန့်ကျင်ဖက်ဆီသို့လျှောက်သွားသည်အထိ ကွဲလွဲသွားသည်ကို တွေ့ခွင့်ရှိပေသည်။

ဟုတ်ပါသည်။

'ကျောက်သဘော်ဝါဒ'သည် 'အသာနေ'-ဟူ၍ ဖြစ်ပါသည်။

'စွန်းလွန်း'-စသော တခြားသောဝါဒများကား 'အသာမနေကြနှင့်၊ အသက်ရှူတာရှိုက်တာကို မီးပွတ်သမားကဲ့အလားသို့ ကြိုးစားရှုမှတ်၊ သတိကပ်ကြ'-ဟူ၍ အနက်ပစ္စည်းကလေး တစိုးတစိမျှကွာယုံမျှဖြင့် လုပ်ငန်းချင်း ဆန့်ကျင်ကြကုန်သည် ဖြစ်၏။

ကျောက်သဘော်ဆရာများက ဩဝါဒ ပေးကြသည်-

'အသာမနေလို့ ကြိုးစားမှုတစ်မျိုးမျိုးကိုလုပ်လျှင် လုပ်တဲ့အတွက် မှားပြီ'။ နိဗ္ဗာန်သည် 'နအာယူဟန' တရားအားစိုက်မှုကင်းရသော တရားဖြစ်သည်။ အားစိုက်လျှင် နိဗ္ဗာန်နှင့် လွဲပြီ။ ထို့ကြောင့် မီးပွတ်ယောကျ်ား ကဲ့အလားသို့ ကြိုးစားရှုမှတ်တာကို မလုပ်ကြနှင့်'- ဟူ၍ ဖြစ်ပါသည်။

စွန်းလွန်းဆရာတော်များကလည်း ဩဝါဒ ပေးကြသည်-

'ပျင်းရိပေါ့ဆ မနေကြနှင့်။ ကြိုးစားရှုမှတ် သတိကပ်ကြ။ သံသရာအစ ဘယ်ကဟု မသိနိုင်သည်မှ လွှတ်ထားခဲ့သည့်စိတ်ကို ထိန်းကြသိမ်းကြ။ သို့မှ ရာဂ၊ ဒေါသ-စသည်တို့ ကုန်နိုင်ကြလိမ့်မည်'- ဟူ၍ ဖြစ်သည်။

သူတို့နှစ်ဝါဒသည် ဘုရားသာသနာ၏အောက်မှ နိဗ္ဗာန်သို့ ဦးတည်ချီတက်နေကြသော တရားရဲဖော်ရဲဖက် သို့မဟုတ် သီတင်းသုံးဖော်သုံးဖက်ချင်း ဖြစ်ကြပေသည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိကြပေသည်။ သူတို့၏ လုပ်ငန်းဆန့်ကျင်မှုသည် ပေါင်းစည်း၍ မရနိုင်တော့သည့် အခြေအနေသို့ပင် ကောင်းကောင်းကြီး ဆိုက်နေခဲ့ပေပြီ။

အကယ်၍သာ 'ကျောက်သဘော'-လုပ်ငန်းသည် ထိုလုပ်ငန်း၏ ပန်းတိုင်ဖြစ်သော ရာဂကုန်ဖို့ ဒေါသကုန်ဖို့ကို ဖြစ်စေခဲ့သည်ဆိုလျှင် စွန်းလွန်း၏ လုပ်ငန်းသည် ထိုလုပ်ငန်း၏ပန်းတိုင်ဖြစ်သော ရာဂကုန်ဖို့၊ ဒေါသကုန်ဖို့ကို မဖြစ်ဘဲ ရှိပေရာသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏လုပ်ငန်းသည် နှစ်ထွေပြားလျက် ဖြောင့်ဖြောင့်ဆန့်ကျင်သော်လည်း သူတို့နှစ်ဝါဒလုံး၏ ပန်းတိုင်ကား 'ရာဂ,ဒေါသကုန်ဖို့'-ဟူသော တစ်ခုတည်း ဖြစ်နေသောကြောင့်တည်း။ ထို့ကြောင့် ရာဂ,ဒေါသစသည်ကုန်သော ပန်းတိုင်ရောက်ဖို့ဆိုလျှင် သူတို့လုပ်ငန်း နှစ်မျိုးအနက် တစ်မျိုးမျိုးသည် ဧကန်မှားရပေမည်။ အကယ်၍ မှန်သည်ဆိုလျှင် တစ်မျိုးသာ မှန်ရမည် ဖြစ်ပေသည်။

ဤအဆိုကို တောင်ထိပ်ရှိဘုရားထံ လမ်းအမျိုးမျိုးတက်လျှင် ရောက်နိုင်သည်ပင် -ဟူသော ကြံလုံးဖြင့် စောဒက မတက်သင့်ကြောင်း စေ့စေ့စပ်စပ် ဝေဖန်ကြစေလိုသည်။ တောင်ထိပ်တက်လမ်းသည် အထွေထွေပြားသော်လည်း အထက်သို့တက်မှု ဦးတည်ချက်ချင်း ထပ်တူဖြစ်ကြသည်။ အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်ခြင်း အလျဉ်းမရှိပေ။

၆။ လုပ်ငန်းမှန်မမှန် ပန်းတိုင်ဖြင့်စစ်ရမည်

ထိုနှစ်မျိုးအနက် ဘယ်လုပ်ငန်းမှား၍ ဘယ်လုပ်ငန်းမှန်သည်ကို ဆန်းစစ်ဖို့ လိုပေသည်။ တစ်မျိုးမျိုးမှားခြင်းသည်လည်း နည်းသောနစ်နာမှု မဟုတ်ပေ။ ထိုဝါဒတစ်မျိုးအတွက် နောက်လိုက်သာဝကများကား မြို့ရွာအနှံ့ချီလျက် ရှိကြသည်-မဟုတ်လော။

အမှားအမှန်ကို မည်သို့ ဆန်းစစ်မည်နည်း။

လုပ်ငန်း အမှားအမှန်ကို ပန်းတိုင်ဖြင့် စစ်ရမည်။ သစ္စာကျသော စကားတရားကို အောက်ပိုင်းက အလေးအနက် ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်း အမှားအမှန်ကိုသိရန် 'ပန်းတိုင်'-ကို စံထိုးရပါမည်။

ကျောက်သင်္ဘောဆရာတို့ ပန်းတိုင်ကား အဘယ်နည်း။

စွန်းလွန်းဆရာတို့၏ ပန်းတိုင်ကား အဘယ်နည်း။

ထိုအမေးအတွက် ကျောက်သင်္ဘောဆရာများက-

'နိဗ္ဗာန်' -ပင်ဟု ဖြေပေမည်။

စွန်းလွန်းဆရာများကလည်း ထို့အတူ-

'နိဗ္ဗာန်'-ဟုပင် ဖြေပေမည်။

ဟုတ်ပြီ။ 'နိဗ္ဗာန်'က ဘယ်လိုနေ၍ 'ဘာမှမလုပ်ဘဲ အသာနေ'-ဆိုတဲ့ အလုပ်ကို ပေးရတာလဲ- ကျောက်သင်္ဘောဆရာများကို မေးလျှင် သူတို့သည် အောက်ပါအတိုင်း ဖြေဆိုကြပေလိမ့်မည်-

'နိဗ္ဗာန်'ကား ရာဂ-တို့၏ ကုန်ရာကုန်ကြောင်းတည်း။ ထို့ကြောင့် ရာဂကုန်ရာ နိဗ္ဗာန်ရောက်ရန် ရာဂ-ကုန်ကြောင်းဖြစ်သော ရာဂ-စသည်တို့၏ ကုန်ပြီး၍ ဖြစ်စေ၊ မဖြစ်ပေါ်သေး၍ ဖြစ်စေ၊ ကုန်နေသောနေရာ သို့မဟုတ် 'ရာဂတို့၏ မရှိဘဲဖြစ်နေသောနေရာ'-ကို ရှုကြည့်နေရသည်။' ဤသို့ ကျောက်သင်္ဘောဆရာများသည် ဆိုကြပေမည်။

သူတို့အဆို၌ နိဗ္ဗာန်သည် ရာဂတို့၏ကုန်ခြင်း မဟုတ်။ 'ရာဂတို့၏ ကုန်ရာကုန်ကြောင်းသည်သာ နိဗ္ဗာန်ဖြစ်သည်'-ဟူလို၏။ သူတို့၏လုပ်ငန်းသည်

သူတို့ပန်းတိုင်နှင့် ညီညွတ်ပါပေသည်-ဟူ၍ပင် ချီးကျူးစရာ ရှိသည်။ မှားသည်ဆိုလျှင်လည်း အခြားတစ်နေရာရာမှသာ ဖြစ်ဖို့ ရှိပေသည်။ သူ့သဘောတရားနှင့် သူ့လုပ်ငန်းကား စပ်မိဟပ်မိလျက် အဆင်ပြေနေပေသည်။

တဖန် စွန်းလွန်းဆရာတို့ကလည်း သူတို့ပန်းတိုင်ကို အောက်ပါအတိုင်း ထုတ်ပြဖို့ ရှိပေသည်-

'နိဗ္ဗာန်'ဟူသည် ရာဂတို့၏ ကုန်ကြောင်းမဟုတ်။ ကုန်ရာလည်း မဟုတ်။ ထိုသဘောကို သမ္မောအဌကထာမှာ ဆရာတော် ရှင်ဗုဒ္ဓဃောသက ကုန်ရာကုန်ကြောင်းဟု အာပေါင်အာရင်းသန်သန်နှင့် ဆိုခဲ့သည်မှာ ပမာဒလေခ (မေ့ပြီးရေးသားခြင်း)သာ ဖြစ်သည်။ နိဗ္ဗာန်သည် ရာဂစသည်တို့၏ ကုန်ခြင်းမျှ ဖြစ်သည်။ ပရမတ်တရားသည် မုချအားဖြင့် ဘာဝသတ္တိမှတပါး အခြားဘာသတ္တိမျှ အကယ်စင်စစ်မရှိ။ ရှိသလိုလိုဆိုခြင်းသည် တင်စား၍ဆိုခြင်းမျှ ဖြစ်သည်။

ထို့ကြောင့်ကျောက်သဘော်သိနေသော နိဗ္ဗာန်သည် မမှန်။ နိဗ္ဗာန်သည် ရာဂ-စသည်တို့၏ ကုန်ခြင်းမျှသာတည်း။ ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ဆိုက်ရောက်နိုင်ရန် ရာဂတို့၏ ဖြစ်ပြီးဖြစ်စေ၊မဖြစ်သေး၍ဖြစ်စေ မရှိနေခြင်းကို သမုတ်ထားသောနိဗ္ဗာန်ကို အာရုံပြုနေ၍ မဖြစ်။ ဖြစ်,ပျက်သင်္ခါရဖြစ်သော ကာယသင်္ခါရ စသည်ကိုသာ လုံ့လကြိုးကုတ် အားထုတ်ရမည်။ သို့မှသာ ထိုကာယသင်္ခါရစသည်တို့၏ လုံးဝဇာတ်သိမ်း ချုပ်ငြိမ်းခြင်းနိဗ္ဗာန်သို့ ရောက်မည်'-ဟူလိုသည်။

သူတို့သည်လည်း သူတို့လုပ်ငန်းနှင့် သူတို့ပန်းတိုင် ညီညွတ်ကြလှချေတကား။ ထို့ကြောင့် သူတို့လုပ်ငန်းကို အပြစ်တင်စရာမရှိ။ ချီးကျူးစရာသာ ရှိသည်။ အို-စာရှုသူ-

'နိဗ္ဗာန်'သည် အများအပြားရှိသလော။
သူတို့ နှစ်ဝါဒသည် နိဗ္ဗာန်နှစ်မျိုးကို တင်ပြခဲ့ပြီ။
ထို့ကြောင့် အလုပ်နှစ်မျိုးကိုလည်း လုပ်ကိုင်နေကြပြီ။
ဘယ်သူမှန်သနည်း။

နိဗ္ဗာန်သည် သူတို့တင်ပြသလို နှစ်မျိုးရှိလျှင် နှစ်ဝါဒလုံး၏ လုပ်ငန်းများ မှန်ပေမည်။ ထို နှစ်မျိုးနှစ်စားနိဗ္ဗာန်များ ရှိရာသလော။ မရှိနိုင်သောကြောင့် တစ်ဦးဦးသည် ဧကန်ပင် မှားခဲ့ပြီ။ သူတို့အမှားအတွက် နစ်နာချက်ကား ဘယ်လောက် နက်ရှိုင်းမှု ရှိသနည်း။

'နိဗ္ဗာန်'၏ ဓါတ်နက်အထိ မမှားနိုင်ကြသေး၊ ပစ္စည်းနက်ကလေးမျှပင် ဖြစ်သည်။ သေးမွှားသော ဤအမှားကလေးသည် ကြီးမားသောအမှားကို မွေးဖွားစေခဲ့သည်မှာ ပုံပြင်ထဲကမဟုတ်၊ ဟိုအတိတ်နှင့် ဟိုအဝေးတစ်နေရာမှ မဟုတ်- ဖြစ်နေလေသည်။

ထို့ကြောင့် 'နိဗ္ဗာန်'သည် မှားမည်-တိမ်းမည်၊ အလွန်ကြီး ကြောင့်ကြစိုးရိမ်ဖွယ်မရှိ'-ဟူသော အဆိုသည် အဘယ်သို့ မှတ်ချက်ချသင့်သောအဆို ဖြစ်သနည်း။ စာရှုသူ ကြိုက်သလို တရားသူကြီး လုပ်စေချင်ပါသည်။

ဤနေရာတွင် စာရှုသူ၌ ပြန်မေးချင်သော ပြဿနာကလေးတချို့ ဖြစ်ပေါ်နေမည် ထင်ပါသည်-

၇။ နိဗ္ဗာန်ကို အတိအကျသိဖို့ လိုသည်

'နိဗ္ဗာန်'ကို အမှန်အတိုင်း သိသည်'-ဟူသည် ဆိုက်ရောက်မှ မဟုတ်လော မဆိုက်ရောက်သမျှ အမှန်အတိုင်း မသိနိုင်-ရှိမည် မဟုတ်ပါလော။ အမှန်အတိုင်း သိနေလျှင်လည်း ဆိုက်ရောက်နေ၍ ဖြစ်မည် မဟုတ်ပါလော။ ဆိုက်ရောက်နေလျှင်လည်း ဘာလုပ်ငန်းကို လုပ်နေရဦးမည်နည်း-စသည် စသည် ဖြစ်ပါသည်။

'နိဗ္ဗာန်'ကို တစ်မဂ်တစ်ဖိုလ် ရောက်ပြီးသူ ဖြစ်စေ၊ လုံးဝ မရောက်သေးသူ ဖြစ်စေ၊ နိဗ္ဗာန်ကို ပွားများခြင်း၊ အားထုတ်ခြင်းလုပ်သူသည်-

'နိဗ္ဗာန်'ကို အမှန်အတိုင်း အတိအကျ သိနေဖို့လိုပါသည်၊

သိလည်းသိနိုင်စွမ်း ရှိပါသည်၊

မျက်မှောက်ပြုပြီးသူနှင့် မပြုရသေးသူရော နိဗ္ဗာန်ရောက်ရေး လုပ်သူတိုင်း-

'နိဗ္ဗာန်ကိုအမှန်အတိုင်း အတိအကျ သိရမည်။ သိလည်း သိနိုင်သည်-ဟု ဆိုလိုပါသည်။

သို့သော်လည်း ထိုနှစ်ဦးတို့၏ နိဗ္ဗာန်ကို သိကြပုံခြင်းကား ခြားနားပါသည်။ မျက်မှောက်ပြုပြီးသူသိသော နိဗ္ဗာန်လည်း ဤနိဗ္ဗာန်၊ မပြုရသေးသူ သိသော နိဗ္ဗာန်သည်လည်း ဤနိဗ္ဗာန်။ ဤသို့ နှစ်ဦးနှစ်ဝတို့ အသိခံရသော နိဗ္ဗာန်သည် တစ်ခုတည်းသောနိဗ္ဗာန် ဖြစ်ပါသည်။

သို့သော်လည်း ထိုနှစ်ဦးတို့၏ နိဗ္ဗာန်သိပုံခြင်းကား အခြားနားကြီး ခြားနားပါသည်။ မျက်မှောက်ပြုပြီးသူ၏ အသိသည် ကိုယ်တိုင်သိဖြစ်သော 'အဝဗောဓိအသိ' ဖြစ်ပါသည်။ 'ပစ္စက္ခသိ'-ဟူ၍လည်း ပြောလျှင် သင့်ပါသည်။

မျက်မှောက်မပြုရသေးသူတို့၏ အသိကား 'ကွင်းဆက်သိ' ဖြစ်ပါသည်။ 'အနုဗောဓသိ'လည်း ဖြစ်ပါသည်။ 'အနုမာနသိ'-ဟူ၍လည်း ပြောလျှင် သင့်ပါသည်။

ဥပမာဖြင့်ပြောလျှင် 'လေဆာရောင်ခြည်'ကို ထုတ်လုပ်သုံးစွဲသူတို့အသိ၊ လေဆာရောင်ခြည်ကို တွက်ချက်အဆိုပြုခဲ့သော သီဝရီရှင်တို့အသိ။ ထို အသိနှစ်မျိုး ခြားနားသကဲ့သို့ဖြစ်ပါသည်။ သီဝရီရှင်နှင့် ထုတ်လုပ်သုံးစွဲသူတို့ သိကြသော လေဆာရောင်ခြည်မှာ တစ်ခုတည်းသာဖြစ်သည်။

သိပုံခြင်းကား သီဝရီရှင်သည် 'အနုဗောဓသိ' ဖြစ်သည်။

ထုတ်လုပ်သုံးစွဲသူသည် 'အဝဗောဓသိ' ဖြစ်သည်။

ထိုထက်ထိရောက်သော ဥပမာဖြင့် နှိုင်းခိုင်းလျှင် အောက်ပါအတိုင်း နှိုင်းခိုင်းရမည်။ 'သင်္ချာပုစ္ဆာတစ်ခု၏အဖြေကို ဆရာနှင့်တပည့်တို့ပေါင်း၍ ရှာကြသည်-ဆိုပါအံ့။

ဆရာသည် ထိုသင်္ချာအဖြေကို တွက်ပြလိုက်၏။ ထိုအခါ တွက်ပြသော ဆရာသည်လည်းကောင်း၊ တွက်ပြမှုကို လေ့လာနေသော တပည့်သည်လည်းကောင်း၊ အခု-တစ်ခုတည်းကို အတူတကွ သိကြ၏။

ထို အသိခံရသောအဖြေသည် နှစ်မျိုးမပြား၊ တစ်မျိုးတည်းသာ အမှန်ဖြစ်သည်။ သို့သော်လည်း သိကြသော ဆရာနှင့်တပည့်တို့၏အသိကား နှစ်မျိုးပြားသည်။ ဆရာ့အသိကား 'အဝဗောဓသိ' ဖြစ်သည်။ တပည့်အသိကား 'အနုဗောဓသိ' ဖြစ်ပါသည်။

'နိဗ္ဗာန်'ကို မျက်မှောက်ပြုပြီးသူနှင့် မပြုရသေးသူတို့၏ အသိခံနေရသော နိဗ္ဗာန်သည် လည်း ဤအတူ တူညီနေရပါမည်။ သိကြသောအသိသည်သာ ခြားနားရပါမည်။ ထို အသိခြားခြင်းကြောင့် အသိခံနိဗ္ဗာန်ချင်း ထူးခြားမနေရ-ဟု ဆိုလိုပါသည်။

ထို့ကြောင့် နိဗ္ဗာန်ကိုရောက်အောင် လုပ်လိုသူသည် နိဗ္ဗာန်ကို မျက်မှောက်မပြုရသေးသော်လည်း မျက်မှောက်ပြုပြီးသူသိသော နိဗ္ဗာန်နှင့် တသားတည်းဖြစ်သော နိဗ္ဗာန်ကို သိနေရပါမည်။ သိနိုင်စွမ်းလည်း ရှိပါသည်။ သိကောင်းလည်း သိကောင်းပါသည်။

'သိခြင်း'နှင့် 'ဆိုက်ရောက်ခြင်း'သည် တခြားစီဖြစ်ပါသည်။ ကျောက်ပေါက်၍ ပြီးသွားခြင်း၊ ကျောက်ပေါက်၍ ပြီးသွားသည်ကို သိခြင်း။ ဤနှစ်မျိုး ခြားနားသကဲ့သို့ ခြားနား ပါသည်။ ကျောက်ပေါက်ပြီးသူသည် နောက်တစ်ခါ ကျောက်မပေါက်တော့ပါ။ ကျောက်ပေါက်ပြီးသည်ကို သိသူသည်ကား နောက်တစ်ချိန်၌ ကျောက်ပေါက်လိုက ပေါက်ပါဦးမည်။

'နိဗ္ဗာန်'သည် လူတိုင်း မဆိုက်ရောက်နိုင်လျှင်သာ ရှိရမည်။ လူတိုင်းသိနိုင်သောအရာ ဖြစ်သည်ကား အမှန်ပင်-ဟု ဆိုလိုပါသည်။

ဤစကားအစဉ်ဖြင့် နိဗ္ဗာန်သည်-

မဆိုက်ရောက်သူတို့ မသိနိုင်သောအရာ မဟုတ်ခြင်း။

နိဗ္ဗာန်ဆိုက်ရောက်ရန် 'နိဗ္ဗာန်'စကားမှန်ဖို့ အရေးကြီးခြင်း။

လုံးဝမသိဘဲ ဖြစ်စေ၊ မရေမရာအသိဖြင့် ဖြစ်စေ၊ နိဗ္ဗာန်အသိကို ပဓါနမထားဘဲ ဗောဓိပက္ခိယအလုပ်ကို ပဓါနပြုသဖြင့် နိဗ္ဗာန်သို့ မဆိုက်ရောက်နိုင်ခြင်း-များကိုစာရှုသူတို့အား တင်ပြခဲ့ပါသည်။

တင်ပြချက်များ ကြောင်းကျိုးယုတ္တိ ဆီလျော်သင့်မြတ်လျှင် 'နိဗ္ဗာန်-သည် တိမ်းမည်၊ မှားမည်၊ အလွန်ကြီး ကြောင့်ကြစိုးရိမ်ဖွယ်မရှိ'-ဟူသော အဆိုစကား၏ ရွှေမှုန်ကျဲပိသုကာဘာဝ ဖြစ်ကြောင်း ရွှေဗိမာန်၏ပိသုကာဘာဝ မဟုတ်ကြောင်း အကဲအလေး ခတ်နိုင်ကြပါမည်။

ဟုတ်ပါသည်။ ဤ ပဌမအဆိုသည် 'ရွှေမှုန်ကျဲဗိမာန်'၏ 'ပိသုကာဘာဝ' ဖော်ပြသော ကမ္ဗည်းအဆို ဖြစ်ပါသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

အခန်း(၃)

# ကောကနဒ်ဗိမာန်၏ ဒုတိယကမ္ဘည်းကို လေ့လာခြင်း

## အခန်း(၃)
## ကောကနုဒ်ဗိမာန်၏ ဒုတိယကမ္ပည်းကို လေ့လာခြင်း

၈။ နိဗ္ဗာန်ဟူသည် ဘဝတို့၏ မဖြစ်ခြင်းလော

ကျွန်ုပ်တို့သည် အလွန်လှသော ကောကနုဒ်ဗိမာန်ကလေးကို လေ့လာခဲ့ရာ၌ ဗိမာန်တည်ဆောက်သူ၏ဘဝကို ဘာဖြစ်သည်-ဟု တီးမိခေါက်မိသည် အထိ လေ့လာခဲ့ပြီးပြီ ဖြစ်ပါသည်။

နောက်ထပ်၍ ဒုတိယကမ္ပည်းဖြစ်အောင် အထက်ပါလေ့လာချက်ကို ဖြည့်ဆီးရပါမည်။ ဆိုလိုသည်မှာ ကောကနုဒ်ဗိမာန်၌ တွေ့ရှိရသော ဒုတိယကမ္ပည်းသည် ဤ-အထက်ပါ ဘဝသတ်မှတ်ချက်ကို အထောက်အကူ ပြုပါမည်လော။ ဤသို့ပြုပါမှ သူ့ဘဝကို ရွှေမှုန်ကျဲ ဗိမာန် ပိသုကာဘဝ-ဟု အတည်ပြုသင့်ပေသည်။

ထို့ကြောင့် ယခုဆက်၍ ဒုတိယကမ္ပည်းကို လေ့လာရန်လိုပေသည်။ သူ၏ ကောကနုဒ်ဗိမာန်မှ တွေ့ရှိချက်ဖြစ်သော ဒုတိယကမ္ပည်းသည် ဤ ကောကနုဒ်ဗိမာန်ကို ဖန်ဆင်းသူ၏ ဘဝကို ရွှေဗိမာန်ပိသုကာဘဝ မဟုတ်။ ရွှေမှုန်ကျဲ ဗိမာန်၏ ပိသုကာဘဝဖြစ်သည်-ဟု ပြပါမည်လော။ ယင်းကို ဆက်၍ ဆန်းစစ်ကြပါစို့။

ယင်းကား အဘယ်နည်း။ သူ့စကားပိုဒ်ကား-

'သာသနာအတွင်း၌ လူအဖြစ်နေရသော ယခုဘဝသည် နိဗ္ဗာန်၏အနီး ဆိုက်နေသော ဘဝပေတည်း။ သေ၍ သာသနာမရှိသော လူမျိုး၌ ဖြစ်ခဲ့သော်လည်းကောင်း၊ အပါယ်၌ ဖြစ်ခဲ့သော်လည်းကောင်း၊ ယခု ဆိုက်ရောက်လုနီးပါး နေသော နိဗ္ဗာန်နှင့် ကြာလေ,ကြာလေ ကွာလွန်း၍သွားပြန်လေ၏'-ဟူ၍ ဖြစ်သည်။

သူ၏ ထိုစကားသည် သူ၏ ဘဝအမြင်၊ ဘဝသဘောတရားများကို ပြသကြသော စကားများ ဖြစ်ကြပေသည်။ ထိုစကားများအရ သူသည် 'ဘဝ'ကို ဘယ်သို့မြင်သတဲ့နည်း။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

'သာသနာအတွင်း လူအဖြစ်ရနေသော ယခုလူဘဝ'-ဆိုသော စကားဖြင့် အရှိန်အဟုန်ဖြင့် စီးဆင်းပြီး၊ အတိတ်မှ လာခဲ့သည်။ ယခု အလျင်တုန်းကလည်း တစ်နေရာရာမှာ ဖြစ်ခဲ့သည်။ ယခုကား သာသနာတွင်း လူ့ဘဝကို ရနေသည်။ ဤသို့ အဓိပ္ပါယ် ရောက်ပေသည်။

ဤစကားဖြင့် ဆိုလိုချက်ရသည်မှာ ယခု ပစ္စုပ္ပန်ဘဝနှင့် အတိတ်ဘဝကို လက်ခံခြင်းပင်တည်း။ တဖန်- 'သေ၍ သာသနာမရှိသော လူမျိုး၌လည်းကောင်း၊ အပါယ်၌လည်းကောင်း ဖြစ်ခဲ့သော်'-ဟူသော ဤစကားများဖြင့် 'ယခုမှ နောင် အနာဂတ်ဘဝ ရှိသည်ကို လက်ခံဖော်ပြခြင်း' ဖြစ်သည်။

ထို့ကြောင့် ဤစကားစုကို ကောက်ချက်ချရလျှင် သူ၏ ဘဝအမြင်သည်-

'လူသည် အတိတ်မှ ပစ္စုပ္ပန်၊ တဖန် ပစ္စုပ္ပန်မှ အနာဂတ် ဤသို့ တဖျတ်ဖျတ် ပြောင်းရွှေ့စီးဆင်းလျှောက်သည်'- ဟူ၍ ဖြစ်သည်။

တဖန်လည်း 'နိဗ္ဗာန်နှင့်နီး၏၊ နိဗ္ဗာန်နှင့် ကြာလေ,ကြာလေ ဝေးလေ၏'-ဟူသောစကားများအရ သူ၏ဘဝအမြင်၌ 'နိဗ္ဗာန်'ဆိုသည်လည်း ပါဝင်လာ၏။

ယင်း-သူဆိုလိုသော 'နိဗ္ဗာန်'ကား-

'ဘဝတို့၏ မဖြစ်ခြင်း'-တည်း။

ထို့ကြောင့် သူ၏ဘဝအမြင်ကို သူ့စကားများအရ ကောက်ချက်ချလျှင်-

'လူသည် အတိတ်မှ စီးဝင်လာ၍၊ ပစ္စုပ္ပန်ထဲ ရောက်လာသည်။ ယခု ပစ္စုပ္ပန်မှ တဖန် ထွက်ခွါသွားသော် အနာဂတ်ထဲရောက်သည်။ ဤသို့ တပြောင်းပြန်ပြန် လည်နေသည်။ ထိုသို့မလည်ရန် ပစ္စုပ္ပန်၌ ဗောဓိပက္ခိယဟုဆိုအပ်သော နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို သို့မဟုတ် နောက်ဘဝတဖန်မဖြစ်ကြောင်း အကျင့်ကို ကျင့်လျှင် ဘဝနိဂုံးချုပ်သည်'-ဟူ၍ဖြစ်သည်။

'သူ၏ ဘဝအမြင်သည် သူ၏ ပဋိစ္စသမုပ္ပါဒ်လည်ပုံနှင့် ပြတ်ပုံ ဖြစ်သည်။ ဤသို့လျှင် သူ၌ ဘဝအမြင် ရှိသည်။ ထို ဘဝအမြင်သည်လည်း ခိုင်မာတိကျသည်။ ထို့ကြောင့် သူသည် ပဋ္ဌမစကား အရကဲ့သို့ ခေါင်းမဲ့သူ၊ နှလုံးမဲ့သူမဟုတ် ရှိနေပြီလော။' ဤသို့ အမေးထွက်ပါသည်။

ထိုအမေးအတွက် စာရှုသူ စဉ်းစားသင့်ပါသည်။

သူ၏ဘဝအမြင် ဧကန်အမှန် ဟုတ်ပါ၏လော။ သို့မဟုတ်-

သူ့ဘဝအမြင်များသည် ကြောင်းကျိုးဆန်သော အမှန်မြင်ခြင်းများကော ဟုတ်၏လား။ ဤသို့ နှစ်ချက်နှစ်လီ စိစစ်ကြည့်ဖို့ လိုပါသည်။

ပဋ္ဌမမေးခွန်းအဖြေကို စာရှုသူတို့အား တင်ပြအသိပေးလိုပါသည်။

သူတင်ပြသော ဘဝအမြင်သည် သူကိုယ်တိုင်သိမြင်သော ဘဝအမြင် မဟုတ်။ ကြားဖူးနားဝ မှတ်မိသမျှတွေကို စုဆုံခြုံပြီး တင်ပြထားသော ဘဝအမြင်သာ ဖြစ်သည်-ဟူ၍ အသိပေးလိုပါသည်။

ဤသို့ ရင့်ရင့်သီးသီးကြားရသဖြင့် စာရှုသူတို့သည် ဖိဖိနှိပ်နှိပ်ကြီး တင်ပြဖို့ ကြိုးစားနေခြင်းလား-ဟုပင် အထင်လွဲကောင်း လွဲနေနိုင်ပါသည်။ စာရှုသူတို့အား ဤသို့ ဖိနှိပ်တင်ပြရခြင်းအတွက် အရသာ မယူလိုပါ။ အရသာလည်း အကယ်ရှိမည်မဟုတ်ပါ။ ထို့ပြင် ဖိနှိပ်မှုသည် အာဃာတတရားရှိမှသာ လုပ်၍ ဖြစ်ပါသည်။ အာဃာတတရားဟူသည်လည်း ပုဂ္ဂလဓိဋ္ဌာန် တိုက်ရိုက်ရှိနေမှ ဖြစ်ပါသည်။

ဥပမာဆိုလျှင်- ဗိုလ်ချုပ်အောင်ဆန်းကို ဂဠုန်ဦးစောဆိုသူက သတ်ခဲ့၏။ ဂဠုန်ဦးစော အသက်ရှင်နေစဉ်လည်း ဖြစ်ပြီး၊ ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးခြင်းရှိသော ပုဂ္ဂိုလ်များသည် ဂဠုန်ဦးစောကို အာဃာတ ထားကြပေမည်။

ယခုကဲ့သို့ အချိန်များ ရွေ့လျားလာပြီဖြစ်သောကြောင့် ဂဠုန်ဦးစောလည်း မရှိတော့သောအခါ ကျွန်ုပ်တို့တတွေသည် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်သော်လည်း ဂဠုန်ဦးစောကိုကား မမုန်းတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ပုဂ္ဂလဓိဋ္ဌာန အားဖြင့် တိုက်စရာမရှိတော့သောကြောင့်ပါတည်း။

ဓမ္မဓိဋ္ဌာန်အားဖြင့် 'ဂဠုန်ဦးစော၏လမ်းစဉ် လူသတ်ဝါဒသည် မမှန်'- ဟု ဆက်လက်တိုက်မည်တော့ ဖြစ်ပါသည်။ သို့သော် ဓမ္မဓိဋ္ဌာန်နယ်ပယ်၌ အာဃာတတရား၏နေရာ မရှိပါ။

ဤအတူပင် ဤစာသည်လည်း အာဃာတတရား မရှိပါ။ ထို့ကြောင့် အကြောင်းမဲ့ ဖိနှိပ်ခြင်းလည်း အလျဉ်းမရှိပါကြောင်း မှတ်ယူကြစေလိုပါသည် အဖိနှိပ်ခံပုဂ္ဂလ မရှိတော့သည်ဖြစ်၍ ဖိနှိပ်ရန်လည်း အလျဉ်းမရှိတော့ပြီ ဖြစ်ပါသည်။

ထို့ကြောင့် သူတင်ပြသော ဘဝအမြင်သည် သူ၏ဘဝအမြင်မဟုတ်ဘဲ သူမှတ်သားဖူးသမျှ သူများအမြင်များကို တင်ပြခြင်းသာဖြစ်သည်-ဆိုသော စကားမှာ သစ္စာစကားသာ ဖြစ် ပါသည်။ သစ္စာစကားဖြစ်၍ သစ္စာမီးရှူးကို အပြည့်အဝ လင်းစေလိုသောကြောင့် အားဖြည့်သွန်းလောင်းဆိုခြင်းသာ ဖြစ်ပါသည်။

ဟုတ်ပါသည်။ ဤစကားသည် သစ္စာစကား အစစ်အမှန် ဖြစ်ပါသည်။ သူတင်ပြသော ဘဝအမြင်သည် သူသိမြင်သော ဘဝအမြင် မဟုတ်ပါ။ သူတင်ပြသော ပဋိစ္စသမုပ္ပါဒ်လည်ခြင်း,ပြတ်ခြင်း သဘောတရားအမြင်လည်း သူကိုယ်တိုင်သိသော,မြင်သော သဘောတရားအမြင်လည်း အလျဉ်းမဟုတ်ပါ။

ဤစကား အမှန်ဖြစ်ကြောင်း အနည်းငယ် ရှင်းပြလိုပါသည်။ သူ၏ ဘဝအမြင်၌ အတိတ်ဘဝ, အနာဂတ်ဘဝများ ပါပါသည်။ ဤ၌ အတိတ်ဘဝ-ဆိုသည်မှာလည်း မမွေးမီအချိန်တစ်ချိန်ကအဖြစ်-ဟု ဆိုခြင်းဖြစ်ပါသည်။ အနာဂတ်ဘဝ ဆိုသည်မှာလည်း သေပြီးနောက် တစ်ချိန်ချိန်၌ ဖြစ်အံ့သောအဖြစ် ဟု ဆိုခြင်းဖြစ်ပါသည်။

## ၉။ လူသည် ရှေ့ဘဝ နောက်ဘဝကို သိနိုင်သလား

ဤသို့သော 'ဘဝ'များကို မြင်နိုင်ရန်အတွက် သူ၌ အကယ်ပင် အသိဉာဏ်များ ရှိနေသလော။ သို့မဟုတ် သူတင်ပြသည့်အတိုင်း အကယ်ပင် ရှေ့ဘဝ၊ နောက်ဘဝများကို သိရှိနေပါသလော။

လူသည် 'ရှေးဘဝနှင့် နောက်ဘဝ'များကို သိရှိနိုင်ပါသလော၊ သိကြသလော?

ဤပြဿနာ၏ အဖြေသည် အငြင်းပွားဖွယ်အဖြေမျိုး ဖြစ်နိုင်ပေသည်။ လူတော်တော်အများစုသည် 'မသိနိုင်'-ဟူ၍ ဖြေမည်မှာ အမှန်ပင် ဖြစ်ပေသည်။ တစ်ရာ-တစ်ယောက်၊ တစ်ထောင်-တစ်ယောက် ပုဂ္ဂိုလ်အချို့သည် 'သိနိုင်သည်' ဟု ဖြေလိုက ဖြေဖို့ရှိပေသည်။ ထို့ကြောင့် 'သိနိုင်သည်'-ဟူသာ လူတချို့၏အဖြေကို ကျေကျေမြေ့မြေ့ ဆွေးနွေးမှ ကျန်ပြဿနာ အေးဖို့ရှိပေသည်။ ထို့ကြောင့် သိနိုင်ပုံများကို ဆန်းစစ်ဖို့လိုပေသည်။

လူသည် အတိတ်နှင့်အနာဂတ်ဘဝများကို သိနိုင်သည်-ဟူသည် အဘယ်ပုံ အဘယ်နည်းများဖြင့် သိနိုင်သနည်း။ 'သိနိုင်သည်'-ဟု ဖြေသော လူထူးလူဆန်းများသည် ဤသို့ဖြေကြဖို့ ရှိပေသည်-

- စိတ်တန်ခိုးအားဖြင့် သိနိုင်သည်။
- ထို့ပြင် သိနိုင်စွမ်း(ပညာစွမ်း)ဖြင့်လည်း သိနိုင်သည်။

ဤသို့ နှစ်မျိုးဖြေကြဖို့ ရှိပါသည်။

## ၁၀။ စိတ်တန်ခိုးဆိုသည်မှာ

'စိတ်တန်ခိုး'-ဆိုသည်မှာ အဘယ်နည်း။

'စိတ်တန်ခိုး'-ဟူသည် ပုတီးစိပ်ခြင်း၊ ကသိုဏ်းရှုခြင်း၊ ဝင်လေထွက်လေ မှတ်ခြင်း စသော ရုပ်အာရုံကမ္မဋ္ဌာန်းများကို ရှုမှတ်၍၊ စိတ်ကို အကြိုက်အမုန်းနှင့် ချုတ်ချယ်မှုအတွေးအခေါ်များ မဝင်စေဘဲ ထိုထိုအာရုံများအပေါ်မှ ထွက်ကျ လွင့်မျောမသွားဘဲ၊ ထိုထိုအာရုံများကို စူးစိုက် ရှုမှတ်နေအောင် လုပ်ခြင်းမှ အစပြုရမည်။ ထိုမှ တဆင့်ဆင့် မြင့်မြင့်ပြီး၊ ထိုထိုအာရုံကို ရှုမှတ်သော်လည်း အရှုမှတ်ခံအာရုံပင် ပျောက်ဆုံးသည်အထိ ပြည့်ဝငြိမ်သက်မှုရောက်အောင် မြှင့်တင်ခြင်း ပြုရမည်။

ထိုအဆင့်အထိ မြှင့်တင်ပြီးသူသည် ဉာဏ်အထူးများ ကွန့်မြူးဝင်ဆန့် လာအောင် နည်းနာခံ၍ လေ့လာမှုကို ပြုလုပ်ရပေသည်။ထိုအဆင့်သို့ ရောက်သောအခါ ကိုယ်တစ်ယောက်တည်းပင် ဖြစ်လျက် 'တစ်ရာပဲ၊ တစ်ထောင်ပဲ-

ဟု မြင်သူတို့ကို ထင်စေသတည်း’-ဟု ဟန်ပန် ဖန်လိုက်လျှင်လည်း မြင်သူတို့သည် သူဖန်သည့်အတိုင်း မြင်လာကြပေသည်။ ဤသည်လည်း တန်ခိုးတစ်မျိုး ဖြစ်လေသည်။

‘သူများတွေ ဘာစိတ်ကူးနေပါသလဲ’-ဟု သိအောင် အလေ့အကျင့်လုပ်လျှင် သိနိုင်သည်။ အဝေးကလူတွေ၏ အဖြစ်အပျက်နှင့် အသံပလံများကိုလည်း သိရ,မြင်ရ,ကြားရအောင် လုပ်နိုင်ပေသည်’။ ‘မမွေးခင်ဘဝနှင့် သေပြီးနောက်ဘဝတွေကိုလည်း သိအောင်’-လုပ်နိုင်သည်။

ဤသည်တို့သည်ကား စိတ်တန်ခိုးများ ဖြစ်သည်။’ ဤသို့ ဖြေကောင်း ဖြေပေမည်။

ဤ၌ စာရှုသူနှင့် ကျေကျေလည်လည် ဆွေးနွေးဖို့ အထူးလိုအပ်လာပါသည်။ ဤဆွေးနွေးစရာ အကြောင်းအရာသည် အလွန်မကျေမြေ့လွယ်သော အကြောင်းအရာ ဖြစ်ပါသည်။ ထိုအကြောင်းအရာသည် ဤပြဿနာကို အေးအေးဆေးဆေး ဆွေးနွေးချင်စိတ်များ မွေးဖွားစေချင်ပါသည်။ အောက်တွင် ဆက်လက်ဆွေးနွေးပါမည်။

အို-စာရှုသူ-

တန်ခိုးကို သင်လက်ခံလိုသည် မဟုတ်ပါလော။

သို့မဟုတ် လက်ခံနေသည် မဟုတ်ပါလော။

ထိုသို့ဆိုလျှင် တန်ခိုးအကြောင်းကို ယုတ္တိဗေဒပညာဖြင့် ဆန်းစစ်သိမြင်ဆင်ခြင်ခြင်းလုပ်ငန်းကို သင်ကိုယ်တိုင် လုပ်ဖူးပါပြီလော။

‘ယုတ္တိဗေဒပညာ’-ဆိုသည်မှာ ပြုလုပ်ခြင်းနှင့် ဖြစ်ပေါ်ခြင်း၏ ကွင်းဆက်ဖြစ်ရပ်များကို ဖော်ထုတ်မှုပညာ ဖြစ်ပါသည်။သို့မဟုတ် ‘ယုတ္တိဗေဒပညာ’-ဆိုသည်မှာ ‘အဘိဓမ္မာပညာ’ ဖြစ်ပါသည်။

ဤပညာများဖြင့် တန်ခိုးကို သင်ကိုယ်တိုင် လေ့လာဖူးနေပြီလား။

‘ဤနေရာ၌ ဤစျာန်ကို ဤသို့ပွားလျှင် ဤအဘိညာဉ်များရသည်။

ဤအဘိညာဉ်များသည် ဤမည်သောဘဝကို မြင်ရခြင်းစသော အဖြစ်များ ဖြစ်ကြသည်။'

ဤသို့သောလေ့လာချက်များကို ယုတ္တိဗေဒပညာဖြင့် လေ့လာသိရှိချက်တွေပဲ-ဟူ၍ မသတ်မှတ်ဘို့ စာရှုသူတို့အား သတိပေးလိုပါသည်။ ဤလေ့လာသိရှိချက်သည် ဈာန်ပွားခြင်း၊ အဘိညာဉ်ရခြင်းနှင့် ထိုထိုဤဤ ဘဝများကိုမြင်ခြင်းတို့၏ ကွင်းဆက်အသိများ အလျဉ်းပင် မရှိပါ။ ထို့ပြင် ဤမျှ အသိပညာသည်လည်း အဘိဓမ္မာပညာ မဟုတ်သေးပါ။

တန်ခိုးကို လက်ခံလိုလျင် သို့မဟုတ် လက်ခံပြီးဖြစ်လျင် တန်ခိုးကို ဤသို့သော ယုတ္တိဗေဒနည်းဖြင့် ချဉ်းကပ်ပြီးဖို့ လိုပါသည်။

ထို့ပြင်-

နောက်တစ်ချက်ဖြင့်လည်း ချဉ်းကပ်ဖို့ လိုပါသည်။ ဤအချက်မှာ တန်ခိုးရှင်ကို သို့မဟုတ် တန်ခိုးရှင်၏တန်ခိုးစွမ်းကို ကိုယ်တိုင်လေ့လာစေ့ငုကြည့်ခြင်း ဖြစ်ပါသည်။

တန်ခိုးအကြောင်းကို အပြည့်အဝနားလည်ရန်မှာ ဤအချက်နှစ်ချက်နှင့် ပြည့်စုံပြီးဖြစ်ဖို့ လိုအပ်ပါသည်။ စာရှုသူသည် ဤဒုတိယအချက်ကိုလည်း လေ့လာစေ့ငုပြီးနေပြီလော။

တန်ခိုးအကြောင်းဆွေးနွေးလျင် ဤအခြေခံအကြောင်းနှစ်ရပ်အပေါ်၌ အခြေခံမှ သင့်လျော်ပါမည်။ သို့မှသာ သပ်ယပ်သောဆွေးနွေးတင်ပြချက် ဖြစ်နိုင်ပါမည်။ ထိုသို့မဟုတ်လျင် ကိုယ်ထင်ရာကို ကိုယ်ပြောကြသော စကားအဖျင်းများသာ ဖြစ်နေဖို့ အကြောင်းရှိပါသည်။

တန်ခိုး၏ ယုတ္တိဗေဒပညာသည် နက်နဲပါသည်။ တန်ခိုးရနေသူများပင် တန်ခိုး၏ ယုတ္တိဗေဒပညာကို နားလည်နေသူ မရှိသလောက် ရှားနိုင်ပါသည်။ စာရှုသူကိုယ်တိုင်ပင် တခါတရံ၌ တန်ခိုး ဖြစ်ဖူးနိုင်ပါသည်။

တန်ခိုးသည် သဘာဝသတ္တိ-ဆိုပြီး တခါတရံ အထူး မဆည်းပူးသော်လည်း ဖြည့်ဆီးချက် အလိုအလျောက်နေပြီး ရရှိခြင်းများ ဖြစ်တတ်ပါသည်။

ဥပမာ- ကိုယ့်အတွက် မဝေးတော့သော အနာဂတ်၌ အဖြစ်ဆိုးကြီး ဖြစ်လိုသော အခါ ဖြစ်စေ၊ အဖြစ်ကောင်းကြီးဖြစ်လိုသောအခါ ဖြစ်စေ၊ ထို-ထူးခြားသော အဖြစ်ကို အနာဂတ်မတိုင်မီကပင် သိရှိပြီးသလို ဖြစ်နေခြင်းများ ဖြစ်သည်။

ဤသို့သော အဖြစ်မျိုးများသည် လူတိုင်းလိုလိုမှာပင် တစ်ကြိမ်မဟုတ် တစ်ကြိမ် ဆိုသလို၌ ဖြစ်ဖူးကြပေသည်။ ထိုသို့ဖြစ်သော်လည်း ထို-မဖြစ်သေးသော'အဖြစ်'နှင့် ကြိုတင်ပြီးသိခြင်းနှင့် အဘယ်သို့ဆက်စပ်သည်-ဟူသော ယုတ္တိဗေဒပညာကား မရှိကြ,မသိကြပေ။ ဘယ်လိုလည်းမသိပါဘူး-ဟုသာ မှတ်ချက်ချကြရသည်။

ဤ၌ 'ဒါ-စိတ်တန်ခိုးပေါ့'၊ ဤသို့သော မှတ်ချက်မျိုးကား ယုတ္တိဗေဒပညာ မဟုတ်ပေ။ 'စိတ်တန်ခိုးသည် စိတ်တန်ခိုးဖြစ်သည်'-ဟု သိခြင်းကား နာမည်မှည့် တတ်သောပညာသာဖြစ်ပေသည်။

တန်ခိုး၏ ယုတ္တိဗေဒပညာသည် တန်ခိုးရခြင်းထက် လေးနက်ခြင်း ရှိပေသည်။ ထို့ကြောင့် စာရှုသူများသည် တန်ခိုး၏ ယုတ္တိဗေဒပညာနှင့် စပ်လျဉ်း၍ သဘောပေါက် နားလည်ထားပြီးဖြစ်ရန် အကြောင်း နည်းပေသည်။ အဘယ့်ကြောင့်ဆိုသော် တန်ခိုးကိုပင် အလိုအလျောက်ရရှိခြင်းမှအပ လုပ်နိုင်သူပင် ရှိကောင်းမှရှိမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

### ၁၁။ တန်ခိုးသည် လူ၏ မမွေးမီနှင့်သေပြီးနောက်အဖြစ်ကို သိနိုင်သလား

ထို့ကြောင့် တန်ခိုးအကြောင်းဆွေးနွေးရာ၌ တန်ခိုးကို ယုတ္တိဗေဒပညာဖြင့် လေ့လာချက်ကို ချန်လှပ်ရမည် ဖြစ်ပါသည်။ သို့သော်လည်း ဤနေရာ၌ အချက်တစ်ချက်ကိုတော့ အဆိုပြုထားခဲ့လိုပါသည်။ ယင်းကား-

'တန်ခိုးသည် မမွေးမီကနှင့် သေပြီးနောက် အဖြစ်တစ်ခုခုကို မမြင်နိုင်၊ မသိနိုင်'-ဟူသောအချက်ပင် ဖြစ်ပါသည်။

ဤအဆိုကို စာရှုသူ အလေးအနက် နားလည်ခဲ့စေချင်ပါသည်။ တန်ခိုး၏ ယုတ္တိဗေဒပညာဘောင်အတွင်းမှ ဤအဆိုကို ချေဖျက်နိုင်သော စွမ်းရည်ကို

စာရှုသူ တွေ့ရှိလျှင် အချိန်မရွေးပင် ဤအဆိုအတွက် ထုချေလွှာ သက်သေ သာဓကပေးရန် အသင့်ရှိနေကြောင်းပါ စာရှုသူသည် မှတ်သားထားခဲ့ စေချင်ပါသည်။

တန်ခိုးအကြောင်းကို ကျန်သောနောက်အနက်တစ်ချက်ဖြင့် ဆက်လက်ဆွေးနွေးလိုပါသည်။ စာရှုသူသည် တန်ခိုးရှင်နှင့် တန်ခိုးရှင်၏ တန်ခိုးစွမ်းကို တစ်ကြိမ်သို့မဟုတ် တစ်ကြိမ်၌ ကိုယ်တွေ့ကြုံဖူးဖို့ ရှိပါသည်။ ဤ၌ တန်ခိုးဟူသည်ကို ကျယ်ကျယ်လွင့်လွင့် အနက်ဖွင့်ပါရစေ။

ရသေ့ရဟန်းနှင့် ယောဂီများ၏ ကသိုဏ်းအစရှိသည်ကို ပွားမှရသော တန်ခိုး။ ဂိုဏ်းဆရာ, ဓါတ်ဆရာ, အင်းဆရာ-စသူတို့၏ လုပ်ငန်းအထွေထွေမှ ရသော တန်ခိုး။ မှော်ဆရာ,စိတ်ပညာရှင်-အစရှိသည်တို့၊ တန်ခိုး- အစရှိသော တန်ခိုးမှန်သမျှသည် ‘တန်ခိုး’ပင် ဖြစ်ပါသည်။

စာရှုသူသည် ဤတန်ခိုးရှင်တို့၏ တန်ခိုးစွမ်းကို တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်၌ ကိုယ်တွေ့-တွေ့ဖူးမည်ဟု ထင်ပါသည်။ စဉ်းစားကြည့်ပေးစေချင်ပါသည်။ စာရှုသူ၌ တွေ့ကြုံဖူးသောတန်ခိုးရှင်တို့၏ တန်ခိုးအထွေထွေသည် များပါလိမ့်မည်။

အဝေးနေရာ လှမ်းမြင်နိုင်သော တန်ခိုး၊ အဝေးအချိန်ကို ရှေ့နောက်မဟူ လှမ်းမြင်နိုင်သော တန်ခိုး၊ သူများစိတ်ကိုသိသော တန်ခိုး၊ အဝေးမှအသံကို လှမ်းကြားနိုင်သော တန်ခိုး-တို့ဖြစ်ပါသည်။

ဤတန်ခိုးအထွေထွေများအတွင်း၌ မမွေးမီဘဝမှအဖြစ် သို့မဟုတ် သေပြီးနောက်၌ ဖြစ်အံ့သော ဘဝအဖြစ်။ ဤအဖြစ်များကို လှမ်းမြင်ပြသော တန်ခိုးရှင်နှင့် ယင်း၏တန်ခိုးစွမ်းကိုကိုယ်တိုင်တွေ့ဖူးပါပြီလော။

ထို့ပြင် တွေ့ဖူးလျှင်လည်း ထိုတန်ခိုးရှင်ပြောပြသော နောက်ဘဝ၊ နောင်ဘဝမှ အဖြစ်များသည် သူပြောသည်နှင့်မခြား အကယ်ပင်ဖြစ်နေခဲ့သည်၊ သို့မဟုတ် အကယ်ပင် ဖြစ်လာခဲ့သည်-ဟု တန်ခိုးရှင်၏ အပြောနှင့် တကယ့်အဖြစ်ကို သင်ကိုယ်တိုင် ဆက်စပ် လေ့လာခဲ့ဖူးပြီလော။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

စာရှုသူမဖြေမီမှာပင် ဤပြဿနာ၏အဖြေကို ကြိုတင်ပြီးအဆိုတစ်ခု ပြုထားချင်ပါသည်။ ဤအဆိုကား စာရှုသူတို့၏ ဤပြဿနာအဖြေသည် 'အင်း'-ဟူ၍ ဘယ်နည်းနှင့်မျှ မဖြစ်ရ'-ဟူ၍ ဖြစ်ပါသည်။

တန်ခိုးရှင်များသည် အဝေးမှအရာကို လှမ်း၍ မြင်ကြ,ကြားကြသည်ကို ပြောဆိုကြ၏။ ထိုပြောဆိုချက်သည် ပြောတိုင်းဟုတ်,မဟုတ် လေ့လာသူတို့အတွက် ဟုတ်သည်လည်း တွေ့နိုင်၏။ ဟုတ်သလိုလိုလောက်လည်း တွေ့နိုင်၏။

သို့သော်လည်း တန်ခိုးရှင်အများစုသည် အဝေးနေရာနှင့် အဝေးအချိန်များမှ အကြောင်းများကို ပြောဆိုကြသော်လည်း၊ မွေးပြီးနှင့် မသေခင်အတွင်းမှ အဝေးများကိုသာ အပြောများကြပေသည်။ မွေးနှင့်သေတို့၏ ဟိုမှာဖက်အဝေးမှ အဖြစ်များကို အပြောမများကြ။ သို့သော်လည်း တချို့တလေသော တန်ခိုးရှင်များကမူ ပြောကြလျက် ရှိပေသည်။

ထိုသူတို့ ထိုသို့ပင် ပြောသော်လည်း ထိုသူတို့၏စကားသည် အနှစ်အသားကောက်၍ ရသည်ဟူ၍ အလျဉ်းပင် မရှိနိုင်ပေ။ ဥပမာ- စွန်းလွန်းဆရာတော်ကြီး-စသော မြန်မာပြည်မှ သမထတန်ခိုးရှင်များသည် ငရဲသားများ အကြောင်း၊ နတ်ဒေဝတာများ အကြောင်းကို များစွာပြောဆိုခဲ့ကြပေသည်။

ဆရာတော်ကြီးအများသည် 'ငါသည် နွားဘဝကို ဘယ်နှစ်ကြိမ်ဖြစ်ခဲ့ပြီ၊ လူဘဝကို ဘယ်နှစ်ကြိမ် ဖြစ်ခဲ့ပြီ'-ဟူ၍ လူပုံအလယ်၌ ဟောညွှန်လျက် ရှိပေသည်။ ထိုစကားများမှန်ကြောင်း ကျွန်ုပ်တို့ ဘယ်သို့နားလည်ကြရသနည်း။

ဆိုလိုသည်မှာ သူဟောပြောချက် မှန်ကန်ကြောင်းကို သူဟောချက်ကို နာသူအများမှာ-

ဘယ်သို့ သိနိုင်ခွင့်ရှိသနည်း။

ဘယ်သို့ သက်သေထူနိုင်သနည်း။

သက်သေထူ၍ ဟောပါသလော။

ဥပမာ- 'ငါသည် လွန်ခဲ့သောနှစ်ပေါင်းဘယ်နှစ်ရာက ဘယ်နေရာ၌ ဘယ်သူဖြစ်ခဲ့သည်။ ဤစကားကို လေ့လာရန် ငါသေ၍မြုပ်နှံခဲ့သော ယခုဘယ်

နေရာ၌ မြေတွင် မည်မျှတူးဖော်လျှင် တွေ့မြင်နိုင်မည်'။ ဤသို့ သက်သေထူလျက် ဟောပြောခြင်းရှိမည် မဟုတ်ပေ။ ထိုသို့ဖြစ်လျှင် ထိုသူတို့၏အဟောသည် အနှစ်သာရမဲ့သော 'တုစ္ဆစကား'များမျှသာ ဖြစ်လေရာသည်။

ဟုတ်ပါသည်။ စကား၌ 'စကားမှားလေးမျိုး' ရှိပါသည်။ ထိုအထဲ၌ တစ်မျိုးသည် 'စကားဖျင်း' ဖြစ်ပါသည်။ 'စကားဖျင်း'-ဟူသည် အနှစ်သာရမပါ ထင်ရာပြောသောစကားများ ဖြစ်ပါသည်။ ထင်၍ပြောခြင်းဖြစ်သောကြောင့် ထိုစကားသည် မုသားစကားတော့ မဟုတ်ပါ။ ထိုစကားသည် 'မိုးပေါ် ကြယ်ရှိသည်၊ မြစ်ထဲ ရေရှိသည်'-ဟူသော စကားများနှင့်၊ ပြောသူသာ သိပြီး နာသူမသိသောစကားများ ဖြစ်ပါသည်။ ရိုးသားသောသူများသည် ဤအဖျင်းစကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြပေသည်။

ယခုခေတ်အသုံးအားဖြင့် လူ့စည်း၊ လူ့ဘောင်၊ လူ့ယဉ်ကျေးမှု၌ ပြောသူသာသိ၍ နာသူမသိသောစကားကို ပြောဆိုခြင်းသည် 'ကြွားဝါခြင်းဖြစ်သည်'-ဟု ရှုတ်ချခံရလေသည်။ ထို့ကြောင့် ပြောသူသာသိ၍ နာသူမသိသော ပြဿနာတစ်ရပ်ကို တင်ပြလိုလျှင် တင်ပြပြောလိုသူသည် ပြောဆိုသောစကားအတွက် သက်သေသာဓကေ အလုံအလောက်ဖြင့် နာကြားစူးစမ်းနိုင်သည်အထိ ကြိုးစား ဟောပြောကြရပေသည်။

နောက်ဘဝ,နောင်ဘဝ၊ ဤအကြောင်းအရာများကို ဟောပြောကြသော ပုဂ္ဂိုလ်များသည် ဤသို့သက်သေထူ၍ ဟောပြောခြင်း အလျဉ်းမရှိကြပေ။ ထို့ကြောင့် စာရှုသူသည်လည်း ထိုသူတို့၏ တန်ခိုးအရ ဟောပြောချက်ကို တွေ့ဖူးကောင်း တွေ့ဖူးကြမည် ဖြစ်သော်လည်း ထိုဟောပြောချက်၏ ခိုင်မာကြောင်း အထောက်အထားကိုကား အလျဉ်းပင် တွေ့ဖူးမည်မဟုတ်ကြောင်း ကြိုတင်ပြောဆိုလိုပါသည်။

ထို့ကြောင့် 'နောက်ဘဝ၊ နောင်ဘဝနှင့်စပ်၍ တန်ခိုးဖြင့် အလျဉ်းပင် မဟောပြောနိုင်'- ဟူ၍ပင် ကောက်ချက် ချပေးလိုပါသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဤမျှသော တန်ခိုးအကြောင်း ဆွေးနွေးချက်သည် ဤကောက်ချက်ကို ချနိုင်ရန် လုံလောက်ခဲ့ပြီ-ဟု စာရေးသူ ယုံကြည်ပါသည်။

၁၂။ ပညာစွမ်းဖြင့် လူ၏ ရှေ့ဘဝနောက်ဘဝ သိနိုင်သလား

ဤမျှဖြင့် တန်ခိုးအကြောင်း ဆွေးနွေးချက်ကို ရပ်နားပြီး၊ ဆိုလိုခြင်း အကြောင်းဘက်ဆီသို့ ပြန်ဆက်ပေးလိုပါသည်။ ဤတန်ခိုးအကြောင်း ဆွေးနွေး ဘက်ဆီသို့ ထွက်လာသည်ကား 'လူသည် နောက်ဘဝ၊ နောင်ဘဝအကြောင်း သိနိုင်သလော'-ဟူသော ပြဿနာအတွက် အချို့သူတို့၏ 'တန်ခိုးဖြင့် သိနိုင် သည်'-ဟူသော စကားမှဖြစ်သည်။

ဤမျှဖြင့် ဤအဆိုကို ဆွေးနွေးခဲ့ပြီးပြီ-ဟု ယုံကြည်ပါသည်။ ဆက်လက် ၍ 'ပညာစွမ်းဖြင့် လူ၏ ရှေ့ဘဝ၊ နောက်ဘဝကို သိနိုင်သည်'-ဟူသော အဆို ကို ဆွေးနွေးဖို့ လိုပါသေးသည်။

ဤ 'ပညာအစွမ်းဟူသည် အဘယ်နည်း'။ ဤပြဿနာဖြင့် ထိုအဆိုကို ဆွေးနွေးမှု အစပြုရပါမည်။ အဘယ်သည် ပညာအစွမ်း ဖြစ်သနည်း။

'ပညာစွမ်း'-ဟူသည် အကျိုးကိုသိသဖြင့် အကြောင်းကိုသိခြင်း၊ အစိတ် ကိုသိသဖြင့် အပေါင်းကိုသိခြင်း- အစရှိသည်တို့ ဖြစ်သတည်း။

လောက၌ 'အသွေးကိုမြင်၍ အသွင်ကိုသိခြင်း၊ အပွေးကိုမြင်၍ အပင် ကိုသိခြင်း'-များသည်လည်း ပညာစွမ်းဖြင့် ဖော်ပြသော စကားများပင် ဖြစ်ပါ သည်။ ပုံစံအားဖြင့် လူတစ်ဦး၏ ပြောဆိုစကား တစ်လုံးတလေကို ကြားကာမျှ ဖြင့် ထိုသူ၏အရည်အချင်း ဘယ်မျှဖြစ်သည်-ဆိုသည်ကို သိမြင်ခြင်း၊ အလျား နှင့်အနံကိုသိသဖြင့် အကျယ်အဝန်းကိုသိခြင်း စသည်တို့ဖြစ်သည်။

ထိုသို့ဆိုလျှင်-

ရှေ့,နောက်ဘဝများကို သိသော ပညာစွမ်းကား အဘယ်နည်း။

အဘယ်ကို မြင်သဖြင့် ရှေ့နှင့်နောက်ဘဝများကို အဘယ်ပုံ သိသနည်း။

ရှေ့,နောက်ဘဝများကို သိသော ပညာကား 'ဗုဒ္ဓအဘိဓမ္မာပညာ'-

ဖြစ်သည်ဟု စာရှုသူတို့ ဖြေကောင်း ဖြေကြမည်-ဟုထင်ပါသည်။

အဘယ်ကိုမြင်သဖြင့် ရှေ့,နောက်ဘဝကို သိသနည်း-ဆိုလျှင်ကား ယခုဘဝ၏ ကောင်း,ဆိုးနှစ်တန်သော အဖြစ်များကိုမြင်၍ သိသည်-ဟုလည်း ဖြေကောင်းဖြေမည်-ဟု ထင်ပါသည်။

ဤအဖြေများအရ ပြဿနာနှစ်ရပ် ထွက်လာပါသည်။

ပြဿနာတစ်ရပ်ကား-

'ပုဗ္ဗအဘိဓမ္မာသည် ရှေ့ဘဝ,နောက်ဘဝတို့ကို အသိပေးသော အဘိဓမ္မာ ဟုတ်ပါသလော'- ပြဿနာနှင့်၊ နောက်တစ်ရပ်မှာ-

'ဘဝ၏ ဆိုး,ကောင်းနှစ်တန် အဖြစ်များသည် မမွေးမီဘဝက ပြုလုပ်ချက်များ၏ အရိပ်များဖြစ်သည် ဆိုသည်မှာ အမှန်ဟုတ်ပါလော'-ဟူသော ပြဿနာများ ဖြစ်ကြပေသည်။

ဤပြဿနာနှစ်ရပ်ကား လောက၌ အလေးအနက်ဆုံး ပြဿနာနှစ်ရပ်ဖြစ်သည်။ ဤပြဿနာများကို ဆွေးနွေးရန်မှာ သိုင်းမှု,ဝိုင်းမှုအနည်းငယ်မျှဖြင့် လုံးဝ မလုံလောက်နိုင်။ ဤပြဿနာကို သိုင်းသိုင်းဝိုင်းဝိုင်း ပြန့်ပြန့်ကျယ်ကျယ် ဆွေးနွေးရဖို့ လိုပေသည်။

## ၁၃။ ပုဗ္ဗအဘိဓမ္မဝါဒ၏ အနှစ်သာရ

ပုဗ္ဗအဘိဓမ္မာသည် မမွေးမီကဘဝနှင့် သေပြီးနောက်ဘဝတို့၏ ဖြစ်ခြင်းနှင့် မဖြစ်ခြင်းကို ဖွင့်ဖော်ညွှန်းဆိုသော အဘိဓမ္မာ ဟုတ်ပါသလော။

ဤပြဿနာ နားလည်ရန် 'ပုဗ္ဗအဘိဓမ္မာ'ကို အောက်ပါ မေးခွန်းကလေးများကို ခေါင်းစဉ်ပြု၍ အပြေးအလွှားကလေး လေ့လာဖို့ လိုပါသည်။ ယင်းတို့မှာ-

ပုဗ္ဗအဘိဓမ္မာဝါဒ အနှစ်သာရသည် အဘယ်နည်း။

အရေအတွက် များသလော။

ပုဗ္ဗအဘိဓမ္မာ၏ ဘဝအမြင်(ဒဿန)သည် အဘယ်နည်း-

ဟူ၍ ဖြစ်ကြသည်။

'ဗုဒ္ဓအဘိဓမ္မာ၏ အနှစ်သာရ'ကား-'

ဝိမုတ္တိ'-ဟုခေါ်သော 'လွတ်မြောက်မှု'-ဖြစ်သည်။

ဝိမုတ္တိအပြင် ပိုလွန်သော အနှစ်သာရဟူ၍ ဗုဒ္ဓအဘိဓမ္မာ၌ မရှိပြီ။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မဝါဒ၏ အနှစ်သာရသည် အပြားမရှိ၊ တစ်ပါးတည်းသာ။ ယင်းတစ်ပါးကား ဆိုခဲ့ပြီးသော 'ဝိမုတ္တိ'-ဟုခေါ်သော 'လွတ်မြောက်ခြင်း'သာ တည်း။

ဤ၌ 'လွတ်မြောက်ခြင်း'-ဟုခေါ်သော 'ဝိမုတ္တိ'ကို ဆက်လက်ဆွေးနွေး လိုပါသည်။ အဘယ်မှ လွတ်မြောက်ခြင်းသည် 'လွတ်မြောက်ခြင်း(ဝိမုတ္တိ)' ဖြစ်သနည်း။ အိမ်ထောင်မှလွတ်မြောက်ခြင်းသည် ဝိမုတ္တိလော။ သို့မဟုတ် အိမ်ထောင်မဲ့ဘဝမှ လွတ်မြောက်ခြင်းသည် လွတ်မြောက်ခြင်းလော။ ထို့အတူ စီးပွားမှ လွတ်မြောက်ခြင်းသည် လွတ်မြောက်ခြင်း(ဝိမုတ္တိ)လော။ စီးပွားမဲ့အဖြစ်မှ လွတ်မြောက်ခြင်းသည် လွတ်မြောက်ခြင်း(ဝိမုတ္တိ)လော။

အဘယ်မှ လွတ်မြောက်ခြင်းသည် လွတ်မြောက်ခြင်း(ဝိမုတ္တိ) ဖြစ်သနည်း။

လွတ်မြောက်ခြင်း(ဝိမုတ္တိ)အနက် အတ္ထအဓိပ္ပါယ်ကား အဘယ်နည်း။

အဘယ်သည် လွတ်မြောက်ခြင်း(ဝိမုတ္တိ)၏ သရုပ်သကန် ဖြစ်လေသနည်း။ 'ဝိမုတ္တိ'၏ အနက်အတ္ထကား 'နိဿရဏ'ဟူသော 'အမှီအခိုကင်းခြင်း'ဟူသောအရာ ဖြစ်သည်။ တဖန်လည်း 'နိဿရဏ'ဟုခေါ်သော အမှီအခိုကင်းခြင်းသည် အဘယ်နည်းဟူအံ့။

'အမှီအခိုကင်းခြင်း'-ဟူသည်-

'ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ခြင်း၊

ကိုယ့်ကံကို ကိုယ်စီမံနိုင်ခြင်း' ဖြစ်ပါသည်။

ချုပ်၍ဆိုလျှင် -'

လွတ်မြောက်မှု'၏ အနက်အဓိပ္ပါယ်သည် 'ကိုယ့်ကံကို ကိုယ်စီမံနိုင်ခြင်း' ဖြစ်ပါသည်။

ထို့ကြောင့် 'အဘယ်မှ လွတ်မြောက်ခြင်းသည် လွတ်မြောက်ခြင်း(ဝိမုတ္တိ) ဖြစ်သနည်း'-ဟူသော အမေးအတွက် အိမ်ထောင်ရှိ,အိမ်ထောင်မဲ့ စီးပွားရှိ,စီးပွားမဲ့ စသည်ဖြင့် အထွေထွေ အလီလီတို့မှ လွတ်မြောက်ခြင်းသည် 'လွတ်မြောက်ခြင်း(ဝိမုတ္တိ)' မဖြစ်နိုင်။

'ကံမှားကို စီရင်နေ၊ ကြိုးကိုင်နေသော ကြိုက်ခြင်း,မိုက်ခြင်း, မုန်းခြင်းတို့မှ လွတ်မြောက်ခြင်းသည်သာ 'လွတ်မြောက်ခြင်း (ဝိမုတ္တိ)' ဖြစ်သည်။ သို့မဟုတ်-

'ကံမှားဖြစ်သော အပြုအမူ, အပြောအဆိုနှင့် စိတ်နေစိတ်ထားအမှားတို့မှ လွတ်မြောက်ခြင်းသည်သာ 'လွတ်မြောက်ခြင်း(ဝိမုတ္တိ)'ဖြစ်သည်။

မြင်ခြင်း,ကြားခြင်းစသည်နှင့် မြင်စရာ,ကြားစရာစသည်များ မြင်တတ်, ကြားတတ်သော မျက်စေ့,နားစသည်တို့မှ လွတ်ခြင်းတို့ကား 'လွတ်မြောက်ခြင်း (ဝိမုတ္တိ)'၏ အနက်အတ္ထအဓိပ္ပါယ်နှင့် လားလားမျှမဆိုင်သော လွတ်မြောက်ခြင်းများ ဖြစ်ကြသတည်း။

ဤနေရာ၌ စာရှုသူ၏ ရင်တွင်း၌ 'လွတ်မြောက်ခြင်း(ဝိမုတ္တိ)'၏ အနက်အဓိပ္ပါယ်နှင့်စပ်၍ မရှင်းလင်းသလို ခပ်ဆို့ဆို့များ ကြွင်းနေမည်လား- အောက်မေ့မိပါသည်။

ထို့ကြောင့် စုဒ်စောဒနာကလေးပြုလျက် ဆိုခဲ့ပြီးသောစကားကို ဖြည့်စွက်ဆွေးနွေး ပြလိုပါသေးသည်-

'ကိုယ့်ကံကို ကိုယ်စီမံနိုင်ခြင်းသည် လွတ်မြောက်ခြင်း(ဝိမုတ္တိ) ဖြစ်ခဲ့လျှင် ဤ'လွတ်မြောက်ခြင်း'ကို လူတိုင်းပင် ရနေသည်မဟုတ်ပါလော။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာသည် ဤလွတ်မြောက်မှု အနှစ်သာရကို ညွှန်ပြနေသည်ဆိုလျှင် ဤလွတ်မြောက်မှုကို လူတိုင်းအလိုအလျောက် ရနေပြီးဖြစ်၍ ဗုဒ္ဓအဘိဓမ္မာ မလိုပြီ မဟုတ်ပါလော'။ ဤပြဿနာကို ဖြေဆိုပါမည်။

လူတိုင်းသည် ကိုယ့်ကံကို ကိုယ်မစီမံနိုင်ဘဲ ရှိနေပါသည်။

ဗုဒ္ဓအဘိဓမ္မာသည် ကိုယ့်ကံကို ကိုယ်စီမံနိုင်ရန် ညွှန်ပြသော တစ်ခုတည်းသော အဘိဓမ္မာ ဖြစ်ပါသည်။

ထို့ကြောင့် လူတိုင်းပင် ကိုယ့်ကံကို ကိုယ်စီမံနိုင်ချင်လျှင် ဗုဒ္ဓအဘိဓမ္မာကို ချဉ်းကပ်ရန်လိုအပ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာသည် အပိုမဟုတ်ပါ။

## ၁၄။ ကိုယ့်ကံကို ဘယ်သူက စီမံဖန်တီးသနည်း

ဤနေရာ၌ 'လူသည် ကိုယ့်ကံကို ကိုယ်စီမံနိုင်လျှင် ကိုယ့်ကံကို ဘယ်သူလာ၍ စီမံသည်ကို ခံနေရသနည်း။' ဤသို့ ဘုတော၍ မေးချင်ဖွယ် ဖြစ်ပါသည်။ ဤအမေးကိုဖြေရန် အောက်ပါပြဿနာအချို့ကို တင်ပြရပါမည်။

လူသည် ကြိုက်စရာတွေ့လျှင် ကြိုက်သည်ဆိုအံ့။ မုန်းစရာတွေ့လျှင် မုန်းသည်ဆိုအံ့။ ထို အကြိုက်နှင့်အမုန်းစိတ်တို့သည် ကြိုက်စရာနှင့်မုန်းစရာကို တွေ့၍ပင်ဖြစ်ကြသလော၊ မတွေ့ဘဲပင် ထိုကြိုက်စိတ်,မုန်းစိတ်များ ဖြစ်ကြသလော။

ထိုအမေးကို ယထာဘူတကျကျ ဖြေလျှင် အကြိုက်,အမုန်းစိတ်တို့သည် ကြိုက်စရာနှင့် မုန်းစရာများ ရှိကြ၍သာ ဖြစ်ကြသည်-ဟု ဖြေရမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်သည် အာရုံနှင့်ကင်း၍ မဖြစ်ကောင်းသောကြောင့်ပါ။

ဤနေရာ၌ ကြိုက်စရာနှင့် မုန်းစရာဟူသည် သူ့စိတ်၌ ထင်နေသည့် အရာပင် ဖြစ်သည်။ သူများစိတ်၌ ကြိုက်စရာဟုတ်,မဟုတ်သည် ပဓါနမဟုတ်-ဟု သတိချပ်စေလိုပါသည်။

ဆက်လက်၍ ဆွေးနွေးရန်မှာ-

'ကြိုက်ဖွယ်,မုန်းဖွယ်တွေကိုတွေ့၍ ကြိုက်ခြင်း,မုန်းခြင်းစိတ်များ ဖြစ်သည်ဆိုလျှင် ကြိုက်ဖွယ်,မုန်းဖွယ်များကို တွေ့ထိသိမြင်သူတိုင်းသည် ကြိုက်စိတ်,မုန်းစိတ်များ ဖြစ်ကြသလော'-ဟု အမေးပြုရန် ဖြစ်ပါသည်။

ထိုအမေးကိုလည်း ယထာဘူတကျကျဖြေလျှင်-

'ကြိုက်ဖွယ်, မုန်းဖွယ်နှင့်တွေ့သူတိုင်းသည် ကြိုက်စိတ်,မုန်းစိတ် ဖြစ်ကြသည် မဟုတ်-ဟု ဖြေရန်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ကြိုက်စိတ်,မုန်းစိတ်များသည် ကြိုက်ဖွယ်,မုန်းဖွယ်အာရုံကို ရသော်လည်း 'ကြိုက်ဖွယ်,မုန်းဖွယ်များ မရှိ'-ဟု နှလုံးသွင်းမှန်လျှင်၊ နှလုံးသွင်းနိုင်လျှင် မဖြစ်ပေါ်နိုင်သောကြောင့်ပင်။

တဖန် ဆက်လက်၍ ဆွေးနွေးရန်မှာ-

'ကြိုက်ခြင်း,မုန်းခြင်းများသည် ချမ်းသာမှုကိုဖြစ်စေသလော'-ဟူ၍ ဖြစ်ပါသည်။

ထိုအမေးကိုလည်း ယထာဘူတကျကျ ဖြေဆိုလျှင်-

'ကြိုက်ခြင်း,မုန်းခြင်းများသည် ချမ်းသာကိုမဖြစ်စေဘဲ ဆင်းရဲကိုဖြစ်စေသည်'-ဟု ဆိုရပါမည်။

၁၅။ ကြိုက်ခြင်းသည်လည်း ဆင်းရဲပင်

ဤနေရာ၌ အနည်းငယ် ဆက်ရှင်းရန်ရှိပါသည်။

'မုန်းခြင်းသည် ဆင်းရဲဆိုလျှင် ဟုတ်ပါ၏။ ကြိုက်ရခြင်းသည် အဘယ်သို့လျှင် ဆင်းရဲဆိုဘိသနည်း။ ယင်းသည် ချမ်းသာသည် မဟုတ်ပါလော။ လူအများသည် ချမ်းသာလိုကြသောကြောင့်ပင် ကြိုက်ရမှုကို မရ-အရ တည်ဆောက်နေကြရသည် မဟုတ်ပါလော'-ဟူအံ့။

အောက်ပါတို့ကိုပြ၍ ကြိုက်ရခြင်း၏ ဆင်းရဲဖြစ်ပုံကို ထင်ရှားစေချင်သည်။

လူသည် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ နှလုံးမသာမယာ စိတ်မကြည်လန်းခြင်း၊ ကြောင့်ကြခြင်း-ဤအရာများဖြစ်သည်ကို 'ချမ်းသာသည်'-ဟု ဆိုကြမည်လော၊ 'ဆင်းရဲသည်'-ဟု ဆိုကြသလော။ ယင်းကို အလွယ်တကူနှင့်ပင် 'ဆင်းရဲသည်'-ဟု ဆိုကြကြောင်း ဖြေဖို့ရှိပါသည်။

ထိုသို့ဆိုလျှင် ဤဆင်းရဲများ အဘယ့်ကြောင့် ဖြစ်သနည်း၊ အနည်းငယ်ဆန်းစစ်ကြပါစို့။

'လူသည် ချစ်စရာ,ကြိုက်စရာတစ်ခုခုကို ချမ်းသာခံစားရန် ချစ်ခြင်း, ကြိုက်ခြင်းပြုသည် ဆိုအံ့။ ထိုသူသည် ချစ်ရ,ကြိုက်ရ၍ ချမ်းသာကိုခံစားရသည်-ဟု ဆိုရပါမည်။ ထိုချမ်းသာ၏ အနှစ်သာရသည် အဘယ်နည်း။'

ဤအမေး၏အဖြေကို အသာပင် ထားခဲ့လိုသည်။ ထိုချမ်းသာ၏ အနာဂတ်ကိုသာ ဆက်လက် လေ့လာကြည့်စေလိုသည်။

'ထိုချစ်စရာနှင့် ကြိုက်စရာသည် အချိန်ကာလ, နေရာဌာန, ပြုပြင်မှုပယောဂတို့နှင့် ကင်းနိုင်သောအရာ မဟုတ်။ ထို့ကြောင့် ချစ်လို့မှမဝမီ ထိုချစ်စရာသည် အလှည့်အပြောင်း တစ်ခုခုဆီသို့ ပြေးဝင်နေတော့ပြီ။ ထို့ကြောင့် ချစ်တတ်သူသည် ချစ်စရာ အပျောက်ဆုံးခံရမှုနှင့် ရင်ဆိုင်ရလေပြီ။ ထိုအချိန်၌ သူသည် ချစ်စရာကို မချစ်ရမီကအတိုင်း တည်ငြိမ်းအေးချမ်းစွာပင် ရှိမည်လော၊ စိုးရိမ်, ပူဆွေးငိုကြွေး,စိတ်ပျက်ခြင်းပင် ဖြစ်မည်လော။'

'အစက မတွေ့ခဲ့ရလျှင် အကောင်းသားလား ချစ်သူရယ်၊ ခုတော့ ကိုယ့်အသဲတွေနှလုံးတွေဟာ တစ်စစီ တစ်စစီ ကျွဲပြုန်းကုန်ကြပြီကော ချစ်သူရယ်။' ဤအသံများသည် အထက်ကအမေး၏ အဖြေကို ယထာဘူတကျကျထုတ်ရန် မှတ်တိုင်များ ဖြစ်ပါသည်။ ထို့ပြင် လည်း 'သိပ်ချစ်လျှင် သိပ်ငိုရတယ်'-ဟူသော စကားသည် အချစ်၏ အဘိဓမ္မာလမ်းများမှ သစ္စာစကားပင် ဖြစ်သည်။

ထို့ကြောင့် 'ချစ်ရခြင်းသည် ကောင်းသည်'-ဟုဆိုလျှင် ထို-'ကောင်းသည်'၏နောက်၌ ဆက်လက်ပြီးဖြစ်ပွားသော 'ဆိုးသည်'- ဆိုသည်များကိုလည်း လက်ခံသင့်လေသည်။ အဘယ့်ကြောင့်ဆိုသော် ထို-'ဆိုးသည်'ဆိုသည်များသည် အလိုအလျောက် ဖြစ်ပေါ်လာကြသည် မဟုတ်ဘဲ 'ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်း' ဖြစ်သောကြောင့်တည်း။

ဤနေရာ၌ ကောက်ချက်တစ်ခု ထွက်လာပါသည်။

ယင်းကား-

'ချစ်ခြင်းသည် ကောင်းလည်းကောင်းသည်၊ ဆိုးလည်းဆိုးသည်'-ဟူ၍ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ချစ်ရသူ၌ အရှုံး ရသလော, အမြတ် ရသလော။ ချစ်ရသူသည် ကုန်သည်နှင့် တူနေပေပြီ။ ကုန်သည်သည် အရင်းအနှီးမြှုပ်နှံခြင်းကြောင့် ပေးလည်း ပေးရသူဖြစ်သည်။ ကုန်ပစ္စည်းရခြင်းကြောင့် ယူလည်း ယူရသူဖြစ်ပေသည်။ ယင်းကုန်သည်သည် အရှုံး,အမြတ်ဟူ၍ နိဂုံး၌ ရှိရသည်။ ထို့အတူ အချစ်၌လည်း နိဂုံး၌ အရှုံး,အမြတ်(Balance sheet)၌ တွက်ပြရပေပြီ။

ချစ်ရသူ၌ ချစ်ရ၍ ချမ်းသာခြင်းသည် 'ရယူခြင်း' ဖြစ်ပါသည်။ ချစ်ရ၍ 'စိုးရိမ်,ပူဆွေး,ငိုကြွေး'ရခြင်းသည် 'ပေးဆပ်ရခြင်း' ဖြစ်ပါသည်။ ထိုနှစ်ဌာနကို ချိန်ထိုး၍ နိဂုံးချုပ်လျှင် အဘယ်သည် လက်ကျန် ကျန်ပါမည်နည်း။

'ချမ်းသာသုခ'ဟုခေါ်သော အရာသည် အံ့ဩဖွယ်ကောင်း၏။ သူ၏ ရန်ဘက်-ဟု ယူဆအပ်သော ဆင်းရဲဒုက္ခနှင့် တဆက်တည်း ဖြစ်နေသည်မှာလည်း အံ့ဩစရာ ဖြစ်သည်။ သတ္တဝါတို့တွင် ထိုသုခနှင့်ဒုက္ခတို့သည် တစ်ချိန်တည်း၌ တပြိုင်နက် မရှိတတ်၊ မဖြစ်တတ်သော်လည်း တစ်ခုနောက်သို့ တစ်ခုက ကောက်ကောက်ပါအောင် လိုက်နေသည်ကား အမှန်ပင်။ ထို့ကြောင့် တစ်ခုကို ခံစားရယူခြင်းရှိလျှင် အခြားတစ်ခုကိုပါ ကြိုက်သည်ဖြစ်စေ, မကြိုက်သည်ဖြစ်စေ လက်ခံရသည်သာ ဖြစ်၏။ ယခု ကျွန်ုပ်တို့၏အဖြစ်ကို ကြည့်ပါ။ တုတ်ဒဏ်ကြောင့် နာကျင်ခြင်းဒုက္ခကို ခံစားရပြီးနောက်၊ သက်သာရာရရှိခြင်း သုခသည် ရောက်လာပေသည်။

စာရှုသူသည် ချစ်ခြင်း၏ အရှုံး,အမြတ်ကို ဤမျှဖြင့် ကောင်းစွာသဘောပေါက်လျက်ရှိမည်-ဟု ထင်ပါသည်။ အကယ်၍ 'ချစ်ခြင်း'သည် ကောင်းကင်သို့ ခဲတစ်လုံးကို မြှောက်တင်ခြင်းကဲ့သို့သာ ဖြစ်သည်။ ခဲလုံး၏ တက်နေသောသက်တမ်းသည် ချစ်ရ၍ကောင်းခြင်း- ဖြစ်ခဲ့လျှင် ခဲလုံးပြန်ကျနေသော သက်တမ်းသည် ချစ်ရ၍ဆင်းရဲနေခြင်း ဖြစ်ပေမည်။ ခဲလုံးသည် အထက်သို့ ဆယ်ပေတက်လျှင် အောက်သို့အပြန်ခရီးလည်း ဆယ်ပေပင် ဖြစ်စရာရှိမည် အမှန်ပင်။

ဤမျှဖြင့် အကောင်းနှင့်အဆိုးသည် ချိန်ခွင်ညှာ ညီပေတော့သည်။

သို့သော်လည်း ခဲလုံး၏ မြေကြီးနှင့်ရိုက်ခတ်ပြီး လိမ့်လည်သွားခြင်းသည်ကား အပိုထွက် ကျန်ဦးမည်ကား အမှန်ပင်ဖြစ်သည်။ ထို့အတူ ချစ်ရသူ၌လည်း အကောင်းနှင့်အဆိုး ကျေသည်ထားဦး၊ ဘဝဒဏ်ရာဒဏ်ချက်ကား အပိုအတွက် လက်ကျန်ခံရဖို့ သေချာပေသည်။

ထို့ကြောင့် ချစ်ရခြင်းသည် အကောင်း,အမြတ်မထွက်ဘဲ အဆိုး,အရှုံးသာထွက်ကြောင်း ထင်ရှားလှပေသည်။ ထို့ကြောင့် ကာလီဒါသဆရာကြီး ကလည်း 'အချစ်ကို အနှစ်ရှာသူသည် ကြက်သွန်ဥကို အနှစ်ရှာသူကဲ့သို့ တစ်ဖတ်ခွါပြီးလျှင် အနှစ်တွေ့နိုးဖြင့် အထပ်ထပ်ခွါသော်လည်း အနှစ်ကိုမတွေ့ဘဲ ကြက်သွန်ခိုးအရိုက်ခံရပြီး အနှစ်ရှာရန် ကြက်သွန်ခွါသူသာ မျက်ရည်ကျရခြင်း အဖတ်တင်သည်'-ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

ဤမျှဖြင့် ချစ်ခြင်း၏ ဆင်းရဲခြင်းကို ဖြစ်စေပုံကိုလည်း ရှင်းလင်းလက်ခံနိုင်လောက်ပေမည်-ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ပြဿနာရင်းကို ပြန်လည်၍ ဖော်လိုပါသည်။

ပြဿနာရင်းမှာ 'ကြိုက်ခြင်း,မုန်းခြင်းသည် ချမ်းသာကို ဖြစ်စေသလော၊ ဆင်းရဲကို ဖြစ်စေသလော'-ဟူ၍ ဖြစ်ပါသည်။

ထိုအမေး၏ အဖြေသည် 'ဆင်းရဲမှုကို ဖြစ်စေသည်'-ဟူ၍ ဖြစ်ပါသည်။

ထိုသို့ဆိုလျှင် ထို-'အကြိုက်နှင့်အမုန်းသည် ဖြစ်စေသင့်သလော၊ မဖြစ်စေသင့်သလော'-ဟူမူ 'မဖြစ်စေသင့်'-ဟု ဖြေဆိုရမည် ဖြစ်သည်။

'ထိုသို့မဖြစ်စေသင့်ကြောင်းသိလျက် အဘယ်ကြောင့် အကြိုက်,အမုန်းများ ဖြစ်နေသနည်း။' ထိုအမေး၏ အဖြေကိုဖြေလျှင် 'မဖြစ်အောင် မတတ်နိုင်ကြသောကြောင့်'-ဟုပင် မလွဲမရှောင်သာပဲ ဖြေရဖို့ ရှိပေသည်။

'ထိုသို့ဆိုလျှင် အဘယ်သို့ မလွဲမရှောင်သာ ဖြစ်ရသနည်း'-ဟူ၍ ထပ်မေးရပါမည်။ ထိုအမေးကို ရိုးရိုးကလေးဖြေသူသည် အောက်ပါအတိုင်း ဖြေဖို့ရှိပေသည်-

'အရွယ်ရောက်လာ၍ သွေးသားကလည်း ဆန့်ကျင်ဖက်ဓါတ်ကို ဆာလောင်တော်မွတ်နေသည်။ တဖန် ထိုဆန့်ကျင်ဖက်အာရုံကလည်း ညှို့ငင်မြှူဆွယ်နေသည်။ ထို့ကြောင့် ဓမ္မတာသဘာဝအတိုင်း အချစ်စိတ်ဓါတ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မထွက်ပေါ်လာအောင် တား၍ဆီး၍ မရခြင်း ဖြစ်သည်'။ ဤသို့ဖြေပေမည်။

ဤအဖြေအရ ကောက်ချက်ဆွဲလျှင် 'လူသည် မချစ်မကြိုက်သင့်-ဟုသဘောထားသည်။ သို့သော်လည်း ပတ်ဝန်းကျင်အခြေအနေအရ မချစ်မကြိုက်ဘဲ မနေနိုင်အောင်ဖြစ်ပြီး ချစ်ကြိုက်မှုလုပ်ငန်းကို လုပ်ရသည်'-ဟူ၍ ဖြစ်သည်။

'ကြိုက်မှု,မုန်းမှုလုပ်ငန်းများ'သည် 'ကံများ'ဖြစ်သည်။ ထို'ကံ'များကို ဘယ်သူစီမံသနည်း။ ဘယ်သူ့အလိုကျ စီမံဖန်တီးသနည်း။ ကိုယ့်အလိုကျအတိုင်းပင် ဖန်တီးပါသလော။ 'ပတ်ဝန်းကျင် အခြေအနေအာရုံများအရ ကြိုက်မှု,မုန်းမှုများ ဖြစ်ရပါသည်'-ဟူသော အထက်ပါရိုးသားသောအဖြေအရဆိုလျှင် ထိုချစ်ကံ, မုန်းကံကို ကိုယ့်အလိုကျအတိုင်း ကိုယ်ဖန်တီးခြင်း မဟုတ်။ 'အပြင်အပ ပယောဂများကြောင့်သာ ချစ်ကံ,မုန်းကံများ ဖြစ်ကြရသည်'။ ထိုကံများကို ကိုယ်တိုင်စီမံထားခြင်း မဟုတ်ပေ။

ထိုသို့ဆိုလျှင်- 'ထိုကံများကို ဘယ်သူစီမံဖန်တီးလိုက်ပါသနည်း။'

ရိုးသားသောအဖြေ၌ ထိုအမေး၏အဖြေသည် ပါဝင်ခဲ့ပြီ။ ယင်းကား-

'အချိန်အခါ၊ နေရာဌာန၊ ပြုပြင်မှုပယောဂ ပတ်ဝန်းကျင်'ဖြစ်သတည်း။

ဟုတ်ပါ၏။ အထက်မှ ရိုးသားသူတို့အဖြေအတွင်း၌ 'ကံကို စီမံသူတို့ကား ကိုယ်တိုင်မဟုတ်ဘဲ ပတ်ဝန်းကျင်အာရုံနှင့် မိမိသွေးသားတည်းဟူသောအရာများဖြစ်ကြောင်း'ထွက်ဆိုခဲ့ပါသည်။ ထိုအကြောင်းကို ဘုရားသျှင်သည် 'ဓမ္မနီတိ'တစ်နေရာ၌ 'ကာလောယဿတိ ဘူတာနိ'-စသည်ဖြင့် ဖော်ထုတ်ခဲ့ဖူးလေပြီ။

'လူတွေမှာ အချိန်အခါရဲ့ အမျိုးအဝါး အစားအသောက်မခံရသူကို ဘယ်သူလို့သိကြရဲ့လား'-ဆိုတဲ့ စကားပဟေဠိကလေးကို ဖော်ပြခဲ့ပါသည်။

လူများသည် ကိုယ့်ကံကို ကိုယ်မဖန်တီးနိုင်ကြ။

ကိုယ့်ကံကို အချိန်အခါ၏လက်မှာ ဖြစ်စေ၊ အသွင်သဏ္ဍာန် ပယောဂ တစ်ခုခု၏ လက်မှာဖြစ်စေ ဝကွက်၍ အပ်နှံထားကြသည်။ ထိုသူတို့အား ထို အချိန်ကာလ၊ ထိုနေရာဌာန၊ ထို အသွင်သဏ္ဍာန်ပယောဂများသည် ချယ်လှယ် နေကြသည်။ ထိုသူတို့၏ကံကို ထိုအရာများသည် စီမံပေးနေ ဖန်တီးပေးနေကြ သတည်း။

ဤမျှဖြင့် ကိုယ့်ကံကို ကိုယ်မစီမံနိုင်လျှင် ဘယ်သူကလာ၍ စီမံပေးသ နည်း-ဟူသော ပြဿနာ၏အဖြေသည် ကျေနပ်သင့်ပေပြီ။

ထို့ကြောင့် 'ကိုယ့်ကံကို ကိုယ်စီမံနိုင်ခြင်း'-ဟူသော ထူးကဲသော အနက် အတ္ထရှိသော 'လွတ်မြောက်မှု(ဝိမုတ္တိ)'ကို လူတိုင်း မရနိုင်။ ရသူသည် အလွန် ထူးချွန်သောသူသာ ဖြစ်ဖို့ရှိပါသည်။ ထို့ကြောင့် 'လွတ်မြောက်မှု(ဝိမုတ္တိ)'၏ အနက်အတ္ထနှင့်စပ်၍ ရင်ဖွင့်ရှင်းလင်းစေချင်ပါသည်။

ဟုတ်ပါသည်။

'လွတ်မြောက်မှု(ဝိမုတ္တိ)'၏ အနက်အတ္ထအဓိပ္ပါယ်သည်-

'အမှီအခိုကင်းခြင်း' ဖြစ်ပါသည်။

'အမှီအခိုကင်းခြင်း'၏ အနက်အဓိပ္ပါယ်သည်-

'ကိုယ့်ကံကို ကိုယ်စီမံနိုင်ခြင်း' ဖြစ်ပါသည်။

'ကိုယ့်ကံကို ကိုယ်စီမံနိုင်ခွင့်ရှိသူ' ဆိုသည်မှာ-

'ကိုယ်တစ်ယောက်တည်းနှင့် ပြီးပြည့်စုံနေသူ' ဖြစ်ရပါမည်။

'ကိုယ်တစ်ယောက်တည်းနှင့် ပြီးပြည့်စုံနေသူ' ဆိုသည်မှာ-

'ဆာလောင်မှုခပ်သိမ်းငြိမ်းပြီး အေးချမ်းမှုကို ထာဝရစိုးပိုင်နေသူ' ဖြစ်ပါသည်။

'ဗုဒ္ဓအဘိဓမ္မာ၏ အနှစ်သာရကား ဤအရာသာ' ဖြစ်သတည်း။

ဗုဒ္ဓအဘိဓမ္မာကို ဆွေးနွေးလာခဲ့ရာ ဤမျှဖြင့် ထိုဗုဒ္ဓအဘိဓမ္မာ၏ အခေါင်အညွန့်ဖြစ်သော 'ရသ'ကို ဆွေးနွေးခဲ့ပြီးပြီ-ဟု ဆိုချင်ပါသည်။

ဗုဒ္ဓအဘိဓမ္မာ၏ ဘဝလွတ်မြောက်မှုသည်-

'သေပြီးနောက် မဖြစ်ခြင်းဖြင့်' လွတ်မြောက်သော လွတ်မြောက်မှု မဟုတ်ပေ။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ၏ ဤအပိုင်းသည် ရှေ့,နောက်ဘဝများ ဖြစ်,မဖြစ် ညွှန်းဆိုခြင်း အလျဉ်းမရှိပေ။

၁၆။ ဗုဒ္ဓအဘိဓမ္မာဝါဒ၏ ဘဝအမြင်(ဒဿန)

ကြွင်းကျန်သော ဗုဒ္ဓအဘိဓမ္မာ၏ပြဿနာကို ဆက်လက်ဆွေးနွေးရန် သင့်ပါပြီ။ ဗုဒ္ဓအဘိဓမ္မာကို ကုန်စင်အောင်ဆွေးနွေးမှသာ ထိုဗုဒ္ဓအဘိဓမ္မာ၏ အနက်အတ္ထအဖွင့်များတွင် မမေ့မီနှင့် သေပြီးနောက်ဘဝများအကြောင်း ပါဝင်နိုင်ခြင်းရှိ,မရှိ သိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ၏ ကြွင်းကျန်သောပြဿနာကို ဆက်လက်ဆွေးနွေးလိုပါသည်။

ဗုဒ္ဓအဘိဓမ္မာ၏ ဘဝအမြင်သည် အဘယ်နည်း။

ဘဝကို ဗုဒ္ဓအဘိဓမ္မာသည် အဘယ်သို့ အနက်ဖွင့်ဖော်ခဲ့လေသနည်း။

ဤပြဿနာ၏အဖြေသည်လည်း ကျယ်ဝန်းရှုပ်ထွေးပါမည်။ ထို့ကြောင့် စိတ်ရှည်ရှည်ဖြင့် ဝေဝေဖန်ဖန် ချိန်ချိန်ဆဆ လေ့လာဆွေးနွေးဖို့ လိုပါသည်။ ဆွေးနွေးချက်တိုင်း၌ စာရှုသူနှင့် သဘောကွဲလွဲစရာများ အများအပြားတွေ့ရဖို့ ရှိပါသည်။ စာရှုသူသည် 'မိမိအကျိုးစီးပွားး' အလို့ငှာ ဓမ္မဓိဋ္ဌာန်ဖြင့်သာ သုံးသပ်ဆုံးဖြတ်ပြီး ရှုကြည့်ဖို့လည်း ကြိုတင်သတိပေးလိုပါသည်။

ဗုဒ္ဓအဘိဓမ္မာသည် 'ဘဝ'ကို အဘယ်သို့ အနက်ဖွင့်သနည်း။

ဗုဒ္ဓအဘိဓမ္မာ၌ 'ဘဝ'သည်-

ကမ္မဘဝ၊ ဥပပတ္တိဘဝ -ဟူ၍ နှစ်မျိုးလာပါသည်။

'ဘဝ'ကို ဤသို့နှစ်မျိုးပြသော်လည်း အကယ်၌ကား 'တစ်မျိုးတည်းပင်'။

'အခြေခံ'နှင့် 'အသွင်သဏ္ဍာန်'ကိုခွဲ၍ ဆိုသောကြောင့် နှစ်မျိုးပြားနေပါသည်။

ဟုတ်ပါ၏။ 'ဘဝ'ဟူသည် 'အခြေခံသဘောတရား'အားဖြင့် 'လောကီကံ' ဖြစ်၏။ ထိုလောကီကံ၏ 'အသွင်သဏ္ဍာန်'-သည်လည်း 'ဘဝ'ပင် ဖြစ်ပါသည်။ ထိုအသွင်သဏ္ဍာန်ကား 'လူ,နတ်,ဗြဟ္မာ'-စသည့် 'ဥပပတ္တိဘဝ' ဖြစ်သည်။

ဤနေရာ၌ ရှုပ်ထွေးမသွားရန် ဤ'ဥပပတ္တိဘဝ'ကို ရှင်းလင်းထားခဲ့လိုသည်။ လောက၌ လယ်ယာအလုပ်သမား၊ စက်မှုအလုပ်သမား၊ စာရေးစာချီအလုပ်သမား စသည်ဖြင့် ရှိ၏။ ဤ၌ အလုပ်လုပ်ခြင်းနှင့် အလုပ်သမားများကို ခွဲခြား၍ ကြည့်လိုက်စေလိုပါသည်။

'အလုပ်သမား'-ဟူသော အရာများသည် 'အလုပ်လုပ်သူများ၏ အသွင်သဏ္ဍာန်'များ ဖြစ်ပါသည်။ ထို့အတူ 'အလုပ်လုပ်ခြင်း'သည် 'အလုပ်သမား' ဟူသော 'အသွင်သဏ္ဍာန်များ၏ အခြေခံအရာ'များ ဖြစ်ကြပါသည်။ ထို 'အခြေခံ'ဖြစ်သော 'အလုပ်များ'ကို မပြတ်လုပ်နေသူသည် 'အလုပ်သမား' ဖြစ်ပါသည်။ ဤတွင် 'မပြတ်'ဟူရာ၌ မနားဘဲ-ဟု မဆိုလိုပါ။ နောက်ကလည်း လုပ်ခဲ့သည်၊ ယခုလည်း လုပ်နေသည်၊ နောင်လည်း လုပ်လတ္တံ့။ ဤသည်ကို 'မပြတ်'ဟု ဆိုလိုပါသည်။

'အလုပ်သမား'သည် 'ဥပပတ္တိဘဝ' ဖြစ်ပါသည်။

'အလုပ်လုပ်ခြင်း'သည် 'ကမ္မဘဝ' ဖြစ်ပါသည်။

ဤကား ဥပမာနှင့် ဥပမေယျနှိုင်းယှဉ်ချက် ဖြစ်ပါသည်။

'ကံအမျိုးမျိုး'သည် 'ကမ္မဘဝ' ဖြစ်ပါသည်။ ယင်းကံအမျိုးမျိုးကို မပြတ်ဆည်းပူးနေသောသူတို့၏ အစဉ်အတန်းသည် 'ဥပပတ္တိဘဝ' ဖြစ်ပါသည်။ 'ဥပပတ္တိဘဝ'၌ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ-စသည်ဖြင့် ထွေပြားခြင်းသည် ထိုဥပပတ္တိဘဝ၏ အခြေခံဖြစ်သော ကမ္မဘဝ၏ ထွေပြားသောကြောင့် ဖြစ်သည်။

ဤ၌ 'အခြေခံ'ဟူသော စကားသည် 'ပရမတ်'ဟူသောစကား၏ ဒုတိယနာမည် ဖြစ်သည်။ 'အသွင်သဏ္ဍာန်'ဟူသော စကားသည် 'ပညတ်'ဟူသော စကား၏ ဒုတိယနာမည်ဖြစ်သည်။

ဟုတ်ပါသည်။ 'ရုပ်,နာမ်'ဖြစ်သော 'ပရမတ်'တို့၏ ဖွဲ့စည်းနေသော 'အသွင်သဏ္ဍာန်'မှန်သမျှလည်း 'ပညတ်'များချည်း ဖြစ်ပါသည်။ ထို့အတူ 'အသွင်သဏ္ဍာန်' အထူးထူးဖြစ်သော 'ပညတ်တို့၏ အခြေခံ'သည်လည်း 'ရုပ်,နာမ်ပရမတ်'ချည်း ဖြစ်ပါသည်။ ထို့ကြောင့် 'ပရမတ်'၏ဒုတိယနာမည်သည် 'အခြေခံတရား'ဖြစ်ပြီး၊ 'ပညတ်'၏ ဒုတိယနာမည်သည် 'အသွင်သဏ္ဍာန်တရား' ဖြစ်ပါသည်။

'အခြေခံ'၏ အမျိုးအမည် ထွေပြားသောကြောင့် 'အသွင်သဏ္ဍာန်'ဖြစ်သော 'ဥပပတ္တိဘဝ'များလည်း အမျိုးအမည်ထွေပြားခြင်း ဖြစ်သည်။ ထို့ကြောင့် ဥပပတ္တိဘဝသည် ဘဝ၏ အနက်အတ္ထ၌ ပါဝင်နေရာယူနေသော်လည်း 'ကမ္မဘဝ'ကို ဝေဖန်လျှင် အကျုံးဝင်ပြီး ဖြစ်သည်။

ထို့ကြောင့် 'ဘဝအရ'ကို အရေးတကြီး ပြောဆိုဆွေးနွေးဖွယ်ရှိလျှင် ဥပပတ္တိဘဝကို ချန်လှပ်ပြီး 'ကမ္မဘဝ'ကို ဆွေးနွေးလျှင် လုံလောက်စေပြီး ဖြစ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာ၌ 'ဘဝ'၏ အနက်အတ္ထသည် 'ကံ'သာ ဖြစ်သတည်း။

'လောကီကံတရား-ကား 'ဘဝ၏ အနက်အတ္ထအဓိပ္ပါယ်အစစ်' ဖြစ်သည် ဟူသတည်း။

'ဘဝ'၏ အနက်အတ္ထအဓိပ္ပါယ်ကို ခွေးကောင်၊ နွားကောင်၊ လူကောင်၊ နတ်ကောင်၊ ပြဟ္မာကောင်စသည်ဖြစ်သည်ဟူ၍ ယူကြခြင်းကား အရပ်စကား၊ ဇာတ်စကား၊ ရပ်သုံးရွာသုံး လူညံ့တို့အသုံးမျှသာ ဖြစ်သတည်း။ ကျမ်းဝင်,ဂန်ဝင်၊ တရားဝင်သော 'ဘဝ'၏ အနက်အတ္ထအဓိပ္ပါယ်ကား 'လူကောင်, နတ်ကောင်' စသည်တို့ လုံး၀,လုံး၀ မဟုတ်ကုန်။

အဘယ်သော ပိဋကတ်ပညာရှင်သော်မှလည်း 'ဘဝ'၏ အနက်အတ္ထ အဓိပ္ပါယ်ကို 'ကံ'မှတပါး လူ,နတ်--စသည်တို့ဖြစ်သည်-ဟု အသိပေးသတ်မှတ် ပညတ်ရစကောင်းသည် မဟုတ်ပေ။ အကယ်၍ ငါ-ထင်ရာစိုင်း၍ အသိပေး သတ်မှတ် ပညတ်လျှင်လည်း တရားဘောင်ကိုကျော်၍ 'ဓမ္မနှင့်အဘိဓမ္မ'တို့၏

အပြင်ဖက်မှ အရပ်သုံး၊ ရပ်သုံးရွာသုံး အသိဉာဏ်ဖြင့် ပညတ်သတ်မှတ်ခြင်းသာ ဖြစ်ရာသတည်း။

'ကံ'မှတပါး အခြားတစ်ခုခုကို 'ဘဝ'အရကောက်ယူရန် အဘယ်ပညာရှင်မျှ တရားဝင်အောင် မတတ်နိုင်ကြ-ဟုဆိုလိုပါသည်။ 'ကံ'တရားသာ 'ဘဝဖြစ်သည်-ဟုအသေအချာ မှတ်သား သိမြင်ရာသတည်း။

ဤနေရာ၌ စာရှုသူသည် အနည်းငယ် စောဒနာစရာ ရှိကောင်း ရှိပါမည်။ 'ဘဝ'ဆိုတာ 'ကံ'ပဲ၊ 'ကံ'ဆိုတာလည်း 'ပရမတ်'အားဖြင့် မှန်မှာပါပဲ။ ယင်းအရာမှန်သကဲ့သို့ 'ပညတ်'အားဖြင့် လူ,နတ်စသော ဥပပတ္တိဘဝများသည်လည်း 'ဘဝ'အရယူလျှင် မှန်မည်ပင် မဟုတ်ပါလော'- ဟု မေးဖွယ်ရှိပါသည်။

ဤအမေးအတွက် ဖြေစရာသည် ကုန်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဤအမေးကို ဖြေမည့်အစား မေးသူအားသာ ပြန်၍ အောက်မေ့ဖွယ်စကားကို ပြန်ဆိုစရာ ရှိပေသည်။ ယင်းကား 'ပညတ်, ပရမတ်သည် သို့မဟုတ် အသွင်သဏ္ဌာန်နှင့် အခြေခံသည် တခြားစီလော၊ အတူတူလော-ဆိုသည်ကို မှတ်ချက်ပေးပါ'-ဟူ၍ ဖြစ်သည်။

၁၇။ ပညတ်နှင့်ပရမတ်သည် နာနတ္တဖြစ်သလို ဧကတ္တလည်းဖြစ်သည်

'ပညတ်'ဟူသော 'အသွင်သဏ္ဌာန်'သည် 'ပရမတ်'ဟူသော 'အခြေခံ' မဟုတ်။ 'ပရမတ်'ဟူသော 'အခြေခံ'သည်လည်း 'ပညတ်'ဟူသော 'အသွင်သဏ္ဌာန်' မဟုတ်။ ဤသို့အားဖြင့် 'ပညတ်'နှင့် 'ပရမတ်'သည် တခြားစီဖြစ်သည်။ 'နာနတ္တဖြစ်သည်'-ဟု ဆိုလိုသည်။

'ပညတ်ဟူသော 'အသွင်သဏ္ဌာန်'သည် 'ပရမတ်'ဟူသော 'အခြေခံ'တို့၏ အစုအပေါင်း ဖြစ်သည်။ တဖန် 'ပရမတ်'ဟူသော 'အခြေခံ'သည်လည်း 'ပညတ်'ဟူသော 'အသွင်သဏ္ဌာန်'၏ အစိတ်အပိုင်းပင် ဖြစ်သည်။ ဤသို့အားဖြင့် 'ပညတ်'နှင့်'ပရမတ်'တို့သည် အတူဖြစ်သည်။ 'ဧကတ္တဖြစ်သည်'-ဟု ဆိုလိုသည်။

'ပညတ်'နှင့် 'ပရမတ်'တို့သည် နှစ်ထွေပင်ပြားသော်လည်း တသားတည်းဖြစ်သော တရားများပင် မဟုတ်ပါလော။ 'ပညတ်'နှင့်'ပရမတ်'သည် ထိုသို့နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်သောအရာ ဖြစ်ရုံသာမက 'ပရမတ်'သည် 'ပညတ်'ထက် အရာကျယ်လျက်ရှိသည်ကို အောက်မေ့နိုင်လေသည်။

'ပညတ်'သည် 'အစိတ်များ' စုဝေးနေသော 'အပေါင်း'ဖြစ်သည်။

'ပရမတ်'ကား ထို'အပေါင်း'ကို တည်ဆောက်နိုင်သော 'အစိတ်များ' ဖြစ်သည်။ ထို့ကြောင့် 'အစိတ်'သည် 'အပေါင်း'ထက် အရာကျယ်ပေသည်။

ထို့ကြောင့် 'ပညတ်'၏သစ္စာဖြစ်သော 'သမုတိသစ္စာ'နှင့် 'ပရမတ်'၏ သစ္စာဖြစ်သော 'ပရမတ္ထသစ္စာ'တို့သည် ပြိုင်၍ တည်နိုင်သောအရာများ မဟုတ်ကြပေ။ အဘယ်ကြောင့် ပြိုင်၍ မတည်နိုင်ရသနည်း-မေးလျှင် အထက်က တင်ပြခဲ့သည့်အတိုင်း-

'ပညတ်'နှင့်'ပရမတ်' နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်သည်လည်း တစ်ချက်။

'ပညတ်'ထက် 'ပရမတ်'သည် အရာကျယ်သည်လည်း တစ်ချက်။

ဤနှစ်ချက်ကြောင့်-ဟု ဖြေရပေမည်။

ဟုတ်ပါသည်။ လနှင့်နေတို့၏ အရောင်များနှင့် 'ပညတ်,ပရမတ်တို့၏ သစ္စာ'များနှင့် တူပါသည်။ လရောင်သည် နေရောင် မဟုတ်ပါ။ ထို့အတူ နေရောင်သည်လည်း လရောင်မဟုတ်ပါ။ သို့သော်လည်း လရောင်သည် နေရောင်၏ရောင်ပြန် ဖြစ်ပါသည်။ နေရောင်သည် လရောင်ပြန်ကိုဖြစ်စေသော အလင်းရောင် ဖြစ်ပါသည်။

အရောင်နှစ်ခုတို့သည် ဤသို့ပင် နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်ပါသည်။ ထို့ပြင်လည်း နေရောင်သည် လရောင်ထက်လည်း အရာကျယ်ပါသည်။ ထို့ကြောင့် လရောင်နှင့်နေရောင်တို့သည် တချိန်တည်း တစ်နေရာတည်း၌ အရောင်ချင်းပြိုင်၍ တည်နေနိုင်ခြင်း မရှိရပါ။ အဘယ်ကြောင့်ဆိုသော် နေရောင်,လရောင်ဟု နှစ်ထွေပြားသော်လည်း တသားတည်းအရောင် ဖြစ်သည်


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

လည်းတစ်ချက်။ လရောင်ထက် နေရောင်သည် အရာကျယ်သည်လည်း တစ်ချက်။ ဤအချက်များကြောင့် ဖြစ်ပါသည်။

ဤဥပမာဖြင့်လည်း 'ပရမတ္ထသစ္စာ'နှင့် 'သမုတိသစ္စာ'တို့ မပြိုင်နိုင်ကြောင်းကို သို့မဟုတ် ပြိုင်၍မရကြောင်းကို သဘောပေါက်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် တချို့လူများပြောတတ်သော 'ဒါက ပရမတ္ထသစ္စာ ပြောတာပဲ၊ သမုတိသစ္စာကိုလည်း ပြောဦးမှပေါ့'။ ဤသို့သော စကားများသည် သစ္စာနှစ်ရပ် ပြိုင်ပြသောအပြောများ ဖြစ်ပါသည်။

ဤသို့ပြိုင်၍မရကြောင်း၊ ပြိုင်စရာသည် အလျဉ်းမရှိကြောင်းကို အထက်က ရှင်းခဲ့သည့်အတိုင်း သဘောပေါက်လျှင် အရာကျယ်သော 'ပရမတ္ထသစ္စာ'ကို မြင်သဖြင့် အရာကျဉ်းသော 'သမုတိသစ္စာ'၏ 'သစ္စ'အဖြစ်များသည် 'ပရမတ္ထသစ္စာ'အောက်သို့ စုန်းစုန်းမြုပ် ပျောက်ကွယ်ရကြောင်း လက်ခံသင့်ပေသည်။

ထို့ကြောင့် 'ဘဝ' အရပြောဆိုရာ၌ 'ပရမတ္ထသစ္စာ' အရဖြစ်သော 'ကမ္မဘဝ'ကို ပြောဆိုလျှင် ထိုကမ္မဘဝ၏ အသွင်သဏ္ဍာန်ဖြစ်သော 'ဥပပတ္တိဘဝ'ဖြင့် မြင်းကောင်းစိုင်းရာ ခွေးကျိုးကန့်လန့်သဘောမျိုး ဝင်ချင်စိတ် မဖြစ်ပေါ်ဘဲ ရှိစေချင်ပါသည်။

ဆိုလိုသည်မှာ 'ပရမတ်ဟူသော 'အခြေခံ'ဖြင့် 'ဘဝ'ကို အရကောက် ဆွေးနွေးနေသည့်အခါ 'ပရမတ်'၏ အရိပ်ပေါ်မှာရပ်၍ တိုက်ခိုက်ချေဖျက်ဖို့ ကြိုးစားချင်စိတ်ကို အချိန်မီ ဇက်သတ်နိုင်စေချင်သည်'ဟူ၍ ဖြစ်သည်။ ဤနေရာ၌ ဤစကားအစဉ်ဖြင့် 'ဘဝဆိုတာ ကံပဲဆိုတာ မှန်မှာပဲ။ ဥပပတ္တိဘဝအားဖြင့် ဘယ်လိုလဲ'-ဟူသော အမေးအတွက် မေးသူအား အောက်မေ့စေချင်သော အချက်များကို တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် 'ဘဝ' အရကောက်ကို ဆက်လက်ကောက်ယူ ဆွေးနွေးပါမည်။

'ဘဝ'၏ အရသည် 'ကံ'မှတပါး အခြား ကောက်ယူစရာမရှိ။

'ကံ'သာ 'ဘဝ'အရကောက်ယူရမည် ဖြစ်သတည်း။

ဗုဒ္ဓအဘိဓမ္မာ၌ 'ဘဝ'ကို ဤသို့ပင် အနက်ဖွင့်ခဲ့သည်။

အို-စာရှုသူ၊ ကျွန်ုပ်တို့သည် ဤနေရာအထိ ဗုဒ္ဓအဘိဓမ္မာ၏ ဒုတိယပိုင်းဖြစ်သော 'ဘဝ'အပိုင်းကို လေ့လာခဲ့ကြရာ ယခုအခါ၌ 'ဘဝ'ဟူသည် အဘယ်အရာဖြစ်သည်-ဟူသည် အထိ အရ ကောက်ယူနိုင်ခဲ့ကြပေပြီ။ ပို၍ နက်ရှိုင်းထိရောက်စွာ လေ့လာနိုင်ရန် 'ဘဝ'အရဖြစ်သော 'ကံ'ကို ရှေ့သို့တိုး၍ လေ့လာရပေမည်။

၁၈။ ကံဆိုတာဘာလဲ

ထို'ကံ'သည် အဘယ်သို့သောအရာနည်း။

'ကံ'ဟူသည် 'စေတနာ' စေတသိက်တည်းဟူသော 'နာမ်ပရမတ်' တရားတည်း။ ယင်း 'စေတနာ'စေတသိက် နာမ်တရားတည်းဟူသော 'ကံ'၏ အနက်အဓိပ္ပါယ်ကား 'အလုပ်လုပ်ခြင်း'-ဟူ၍ ဖြစ်သည်။

'ကံ'သည် 'အလုပ်လုပ်ခြင်း'။

'အလုပ်လုပ်ခြင်း'သည် 'ကံ'။

ထို့ကြောင့် 'ကံ'ကို သိချင်သူသည် 'အလုပ်လုပ်ခြင်း'ကို သိချင်သူကဲ့သို့ လေ့လာရမည်။ 'အလုပ်လုပ်ခြင်း'ကို သိချင်သူသည် အလုပ်လုပ်ခြင်း၏ 'တည်ရာဌာန'ဖြစ်သော 'လုပ်ငန်း'ကို လေ့လာရပေသည်။

ထို့အတူ 'ကံ'ကို သိလို,နားလည်လိုသောသူသည် ယင်းကံ၏တည်ရာ 'ကမ္မပထ'ကို လေ့လာရပေမည်။

'ကံ'သည် 'အလုပ်လုပ်ခြင်း'ဖြစ်၍-

အလုပ်လုပ်ခြင်းမှန်သမျှသည် 'ကံ'များ ဖြစ်ပါသလော။

အဘယ် အလုပ်လုပ်ခြင်းများသည် ကံများ ဖြစ်သနည်း။

အလုပ်လုပ်ခြင်း၏တည်ရာ လုပ်ငန်း(ကမ္မပထ)ကား အဘယ်အရာများနည်း။

'ကမ္မပထ'များကား-

ခိုးခြင်း၊ သတ်ခြင်း၊ အာရုံကျူးခြင်း-ဟူသော အပြုအမူများနှင့်

လိမ်ခြင်း၊ ဆဲခြင်း၊ အဖျင်းပြောခြင်း၊ ကုန်းတိုက်ခြင်း-ဟူသော အပြော အဆိုများအပြင်၊

အလိုစိတ်၊ အမျက်စိတ်၊ ဘဝအမြင်မှားဟူသော အတွေးအခေါ်များ။

ဤဆယ်ပါးနှင့် ဤဆယ်ပါး၏ဆန့်ကျင်ဖက် ဆယ်ပါး။ ပေါင်း-နှစ်ဆယ်ဖြစ်သည်။ ဤနှစ်ဆယ်သည် 'ကံ'၏ 'ကမ္မပထ'များ သို့မဟုတ် ကံ-ဟူသော အလုပ်လုပ်ခြင်း၏ 'လုပ်ငန်းများ' ဖြစ်ပါသည်။

'ကံ'သည် 'အလုပ်လုပ်ခြင်းဖြစ်သည်' ဆိုသောကြောင့် 'အလုပ်လုပ်ခြင်း' တိုင်းသည် 'ကံဖြစ်သည်'-ဟု ယူ၍မရနိုင်။ ဤ'ကမ္မပထဝင်လုပ်ငန်း'များမှ ပေါ်ထွက်လာသော အလုပ်လုပ်ခြင်းများသည်သာလျှင် 'ကံ'ဖြစ်သည်။

ဤနေရာ၌ 'အလုပ်လုပ်ခြင်း'နှင့် 'လုပ်ငန်း'ကို သဘော ကွဲနေဖို့ လိုပေသည်။ လောက၌ စက်ရုံ,စျေးရုံနှင့် လယ်တောစသည်တို့သည် အလုပ်လုပ်ခြင်းများ မဟုတ်ကြ။ 'လုပ်ငန်း'များသာ ဖြစ်ကြသည်။ ထို စက်ရုံ,စျေးရုံနှင့် လယ်တောစသည်တို့၌ လုပ်ကိုင်ကြသူတို့၏ လှုပ်ရှားနေသော အမူအရာများသည်သာ အလုပ်လုပ်ခြင်းများ ဖြစ်သည်။

'အလုပ်လုပ်ခြင်း'-ဟူသော စကားသည် 'အမူအရာပြစ ကားလုံး' ဖြစ်သည်။ ဒြပ်ဝတ္ထု စသည်ကိုပြသော 'အမည်စကားလုံး' မဟုတ်။ ထို့အတူ 'ကံ'ဟူသော စကားလုံးသည်လည်း 'ကြိယာနာမ် စကားလုံး' ဖြစ်သည်။ 'ဒဗ္ဗဝတ္ထု'စသော နာမ်စကား လုံးဝမဟုတ်။ ထို့ကြောင့်-

'ကမ္မပထ'များ ဖြစ်ကြသော ခိုးခြင်း၊ သတ်ခြင်း အစရှိသော အရာများသည် 'ကံများ မဟုတ်ကြ'။ ထို ခိုးခြင်း,သတ်ခြင်းစသည်ကို 'စေ့ဆော်သော စေတနာတရား'သည်သာလျှင် 'ကံ' ဖြစ်သည်။

ဤနေရာ၌-

'စေ့ဆော်သော စေတနာတရား'တိုင်းလည်း 'ကံ-မဟုတ်'။

ဤကမ္မပထများ၌ 'စေ့ဆော်သော စေတနာတရား'-သည်သာလျင် 'ကံ' ဖြစ်သည်။

'ကံ'ကို ဤကဲ့သို့ တိကျစွာ အရကောက်ယူနိုင်ဖို့ လိုပေသည်။ သို့မှသာ 'ဘဝ'ကို လေ့လာရာ၌ တိကျရေရာပေမည်။ ယခုအချိန်၌ 'ဘဝ'၏ အနက်အတ္ထသည် အတော်ပင် နက်ရှိုင်းသိမ်မွေ့၍ လာပေပြီ။

၁၉။ ဘဝဟူသည်

ဟုတ်ပါသည်။ 'ဘဝ'ဟူသည် အဘယ်အရာများတဲ့နည်း။

'ဘဝ'ဟူသည် ခိုးခြင်း,သတ်ခြင်းစသော လုပ်ငန်းနှစ်ဆယ်တို့၌ ဖြစ်မြောက်ရန်စေ့ဆော်သော စိတ်၏အမူအရာကလေးမျှ' ဖြစ်သတည်း။

ဤမျှဖြင့် ဗုဒ္ဓအဘိဓမ္မာ၏ ဘဝအမြင် ညွှန်ပြသော 'ဘဝ'၏ အနက်အတ္ထသရုပ်သည် ပြီးမြောက်ပြည့်စုံ ကုံလုံလေပြီ။ သို့သော်လည်း ဗုဒ္ဓအဘိဓမ္မာ၏ 'ဘဝဖြစ်ပုံအမြင်'-သည်ကား ပြီးမြောက်ကုံလုံ ပြည့်စုံခြင်း မရှိသေးပေ။ ပြီးမြောက်ကုံလုံ ပြည့်စုံသည့်အဖြစ်သို့ ရောက်ရန်ကား 'ဘဝ၏ အကြောင်းနှင့်အကျိုးဆက်' များကိုလည်း ဆက်လက်လေ့လာဖို့ လိုပေသေးသည်။

ထို့ပြင်လည်း-

'ဘဝဖြစ်ကြောင်း'မှ 'ဘဝ'-ဖြစ်၏။ တဖန်-

'ဘဝ'မှ 'ဘဝအကျိုး'-ဖြစ်၊

'ဘဝအကျိုး'မှတဖန် 'ဘဝဖြစ်ကြောင်း'-ဖြစ်။

ဤသို့လျင် 'ဘဝအလျဉ်' တသွင်သွင်စီးဆင်း လှုပ်ရှား,ရဟတ်ချားလို ပြေးလွှားသွားလာနေသော 'သံသရာ'ကို မြင်ပြရဖို့ ရှိပေသည်။ ထို့ပြင် ထိုသံသရာမှ ထွက်ပြရဖို့လည်း ရှိပေသည်။ သို့မှသာ 'ဗုဒ္ဓ၏ဘဝအမြင်'သည် ပြည့်စုံကုံလုံခြင်းသို့ ရောက်ပေမည်။

ဟုတ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာ၏ ဘဝအမြင်၌-

'ဘဝ'သည် လည်ပတ်နေသော (ဝဋ္ဋ)တရားဖြစ်သည်ဟု ဆိုပါမည်။

ဘယ်သို့လည်နေခြင်းသည် '(ဝဋ္ဋ)' ဖြစ်သနည်း။

အထက်၌ အမြွက်မျှတင်ပြခဲ့သည့်အတိုင်း-

'ဘဝကြောင့် ဆင်းရဲဖြစ်သည်။ ဆင်းရဲ၍ မခံနိုင်၊ ပင်ပန်းသည်။

မခံနိုင် ပင်ပန်း၍ ၄င်းမခံနိုင် ပင်ပန်းတို့ပျောက်အောင် ဘဝလုပ်ပြန်သည်။ တဖန် ဘဝကြောင့် ပင်ပန်းဆင်းရဲ ဖြစ်ပြန်သည်'။

ဤသို့ (ဝဋ္ဋ)လည်နေသည်။

ဤသို့ဆိုလျှင် 'ဘဝအမြင်'ကို ပြည့်စုံစေရန် 'ဘဝ၏အကြောင်း'ကိုလည်း လေ့လာရပေမည်။

## ၂၀။ ဘဝ၏ အကြောင်းရင်း

ဘဝ၏အကြောင်းကား အဘယ်နည်း။

ဘဝ၏ အကြောင်းရင်းကား 'ပင်ပန်းခွေယိုင် မခံနိုင်' ဖြစ်ခြင်းတည်း။

'ပင်ပန်းခွေယိုင် မခံနိုင်'-ဟူသောအမည်သည် 'ကိလေသာ'ဟူသော စကားလုံး၏ ဒုတိယအမည်အဖြစ် သုံးနှုန်းပြလိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် 'ပင်ပန်းခွေယိုင် မခံနိုင်'ခြင်း၏ အနက်အတ္ထသရုပ်ကား 'ကိလေသာဆယ်ပါး' ဖြစ်သော ကြိုက်ခြင်း,မုန်းခြင်း,စသည်တို့ ဖြစ်လေသည်။

ထို့ကြောင့် 'အဘယ်ကြောင့် ဘဝဖြစ်သနည်း'-ဟူသော အမေး၏အဖြေသည် 'ကြိုက်ခြင်း,မုန်းခြင်း'စသည် ဖြစ်သောကြောင့်'-ဟူ၍ ဖြေရပေမည်။ ဟုတ်ပါသည်။ ကြိုက်ခြင်း, မိုက်ခြင်းစသည်တို့သည် လူ့သန္တာန်အတွင်း၌ ပူးဝင်ပြီဆိုလျှင်ထိုလူသည် လုံးဝတည်ငြိမ်အောင် ရပ်တည်နိုင်ခြင်းမရှိ ဖြစ်ရလေသည်။

ထိုသူသည် တပင်ပန်းပန်းဖြင့် ခွေနွမ်းယိမ်းယိုင်လျက် ရှိရပေသည်။ ထို့ကြောင့် ထိုသူသည် ယင်းတပင်ပန်းပန်းဖြင့် ခွေနွမ်းယိမ်းယိုင် မခံနိုင်မှုကို ဖြေရန်, ဖျောက်ရန်လုပ်ငန်းဖြစ်သော ကမ္မပထတရားများကို ဝင်ရောက်လုပ်ကိုင်

ရလေသည်။ ထို့ကြောင့် ထိုသူသည် ‘ကမ္မဘဝ’ ဖြစ်လာခဲ့ရပေသည်။

ဤသို့ပင် ‘ကမ္မဘဝ’ ဖြစ်ပေါ်လာရခြင်း၏အကြောင်းသည် ‘ကိလေသာ’ ဖြစ်သော ကြိုက်ခြင်း,မုန်းခြင်း စသည်များကြောင့်ဖြစ်ကြောင်း ထင်ရှားသတည်း။

‘ဘဝ’သည် ‘ကိလေသာ၏အကျိုး’ ဖြစ်သတည်း။

ထို‘ကိလေသာ’ဟူသော ကြိုက်ခြင်း,မုန်းခြင်း အစရှိသည်တို့သည်လည်း အဘယ်ကြောင့်ဖြစ်သနည်း- မေးဖွယ် ရှိပေသည်။ ထို‘ကိလေသာ’ဟူသော အကြိုက်,အမုန်းစသည်တို့သည် ‘ဘဝ၏ အကျိုးအရင်း၊ အကျိုးဖျား တရားအထွေထွေကို အမြင်မရှိ၊ မသုံးသပ်မိခြင်းကြောင့်’ ဖြစ်သည်။ အဘယ်သို့နည်း။

လူသည် ဘဝများစွာဖြစ်နေသော အရာဝတ္ထုဖြစ်သည်။ တစ်နေ့, တစ်နာရီအတွင်း၌ပင် ဘဝပေါင်း အရေအတွက်အားဖြင့် များပြားလှစွာ ဖြစ်နေသော အရာဝတ္ထု ဖြစ်သည်။ ထိုလူသည် ထိုကဲ့သို့ ဘဝများ အလျဉ်မပြတ်၊ အကြားမလပ် တင်းလျဉ်းစပ်၍ ဖြစ်နေသကဲ့သို့၊ ဘဝ၏အကျိုးရင်း, အကျိုးဖျား တရားအထွေထွေသည်လည်း ဖြစ်ပေါ်၍နေသည်။

ထိုသို့ပင် ‘ဘဝနှင့် ဘဝ၏အကျိုးများ ခဏမလပ် တင်းလျဉ်းစပ်၍ ဖြစ်ပျက် ပြောင်းလဲနေသော်လည်း ထိုလူသည် ‘ဘဝ’ကို မသိဘဲရှိနေသည်။ ‘ဘဝ၏အကျိုး’ကိုလည်း မသိဘဲ ရှိနေသည်။ ငေးလျက်,မောလျက် ‘ဘဝနှင့် ဘဝအကျိုး’တည်းဟူသော အလျင်အဟုန်၌ မျောလျက် ရှိနေပေသည်။ ထိုသို့ မျော၍နေရခြင်းသည် အနည်းငယ်လေးမျှ သက်သာလှသည် မဟုတ်ပေ။ ထိုသို့ ဖြစ်သော်လည်း ထို-မသက်သာသက်သက် အဖြစ်များကိုပင် ထိုသူသည် နှစ်စုနှစ်စုံခွဲ၍ ကြည့်နေလေသည်။

ပဌမတစ်စုတစ်ပုံကား မသက်သာဒီဂရီနည်းသော အပုံဖြစ်ပြီး၊ ဒုတိယအပုံကား မသက်သာဒီဂရီများသော လွန်ကဲသောအပုံ ဖြစ်လေသည်။ ဤသို့ခွဲပြီးလျှင် ထိုလူသည် လုံးဝအသက်သာမရှိသော ကံ၏အကျိုးများထဲမှ ပဌမအပုံနှင့် ဒုတိယအပုံကို ချိန်ထိုး၍ လေ့လာနေပေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ချိန်ထိုးရာ၌ ပဥ္စမအပုံသည် ဒုတိယအပုံထက် သက်သာနေသည်ကို ထိုသူသည် ကိုယ်တိုင် သိရ,တွေ့ရလေသည်။ ထိုအခါ ထိုသူသည် လုံးဝမသက်သာခြင်းများထဲမှ သက်သာသည်ဟုထင်ရသော အရာကို တွေ့ရှိခွင့်နှင့် ကြုံလေတော့သည်။ ထို့ကြောင့်ပင် ထိုသူသည် မသက်သာမှုအပြည့်ရှိသော အရာပင်ဖြစ်သော ထိုမသက်မသာအရာနှင့် ရှေ့ဆက်လျှင် သက်သာသလိုဖြစ်နေသော ထိုပဥ္စမအပုံကို ထောက်ပြီး၊ သက်သာရာရှိသည်-ဟု 'ဘဝ၏ အကျိုးဆက်တစ်ဝက်ကို' -ဆက်ဖက်တွယ်လေသည်။ ကျန်တစ်ဝက်ကို ကြောက်ရွံ့စက်ဆုတ်လေသည်။ ယင်းသို့ ကြောက်ရွံ့စက်ဆုတ်ခြင်းသည်ပင် ပဥ္စမအပုံကို ပိုမိုနက်ရှိုင်းစွာ သက်သာသည်-ဟု ထင်စေလေတော့သည်။

ထို့ကြောင့် 'ဘဝ၏အကျိုးဆက်'များသည် ထိုလူသန္တာန်၌ မြတ်နိုးစရာများ-ဟု အထင်မှားမှုများ ဖြစ်လေသည်။ ထို့ကြောင့် ထိုသူသည် ဘဝအပေါ်၌ မှားယွင်းသောအမြင်ရှိပြီး သက်သာမှုသို့ ရမည်ထင်လျက် မရလေတိုင်း တပင်ပန်းပန်း တန္ပမ်းခွေခွေဖြင့် ကြိုက်ခြင်း,မုန်းခြင်းစသော ကိလေသာတရားများ ဆင့်ပွားဆင့်ကဲ ထူထဲစွာ ဖြစ်ရလေသည်။

ဤမျှဖြင့် 'ဘဝအကြောင်း'ကို ဖော်ခဲ့ခြင်းများ လုံလောက်ပြီ-ဟု ထင်ပါသည်။ ဘဝ၏ အကြောင်းကို ဖော်ရာ၌ အကြောင်းရင်းဖြစ်သော ကိလေသာများကိုသာမက အကြောင်းရင်း၏ အကြောင်းရင်းဖြစ်သော 'ဘဝအခြေအနေ' နှင့် အကြောင်းဖျားစာရင်းဝင်ပြီးဖြစ်သော အရာကိုပင် အမြွက်မျှပါဝင်အောင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

## ၂၁။ ဘဝ၏ အကျိုးရင်း

ယခုအခါ၌ 'ဘဝ၏အကျိုးရင်း'ကို ဆက်လက်တင်ပြရန် ရှိပါသည်။

ဘဝ၏ အကျိုးရင်းကား အဘယ်နည်း။

'ဘဝ၏ အကျိုးရင်း'ကား-

'ထို-'ဘဝ'ဟူသော 'ကမ္မ'၏ ရင့်ကျက်ခြင်း-ဟူသော အရာများဖြစ်ပွား ခြင်း'-တို့ဖြစ်ပါသည်။ ဆိုလိုသည်ကား 'ဘဝ၏အကျိုး'သည်-

ထို-'ဘဝ'ဟူသော 'ကံ'၏အကျိုးဖြစ်သော ဝိပါက်ရုပ်,နာမ်များ၊

ဖြစ်ပွားခြင်း-ဇာတိ၊

ကျဆုံးခြင်း-ဇရာ၊ ပျက်ပြုန်းခြင်း-မရဏတို့ဖြစ်သည် ဟူသတည်း။

ဤနေရာ၌ 'ဘဝ'ဟူသော 'ကံ'နှင့် ကံ၏အကျိုးဖြစ်သော 'ဝိပါက်'တို့ ဆက်သွယ်ပုံကို အနည်းငယ်ရှင်းထားဖို့ လိုပါသည်။ သို့မှသာ 'ဗုဒ္ဓအဘိဓမ္မာ၏ ဘဝအမြင်'သည် သန့်စင်စွာ မြင်ခွင့်ရပါမည်။

ကံ၏အကျိုး(ဝိပါက်)ဟူသည် အဘယ်နည်း။

ထိုဝိပါက်နှင့်အတူဖြစ်သော ရုပ်,နာမ် သို့မဟုတ် စေတသိက်တရားများ ကား အဘယ်နည်း။ ဤပြဿနာကို ကျေမှပင် 'ကံ'နှင့် ကံ၏အကျိုးဖြစ်သော 'ဝိပါက်'တို့ ဆက်သွယ်ပုံများ ရှင်းပါမည်။ ထို့ကြောင့် ပြဿနာများကို လေ့လာ အပ်ပါသည်။

ကံ၏အကျိုး 'ဝိပါက်စိတ်'ဟူသည် အဘယ်နည်း။

ဝိပါက်သည် ကံနှင့်သီးခြားလော၊ အတူတူလော(ဧကတ္တလော, နာနတ္တ လော)။

'ဝိပါက်'သည် 'ကံ၏အကျိုး' ဖြစ်သည်။

'ကံ'သည် 'ဝိပါက်၏အကြောင်း' ဖြစ်သည်။

လောက၌ အကြောင်းနှင့်အကျိုးတို့သည် ဧကတ္တလည်းဖြစ်သည်၊ နာနတ္တလည်းဟုတ်ကြသည်။ ဆိုလိုသည်မှာ 'အကြောင်းနှင့်အကျိုး' မှန်သမျှ သည် 'တစ်ခုတည်းဖြစ်သည်'ဟုလည်း ဆို၍ရသည်။ 'တခြားစီဖြစ်သည်'-ဟု လည်း ဆို၍ရသည်။ ဤကား အကြောင်းနှင့်အကျိုး ဟူသော တရားနှစ်ပါးတို့ ၏ဆက်သွယ်ပုံ လောကနိယာမ-တည်း။

ဤအဆိုကို ပုံစံပြယုဂ်ဖြင့် အနည်းငယ်မျှ ရှင်းလင်းတင်ပြပါဦးမည်။ ပုံစံမှာ မျှစ်နှင့်ဝါး၊ ဆန်နှင့်ထမင်းတို့ ဖြစ်သည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

မျှစ်သည် ဝါး၏ အကြောင်းနိဒါန်း၊ ဝါးသည် မျှစ်၏ အကျိုးနိဂုံးတည်း။

ဆန်သည် ထမင်း၏ အကြောင်းနိဒါန်း၊ ထမင်းသည် ဆန်၏ အကျိုးနိဂုံး တည်း။ ဤပုံစံများ၌ ဝါးနှင့်မျှစ်သည် အတူတူလည်း အကျုံးဝင်လျက် ရှိသည်၊ သီးခြားစီအဖြစ်လည်း အကျုံးဝင်လျက် ရှိသည်။ ဆန်နှင့်ထမင်းလည်း ထို့အတူ ပင်။ အဘယ်သို့ပါနည်း။

မျှစ်သည် ဝါးမဟုတ်သော်လည်း ဝါးနှင့်အကြောင်းကင်းသော အရာ လည်း မဟုတ်။ ထိုသို့ အကြောင်းကင်းသော အရာမဟုတ်သော်လည်း မျှစ်ကို ဝါးဟုမဆိုရ။ ထို့အတူ ဝါးကို မျှစ်ဟု ဆိုခွင့်မရ။ ဤသို့လျှင် မျှစ်နှင့်ဝါးသည် သီးခြားစီ(နာနတ္တ)အဖြစ် ဖြစ်သည်။

ထိုသို့ သီးခြားစီ(နာနတ္တ)ဖြစ်လျှင် မျှစ်နှင့်ဝါးတို့သည် ဘယ်သို့ အကြောင်းမကင်း-ဟု ပြောစရာရှိသေးသနည်း။

မျှစ်သည် ဝါးမဟုတ်၊ ဝါးသည် မျှစ်မဟုတ်သော်လည်း ထိုမျှစ်နှင့် ထို ဝါးတို့သည် အနှစ်အသားအားဖြင့် တခြားစီမဟုတ်။

မျှစ်၏ ရင့်ရော်သွားခြင်း အခြေအနေသည် ဝါးဟုခေါ်ရခြင်း ဖြစ်ပြီး၊

ဝါး၏ နုနယ်သေးသော အခြေအနေသည် မျှစ်ဟုခေါ်ရခြင်း ဖြစ်သည်။

ထို့ကြောင့် မျှစ်နှင့်ဝါးတို့သည် 'နုခြင်း,ရင့်ခြင်း' အသွင်သာခြားနားသည်၊ အနှစ်အသားကား သီးခြားစီမဟုတ်ကြ။ ထိုသို့ဖြစ်သောကြောင့် မျှစ်နှင့်ဝါးတို့ သည် အတူတူ(ဧကတ္တ)ဟု ဆိုခွင့်ရလေသည်။

ဆန်နှင့်ထမင်းလည်း ဤအတူပင်။ ဧကတ္တ,နာနတ္တအဖြစ် ကြောင်းကျိုး ဆက်သွယ်ပါသည်။ ဝိပါက်နှင့်ကံတို့ ကြောင်းကျိုးဆက်နွယ်ပုံသည်လည်း ဤသို့ သော ဆက်နွယ်ပုံမျိုး ဆက်သွယ်ပါသည်။

'ကံ'သည် 'ဝိပါက်'မဟုတ်ပါ။ 'ဝိပါက်'သည်လည်း 'ကံ'မဟုတ်ပါ။ ဤသို့ ခြားနားခြင်း(နာနတ္တ)အဖြစ်များ ဖြစ်ကြပါသည်။ တဖန်လည်း 'ကံ'သည် 'ဝိပါက် ၏ နုနယ်သေးသောအခြေအနေ' ဖြစ်ပါသည်။

'ဝိပါက်'သည် 'ကံ၏ ရင့်ကျက်ပြီဖြစ်သော အခြေအနေ' ဖြစ်ပါသည်။

ဤသို့လျှင် ဝိပါက်နှင့်ကံတို့သည် 'ဝိပါက်'နှင့်'ကံ'ဟူ၍ နှစ်ထွေပြားသော်လည်း တသားတည်းသောအရာ(ဧကတ္တ) ဖြစ်ပါသည်။ (ကံနှင့်ဝိပါက် အနှစ်အသားတူပုံ)

ဥပမာ သူ့အသက်ကိုသတ်လျှင် အပြစ်ရှိသည်ကိုသိပြီး သတ်မှုမှရှောင်ကြဉ်ဖို့ ဆုံးဖြတ်သည်။ ယင်းသည် ကာမကုသိုလ်စေတနာဖြစ်သည်။ သူသည် နောက်ကို သတ်စရာတွေ့လျှင် မသတ်တော့။ ယင်းသည် ထိုကံ၏ အကျိုးဝိပါက်တည်း။

'မသတ်တော့ဘူး'-ဟု ဆုံးဖြတ်ချက် ကျသွားခြင်းသည် 'ကံ'တည်း။

ထိုဆုံးဖြတ်ချက်အတိုင်း မသတ်ဘဲတည်နေခြင်းသည် 'ဝိပါက်'တည်း။

'မသတ်'စေတနာကံနှင့် 'မသတ်'ဝိပါက်တို့သည် 'မသတ်'ဟူသော အနှစ်အသားအားဖြင့် တူညီနေကြပါသည်။

'ကံနုပုံနှင့် ဝိပါက်ရင့်ကျက်ပုံ'မှာ-

'မသတ်တော့ပါဘူး'-ဟူ၍ ဆုံးဖြတ်ချက်ချ၍ သတ်ခြင်းမှ ရှောင်ကြဉ်သော 'စေတနာကံ'-တည်းဟူသော နာမ်တရားကလေးသည် ဖြစ်ပေါ်ပြီး၊ ငှ,ဘင်ချက်ချင်း ချုပ်ပျောက်သွားသည်။ စိတ္တက္ခဏ တစ်ခဏသာ အချိန်ကာလ ရှိပါသည်။ ထို့ကြောင့် ထိုကံကလေးသည် ဖြစ်ခွင့် အချိန်တာတိုသဖြင့် အလွန်နုနယ်ပါသည်။

ရှောင်ကြဉ်သည့် စေတနာကံတရားအတိုင်း လပေါက်,နှစ်ပေါက် ရှောင်ကြဉ်နေခြင်းသည် 'ဝိပါက်'-ဖြစ်ပါသည်။ ယင်းဝိပါက်သည် အချိန်ကြာမြင့်စွာ ရှောင်ကြဉ်နေသဖြင့် အလွန်ရင့်ကျက်ပါသည်။

ဤ၌ ဝိပါက်နှင့်ကံတို့၏ တသားတည်းဖြစ်ပုံကို ယုတ္တိဗေဒနည်းအားဖြင့် တင်ပြခဲ့ပါသည်။ စာရှုသူတို့သည် ဤသို့ ဧကတ္တဖြစ်ပုံကို အလေးအနက် သဘောပေါက်ဖို့ လိုပါသည်။

ဤသို့ ဧကတ္တ(တသားတည်း) ဖြစ်ပုံကို သဘောမပေါက်လျှင် ကံ၏ အကျိုးဖြစ်သော ဝိပါက်ကို သိမြင်ဖို့ အကြောင်းမလုံလောက်ပါ။ ထို့ကြောင့် တသားတည်း(ဧကတ္တ)ဖြစ်ပုံကို ဤမျှဖြင့်ရပ်၍ တကယ်ဖြစ်ပျက်ပုံကို လက်တွေ့ လေ့လာဖို့ တိုက်တွန်းလိုပါသည်။

၂၂။ ကံနှင့်ဝိပါက်စိတ်များ တသားတည်းဖြစ်

စာရှုသူတို့သည် 'ကံ'ကိုကား သိကြသည်။ 'ဝိပါက်'ကိုကား သိကောင်းမှ သိပေမည်။ ဝိပါက်နှင့်ကံတို့၏ တသားတည်း ဖြစ်ပုံသည် သိမ်မွေ့လွန်းလှပေသည်။ စိတ်ဖြစ်ပုံ၏ မြန်ဆန်လွန်းခြင်းကလည်း ကံနှင့်ဝိပါက်တို့၏ နှစ်ထွေပြားပြီး တသားတည်းဖြစ်ပုံကို မသိစေနိုင်ကြောင်း ဖြစ်နေပါတော့သည်။

ကံနှင့်ဝိပါက်တို့သည် ဘယ်သို့နှစ်ထွေပြား၍ အဘယ်သို့ တသားတည်း ဖြစ်ကြသနည်း။

'ကံ'သည် 'ပြုလုပ်ခြင်းရှိသောစိတ်' ဖြစ်၍၊

'ဝိပါက်'သည် 'ပြုလုပ်ခြင်းမရှိသောစိတ်' ဖြစ်ပါသည်။

ဤသို့လျှင် ကံနှင့်ဝိပါက်တို့ နှစ်ထွေပြားပါသည်။

ထိုသို့ပြားသော်လည်း ကံနှင့်ဝိပါက်တို့သည် 'စိတ်'ဟူသော တရားကိုယ်များပင် ဖြစ်ကြသည်။ ဤသို့လျှင် ကံနှင့်ဝိပါက် တသားတည်း ဖြစ်ကြသည်။

နှစ်ထွေပြားခြင်းကို ပြဆိုရာ၌ 'ကံ'သည် ပြုလုပ်ခြင်းရှိသည်။ 'ဝိပါက်' သည် ပြုလုပ်ခြင်းမရှိဟု ဆိုခဲ့ပါသည်။ တစ်နည်း

'ကံ'သည် 'အပြု'၊

'ဝိပါက်'သည် 'အကျိုးအပြစ်' ဖြစ်ပါသည်။

ကံ၏ ပြုလုပ်ခြင်းရှိပုံနှင့် ဝိပါက်၏ ပြုလုပ်ခြင်းမရှိပုံကို ဆက်လက်ဆွေးနွေး တင်ပြပါဦးမည်။

'ကံ'သည် သတ်ခြင်းစေတနာကို တိုက်ခိုက်သော 'မသတ်ခြင်းစေတနာ' ဖြစ်အံ့။ 'မသတ်စိတ်'သည် ဖြစ်ပေါ်လာပါသည်။ ဤ-'မသတ်စိတ်(သီလစိတ်)'

သည် သတ်ခြင်းစေတနာကို တိုက်ခိုက်၍ တည်ထောင်ရသောစိတ် ဖြစ်ပါသည်။ သတ်ခြင်းစေတနာကို မသတ်ခြင်းစေတနာဖြင့် တိုက်ခိုက်၍ တည်ထောင်ရပါသည်။ ဤ'မသတ်စိတ်'ကို တည်ထောင်နေရသော အခိုက်၌ 'မသတ်စိတ်'သည် 'သီလကုသိုလ်စိတ်' ဖြစ်ပါသည်။

မသတ်ခြင်းစေတနာကို တည်ထောင်ပြီးနောက်၌ ယင်း-'မသတ်ခြင်းစေတနာ'ကို ဆက်လက်ပြီး တည်ထောင်မနေတော့သော်လည်း 'မသတ်စိတ်' သည် ဆက်လက်တည်ရှိဖြစ်ပေါ်နေပါသည်။

အဘယ်ကြောင့် ဤသို့ တည်ရှိရသနည်း။

မသတ်ခြင်းစေတနာကို တည်ဆောက်ရာ၌ 'သတ်စိတ်သည် လဲကျသွားပြီး' ပြန်လည်၍ မရှင်သန်နိုင်သေးသောကြောင့် ဖြစ်သည်။

ဤသို့လျှင် 'ကံနှင့်ဝိပါက်စိတ်'တို့သည် 'တည်ဆောက်ရခြင်း, မတည်ဆောက်ရခြင်း'အားဖြင့် 'နာနတ္တ'နှစ်ထွေပြားကြပါသည်။

ထိုသို့လျှင် ကံနှင့်ဝိပါက်တို့သည် တည်ဆောက်ရခြင်း, မတည်ဆောက်ရခြင်းအားဖြင့် နှစ်ထွေ ပြားသော်လည်း 'မသတ်စိတ်'အဖြစ်ဖြင့် တသားတည်း (ဧကတ္တ)ဖြစ်လျက် ရှိကြပါသည်။

'ကံ'နှင့်'ဝိပါက်'တို့၏ နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်ပုံသည် နက်ရှိုင်းလှပါသည်။ ထို့ကြောင့် အခြားပုံစံတစ်ခုဖြင့် ဆက်လက် ရှင်းလိုပါသေးသည်။

ဣတ္ထိစုတ္တာဟူသော မိန်းမကျူးသော သူသည် ပဌမဆုံး ကျူးအံ့သော မိန်းမ၌ အာရုံကျူးစိတ် ဖြစ်ပေါ်လာရန် 'အာရုံမကျူးဘဲနေသင့်သည်'-ဟူသောစိတ်ကို အပြင်းအထန်တိုက်ခိုက်၍ တည်ဆောက်ရပေသည်။ ဒုတိယ, တတိယစသော မိန်းမတို့၌ကား လွန်ကျူးလိုသောစိတ်ကို ထိုသို့ တည်ဆောက်ဖို့ မလိုဘဲ ရှိနေသည်ကို တွေ့ရပေမည်။ ထို့ထက်လည်း မိန်းမကိုမြင်တိုင်း လွန်ကျူးလိုသောစိတ်များ မတည်ဆောက်ရဘဲ အလိုအလျောက် ပေါ်ပေါက်လျက်ရှိသော စိတ်များပင် ဖြစ်ရာပေသည်။

ပဋ္ဌမစိတ်သည် 'ကံစိတ်' ဖြစ်သည်။ နောက်စိတ်များသည် 'ဝိပါက်စိတ်' ဖြစ်သည်။ ဝိပါက်စိတ်နှင့် ကံစိတ်တို့သည် 'လွန်ကျူးလိုစိတ်'ချင်း တူညီကြသည်။ တသားတည်း ဖြစ်သည်။ သို့သော်လည်း-

'ကံစိတ်'သည် တည်ဆောက်မှုပါသောစိတ် ဖြစ်သည်။

ဝိပါက်စိတ် သည် တည်ဆောက်မှုမပါသောစိတ် ဖြစ်သည်။

ဤသို့လည်း မတူခွဲခြား နှစ်ထွေပြားလျက် ရှိသည်။

ဝိပါက်စိတ်သည် အဘယ်ကြောင့် တည်ဆောက်မှုမပါဘဲ ရှိရသနည်း။ ကံစိတ်၏ တည်ဆောက်ထားသော အရှိန်အဝါများ မကုန်သေးသောကြောင့် သို့မဟုတ် ကျူးလွန်သော ကံစိတ်၏စေတနာသည် 'မကျူးလွန်သင့်'ဟု ဖြစ်ပေါ်လတ္တံ့သော ကောင်းသောစေတနာကို အလဲထိုးထားပြီး ဖြစ်သောကြောင့်တည်း။

ထို့ထက်ထင်ရှားသော ကံနှင့်ဝိပါက်တို့၏ နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်ပုံကို သဘောကျနိုင်ရန် ပုံစံတစ်ခုကို နောက်ဆုံး ထုတ်ပြလိုပါသေးသည်။ ယင်းကား ထွက်လေ,ဝင်လေ-စသော ရုပ်ကမ္မဋ္ဌာန်း တစ်ခုခုကို ရှုသူသန္တာန်၌ဖြစ်သော 'ကံစိတ်နှင့်ဝိပါက်စိတ်'များ ဖြစ်ပါသည်။

ထိုသူသည် တစ်နေ့လျှင် တစ်နာရီခန့် တရားထိုင်ရန် ထွက်လေ,ဝင်လေကို စိတ်မှတ်မှ မပျောက်ဆုံးအောင် လေ့လာ၏။ ထိုသူသည် တရားထိုင်သောအခါ ထွက်လေ,ဝင်လေကို စိတ်မှမထွက်အောင် ကြိုးစား၍ တင်နေရသောကြောင့် ကာမ- စသည်မှလွတ်သော ဝိတက်,ဝိစာရဟူသော ကြံစည်ခြင်း,သုံးသပ်ခြင်း တရားများ ဖြစ်လျက်ရှိ၏။

ထိုသို့ပင်ဖြစ်သော်လည်း ထိုဝိတက်နှင့်ဝိစာရ တရားများသည် သူတို့ဖြစ်ရသော ထွက်လေ,ဝင်လေအာရုံ၏ ကြိုက်ဖွယ်, မုန်းဖွယ်, ချုတ်ချယ်ဖွယ်များမှ လွတ်နေသောကြောင့် ကာမ,ဗျာပါဒ,ဝိဟိံသာများမှလွတ်သော ဝိတက်,ဝိစာရ ဖြစ်၍နေလေသည်။ ထို့ကြောင့် ထိုတရားထိုင်သောသူသည် နှစ်သိမ့်မှု, ချမ်းမြေ့မှု, အေးငြိမ်မှု-ဟူသော ပီတိ,သုခနှင့် ဧကဂ္ဂတာတရားများလည်း ဖြစ်ပွားလျက် ရှိပေသည်။

ထိုသူ၌ ထိုတရားငါးပါးစုံ ပါဝင်သော ရူပပဌမဈာန်စိတ်သည် ဖြစ်ပေါ် နေ၏။ ထို့ကြောင့် ထိုသူသည် တရားထိုင်နေစဉ်တစ်နာရီအတွင်း၌ ကာမစ္ဆန္ဒစသော ကာမနှင့်စပ်သော နီဝရဏဟူသော အုံ့ပုန်းရောဂါများသည် ကင်းကွာငြိမ်းအေးလျက် ရှိလေသည်။ ထိုသူသည် တစ်နာရီစေ့သောအခါ တရားထိုင်ခြင်းဝတ်နိဗတ် စေ့ငကုံလုံပြီဖြစ်၍ ယနေ့အဖို့ တရားမှထ၍လာ၏။

နောက်အချိန်၌ ထိုသူသည် တရားကို မထိုင်တော့ပြီ။ အိမ်မှုလုပ်ငန်းများကို ချဉ်းကပ်လုပ်ကိုင်လျက် ရှိ၏။ ထိုလုပ်ကိုင်ရသော အိမ်မှုလုပ်ငန်းများကလည်း သူ၏ တရားထိုင်နေစဉ်က ဖြစ်ပေါ်ခဲ့ရသော ငြိမ်းအေးမှုများကို ပျက်ပြားသွားလောက်အောင် နှောက်ယှက်တားဆီးခြင်း၊ လှဲချဖြိုဖျက်နိုင်ခြင်း အင်အားများ မရှိကြပေ။ ထို့ကြောင့် ထိုသူသည် တရားထိုင်စဉ်ကကဲ့သို့ပင် ယခု မထိုင်တော့သောအချိန်လည်း ကာမ,ဗျာပါဒ,ဝိဟိံသာတို့မှလွတ်သော ဝိတက်,ဝိစာရတို့သာ ဖြစ်နေသည်။

ထိုတရားများသာ ဖြစ်နေသောကြောင့် ထိုသူ၏စိတ်သန္တာန်သည် နှစ်သိမ့်,ချမ်းမြေ့, အေးငြိမ်းခြင်းတည်းဟူသော ပီတိ,သုခ,ဧကဂ္ဂတာများလည်း မပျောက်မဆုံး ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ထိုသူသည်လည်း ဈာန်အင်္ဂါငါးပါး ပါဝင်စုံညီသော ရူပပဌမဈာန်စိတ်သည် ဖြစ်ပေါ်၍ပင် နေသည်။

အို-စာရှုသူ-ဤပြဆိုခဲ့သော အစဉ်ဖြင့် ဖြစ်သောစိတ်သည် ရူပပဌမဈာန်စိတ် ဟုတ်,မဟုတ် စောဒနာလိုစိတ် ဖြစ်ပေါ်ပါသလား။ စောဒနာလိုလျှင် စောဒနာမပြုမီ အောက်ပါမေးခွန်းများကို ဖြေစေချင်ပါသေးသည်။

ဤစိတ်သည် အဘယ်မည်သော စိတ်ပါနည်း၊ ကာမစိတ်လော။ ကာမစိတ်ဖြစ်လျှင် အဘယ် ကာမစိတ်ပါနည်း။ ကာမသောဘနစိတ်များဟု ဆိုမည်လော။ ယင်း ကာမသောဘနစိတ်ဖြစ်ရန် အဘယ်အာရုံကို ယူမည်နည်း။

ဆက်လက်၍လည်း ထွက်လေ,ဝင်လေအာရုံသည် ကာမအမည်ခံထိုက်သောအာရုံ ဟုတ်ပါ၏လော။ ကာမအာရုံ အမည်ခံထိုက်ရန် ထွက်လေ,ဝင်လေသည် နှစ်သက်အပ်,သာယာအပ်သော သဘော ရှိပါ၏လော။

အထက်ပါမေးခွန်းများကို မဖြေလိုလျှင်ဖြစ်စေ၊ ဖြေပြီးလျှင်ဖြစ်စေ၊ ဤပြဆိုခဲ့သော စိတ်သည် ရူပပဌမစျာန်စိတ်များဖြစ်ကြောင်း လက်ခံရပေမည်။ ဤစိတ်များသည် တရားအားထုတ်ချိန်, အားမထုတ်ချိန်သာ ကွဲပြားသည်၊ ရူပပဌမစျာန်စိတ်ခြင်းကား အတူပင်။

ဤသို့ တရားအားမထုတ်ချိန်၌လည်း ရူပပဌမစျာန်စိတ်သည် အဘယ့်ကြောင့် ရနေရသနည်း။ တရားအားထုတ်ချိန်၌ ဖြစ်ပေါ်သောကံသည် နီဝရဏတရားများကို အလဲထိုးခဲ့သည်။ အားမထုတ်ချိန်၌လည်း ထိုသို့ အလဲထိုးခဲ့သောအရှိန်ဖြင့် နီဝရဏများ ပြန်လည်၍မထနိုင်,မကြွ နိုင်သေးသောကြောင့် ဆက်လက်၍ ရူပပဌမစျာန်စိတ် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

အားထုတ်စဉ်ကဖြစ်သော ရူပပဌမစျာန်စိတ်သည် ကုသိုလ်ဖြစ်သည်။

အားထုတ်ပြီးနောက်၌ ဆက်လက်၍ဖြစ်ပေါ်နေသော ရူပပဌမစျာန်စိတ်သည် ဝိပါက် ဖြစ်သည်။ ဤ၌ ကုသိုလ်စျာန်သည်လည်း ဝိပါက်စျာန် မဟုတ်၊ ထို့အတူ ဝိပါက်စျာန်သည်လည်း ကုသိုလ်စျာန်မဟုတ်။ ဤသို့ ကုသိုလ်နှင့် ဝိပါက်တို့ ထူးခြားကွဲပြားခြင်း(နာနတ္တ)အဖြစ်သို့ ရောက်သည်။

၂၃။ သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ

ဤသို့ပင် ဖြစ်သော်လည်း ကုသိုလ်စျာန်သည် ဝိပါက်စျာန်မှ သီးခြားမဟုတ်။ ဝိပါက်စျာန်သည်လည်း ကုသိုလ်စျာန်မှ သီးခြားမဟုတ်။ အဘယ်သို့ သီးခြား မဟုတ်သနည်း။

ကုသိုလ်စျာန်၏ ရင့်ကျက်ခြင်းသည် ဝိပါက်စျာန်ဖြစ်သည်။ ဝိပါက်စျာန်၏ နုနယ်သေးသောအဖြစ်သည် ကုသိုလ်စျာန်ဖြစ်သည်။

ကံနှင့်ဝိပါက်တို့သည် ကာလ အခြားအဆီးရှိကြသည် မဟုတ်။ ကံ၏ကာလ အဆုံးမှနောက်၌ အစပြုသောကာလသည် ဝိပါက်၏ကာလ ဖြစ်သည်။ ထိုသို့ ရှေ့ကာလနှင့် နောက်ကာလသည် သီးခြားကာလ ဖြစ်သည်။ ထို့ကြောင့် ယင်းကိုပင် 'နာနက္ခဏိက'ဟု ဆိုရသည်။

ဤသို့ ကံနှင့်ဝိပါက်တို့ နာနာက္ခဏိကကာလ ရှေ့နောက်ရှိခြင်းသည် နှစ်ထွေပြားသောအဖြစ် (နာနတ္တ) ဖြစ်ပါသည်။

ထိုသို့ ကာလရှေ့နောက် ဖြစ်သော်လည်း နောက်ကာလ၌ဖြစ်သော ဝိပါက်စိတ်သည် ရှေ့ကာလ၌ဖြစ်သော ကံစိတ်၏ပြုလုပ်မှုဖြင့် ပြီးသောစိတ်ဖြစ်သည်။ သီးခြားအာရုံနှင့် သီးခြားဝတ္ထုတို့၏ ရိုက်ခတ်မှုကြောင့်ဖြစ်သည် မဟုတ်။

ထို့ကြောင့် ကံနှင့်ဝိပါက်စိတ်တို့သည် တသားတည်းအဖြစ် (ဧကတ္တ)ဟု ဆိုရလေသည်။ ကံနှင့်ဝိပါက်တို့၏ 'ဧကတ္တ'နှင့် 'နာနတ္တ'ဖြစ်ပုံသည် ရှင်းလေရှုပ်လေဖြစ်ရမလို ရှိပေသည်။ ထို့ကြောင့် ပေါ်လွင်စေရန် ဥပမာဖြင့် ညွှန်ပြလိုပါသည်။

လက်ခတ်ဖြင့်ခေါင်းလောင်းကို ထိုးနှက်တီးခတ်သောအခါ ခေါင်းလောင်းသံသည် ပေါ်ထွက်၍လာလေသည်။ ယင်းခေါင်းလောင်းသံသည် ထိုးခတ်ပြီးနောက် အချိန် အနည်းငယ်ကြာသည်အထိ ထွက်ပေါ်မြဲ ထွက်ပေါ်လျက်ပင်ရှိသည်။

ခေါင်းလောင်းကိုထိုးခြင်းနှင့် ခေါင်းလောင်းမြည်ခြင်း၊ ခေါင်းလောင်းသံဆက်လက်ထွက်ပေါ်ခြင်းတို့သည် 'အကြောင်းနှင့်အကျိုး' တစ်စုံ ဖြစ်သည်။ 'ထိုးခြင်း'-သည် 'ကံ'ဖြစ်သည်။ 'ခေါင်းလောင်းသံထွက်ခြင်း'သည် 'ဝိပါက်'-ဖြစ်သည်။ ထိုးဆဲ၌လည်း ခေါင်းလောင်းသံ ထွက်ပေါ်သည်။ ထိုးပြီးမှလည်း ခေါင်းလောင်းသံ ထွက်ပေါ်သည်-ဟု ခေါင်းလောင်းသံထွက်ပေါ်ခြင်းဟု ဆိုအပ်သော ဝိပါက်သည် နှစ်မျိုးပြားသည်။

ထိုနှစ်မျိုးကို 'ထိုးဆဲအသံ'နှင့် 'ထိုးပြီးအသံ'ဟူ၍ နာမည် မှည့်ကြပါစို့။ ယင်းအသံနှစ်မျိုးသည် 'ထိုးဆဲ'နှင့်'ထိုးပြီး'ဟူ၍ ကာလတစ်ခုစီဖြစ်သောကြောင့် 'တစ်ခုတည်း'-ဟု ပြော၍မရနိုင်။ ထိုသို့ တစ်ခုတည်းမဟုတ်လျှင် ထိုးပြီး ခေါင်းလောင်းသံသည် အဘယ်ကြောင့် မြည်ဟီးနေရသနည်း-ဟု မေးဖွယ်ရှိသည်။



ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထိုးပြီးခေါင်းလောင်းသံသည် ထိုးဆဲသောအသံ၏အရှိန်ကြောင့် မြည်ဟီးနေခြင်းဖြစ်သည်။ အဘယ်အမှုကိစ္စ တစ်ခုခု သီးခြားအကြောင်းကြောင့် မြည်ဟီးသည်မဟုတ်-ဟု အမှန်ပြောလိုလျှင် ဤသို့ဖြေရပေမည်။ ထိုသို့ဆိုလျှင် ထိုးပြီးအသံနှင့် ထိုးဆဲအသံသည် အဘယ်မှာ သီးခြားစီ ဟုတ်သနည်း။

ဤသို့ပင် ကံနှင့်ဝိပါက်သည် ကာလတစ်ခုစီဖြစ်သောကြောင့် နှစ်ထွေပြားသည်။ ကာလပြားသော်လည်း အဖြစ်အားဖြင့် တစ်ခုတည်းဖြစ်သောကြောင့် တသားတည်း-ဟုပင် ဆိုရသည်။ ဤနေရာ၌ တသားတည်းဖြစ်ပုံကို သဘောကျရန် များစွာ နက်နက်ရှိုင်းရှိုင်း ရှုကြည့်ဖို့ လိုပါသည်။

'ကံ'သည် နှစ်မျိုးရှိပါသည်။ ပြုဆဲမှာလည်း အကျိုးကို ဖြစ်စေပါသည်။ ပြုပြီးမှာလည်း အကျိုးကို ဖြစ်စေပါသည်။ 'သဟဇာတကံ'နှင့် 'နာနာက္ခဏိကကံ' ဟူ၍ အဘိဓမ္မာဝေါဟာရအားဖြင့် ခေါ်ပါသည်။ ဆိုလိုသည်မှာ-

'ကံ'ဟူသည် 'စေတနာ'ဖြစ်သည်။

ယင်းစေတနာသည် သူ့ချည်း ဖြစ်၍မရ။ အဖော်အပေါင်းများနှင့်သာ တွဲ၍ချည်း ဖြစ်ရသည်။ ယင်းသို့ တွဲ၍ဖြစ်သည်ကိုပင် 'ကံစိတ်ဖြစ်သည်'-ဟု ဆိုရသည်။ ယင်း'ကံစိတ်'အားလုံးသည် 'ကံ'မဟုတ်။ ယင်း'ကံစိတ်'အားလုံးထဲမှ 'စေတနာသဘောတစ်ခုတည်း'သာလျှင် 'ကံ'ဖြစ်သည်။ ယင်း'ကံ'သည် သူနှင့် ဖြစ်ဖော်ဖြစ်ဖက်များကို သူ့အတိုင်း ဖြစ်စေသည် (သဟဇာတကမ္မ)။

ထို့ပြင်လည်း ယင်း'ကံ'သည် သူဖြစ်ပြီးနောက် ဆက်၍ဖြစ်သောစိတ်များကိုလည်း သူမပါတော့သော်လည်း သူပါဝင်စဉ်ကစိတ်အတိုင်း ဆက်၍ ဖြစ်စေပေသည်(နာနာက္ခဏိကကမ္မ)။

ဤသို့ပင် ကံသည် သဟဇာတနှင့် နာနာက္ခဏိက-ဟူ၍ နှစ်မျိုးပြားသည်။ ထို့ကြောင့် ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်၊ ကာလတစ်ခုစီခြားသော်လည်း တသားတည်းဖြစ်ကြောင်း ဆိုအပ်ပါသည်။ ကာလပြားလျက် တသားတည်းဖြစ်ပုံကို သဘောပေါက်နိုင်ရန် ထက်သန်သောစေတနာဖြင့် ဥပမာတစ်ခု ဆက်၍ ပြုလိုပါသည်။

---

ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တစ်ဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု 

ရောဂါသည်တစ်ယောက်သည် ဆေးဝါးဖြင့် သူ၏ရောဂါကို ကုသသည် ဆိုအံ့။ အနာနှင့်ဆေး တည့်လျှင် ဆေးဝါးကြောင့် ရောဂါပျောက်ပေမည်။ ဤ၌ ကုသခြင်းသည် 'ကံ'ဖြစ်သည်။ ကုသစဉ်၌ ရောဂါပျောက်ခြင်းသည် 'ဝိပါက်'ဖြစ်သည်။ ထိုရောဂါပျောက်ခြင်းသည် ကုသပြီးသည်မှ နောက်တဖန် ဤရောဂါမျိုး ပြန်မဖြစ်သေးမီ အချိန်အထိ ပျောက်နေပေမည်။

ဤ၌ ကုသခြင်း'ကံ'သည် တစ်ခုတည်း ဖြစ်သည်။ ရောဂါပျောက်ခြင်း 'ဝိပါက်'ကား နှစ်မျိုး ဖြစ်နေပေသည်။ ကုသစဉ် ပျောက်ခြင်းနှင့် ကုသပြီးနောက်လည်း ဆက်၍ ရောဂါနောက်ထပ်မဖြစ်သည်အထိ ရောဂါပျောက်နေခြင်း-ဟူ၍ ဖြစ်သည်။

ထိုနှစ်မျိုးသည် တစ်ခုနှင့်တစ်ခု ထူးခြားပါသလော၊ အတူတူပါလော။

ဆေးဝါးကုသစဉ်ပျောက်သော ရောဂါပျောက်ခြင်းနှင့် ဆေးဝါးကုသပြီးသည်မှ နောက်အထိ ပျောက်နေသော ရောဂါပျောက်ခြင်းသည် တူသလော, ထူးသလော။ ဤသို့ပင် 'ကံနှင့်ဝိပါက်'တို့၏ 'ဧကတ္တ'နှင့်'နာနတ္တ'ဖြစ်ပုံသည် သဘောမှာ ရှင်းသည် အထိ ရှိနေသင့်ပေသည်။

ဤသို့ 'ကံနှင့်ဝိပါက်'တို့၏ 'အကြောင်း,အကျိုးဆက်သွယ်ပုံ'ကို ရှင်းသဖြင့် 'ကံ၏အကျိုးဖြစ်သောဝိပါက်'-ဟူသည် အဘယ်နည်း-ဟူသော ပြဿနာသည် ပြီးပြည့်စုံပြီဟု ထင်မြင်ပါသည်။

## ၂၄။ ဘဝအကျိုး ဝိပါက်နာမ်ရုပ်

ဤ၌ 'ဘဝ၏အကျိုးတရား'များကို တင်ပြခဲ့ရာ 'ဘဝ'နှင့်'အကျိုး'ကို ဆက်စပ်ပြခဲ့ပါပြီ။ ယခုအကျိုးများနှင့်အတူဖြစ်သော ရုပ်,နာမ်တို့အကြောင်းကို အနည်းငယ်မျှ ဆက်၍ဆိုရပါမည်။

'ဝိပါက်'ဟူသော 'ဘဝအကျိုး'များသည် မြင်ခြင်း,ကြားခြင်းစသော စိတ်များနှင့် ခံစားခြင်း,မှတ်သားခြင်း-စသော စိတ်နှင့်အတူဖြစ်သော 'စေတသိက်တရားများ' ဖြစ်ပါသည်(နာမ်)။



ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ပြင်လည်း ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် အသံပြုခြင်း၊ နုညံ့,ပေါ့ပါး,ခံ့ထည်ခြင်း၊ ပူခြင်း,အေးခြင်း,ဖြူခြင်း,နီခြင်းစသော ရုပ်များလည်း ဖြစ်ပါသည်(ရုပ်)။

ယင်းတို့သည်ပင် 'ဘဝ၏အကျိုးများ' ဖြစ်ကြပါသည်။

ယင်းတို့သည်-

အခြေအနေအားလျော်စွာ ဖြစ်ပွားခြင်း(ဇာတိ)၊

ကျရှုံးခြင်း(ဇရာ)၊

ပျက်ပြုန်းခြင်း(မရဏ)များ ဖြစ်ကြပါသည်။

ထို့ကြောင့် 'ဝိပါက်'ဟူသော 'ဘဝ၏ကျိုးတရား'သည် 'အသွင်သဏ္ဌာန်'အားဖြင့် ယင်းတို့ကို မြင်ခွင့်မရနိုင်။

အဘယ့်ကြောင့် ဝိပါက်ရုပ်,နာမ်တို့ကို မြင်ခွင့်မရနိုင်ပါသနည်း- ဆိုခဲ့ချေသော် 'ဝိပါက်နာမ်,ရုပ်တို့သည် ပင်ကိုယ်ရုပ်,နာမ်များနှင့် ရောထွေးတည်နေသောကြောင့် ဖြစ်ပါသည်။'

ဆိုလိုသည်မှာ 'ကံ'တည်းဟူသော 'စေတနာ'ကြောင့် ပင်ကိုယ်ရုပ်,နာမ်(နဂိုရုပ်,နာမ်)များ တမျိုးတမည် ပြောင်းလဲဖြစ်နေသည်ကို မသိနိုင်,မမြင်နိုင်'-ဟု ဖြစ်ပါသည်။

ယင်း'ဝိပါက်နာမ်ရုပ်'တို့၏ အငွေ့အသက် အကျိုးဆက်ဖြစ်သော စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်းစသည်သာ အသွင်သဏ္ဌာန်အားဖြင့် ထင်ရှားသတည်း။

ဤမျှသောစကားစဉ်ဖြင့် ဗုဒ္ဓအဘိဓမ္မာ၏ ဘဝအမြင်ကို တွေ့မြင်နိုင်ရန် ကြိုးစားလာခဲ့သည်မှာ ဘဝရုပ်လုံးသည် ပုံကြမ်းလောင်းပြီးပြီ-ဟု ယူဆပါသည်။ ဟုတ်ပါသည်။ 'ဘဝ'ကိုလည်းကောင်း၊ 'ဘဝ၏အကြောင်းနှင့်အကျိုး'ကိုလည်းကောင်း၊ ထို 'အကျိုးနှင့်အကြောင်းတို့ ပြန်လည်ဆက်ပုံ'ကိုလည်းကောင်း တင်ပြခဲ့ပြီးပါပြီ။

ဆက်လက်၍ အနုစိတ်အချောကိုင်ရုံမျှသာ လိုတော့မည်-ဟု ထင်ပါ

သည်။ စောဒနာ,သောဓနာ (အမေး,အဖြေ)တည်းဟူသော ကော်ပတ်, စူးသေး, ဆောက်ငယ်များဖြင့် အချောကိုင်ကြည့်ကြပါစို့။

ဘဝ၏ ရုပ်လုံးပုံကြမ်းသည်ကား အဘယ်နည်း-

'ဘဝ'ဟူသည် 'ကံ'ဖြစ်သည်။

အဘယ်ကြောင့် 'ဘဝ'ကို ရသနည်း။

'အဝိဇ္ဇာ'စသော ကိလေသာကြောင့် ရသည်။

ဘဝအကျိုးကား အဘယ်နည်း။

သိမြင်ခြင်း, ခံစားခြင်း, မှတ်သားခြင်း, ပူခြင်း, အေးခြင်းစသည် စသည့် 'ဝိပါက် နာမ်,ရုပ်'တို့၏ ဖြစ်ခြင်း(ဇာတိ)၊ ကျရှုံးခြင်း(ဇရာ)၊ ပျက်ပြုန်းခြင်း(မရဏ) များတည်း။

အဘယ်ကြောင့် ဘဝဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာစသော ကိလေသာ များ ဖြစ်ရသနည်း။

'ဘဝ၏အကျိုး'များဖြစ်သော ဝိပါက်နာမ်,ရုပ်တို့၏အပေါ်၌ နှလုံးသွင်း အရှုမြင်မှားသောကြောင့် 'ဘဝအကြောင်း'များ ဖြစ်ရပါသည်။ 'ဒုက္ခကို ဒုက္ခမှန်း မသိဘဲ၊ ဒုက္ခကို သုခ-ဟု အထင်မြင်မှားခြင်း'-သည် 'အဝိဇ္ဇာ'-ဖြစ်ပါသည်။ ထိုသို့ အထင်မြင်မှားမှုကြောင့် ကြိုက်ခြင်း, မုန်းခြင်းစသော ကိလေသာများ ဆင့်ပွားလာသည်ကို 'ကိလေသာများဖြစ်ခြင်း'-ဟု ဆိုလိုသည်။

ဤကား 'ဘဝ၏ရုပ်လုံးပုံကြမ်း' တည်း။

## ၂၅။ ဘဝဟူသည် စိတ္တက္ခဏမျှသာ

ဤသို့ဆိုလျှင် 'ဘဝဟူသည် စိတ္တက္ခဏမျှဖြစ်၍ တိုတောင်းလှချေ တကား၊ အဘယ်သို့နည်း'-ဟု မေးချင်ဖွယ် ဖြစ်ပါသည်။ ဟုတ်ပါ၏၊ 'ဘဝဟူသည် တိုတောင်း၏'။ ယင်းသို့ တိုတောင်းသည်ကို မကျေနပ်လျှင် 'ဘဝ၏အနက်အဓိပ္ပါယ်' ကို သီးခြားဖွင့်နိုင်ပါသည်။ သို့သော်လည်း ဗုဒ္ဓ၏အဘိဓမ္မာအတွင်းက ဖွင့်ရပါမည်။

'ဗုဒ္ဓ၏အဘိဓမ္မာ' အတွင်းက 'ဘဝ'ကိုဖွင့်ဆိုထားသည်မှာ 'ကံ'ဟု အတိအကျ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် 'ဘဝ'ကို 'ကံ'မှတပါး အခြားဖွင့်စရာမရှိပြီ မဟုတ်ပါလော။

တစ်ထိုင်အတွင်းမှာပင် 'ဘဝ(ကမ္မဘဝ)'သည် များစွာပြောင်းနိုင်သည်။

ဥပပတ္တိဘဝ-သာလျှင် လများ,ရက်များ ကြာနိုင်သည်။

ဥပမာ- စိတ်ကောင်းရှိနေသူသည် ယင်းစိတ်ကောင်းကို အဖျက်အဆီး မခံရသေးသ၍အထိ စိတ်ကောင်းအတိုင်း ရှိနေပေမည်။ ယင်းသည် 'ဥပပတ္တိဘဝ'ဖြစ်သည် မဟုတ်ပါလော။

၂၆။ ဘဝအစ အမိဝမ်းတွင်းကလော

ဤသို့ 'ဘဝ၏အနက်အဓိပ္ပါယ်' ဖြစ်နေပါလျှင် မိခင်ဝမ်းတွင်း၌ စဖြစ်စ-သားကောင်သည် 'ဘဝ-ရသည်'ဟု ဆိုနိုင်ပါမည်လော။

ဤပြဿနာသည် အလေးအနက် စဉ်းစားသင့်သည်။ သာမန်လူများသည် 'မိခင်ဝမ်း၌ အစပြုလျှင်ပြုခြင်း'-ပင် 'ဘဝရပြီ'-ဟု အထင်ရှိကြသည်။ ဤအတူပင် ထိုအချိန်ကရခဲ့သော ဘဝသည် 'သေပြီးမှဆုံးသည်'-ဟု ထင်မြင်ကြပြန်သည်။

'ဘဝ'ဟူသည် ဤခြေအစ ခေါင်းအဆုံးဖြစ်သော အသွေး,အသား,

အကြော,အရိုးစသည်တို့ဖြင့် ဖွဲ့ထားသော ရုပ်လုံးရုပ်ခဲကြီး-ဟု မှတ်ထင်ကြသည်။ ထို့ကြောင့် ရုပ်လုံးရုပ်ခဲဖြစ်ရန် အစပြုသောအချိန်သည် 'ဘဝဖြစ်မှုစချိန်'-ဟု ထင်မြင်ကြသည်။ ရုပ်လုံးရုပ်ခဲကြီး ပျက်ချိန်ကို 'ဘဝသေချိန်, ဘဝဆုံးချိန်'-ဟု ထင်မြင်ကြသည်။

ထိုအထင်,အမြင်များသည် ဗုဒ္ဓ၏အဘိဓမ္မာ၌ တရားမဝင်သောအထင်များ သို့မဟုတ်စိတ္တဇအထင်များသာ ဖြစ်သည်။ 'ဘဝအစပြုသောအချိန်'သည် မိခင်ဝမ်းတွင်း၌ဖြစ်ရန် များစွာ အကြောင်းကင်းလှပေသည်။

အဘယ်ကြောင့်နည်း?

'ဘဝ'ဟူသည် ကုသိုလ်,အကုသိုလ်စေတသိက်များနှင့် အတူ ဖြစ်သော 'စေတနာ'တည်းဟူသော 'ကံ'တည်း။

ယင်း 'ကုသိုလ်နှင့်အကုသိုလ်စိတ်များသည် မိခင်၏ဝမ်းတွင်း၌ ဇော စောနိုင်ကြ ဖြစ်နိုင်ကြပါမည်လော။ မိခင်ဝမ်းတွင်း၌ သားကောင်သည် အသက် ရ-ပြီလော, မရ-သေးလော။

'ကံစိတ်'များသည် အသက်မရသေးသော သားကောင်ကိုထား၍ အသက်ရလျက်နှင့် အိပ်ပျော်နေသော လွတ်လပ်သောလူများ၌ပင် ဖြစ်ခြင်းမရှိ ကြချေ။'

ထို မိခင်ဝမ်းတွင်းသားကောင်၌ ရက်,လ,နာရီနှင့် မိနစ်,စက္ကန့်တို့အလိုက် သားကောင်ဟု ခေါ်နိုင်သော အထည်ဒြပ်သဏ္ဌာန် ရှိသည်လည်းမှန်၏။ ထိုသား ကောင်နှင့်ထိစပ်နေရသော အတွေ့အာရုံအမျိုးမျိုး- များသည်လည်း မှန်၏။ ထိုသို့ဖြစ်သောကြောင့် ထိုသားကောင်သည် ခံစားမှု,မှတ်သားမှုများဖြစ်မည်- ဟု မယူဆထိုက်သလော-ဟု မေးဖွယ်ရှိပါ၏။

ထိုကလေးငယ်ကို ကျွန်ုပ်တို့၌ စမ်းသပ်ကိရိယာ မရှိ၍ မသိနိုင်သော် လည်း ကာယပသာဒ-စသော ရုပ်ကြည်များ ကြည်ပြီလား,မကြည်ပြီလား- စသဖြင့် ဆင်ခြင်စဉ်းစားနိုင်ခွင့်ကား ရှိပေသည်။

မေ့ဆေးအပေးခံရသူသည် ခံစားမှု,မှတ်သားမှုများ ရှိပါသလော။ ရှိလျှင် ထိုသူသည် ခွဲစိတ်ဖြတ်တောက်မှုများအတွက် (မေ့ဆေးပေး၍ခွဲစိတ်ချိန်တွင်) နာကျင်ခြင်းစသည် ဖြစ်ရာ၏။ ထိုသူသည် ခွဲစိတ်ခြင်းစသည်ကြောင့် နာကျင်ပါ သလော။

ခံစားခြင်း, မှတ်သားခြင်းစသည်တို့သည် 'ဝိပါက်နာမ်တရား'တည်း။

ထို'ဝိပါက်နာမ်တရား'များနှင့်အတူဖြစ်သော ကိုယ်အမူအရာ, နှုတ်အမူ အရာ, အသံစသည့် ရုပ်များလည်း ဖြစ်ပါသည်။ ဤမေ့ဆေးအပေးခံရသော ဤသူ၌ စိတ္တဇရုပ်များကော ဖြစ်ပါသလော။

မေ့ဆေးအပေးခံရ၍ မေ့နေသူသည် ဝိပါက်နာမ်ရုပ်များ သို့မဟုတ် စိတ်နှင့် စိတ္တဇရုပ်များ ချုပ်နေကြပါသည်။ 'ကံ'သည်-'ဝိပါက်နာမ်ရုပ်'များ ဖြစ်နေပြီး၊ ထိုဝိပါက်နာမ်ရုပ်များအပေါ်၌ နှလုံးသွင်းများပါမှ ဖြစ်နိုင်သည်။

ထို့ကြောင့် အမိဝမ်းတွင်း၌ရှိသော ကလေးငယ်သည် မေ့ဆေးအပေးခံရသူထက် 'ဝိပါက်နာမ်,ရုပ်'များ 'မဖြစ်မည်'မှာ သေချာပါသည်။ ထိုသို့မှ ဝိပါက်နာမ်ရုပ်များ မဖြစ်လျှင် ယင်းတို့ကို နှလုံးသွင်းမှားခြင်းကြောင့် 'ကိလေသာဖြစ်'၊ ယင်းသို့ ကိလေသာဖြစ်ပြီးမှ 'ကံစိတ်'ဖြစ်ရသောကြောင့် ထိုကလေး၌ 'ကံစိတ်' သည် 'လုံးဝမဖြစ်မည်'မှာ အသေအချာပါတည်း။

ထို့ကြောင့် အမိဝမ်းတွင်း၌ 'ဘဝနိကန္တိက လောဘဇော'စသည်-အစရှိသော 'ကံစိတ်များ' ဖြစ်ကြောင်းပြစကားများသည် အခြေအမြစ်မရှိသော သို့မဟုတ် တကယ် အဖြစ်မှန်နှင့်ကင်းကွာသော စကားများသာ ဖြစ်ကြပေသည်။ အမိဝမ်းတွင်း၌ ကလေးငယ်၌ 'ကံစိတ်များ' အလျဉ်းမဖြစ်သောကြောင့် 'ဝိပါက်စိတ်'များလည်း အလျဉ်းမဖြစ်။

ထို့အတူ အမိဝမ်းတွင်းကလေးငယ်၌ ကမ္မဇရုပ်များလည်း အလျဉ်းမဖြစ်။ စိတ္တဇရုပ်များလည်း အလျဉ်းမဖြစ်။ ဥတုဇရုပ်နှင့် အာဟာရဇရုပ်များဖြင့်ပြီးသည့် အရာမျှ ဖြစ်ပေသည်။

၂၇။ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်များ

ဤစကားကြောင့် စာရှုသူသည် လက်ရုံးလက်မောင်း တန်းလာမလားပင်။ အောက်ပါမေးခွန်းကိုပင် မေးချင်မလားပင်။

'ပဋိသန္ဓေစိတ်'ဆိုတာ ဘယ်လိုလဲ။

ဘဝင်စိတ်ကကော ဘယ်လိုလဲ။

ပြီးတော့လည်း အမိဝမ်း၌ မျက်စေ့,နားစသည်တို့၏ ရုပ်ကြည်များ မဖြစ်ပြီလော'-စသည့် ပြဿနာများပင်။

'ပဋိသန္ဓေစိတ်,ဘဝင်စိတ်'များသည် မိခင်ဝမ်းတွင်း၌ လုံးဝမဖြစ်နိုင်ပါ'-ဟူ၍ပင် ဖြေရပါမည်။ ထိုသို့ဆိုလျှင် 'ပဋိသန္ဓေစိတ်'ဟူသည် အဘယ်အချိန်၌ ဖြစ်သနည်း-ဟူသော အမေး၏အဖြေကို ထုတ်ပေးဖို့ လိုပါသည်။

'ပဋိသန္ဓေစိတ်'သည် 'ဘဝင်စိတ်'နှင့် တစ်ခုတည်းသောစိတ် ဖြစ်ပါသည်။ 'ပဋိသန္ဓေ'ဟူသော အမည်နှင့် 'ဘဝင်'ဟူသော အမည်များသည် ထိုအမည်များ အမှည့်ခေါ်ခံရသောစိတ်များ၏ အလုပ်ကိစ္စအလိုက်ရရှိသော အမည်များ ဖြစ်ပါသည်။

ထိုစိတ်များကား 'ကံ၏အကျိုးဖြစ်သော ဝိပါက်စိတ်'များတည်း။ ထို-'ကံနှင့်ဝိပါက်တို့ ဆက်သွယ်ပုံ'သည် အထက်က အကျယ်တဝံ့ တင်ပြခဲ့သည့် အတိုင်း တသားတည်း(ဧကတ္တ) ဖြစ်သည်။

ဆိုလိုသည်မှာ အကယ်၍ 'ကံ'တစ်ခုဖြစ်သည် ဆိုအံ့။ ထို'ကံ'၏နောက်၌ သို့မဟုတ် ထို'ကံ'ဖြစ်ပြီးအဆုံး၌ 'ဘဝင်ကျ'ပါသည်။ ဤ'ဘဝင်'သည် 'ထိုကံ၏ဘဝင်' ဖြစ်သည်။ ထို'ကံ'သည် 'ကာမကုသိုလ်ကံ' ဖြစ်အံ့။ ယင်းနောက်၌ ကျသော ဘဝင်သည် 'ကာမဝိပါက်ဘဝင်' ဖြစ်သည်။ တဖန် ဆက်၍ဆိုပါဦးမည်။

အကယ်၍ 'ရူပကုသိုလ် ပဉ္စမဈာန်ဇော' စောလျက် 'ကံစိတ်'ဖြစ်သည် ဆိုအံ့။ ထို'ကံစိတ်'၏နောက်၌ဖြစ်သော ဘဝင်သည် 'ရူပဝိပါက် ပဉ္စမဈာန်ဘဝင်' သာ ဖြစ်သည်။

'ရူပကုသိုလ် ပဉ္စမဈာန်'သည် 'ဖြစ်ရာဌာန'-ဟု ဆိုအပ်သော 'ဒွါရ-ရှိသည်'။ 'ရူပဝိပါက်ပဉ္စမဈာန်'က ဖြစ်ရာဌာနဟူသော 'ဒွါရ-မရှိ'။

ယင်းသို့ ဖြစ်ရာဌာနဒွါရ မရှိပါဘဲလျက် ထိုရူပပဉ္စမဈာန်ဝိပါက်သည် 'ဘဝင်အဖြစ်' အဘယ်သို့ဖြစ်သနည်း။ 'ဒွါရရှိ'ဖြစ်သော ရူပကုသိုလ်ပဉ္စမဈာန်နှင့် တဆက်တည်း 'ဆက်စပ်နေသောကြောင့်' ဖြစ်သည်။ ထို့ကြောင့် အဖြစ်ခံရသော 'ရူပဝိပါက်ပဉ္စမဈာန်'၏ 'အစဆုံးစိတ်'သည် 'ကံနှင့် ဆက်စပ်မှု ရှိသောကြောင့်' 'ပဋိသန္ဓေ'ဖြစ်သည်။ 'အလယ်စိတ်'များသည် 'ဘဝင်စိတ်'များ ဖြစ်ကြသည်။ 'အဆုံးစိတ်'များသည် 'စုတိစိတ်'များ ဖြစ်ကြသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဤသို့ပင် ပဋိသန္ဓေ, ဘဝင်စိတ်များသည် အမိဝမ်းတွင်းသားငယ်၌ ဖြစ်သည် မဟုတ်ပါ။ 'ကံစိတ်'ဖြစ်သော သူတို့၌သာ ဤသို့ 'ပဋိသန္ဓေ, ဘဝင်, စုတိစိတ်'များ ဖြစ်ကြပါသည်။

ပဋိသန္ဓေစိတ်ဟူသည် ကံဟူသော ဘဝတစ်ခုနှင့်တစ်ခုကို ဆက်စပ်ပေးသောစိတ်ဖြစ်သည်။

စုတိစိတ်ဟူသည် ဘဝ(ဝါ)ကံ၏ ရွေ့လျောသွားသောအဖြစ် ဖြစ်သည်။

၂၈။ အမိဝမ်းတွင်း၌ အကြည်ရုပ်မဖြစ်

ဆက်လက်၍ အမိဝမ်းတွင်း၌ မျက်စေ့,နားစသော အကြည်ရုပ်များ မဖြစ်သလော - ဟူအံ့။ 'မဖြစ်'-ဟူ၍ပင် ကျွန်ုပ်တို့ ဖြေရပါမည်။

ဟုတ်ပါသည်။ မျက်စေ့နှင့် နားစသည်များသည် အမိဝမ်းတွင်း၌ မဖြစ်မဟုတ်ကြပါ။ သို့သော်လည်း 'အကြည်များ မဖြစ်သေးပါ'။ ဤနေရာ၌ 'အကြည်'-ဆိုသောအရာကား အဘယ်နည်း။ ယင်းကိုရှင်းရန် ဥပမာ ပြရပါမည်။

ဥပမာမှာ- လျှပ်စစ်ပန်ကာနှင့် မီးလုံး,မီးချောင်းစသည် တစ်ခုခု ဖြစ်ပါသည်။ ဤဥပမာ၌ ဆိုခဲ့သော တစ်ခုခုသည် ထုတ်လုပ်သောစက်ရုံမှ ထုတ်ပြီးသည်ဆိုလျှင် ပန်ကာ,မီးလုံး,မီးချောင်း တစ်ခုခုအဖြစ်သို့ ရောက်ပါသည်။ သို့သော်ယင်းတို့ကို လျှပ်စစ်နှင့် ဆက်သွယ်ပေးခြင်း မရှိသမျှ လည်ခြင်း,လင်းခြင်းစသော သက်ဝင်လှုပ်ရှားမှုဟု ဆိုအပ်သော 'အကြည်တရား'များ မရှိပေ။

'မျက်စေ့,နား'စသည် အမိဝမ်းတွင်းကပင် ဖြစ်ခဲ့သည်မှန်သော်လည်း ထိုမျက်စေ့နှင့် နားတို့သည် အကြည်မရှိကြ။ လျှပ်စစ်နှင့် မဆက်သွယ်ရသေးသော လျှပ်စစ်ပစ္စည်းများကဲ့သို့ ပင် ရှိသေးသည်။

'အကြည်'-ဟူသောစကားသည် 'နိုးခြင်း'အစရှိသည့် သင့်လျော်သော အမည်ဖြင့် မှည့်ခေါ်အပ်သောအရာ ဖြစ်သည်။ မျက်စေ့လုံးကြီး၏အတွင်း၌ သန်းဦးခေါင်းသဏ္ဍာန် စသည်တို့ လုံးဝမဟုတ်ကုန်။

စက်ကိုထုတ်လုပ်သော စက်ရုံသည် စက်အစိတ်အပိုင်းများကို ထုတ်လုပ်တပ်ဆင်ပေးလိုက်ပေလိမ့်မည်။ ထိုသို့ တပ်ဆင်ပြီးခါမျှဖြင့် ထိုစက်ကို 'နိုးပြီ'ဟု မခေါ်ထိုက်။ အနှစ်တစ်ရာတိုင်အောင် မနှိုးဘဲထားလျှင် နှိုးရန်,လည်ရန် ဘယ်လောက်ပြီးပြည့်စုံပြီ ဖြစ်သော်လည်း မနိုးပေ။ နှိုးသူက နှိုးမှသာ လည်ပေ, နိုးပေမည်။

စက်သည် 'မျက်စေ့,နား'စသည်ဖြစ်ပြီး၊ စက်၏ လည်ခြင်း,နိုးခြင်းသည် မျက်စေ့အကြည်, နားအကြည် ဖြစ်သည်။ စက်ကိုနှိုးပေးသူကား 'ကံစိတ်များ' ဖြစ်ခြင်းတည်း။

၂၉။ လူဟူသည် ကံကြောင့်ဖြစ်သော သတ္တဝါ

ဤသို့ဆိုလျှင် 'လူသည် ကံကြောင့်ဖြစ်သောအရာ' မဟုတ်ဘဲ ဘာသာဘာဝဖြစ်နေသောအရာလော-ဟု မေးချင်ဖွယ် ဖြစ်ပါသည်။

'လူသည် ဘာသာဘာဝဖြစ်နေသောအရာ မဟုတ်ပါ။

လုံးဝပင် ကံကြောင့်ဖြစ်နေသောအရာ ဖြစ်ပါသည်'။

လူ-အမျိုးမျိုး ကွဲနေသည်မှာ 'ကံ'က ခွဲထား၍ ဖြစ်ပါသည်။ တချို့ဆင်းရဲ၍ တချို့ချမ်းသာခြင်းစသည် ကွဲခြင်းများ ဖြစ်ပါသည်။

ကောင်းသောကံကို လုပ်သူသည် 'ကောင်းသောအကျိုး'ကို ဖြစ်ရပါသည်။ မကောင်းသောကံကို ပြုလုပ်သူသည်လည်း 'မကောင်းကျိုးများ'ကို ရပါသည်။ အတိတ်က ဘယ်လောက်လူဆိုးဖြစ်ခဲ့သော်လည်း အခု 'ကောင်းအောင်' လုပ်၍ရနိုင်ပါသည်။ အတိတ်က လူကောင်းကြီး ဘယ်လောက်ပင် ဖြစ်သော်လည်း အခုဆိုးလျှင် 'လူကောင်းမဖြစ်'နိုင်ပါ၊ 'လူဆိုး'ပင် ဖြစ်ရပါမည်။ ဤမျှရေရာ သေချာလှပါသည်။

ထို့ကြောင့်ပင်-

'ဘဝ'ဟူသည် 'ကံ(ကမ္မ)'ဖြစ်သည်-ဟု ခံယူခြင်း ဖြစ်ပါသည်။

၃၀။ သုံးဆယ့်တစ်ဘုံ ဘဝပြဿနာ

ထိုသို့ 'ကံ'ကို လက်ခံသည်'-ဆိုလျှင် ကြားဖူးနေရသော 'သုံးဆယ့်တစ်ဘုံဘဝ'များသည် အဘယ်သို့နည်း-ဟု မေးချင်ကောင်း မေးချင်ဖို့ ရှိပါသည်။

'သုံးဆယ့်တစ်ဘုံဘဝပြဿနာ'သည် သေးငယ်သော'ဘဝပြဿနာ' မဟုတ်ပေ။ သို့သော် 'ဗုဒ္ဓ၏ဘဝအမြင်'ကို တီးခေါက်မိလျှင် ယင်းပြဿနာသည် နက်နဲသောပြဿနာ မဟုတ်တော့ပေ။ ဟုတ်ပါသည်။ 'ဗုဒ္ဓ၏ဘဝအမြင်'ကို ဆွေးနွေးခဲ့ရာ၌ 'ကမ္မ(=ကံ)'ပြုလုပ်၍ ဖြစ်သည်'-ဟု 'ဘဝလည်ပုံ'ကို တင်ပြခဲ့ပြီးပါပြီ။

'အလုပ်'၌လည်း 'အကောင်း,အဆိုး'ဟူ၍ နှစ်မျိုး ရှိပါသည်။

ထို့ကြောင့် လုပ်မှုကြောင့် 'ဖြစ်ပေါ်လာသောအဖြစ်'-သည်လည်း နှစ်မျိုး ဖြစ်ရပါမည်။

ဤသည်ပင် 'ဗုဒ္ဓ၏အဘိဓမ္မ(သစ္စာ)' ဖြစ်ပါသည်။

အမှား လုပ်ခြင်း။

အမှား ဖြစ်ခြင်း (ဝါ) ဒုက္ခဖြစ်ခြင်း။

အမှန် လုပ်ခြင်း။

အမှန် ဖြစ်ခြင်း (ဝါ) ဒုက္ခချုပ်ခြင်း (ဝါ) ငြိမ်းချမ်းခြင်း။

ဤ'သစ္စာလေးချက်'အတွင်း၌ သုံးဆယ့်တစ်ဘုံလောက ပါဝင်ခြင်း ရှိမည်လော,မရှိမည်လော-ဝေဖန်စေလိုပါသည်။ လောက၌ သစ္စာလေးပါးမှလွတ်သောသဘော-ဟု ရှိနိုင်မည်လော။

၃၁။ သုံးဆယ့်တစ်ဘုံဘဝ(=ဉပပတ္တိဘဝ) ရပုံ

'သုံးဆယ့်တစ်ဘုံလောက'သည် 'အမှန်ဖြစ်ခြင်း(ဝါ) ငြိမ်းချမ်းခြင်း-မဟုတ်'။ အမှန်ပြုခြင်းများလည်း မဟုတ်။ အမှားဖြစ်ခြင်း (ဝါ) ဆင်းရဲခြင်းသာတည်း။ ဤကဲ့သို့ 'သစ္စာ'အတွင်း ဝင်လေသည်။ သုံးဆယ့်တစ်ဘုံလောကသည် သစ္စာအတွင်းဝင်ခဲ့လျှင် သို့မဟုတ် သစ္စာအတွင်းမှ ဖြစ်ခဲ့လျှင် ထိုသစ္စာသည် 'လူအတွင်း၌ ရှိသလော, လူ၏ အပြင်ဘက်များ၌ ရှိသလော'-ဟူအံ့။

လူတွင်း၌ ရှိကြောင်း- ဖြေရပေမည်။

ထို့ပြင်လည်း ထိုသတ္တာများသည် တစ်ချက်ခြင်းဖြစ်ကြသလော, တပြိုင်နက် ဖြစ်ကြသလော- ဆိုလျှင် 'တပြိုင်နက်ဖြစ်ကြသည်'-ဟု ဖြေရပေမည်။

ထိုသို့ဆိုလျှင် 'သုံးဆယ့်တစ်ဘုံလောက'ကို ခြေအစခေါင်းအဆုံး တစ်လံမျှလောက်သော ဤကိုယ်ကာယ၌ ရှာဖွေရဖို့ မလွဲတော့ချေ။

သုံးဆယ့်တစ်ဘုံဟူသည် အဘယ်နည်း။

အပါယ်ငရဲနှင့် လူ,နတ်,ဗြဟ္မာတို့တည်း။

အပါယ်နှင့် လူ,နတ်,ဗြဟ္မာများသည် အဘယ့်ကြောင့် ဖြစ်ကြသနည်း။

'အပါယ်(ဘဝ)'ဟု ဆိုအပ်သော 'အပါယ်ကံ'ကိုလုပ်၍ 'အပါယ်'-ဟူသော 'ထင်ရှားမှု(=ဥပပတ္တိ)' ဖြစ်သည်။ ထို့အတူ 'လူ,နတ်,ဗြဟ္မာ(ဘဝ)'ဟု ဆိုအပ်သော ကံကိုလုပ်၍ 'လူ,နတ်,ဗြဟ္မာ'ဟူသော 'ထင်ရှားမှု(=ဥပပပတ္တိ)' ဖြစ်သည်။

အပါယ်ဘဝကား အဘယ်တို့နည်း။

အပါယ်ဘဝများကား 'အကုသိုလ်ကံ'တို့တည်း။

'အကုသိုလ်ကံ'လုပ်သောသူသည် လုပ်စဉ်တင်းလျှဉ်းလည်း ထိုအကုသိုလ်ကံ၏သတ္တိကြောင့် ဆင်းရဲသည်။ လုပ်ပြီးနောက်လည်း ထိုဆင်းရဲမှုကြီး လက်ကျန်တင်းလျှဉ်း ကျန်နေခဲ့သည်။ ဤသို့ ထင်ရှားသော ဆင်းရဲအစဉ်တန်းကြီး ဖြစ်ပေါ်နေမှုသည် 'အပါယ်ဘဝ' ဖြစ်သည်။ အကုသိုလ်ကံဝိပါက်ဖြစ်သော ဘဝင်များ ကျနေခြင်းသည် အပါယ်ဘဝ၏ 'ဥပပတ္တိဘဝ' ရခြင်း ဖြစ်သည်။

ယင်းအကုသိုလ်ဝိပါက်၏ အကုသိုလ်ဖြစ်ပြီးနောက် ပဌမဆုံးသောစိတ်သည် 'အပါယ်ပဋိသန္ဓေစိတ်'-ဖြစ်သည် မည်၏။ သို့မဟုတ် 'အပါယ်ဇာတိ'-ဖြစ်သည် မည်၏။ အလယ်စိတ်များသည် 'ဘဝင်'၊ အဆုံးစိတ်သည် 'စုတိ'ဖြစ်သည် မည်၏။

လူ,နတ်,ဗြဟ္မာများ၏ ဘဝဖြစ်ပုံ(=ဥပပတ္တိဖြစ်ပုံ)လည်း ဤနည်းအတိုင်းကိုမှီး၍ သိနိုင်ခွင့် ရှိလေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထိုသို့ဆိုလျှင် သတ္တဝါတစ်ဦးသည် ‘အပါယ်နှင့် လူ,နတ်,ဗြဟ္မာ’ဟူသော ဘဝတစ်ခုခု၌ဖြစ်နေလျှင် ဘယ်လောက် ကြာမြင့်စွာ ဖြစ်နေရမည်နည်း။ ဘယ်သို့ ဖြစ်နေရသနည်း- မေးဖွယ်ရှိပေသည်။

သတ္တဝါတစ်ဦးသည် တစ်ခုခုသောဘဝ၌ ဘယ်လောက်ကြာမြင့်မည်- ဟူ၍ အတိအကျ ရေတွက်၍ မရနိုင်ရာပေ။ အတိုတောင်းဆုံး ကာလမျှဖြင့် လည်း ဘဝတစ်ခု နိဂုံးချုပ်နိုင်လေသည်။ ဤစကားကို ထင်ရှားအောင် တင်ပြပါ မည်။

အပါယ်ဘဝ ရနေသော သတ္တဝါတစ်ဦး၏ အပါယ်ဘဝ ပဋမဆုံး စဖြစ် သောစိတ်မှာ အကုသိုလ်ကံ၏ အကျိုးဖြစ်သော အကုသိုလ်ဝိပါက်ထဲမှ ‘ပဋိ သန္ဓေလုပ်ငန်း’ကို လုပ်နိုင်သော စိတ် ဖြစ်သည်။ နောက်ဆက်ဖြစ်သော စိတ်များ မှာ ပဋိသန္ဓေလုပ်ငန်းကို လုပ်ခဲ့သောစိတ်နှင့် အလားတူစိတ်သည်ပင် ‘ဘဝင်လုပ် ငန်း’ကို လုပ်လျက် ဆက်ဖြစ်သည်။

ထိုသတ္တဝါ၌ ဤ‘အပါယ်ဘဝ’ရအောင် ပစ်ချလိုက်သော ‘အကုသိုလ်ကံ’ ကြောင့်ဖြစ်သော မျက်စေ့အကြည်, နားအကြည်စသည်များနှင့် ‘အပါယ်ဘဝ’ ဟူသော ‘အကုသိုလ်ကံ၏ဝိပါက်’စိတ်များကြောင့် ဖြစ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာ စသည်များ ဖြစ်ပေါ် ပိုင်ဆိုင်လျက် ရှိသည်။

ထို့ကြောင့် ထိုသတ္တဝါ(=ထင်ရှားဖြစ်ခြင်း)သည် မြင်ခြင်း,ကြားခြင်း စသောစိတ်များ ဖြစ်ပါသည်။ ပြောခြင်းဆိုခြင်း၊ အချက်ပေးခြင်း စသည်များကို လည်း သူလုပ်လိုလျှင် လုပ်ပါသည်။ သူ မြင်ရ,ကြားရသည်များသည် စိတ်မကြည် သာစရာများချည်း ဖြစ်နေတတ်ပါသည်။ ကိုယ်အမူအရာ, နှုတ်အမူအရာ ရုပ် များသည်လည်း ပတ်ဝန်းကျင်နှစ်သက်မှု မခံရ ဖြစ်နေပါသည်။

ထို့ကြောင့် များသောအားဖြင့် သူ့နှလုံးသွင်းသည်လည်း လက်ရှိ အပါယ် ဘဝထက် အဆင့်အတန်း မမြင့်နိုင်အောင် ရှိပါသည်။ ထို့ကြောင့် သူစေသော ဇောများလည်း အကုသိုလ်ဇောများပင် ဖြစ်နေပါသည်။ ထို့ကြောင့်ပင် သူ့ဘဝ သည် ‘အပါယ်ဘဝ’ထဲမှာပင် ပြန်၍ ဖြစ်နေပါသည်။

ဤသို့ တဝဲလှည့်လှည့် 'အပါယ်သံသရာ'လည်နေခြင်းကို 'အပါယ်ဥပပတ္တိဘဝ'-ဟု ခေါ်ရပါသည်။ ထို့ကြောင့် အပါယ်၌နေရမည့်ကာလကို သတ်မှတ်၍ မပြနိုင်ပေ။

ရှည်ကြာနိုင်သော အခွင့်အလမ်း ရှိပေသည်။

တိုတောင်းနိုင်သော အခွင့်အလမ်းလည်း ရှိပေသည်။

'ဝိပါက်အမှန် ဇောအပြန်'-ဟူသည့်အတိုင်း အထက်၌ ဆိုခဲ့သည်များ၌ ဇောစောပုံသည် 'အကုသိုလ်ဇော'-ဟု ပြခဲ့သည်။ ဇောသည် အာရုံနှင့် အကယ်မဆိုင်။ အပါယ်သားဖြစ်၍ သူ့အာရုံသည် စိတ်မကြည်စရာရှိမည် မှန်သော်လည်း 'နှလုံးထားတတ်'လျှင် 'မကောင်းစိတ်'ဟူသော အကုသိုလ်ဇောများ မကျဘဲ 'ကောင်းစိတ်ကောင်းကံ'ဟူသော 'ကုသိုလ်ဇော'များ ကျရောက်နိုင်ပါသည်။

နှလုံးထားတတ်အောင် သင်ကြားသူနှင့် တွေ့လျှင်လည်း နှလုံးထားတတ်သည်ပင် ဖြစ်ပါသည်။ နှလုံးထားတတ်၍ ကုသိုလ်ကံစိတ်များ ဖြစ်ပွားလိုက်သည်နှင့် တပြိုင်နက်၊ အပါယ်ဘဝသည် နိဂုံးချုပ်ပေသည်။ နောက်မှ ပြန်ဆည်းပူးလျှင်သာ ပြန်ဖြစ်ပေမည်။ ဤသို့လျှင် အပါယ်ဘဝသည် တိုလည်း တိုနိုင်သည်။

အခြားသော လူ,နတ်,ဗြဟ္မာစသော ဘဝတို့သည်လည်း ထိုနည်းမခြားပေ။ ဖြစ်ကြောင်း,ပျက်ကြောင်းနှင့် ဖြစ်ကြပုံ,ပျက်ကြပုံသည် တထပ်တည်း တူ၏။ ဖြစ်ရသော ကံ, ဝိပါက်တို့ တစ်ခုနှင့်တစ်ခု မတူကြသည်သာ ထူးသည်။

အပါယ်ဘဝ၌ အမြဲနေရသူဟူ၍ မရှိ။ အပါယ်ဘဝကျနေသော သတ္တဝါသည်လည်း လူ,နတ်,ဗြဟ္မာဘဝများသို့ အကြိမ်ကြိမ် ကျရောက်ခဲ့လည်း ကျရောက်ခဲ့ပြီးပြီ။ ကျရောက်လတ္တံ့လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ဤ'သုံးဆယ့်တစ်ဘုံ' သည် 'ဝဋ္ဋဘုံကြီး' သို့မဟုတ် လှည့်လည်နေရသောဘုံကြီး'ဟူ၍ ပြောဆိုနေကြခြင်း ဖြစ်သည်။

ဤမျှဖြင့် 'သုံးဆယ့်တစ်ဘုံဘဝ'များ အကြောင်း ရှင်းလင်း၍ ပြီးသင့်ပေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

၃၂။ ဗုဒ္ဓအဘိဓမ္မာဟာ ဘာလဲ

ဤစကားအစဉ်ဖြင့် 'ဗုဒ္ဓအဘိဓမ္မာ'၏ 'ဘဝအမြင်(=ဘဝဖြစ်ပုံ)' ရုပ်လုံးသည် ပြီပြင်ထင်ရှားသင့်သလောက် ထင်ရှားပြီပြင်ခဲ့ပြီ-ဟု ကျွန်ုပ်တို့ ယူဆပါသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ'ဘဝအမြင်(=ဘဝဖြစ်ပုံ)'ကို ဆွေးနွေး တင်ပြချက်များ နိဂုံးချုပ်လိုက်ပါသည်။

ယခုအခါ၌ ဗုဒ္ဓအဘိဓမ္မာ၌ 'ဘဝအမြင်'ကိုလည်းကောင်း၊ 'အနှစ်သာရ' ကိုလည်းကောင်း တင်ပြခဲ့ပြီးဖြစ်၍ 'ဗုဒ္ဓ၏ အဘိဓမ္မ'တစ်ရပ်လုံးကို ဆွေးနွေးပြီးပြီဟု မှတ်ယူရပါမည်။ အကျွန်ုပ်တို့သည် စောစောအပိုင်းများ အတွင်းက 'ရှေ့ဘဝ,နောက်ဘဝ အကြောင်းများကို လူသိနိုင်သလော'- ဟူသောပြဿနာကို ဆွေးနွေးရန် 'ဗုဒ္ဓအဘိဓမ္မာ'ကို ဆွေးနွေးကြခြင်း ဖြစ်ပါသည်။

ယခု ဗုဒ္ဓအဘိဓမ္မာကို ဆွေးနွေးခဲ့ပေပြီ။

ဘယ်လိုလဲ၊ ဗုဒ္ဓအဘိဓမ္မာသည် ရှေ့ဘဝနှင့် နောက်ဘဝများရှိကြောင်း ညွှန်ပြသော သို့မဟုတ် ဘဝကို ရှေ့,နောက်တို့ဖြင့် အနက်ဖွင့်ပြသော အဘိဓမ္မာ ဟုတ်ပါ၏လော။

'ဗုဒ္ဓအဘိဓမ္မာ'သည် မမွေးမီနှင့် သေပြီးနောက်တို့ဖြင့် ခြံရံလျက် အနက်ဖွင့်ပြသောအဘိဓမ္မာ လုံးလုံးမဟုတ်ပါ။

'ဗုဒ္ဓအဘိဓမ္မာ'သည်-

'ဘဝ-ဟူသည်ကို ဤသို့ဖြစ်သည်၊ ကောင်း,ဆိုးနှစ်တန် စုန်ဆန်ယောက်ယက်ခတ်နေသည်-ဟု ဘဝအမြင်ပိုင်းခြားပြ၍၊ ထိုသို့မဖြစ်ရန် ဤသို့ တည်ဆောက်ရမည်-ဟု လူတို့အား စိတ်ကူးယဉ်(အာသာ)များ ကုန်ဆုံးပြီး၊ ငြိမ်းချမ်းရန် သို့မဟုတ် ဘဝကုန်ဆုံးရန်ညွှန်ပြသော အဘိဓမ္မာသာဖြစ်ကြောင်း' တွေ့ရသတည်း။

ထို့ကြောင့် ရှေ့က 'ပညာဖြင့် ရှေ့ဘဝ,နောက်ဘဝများဖြစ်ကြောင်း သိနိုင်သည်'-ဟူသော အဆိုအတွက် 'ဗုဒ္ဓအဘိဓမ္မာဖြင့် သိနိုင်သည်'ဟူသော အဆိုသည် ကျေပျက်ခဲ့ပါပြီ။

၃၃။ လူ့ဘဝ အဘယ်ကရသနည်း

'အခြား ပညာတစ်ရပ်ဖြင့်လည်း သတ္တဝါများဘဝ၌ မမွေးမီကနှင့် သေပြီးနောက်များတွင် ဘဝများဆက်ဖြစ်သေးသည်-ဟူ၍ သိနိုင်သေးသည်'-ဟု ဆိုခဲ့ပါသေးသည်။ ယင်း အခြားပညာရပ်ကား 'ဘဝ ကောင်း,ဆိုးနှစ်တန် အဖြစ်များကို တွေ့ရခြင်း' ဟူသတည်း။

ယခုအခါ၌ ကျန်ပြဿနာများကို ဆက်လက်ဆွေးနွေးရန် သင့်လျော်ပါသည်။

ဤအမြင်သည် လူအတော်အများစုထံ၌ တင်ကျန်လျက် ရှိပါသည်။

ယခုဘဝ ကောင်း,ဆိုးနှစ်တန် အဖြစ်များကိုတွေ့ရသဖြင့်၊ ယင်းတို့ကို ထောက်ဆပြီး 'အတိတ်ဘဝများလည်း ရှိသည်၊ အနာဂတ်ဘဝများလည်း ရှိမည်'၊ ဤသို့ အကယ်ပင် သိမြင်နိုင်ပါမည်လော။ အကယ်၍ သိမြင်နိုင်သည်-ဟုပင် ဆိုအံ့။ အဘယ်သို့ ဤယခုဘဝ အဖြစ်များကိုတွေ့၍ သိမြင်နိုင်ပါသနည်း-ဟု မေးရပေမည်။

ဤအမေးကိုတွေ့လျှင် စာရှုသူသည် အောက်ပါအတိုင်း ပြန်၍ မေးချင်ပေလိမ့်မည်။

'ဤလူ့ဘဝသည် အဘယ်မှရသနည်း။

အဘယ်ကြောင့် လူဖြစ်လာသနည်း'။

ဤမေးခွန်းဖြင့်လည်း နောက်ဘဝကို သိသည်။ ဤမေးခွန်းသည် စာရှုသူမေးချင်သည်များထဲ၌ ပဌမကျသောမေးခွန်းတစ်ခုသာ ဖြစ်ဖွယ်ရှိပါသည်။

ဟုတ်ပါသည်။ ဤမေးခွန်းသည် မေးထိုက်သောမေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းများကို ရှေးရှေးကလည်း မေးခဲ့လှပါပြီ။ ရှေးကမေးခဲ့သူတို့၏ အမေးသည် အလွန်ပင် စေ့စပ်သပ်ရပ်လှပါသည်။ သဘောက ယခုမေးသောသဘောပင် ဖြစ်ပါသည်။

ထို့ကြောင့် ထိုမေးခွန်းများကို ထုတ်ပြလိုက်ပါပြီ။

'ရူပံ န ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊'
(ကိုယ်သည် ဘဝမဟုတ်'ဟု အမှန်သိသူများ ပြောကြသည်)
'ကထံ နွယံ ဝိန္ဒတိမံ သရီရံ။'
(ဤဟောပြောသူတွေမှာ ဟောပြောစရာကိုယ်ကြီးကို ဘယ်ကရသနည်း)
'ကုတဿ အဋ္ဌိ ယကန ပိဏ္ဍမေတိ၊'
(သူ၏ အရိုးစု,အသဲစိုင်များကော ဘယ်ကရသတဲ့နည်း)
'ကထံ နွယံ သဇ္ဇတိ ဂဗ္ဘသ္မိန္တိ ။'
(သူ့အမေဝမ်းတွင်း၌ သူဘယ်လို ရောက်သတဲ့နည်း)

ဤသို့ ဂါထာဖြင့် စကားပိုဒ်လေးပိုဒ် မေးခဲ့ပါသည်။ ဤ၌ ပေါ်လွင်မှုဖြစ်ရန် 'ရူပ'-ဟူသော ပုဒ်ကို 'ကိုယ်'-ဟု မြန်မာပြန်လိုက်ပါသည်။ 'ရုပ်'-ဟုပြန်လျှင် ပရမတ်သံပါ၍ ရှုပ်နေမည်စိုး၍ ရုပ်နှင့်ကိုယ်လည်း မထူးပြီမို့ ပြန်လိုက်ခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ 'ရုပ်'ဆိုလျှင် တော,တောင်,ရေ,မြေရုပ်များလည်း ပါဝင်နိုင်၍ ကျယ်ပြန့်လွန်းသွားပါမည်။ ဤ၌ 'ရူပ'အရသည် ယင်းသို့ အကျယ်အပြန့် ဆိုလိုသည် မဟုတ်ပါ။ ဤလူများ၏ရုပ်ကို ဆိုလိုပါသည်။ ထို့ကြောင့် 'ရူပ'အရကို 'ကိုယ်'-ဟု ပြန်ဆိုခဲ့ပါသည်။ ထို့ပြင် 'ဇီဝ'အနက်ကိုလည်း 'ဘဝ'-ဟု ပြန်ဆိုလိုက်ပါသည်။ 'ဇီဝ=အသက်'ဟု သိနေကြပါသည်။ 'အသက်'နှင့်'ဘဝ'သည် တစ်ခုတည်းဟု လူများသိနေကြသည် မဟုတ်ပါလော။ အသက်သေသောသူကို 'ဘဝဆုံးသူ'-ဟု ဆိုရသည် မဟုတ်ပါလော။

'ဇီဝ'ကို 'အသက်'ဟုပြန်လိုက်လျှင် နဂိုကပင် အသက်ပေါ်၌ ခပ်မှုန်မှုန်ဖြစ်နေမည်ဖြစ်၍ ဇီဝကို 'ဘဝ'ဟု ပြန်လိုက်ခြင်း ဖြစ်ပါသည်။ ထို့ပြင် 'အယံ'တို့'ဣမံ'တို့က နာမ်စားအစွဲများ ဖြစ်ပါသည်။ ဘယ်လိုစွဲသော်လည်း ယခု ဆွေးနွေးမည့်အဓိပ္ပါယ် မဖျက်၍ လှအောင်စွဲ၍ ထားလိုက်ပါသည်။ ဤအမေးသည် မြန်မာသက်သက်ဖြင့်ပြန်လျှင် အောက်ပါအတိုင်း အဓိပ္ပါယ်ထွက်ပါမည်-

'ကိုယ်ကောင်သည် ဘ၀မဟုတ်-ဆိုလျှင် သူတို့ကိုယ်ကြီးကို ဘယ်က ရသနည်း။ သူတို့အရိုးနှင့်အသဲစိုင်များကကော ဘယ်ကလာသနည်း။ အမိ၀မ်း ပိုက်ထဲကိုကော သူတို့ ဘယ်လိုရောက်ကြသနည်း။'

ဤအမေးများသည် 'လူ့ဘ၀ ဘယ်ကရသနည်း၊ အဘယ့်ကြောင့် လူဖြစ် သနည်း'-ဟူသော အမေးများနှင့် အတူပင် ဖြစ်ပေသည်။

ထို့ကြောင့် ဤအမေးသည် ကျွန်ုပ်တို့ဖြေရန်မလိုသောအမေး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအမေး၏အဖြေကို လောက၌ ဩဇာအညောင်းဆုံး ဖြစ်သော အမှန်တရားကို ဖော်ထုတ်တင်ပြခဲ့သော ပုဂ္ဂိုလ်တစ်ဦးက ဖြေဆိုပြီး ဖြစ်သောကြောင့် ဖြစ်သည်။

ယင်းပုဂ္ဂိုလ်ကားလွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဖြစ် ထွန်းခဲ့သော 'ဗုဒ္ဓဘုရားသျှင်'ပင် ဖြစ်သည်။

ယင်း၏အဖြေသည် အောက်ပါအတိုင်း ဖြစ်သည်။ ယင်းအဖြေသည် လည်း ပါဠိလိုဖြစ်၍ ပါဠိလိုရော၊ ပါဠိမသိသူများအတွက် မြန်မာလိုပါ တင်ပြ လိုက်ပါသည်-

'ပဌမ ကလလံ ဟောတိ၊'
(အစပဌမ ကလလရေကြည် ဖြစ်၏)။
'ကလလာ ဟောတိ အဗ္ဗုဒံ။'
(ကလလရေကြည်မှ အမြှုပ်နု ဖြစ်၏)။
'အဗ္ဗုဒါ ဇယတေ ပေသိ၊'
(အမြှုပ်နုမှ အမြှုပ်ကြမ်း ဖြစ်၏)။
'ပေသိ နိဗ္ဗတ္တတီ ဃနော။'
(အမြှုပ်ကြမ်းမှ သားတစ် ဖြစ်၏)။
'ဃနာ ပသာခါ ဇာယန္တိ၊'
(သားတစ်မှ ခက်မများ ဖြစ်၏)။

'ကေသာ လောမာ နခါပိစ။'

(ဆံ,အမွေး,ခြေသည်းလက်သည်း ဖြစ်၏)။

'ယဥ္စဿ ဘုဥ္ဇတိ မာတာ အန္နံပါနဥ္စ ဘောဇနံ။'

(မိခင်က ထမင်း,အဖျော်နှင့် စားစရာတစ်ခုခု စား၏)။

'တေနသော တတ္ထ ယာပေသိ၊ မာတု ကုစ္ဆိဂတော နရောတိ'။

(ယင်းတို့နှင့်ပင် မိခင်ဝမ်းနေသူသည် မိခင်ဝမ်း၌ မျှတလျက် နေ၏)။

ထို့ပြင်လည်း ဤကိုယ်ကောင်နှင့်စပ်၍ ပြတ်ပြတ်သားသား ဟောခဲ့ခြင်းများ များစွာ ရှိနေပေသေးသည်။ ယင်းတို့အနက် အောက်ပါ ဟောပြောချက်သည်လည်း အတော်ထိရောက်ပွင့်လင်းသော ဟောပြောချက် ဖြစ်ပါသည်။

ထို့ကြောင့် ယင်းပြဿနာနှင့်စပ်၍ ကြည်ညိုနိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါသည်-

'အယံ မေ ကာယော ရူပီ စာတုမဟာဘူတိကော
မာတာပေတ္တိက သမ္ဘဝေါ ၊ ဩဒန ကုမ္မာ သူပစယော'။

ဆိုလိုသည်မှာ-

'ဤဘုတ်ရုပ် ကိုယ်ကောင်ကြီးသည် မိဘနှစ်ဦးတို့ သွေးများရောစပ်ရာမှ ဖြစ်သည်။ ထမင်း,မုန့်များဖြင့် ပွားစီးကြီးမြင့်နေသည်'-ဟူ၍ ဖြစ်သည်။

'လူသည် ဤသို့ဖြစ်လာသည်'-ဟုပင် ကျွန်ုပ်တို့လည်း ပြောဆိုရပေမည်။

'မိဘတို့၏သွေးနှစ်ခု ရောစပ်သောကြောင့် 'လူဖြစ်သည်'- မှတ်သားသင့်သည်။ ထိုသို့ မိဘတို့သွေးရောစပ်ရာ၌ 'တတိယပစ္စည်းတစ်ခု' နောက်ထပ်ရောစပ်သေးသည်-ဟု မထင်စေလို။ ထိုသို့ ရောစပ်လာကြောင်း အလယ်အလတ်အတွေးအခေါ်ကို ဖော်ထုတ်သိမြင်ကြသူတို့၏ အဆိုအမိန့်များ၌လည်း အလျဉ်းမတွေ့ရ။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ရိုးသားစွာ ဝန်ခံရလျှင် 'မသိကြောင်း'ပင် ဝန်ခံရမည်မှာ အမှန်ဖြစ်ပေသည်။

ထို့ကြောင့် အမိသွေးနှင့် အဖသွေးဟု-ဆိုအပ်သော ပဌမနှင့် ဒုတိယပစ္စည်း နှစ်မျိုးအပြင် သုံးခုမြောက်ဖြစ်သော 'ဂန္ဓဗ္ဗ'ဟူသော 'တတိယပစ္စည်းတစ်

မျိုး’ နောက်ထပ်၍ ပေါင်းလာသေးသည်-ဟု မခံယူသင့်ကုန်။ ခံယူလျှင် ‘အာဂမ, သဘာဝ’ တစ်ခုခုဖြစ်သော ယုတ္တိဖြင့် ပြဆိုရန်လိုသည်။ မပြနိုင်ဘဲ ခံယူလျှင် ‘စိတ်ကူးယဉ်စိတ္တဇဖြစ်မှု သို့မဟုတ် အာသဝပွားမှု’သာ အဖတ်တင်ပြီး ဆင်ရဲတွင်းနက်ရဖို့ ရှိသည်။

၃၄။ ယောကျ်ား,မိန်းမ ဘယ်လိုကြောင့် ကွဲပြားရသနည်း

ဤနေရာ၌ မကျေနပ်လျှင် စာရှုသူ၌ မေးစရာမေးခွန်းတချို့ ထွက်ဖို့ရှိပါသည်။ ဤသို့ ‘ပစ္စည်းနှစ်ခုပေါင်း၍ လူဖြစ်သည်’ဆိုလျှင် လူတိုင်းပင် အတူဖြစ်ကြပါတော့လော။ လူတိုင်းပင်အမိနှင့်အဖတို့၏ သွေးရောစပ်ခြင်းကြောင့် ဖြစ်ကြသည်ချင်းတူလျက် အဘယ်ကြောင့် လူများ တစ်ဦးနှင့်တစ်ဦး မတူကွဲပြား ခြားနားကြသနည်း’။ ဤသို့ မေးဖို့ရှိပါသည်။

‘လူများသည် အဘယ်သို့ တစ်ဦးနှင့်တစ်ဦး မတူကွဲပြား ခြားနားနေသနည်း’- ဤသို့ ပြန်မေးလျှင် အောက်ပါအတိုင်း ဖြေပေမည်-

‘လူသည် တစ်ဦးနှင့်တစ်ဦးတူသည်-ဟူ၍ တစ်ယောက်မျှ မရှိ။ တစ်ခုမဟုတ် တစ်ခု၌ ကွဲပြားခြားနားလျက်ရှိသည်ကို မုချတွေ့နိုင်သည်။ ဤသည်တို့ကိုထား၍ အကြီးမားဆုံးသော ကွဲပြားမှုကိုထုတ်ပြလျှင် ‘ယောကျ်ားနှင့် မိန်းမ’ ဖြစ်သည်။

သွေးနှစ်ခုရောစပ်၍ ဖြစ်သည်ချည်းဆိုလျှင် အတူတူ ဖြစ်ပါတော့လော။ အဘယ်ကြောင့် အချို့သည် ယောကျ်ားဖြစ်၍ အချို့သည် မိန်းမများ ဖြစ်နေကြသနည်း။ ဤသို့ ပြန်မေးချင် ပေလိမ့်မည်။ ဤပြဿနာကိုဖြေရန်အတွက် မေးသူအား အနည်းငယ် ပြန်၍မေးခွန်းထုတ်ရပါမည်။ ယင်းကား အောက်ပါတို့ဖြစ်ပါသည်-

ယောကျ်ားဆိုတာ ဘယ်လိုဟာလဲ။
မိန်းမဆိုတာကကော ဘယ်လိုဟာလဲ။

ယောကျ်ားနှင့်မိန်းမဟူသည် လူ၏ပေါင်နှစ်လုံးဆုံရာ၌ အသွင်သဏ္ဍာန် မတူ ကွဲပြားခြားနားကြသော အဖြစ်ရှိသူများကို ဆိုပါသလော။

စာရှုသူသည် ဤအမေးအတွက် စိတ် တိုကောင်းတိုပါမည်။ ထို့ကြောင့် 'ဒါမဟုတ်လို့ ဘာလဲ'-ဟုပင် ဆိုချင်ကောင်း ဆိုချင်ပါလိမ့်မည်။ ဤသို့များ အကယ်၍ဆိုခဲ့လျှင် စာရှုသူကို မေးခွန်းဖြင့်ပင် ဖြေရပါမည်။

ဟုတ်ပါသည်။ ယောကျ်ား,မိန်းမတို့၏ ပေါင်နှစ်လုံးဆုံရာ၌ ထူးခြားသော အသွင်သဏ္ဍာန် နှစ်မျိုးသည် လူ-စဖြစ်ရာ၌ တတိယပစ္စည်းဖြစ်သော ဂန္ဓဗ္ဗကြောင့် ဖြစ်သည်။ ယင်း ဂန္ဓဗ္ဗ၏အကြောင်းသည် 'အလုံး'ဖြစ်ရန် ဆည်းပူးခဲ့လျှင် 'အလုံး' ဖြစ်သည်။ 'အပြား'ဖြစ်ရန် သင့်လျော်လျှင် 'အပြား'ဖြစ်သည်။ ဤသို့ဆိုလျှင် ဤသို့ လုံးသော,ပြားသောသဘောသည် လူ၌မှု သင့်တန်ပါစေ။

ထန်းပင်များ၌ အဘယ်ကြောင့် အချို့ထန်းစေ့ကိုစိုက်လျှင် ထန်းမပင် ပေါက်လျက်၊ အချို့ထန်းစေ့ကိုစိုက်လျှင် ထန်းဖိုပင် ပေါက်လာကြရသနည်း။ ထန်းပင်က ထန်းသီး-သီး၍ ထန်းစေ့ဖြစ်ရာ၌ လူကဲ့သို့ 'ဂန္ဓဗ္ဗ'ဟူသော တတိယ ပစ္စည်းများ ပါဝင်နေပြန်သေးသလော။ (သဘော်ပင်လည်း အတူပင်)။

ဤအမေးဖြင့်ပင် ဖြေရပါမည်။ 'အဝိညာဏက'ဟူသော နာမ်တရား မရှိသော ဤထန်းစေ့သည် အဖို,အမ နှစ်မျိုးသောထန်းပင်များကို ပေါက်ပွားစေ နိုင်သေးလျှင် လူမျိုးစေ့ဖြစ်သော အမိ,အဖတို့၏ သွေးအပေါင်းကြောင့် လူ- အသွင်ကွဲမှုများဖြစ်သည်ကို လက်ခံနိုင်သင့်ပါသည်။

ယနေ့လူများသည် အကယ်၍ လိုလျှင် လူဖြစ်ရာ၌ ထို-လူဖြစ်အံ့သော လူ၏ ပေါင်နှစ်လုံးဆုံရာ၌ အလုံးကိုလိုလျှင်-အလုံး၊ အပြားကိုလိုလျှင်-အပြား ဖြစ်အောင် ပြုလုပ်နိုင်လျက်ပင် ရှိနေကြပေပြီ။ ယောကျ်ား၏ မျိုးသွေးထဲမှ အလုံးကို ဖြစ်စေနိုင်သော မျိုးသွေးအမျိုးအစားဖြင့် မိန်းမ၏မျိုးဥကိုကို ပေါင်း စေလိုက်လျှင် မွေးလာသောကလေး၏ ပေါင်နှစ်လုံးဆုံရာ၌ အလုံးကလေး ပါရှိ လာမည် ဖြစ်သည်။

ထို့ကြောင့် လူ၏ ပေါင်းနှစ်လုံးဆုံရာ၌ အလုံးသဏ္ဍာန်၊ အပြားသဏ္ဍာန် နှစ်မျိုးဖြစ်ခြင်းသည် 'ဂန္ဓဗ္ဗ'၏ အကြောင်းအားလျော်စွာဖြစ်သည် မဟုတ်။ အမိသွေးနှင့် အဖသွေး ပေါင်းရာ၌ အဖသွေး၏ နှစ်မျိုးနှစ်စားရှိသည့်အနက် တစ်မျိုးနှင့်ပေါင်းခြင်းကြောင့် အဖိုဖြစ်စေ၊ အမဖြစ်စေ တစ်မျိုးဖြစ်ခြင်း ဖြစ်သည်။

အဖိုမျိုးသွေးနှင့်ပေါင်းလျှင် အဖိုဖြစ်သည်။ အမမျိုးသွေးနှင့်ပေါင်းလျှင် အမဖြစ်သည်။ ထို့ကြောင့် လူ-ပေါင်းနှစ်လုံးဆုံရာ၌ သဏ္ဍာန်နှစ်မျိုးအနက် တစ်မျိုးမျိုးဖြစ်ရန် အကြောင်းရင်းမှာ 'အဖ၏မျိုးသွေး'သာ ဖြစ်သည်။ ထို-အဖသွေးသည်လည်း ထိုနှစ်မျိုး ရောနေသောကြောင့် အမိမျိုးဥနှင့် ထိစပ်ရာ၌ တစ်မျိုးသော အဖသွေးနှင့်သာ ထိစပ်ပေါင်းစည်းလေသည်။

ယင်းသို့ ပေါင်းစည်းခြင်းကိုလည်း အဘယ်အမျိုးနှင့်သာ ပေါင်းစည်းရမည်၊ အဘယ်အမျိုးနှင့် မပေါင်းရဟု ဘာနှင့်မျှ၊ ဘယ်သူကမှ စည်းသတ်ပေါင်းဆုံပေးခြင်းလည်း ယနေ့အထိ ရှိခဲ့ဖူးသည် မဟုတ်ချေ။

ထို့ကြောင့် လူတို့၏ ပေါင်းနှစ်လုံးဆုံရာ၌ ထူးခြားသောအသွင်သဏ္ဍာန် နှစ်မျိုးအနက်တစ်မျိုးမျိုးကို ရနေကြခြင်းသည် 'အဗျာပါဒ'(ကြောင့်ကြမဲ့) ရနေရခြင်းသာ ဖြစ်ပေသည်။ 'ကံ'ကောင်း၍လည်း မဟုတ်၊ 'ကံ'ဆိုး၍လည်း မဟုတ်ကုန်။

ထို့ပြင်လည်း ဤအသွင်သဏ္ဍာန်နှစ်မျိုးအနက် အဘယ်အမျိုးသည်-ကောင်းသည်၊ အဘယ်အမျိုးသည်-ဆိုးညံ့သည်-ဟူ၍လည်း မရှိ။ 'ရှိသည်'-ထင်သူများသည် စိတ်မမှန်သူ၊ စိတ္တဇရောဂါရှိသူတို့သာ ဖြစ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအသွင်သဏ္ဍာန်များသည် 'ကံ'၏အကျိုးဖြစ်သော အသွင်သဏ္ဍာန်များ မဟုတ်ကြသောကြောင့်တည်း။

ဤ-ယောကျ်ားနှင့်မိန်းမသည် ကောင်းမှု,မကောင်းမှုကို ပြုလုပ်ခြင်းဟူသော လူ၏ကံကြောင့် ဖြစ်ပေါ်လာသော ယောကျ်ားနှင့်မိန်းမများ မဟုတ်သောကြောင့်ဟု ဆိုလိုပါသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဤ-ကောင်းမှု,မကောင်းမှုကံကြောင့်ဖြစ်သော ယောကျ်ား,မိန်းမဟူ၍ ရှိပါသေး၏လော-ဟု မေးချင်ကောင်း မေးချင်ပါလိမ့်မည်။

ရှိပါသည်။ သေသေချာချာပင်-ရှိပါသည်-ဟူ၍ ဖြေရပါမည်။ အလယ်လမ်းအတွေးအခေါ်ကို သိမြင်ပြီးသူများ၏ လောက၌ ယောကျ်ား,မိန်းမအနက်ဒြပ်သည် ပေါင်နှစ်လုံးဆုံရာ၌ကွဲပြားသော အသွင်သဏ္ဌာန်ကိုမှတ်၍ ဆုံးဖြတ်ခြင်း အလျဉ်းပင် မရှိကြချေ။

ထိုသူတို့သည် ယောကျ်ားနှင့်မိန်းမကို အဘယ်သို့သတ်မှတ်ကြသနည်း-ဟု မေးဖွယ်ရှိပါသည်။ ထိုသူမြတ်တို့သည် အောက်ပါအတိုင်း သတ်မှတ်ကြပါသည်။

'လူတစ်ဦးဦးသည် သူ၏ ပေါင်နှစ်လုံးဆုံရာနေရာ၌ အလုံးပါသည် ဖြစ်စေ၊ အပြားပါသည်ဖြစ်စေ၊ သန့်ရှင်းသော ဟန်ပန်အခြင်းအရာရှိလျှင် 'ယောကျ်ား'ဖြစ်၏။ မရှိလျှင် 'မိန်းမ' ဖြစ်သည်'။

သန့်ရှင်းသောအခြင်းအရာဟူသည် အဘယ်နည်း။

အာရုံငါးပါးကို ခံစားခြင်းရှိသော လောက၌သာ ဤ-သန့်ရှင်း, မသန့်ရှင်းဟူသော စကားကို ပြောဆိုစရာ ရှိပါသည်။ ဤ-'သန့်ရှင်း'ဟူသည်မှာ 'ကြိုက်လိုခြင်း'က လွန်ကဲ၍၊ အကြိုက်ခံလိုခြင်းက ငုပ်ချို့နေခြင်း-ဟု အကြမ်းဖျင်းအားဖြင့် ဆိုရပါမည်။ ထို့အတူ 'မသန့်ရှင်း'-ဟူသည်မှာလည်း ကြိုက်လိုခြင်းက ရှေ့တန်းရောက်မလာဘဲ 'အကြိုက်ခံလိုခြင်း'က ရှေ့တန်းရောက်ခြင်းဟု ဆိုရပါမည်။

ဤသို့သော အမူအရာဟန်ပန် အကြီးအငယ်များဖြင့် သွားခြင်း, လာခြင်း, လှုပ်ရှားခြင်း, ကစားခြင်း, ပြင်ဆင်ချယ်သခြင်းစသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများသည် ယောကျ်ားနှင့် မိန်းမကို ခွဲခြားသော အခြင်းအရာများ ဖြစ်ကြပါသည်။ တနည်းအားဖြင့် 'မသန့်ရှင်း'ဟူသော စကား၏အနက်သည် ဤသို့ နားလည်သင့်သည်။

'နှစ်သက်သာယာဖွယ်သော အဆင်း,အသံ,အနံ့,အရသာ,အတွေ့တို့ကို အလိုရမက်နောက်သို့ ကောက်ကောက်လိုက်၍ လွန်လွန်ကျူးကျူး မူးမူးမေ့မေ့

ခံစားခြင်း၊ ယင်းခံစားခြင်းကြောင့်ဖြစ်သော ကိုယ်,နှုတ်အမူအရာများ ဖြစ်သည်’။

'သန့်ရှင်းသော အခြင်းအရာ’-ဟူသည် ‘နှစ်သက်သာယာဖွယ်ကောင်းသော အဆင်းစသည်တို့၌ မခံစား မဟုတ်စေသော်လည်း လွန်ကျူးယစ်မူးခြင်း မရှိဘဲ ထိန်းထိန်းသိမ်းသိမ်းဖြင့် မမှားယွင်းအောင်ခံစားခြင်း၊ ယင်းခံစားခြင်းကြောင့်ဖြစ်သော ကိုယ်,နှုတ်အမူအရာများ ဖြစ်သည်’။ တနည်းလည်း-

'လောဘများသူ၏ ကိုယ်,နှုတ်,နှလုံး အမူအရာများ’သည် ‘မသန့်ရှင်းသော အခြင်းအရာ’ ဖြစ်ပါသည်။ လောဘတရားများကင်းကွာနေခြင်း မဟုတ်သော်လည်း နည်းပါးသော သို့မဟုတ် ‘တဒင်္ဂပဟာန် ပယ်သတ်ထားသော သူတို့၏ ကိုယ်,နှုတ်,နှလုံး အမူအရာ’သည် ‘သန့်ရှင်း’သည်။ ထိုသို့ သန့်ရှင်းသော အခြင်းအရာရှိသူသည် ယောကျ်ားအဖြစ် ရှိသူ၊ မသန့်ရှင်းသော အခြင်းအရာ ရှိသူသည် မိန်းမအဖြစ်-ဟူသော ကိုယ်ကာယရုပ်တရားရှိသူ ဖြစ်သည်။

ဤယောကျ်ားနှင့် မိန်းမများသည်သာ အယုတ်နှင့်အမြတ် ခွဲ၍ရသည်။

အလယ်လမ်းအမြင်ကို သဘောပေါက် သိမြင်သူတို့လောက၌ အထက်ဆိုခဲ့ပြီးသည့်အတိုင်း ယောကျ်ား,မိန်းမဟူသည်မှာ ဤသူတို့သာ ဖြစ်သည်။

ဤသို့ အယုတ်,အမြတ် ‘ကံ’ဖြင့်ခွဲ၍ရသော ယောကျ်ားနှင့် မိန်းမများကိုမြင်ခြင်း အတွေ့အကြုံဖြင့် မမွေးမီနှင့်သေပြီးနောက် ဘဝများရှိကြောင်း အသိပညာ မဖြစ်နိုင်။

ဤအရာသည် ဗုဒ္ဓအဘိဓမ္မအရ ဖြစ်သည်။

၃၅။ လူတို့၏ မတူသောအဖြစ်များ ဘာ့ကြောင့်ကွဲပြားခြားနားရသလဲ

အခြား မျက်မှောက် အမြင်သက်သေထူစရာ တစ်ခုခုဖြင့်သာ နောင်ဘဝ, နောက်ဘဝများရှိကြောင်း သိနိုင်ကောင်း သိနိုင်ပေမည်။ ထို့ကြောင့် အခြား မျက်မှောက်အမြင်တစ်ခုခုကို ထုတ်လိုက ထုတ်ရန် စာရှုသူအား တိုက်တွန်းရပေမည်။ ဤသို့ဆိုလျှင် စာရှုသူထံမှ တင်ပြစရာ အမြောက်အမြား ထွက်လာဖို့ ရှိပေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ကြောင့် ဤသို့ တင်ပြရပေမည်-

'လူသည် အမိ,အဖတို့၏ မျိုးသွေးများ ရောစပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည်ဆိုအံ့။လူတို့သည် အချင်းချင်း အတူအမျှ ဖြစ်ကြရာသည်၊ ယခုမူကား ထိုသို့ မဖြစ်-

(၁) အချို့လူများသည် အသက်တို၍၊ အချို့လူများ အသက်ရှည်ကြသည်။

(၂) အချို့လူများသည် ရောဂါကင်း၍၊ အချို့မူ ရောဂါများကြသည်။

(၃) အချို့လူများသည် ရုပ်အဆင်းလှကြ၍၊ အချို့မူ အရုပ်ဆိုးကြသည်။

(၄) အချို့လူများသည် မိတ်ဆွေသင်္ဂဟများနှင့် သြဇာအာဏာများ၍၊ အချို့နည်းကြသည်။

(၅) အချို့လူတို့သည် ငွေကြေးဥစ္စာမဲ့၍၊ အချို့ ချမ်းသာကြွယ်ဝကြသည်။

(၆) အချို့လူတို့သည် ဇာတိဟုဆိုအပ်သော ဖြစ်ပွားမှု သို့မဟုတ် လုပ်ကိုင်မှု၊ ဤအရာတိုင်း အဆင်ပြေမြင့်မြတ်၍၊ အချို့ အဆင်မပြေ၊ ယုတ်ညံ့ကြသည်။

(၇) အချို့ အသိဉာဏ်ထက်ပြီး၊ အချို့ အသိဉာဏ် နုံ့ကြသည်။

ဤအဖြစ်များသည် အဘယ်ကြောင့် လူ၌ ကွဲပြားခြားနားနေရသနည်း-ဟု မေးလိုပေလိမ့်မည်။

ဤအရာများကို ဖြေဆိုရမည်ကား များပြားလွန်းလှသည်။ ခက်ကားမခက်ပါ။ အလယ်လမ်းအတွေးအခေါ်ကို တွေးခေါ်မှုလမ်းစ ရပြီးသူတို့အတွက် ဤအဖြေမှန်သည် သင်ပုန်းကြီးအံစာမျှသာ ဖြစ်ပါမည်။

ဟုတ်ပါသည်။ ထိုသို့ဖြစ်သော်လည်း အကျယ်,အကျယ် များစွာမချဲ့ဘဲ လိုရင်းရောက်အောင် တိုတိုကျဉ်းကျဉ်းဖြင့် ဆွေးနွေးလိုပါသည်။

၃၆။ အသက်တိုခြင်း,ရှည်ခြင်းအကြောင်းရင်း

(၁) လူများ အဘယ်ကြောင့် အသက် တိုကြ,ရှည်ကြသနည်း။

ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရားလေးမျိုးကြောင့် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ယင်းလေးမျိုးကောင်းလျှင် အသက်ရှည်ပြီး၊ မကောင်းလျှင် အသက်တိုပါသည်။ ထင်ရှားအောင် ပြပါမည်။

အသက်တိုခြင်း သို့မဟုတ် သေခြင်း အမျိုးမျိုး ရှိပါသည်။ ယင်းတို့ကို အဘယ်သို့ အသက်တိုခြင်း သို့မဟုတ် အဘယ်သေခြင်းသည် အဘယ်အကြောင်းကြောင့်ဟု အမြွက်မျှ ခွဲပြဆွေးနွေးပါမည်။

အဆိပ်ခတ်အသတ်ခံရခြင်း၊ တုတ်,ထားများဖြင့် အသတ်ခံရခြင်း၊ ကိုယ့်ဖာသာ အဆိပ်သောက်သေခြင်း၊ ကြိုးဆွဲချသေခြင်းများသည် 'ကံ'ကြောင့်သေခြင်းများ ဖြစ်ပါသည်။

အဆိပ်များသောက်မိ၍ သေခြင်း၊ သစ်ပင်မှကျ၍ သေခြင်း၊ အထင်လွဲပြီး အသတ်ခံရ၍ သေခြင်း စသည်များသည် စိတ်ကြောင့်သေခြင်းများ ဖြစ်ပါသည်။

အပူရှပ်၍ သေခြင်း၊ အအေးပတ်၍ သေခြင်း စသည်များသည် ဥတုကြောင့်သေခြင်း ဖြစ်ပါသည်။

မသင့်မြတ်သော အစားအသောက်ကိုစား၍ သေခြင်းသည် အာဟာရကြောင့်သေခြင်း ဖြစ်ပါသည်။

'ကံကြောင့်သေခြင်းများ'ဟူရာ၌ အဘယ်သို့သော 'ကံ'များနည်း။

သူ့အသက်သတ်ခြင်းစသော ကံများတည်း။

ထိုသို့ ကိုယ်,နှုတ်အမူအရာမှားများကို ပြုခဲ့သူ၊ ပြုဆဲဖြစ်သူ တစ်ဦးဦးသည် ပတ်ဝန်းကျင်၏ ဒဏ်ခတ်ခြင်းကို ရုပ်မှာဖြစ်စေ၊ စိတ်မှာဖြစ်စေ ခံရပြီး ဤသို့ သေဆုံးရပါသည်။ ထင်ရှားရန် ပုံစံဖြင့် ကြည့်သင့်ပါသည်-

'လူတစ်ယောက်သည် အခြားလူတစ်ယောက်အား သွား၍သတ်လျှင် အသတ်ခံရသူ၏ ခုခံချက်ဖြင့် သတ်သူလည်း သေနိုင်လေသည်။ အကယ်၍

သေလျှင် အဘယ်ကြောင့် သေရသနည်း သို့မဟုတ် အသက်တိုရသနည်း။ သူ၏ သူများကိုသတ်လိုသော စေတနာကံကြောင့် သေရသည်၊ အသက်တိုရသည်'-ဟု ဆိုရမည် မဟုတ်ပါလော။

ဤနေရာ၌ စာရှုသူသည် အကယ်၍ အလယ်လမ်းသဘောတရားကို သိမြင်ခြင်းမရှိလျှင် ကျေနပ်သလို ခံစားရပေလိမ့်မည်။ 'ဒါတော့ ဟုတ်တာပေါ့'-ဟူ၍လည်း ဆိုမိကောင်း ဆိုမိလိမ့်မည်။ 'ဒါတော့ ဟုတ်တာပေါ့'-ဆိုလျှင် 'ဘာမဟုတ်သလဲ'-ဟု ပြန်မေးရဖို့ ရှိပါသည်။

သူသေရခြင်းသည် သူ၏ သတ်လိုသော စေတနာကံအပြင် အခြားအကြောင်းတစ်ခုခု ရှိသေးသလိုလို သူ့ရင်ထဲ၌ ကိန်းနေပေမည်။ ထိုအရာကား အဘယ်နည်း'ဟု မေးလိုသည်။

အကယ်စင်စစ်၌ ထိုအရာသည် လုံးဝမရှိသောအရာ ဖြစ်သည်။ 'သေဖို့ကံပါ၍ သူက သူများကို သွားသတ်ရသည်'-ဟု ပြောလိုကောင်း ပြောပေမည်။ ဤအပြောသည် အကျိုးကို အကြောင်းလုပ်ပြောသော အပြော ဖြစ်ပါသည်။ အမြင်မဲ့သူတိုင်းလိုလိုပင် မိမိအမြင်မဲ့မှုကို ဖာထေးရန် အကြောင်းကြောင့်ဖြစ်သောအကျိုးကို အကြောင်းတဖန်လုပ်၍ ပြောကြတုန်း ရှိလေသည်။

စင်စစ်၌ 'နောက်ဘဝက ကံပါလာ၍ ယခုဘဝမှာ ကံဆိုးကိုပြုလုပ်ရသည်'-ဆိုသည်မှာ အလယ်အလတ်ကျသော မှန်သောအတွေးအခေါ်ကိုကျော်၍ ဆိုခြင်း ဖြစ်ပေသည်။

'ကံ'သည် 'ကံ'အဖြစ် မနေ၊ 'ဝိပါက်'အဖြစ်သို့ လှည့်ပြောင်းသွားပေသည်။ ဤဝိပါက်သည် 'မနောဒွါရ'ဟူသော နေရာကိုယူ၍ နောက်'ကံ'အသစ်တစ်ခုဖြစ်ရန် အကြောင်းဖြစ်သည်ဟု ဆိုရသော်လည်း၊ ထို'မနောဒွါရ'သည် 'ကံသစ်'ဖြစ်ရာအကြောင်း၌ အကြောင်းရင်း မဟုတ်။ 'ကံ'ဖြစ်စေသောဇောသည် နှလုံးသွင်းအားလျော်စွာ လှည့်ပြောင်းနိုင်ခွင့် ရှိသည်။ 'ပရတောဃောသ, ယောနိသောမနသိကာရ'-စသည်တို့ကြောင့် 'ဇော'သည် လှည့်ပြောင်းသွားနိုင်သည်။

ဆိုလိုသည်မှာ အာရုံသည် အကျိုးဝိပါက်ဖြစ်သော 'ဘဝင်'ဟူသော 'မနောဒွါရ'သို့ ထင်လာသည် ဆိုအံ့။ မိမိ၏ 'ယောနိသောမနသိကာရ, အယောနိသောမနသိကာရ'အားလျော်စွာ ကုသိုလ်ဇော,အကုသိုလ်ဇော တစ်ခုခု ဆက်ကြရပေသည်။ 'ကံဆိုးဘဝင်'ဟူသော မနောဒွါရမှာထင်လာသော အာရုံ ဖြစ်သောကြောင့် ဇော၌လည်း 'ကံဆိုးဘဝင် မနောဒွါရ' အားလျော်စွာ 'ကံဆိုး(ဇောဆိုး)'ပဲ ဖြစ်ရမည်-ဟု စည်းမရှိနိုင်ပေ။ (ဝိပါက်အမှန် ဇောအပြန်)။

ထို့ကြောင့် 'နောက်ဘဝကံကြောင့် ယခုဘဝ၌ ကံသစ်ဖြစ်သော သတ်ခြင်းအမှုကိုပြုရသည်'-ဟူသော အဆိုသည် မတော်မသင့်သောအဆို ဖြစ်သည်။

ယခု 'ကံဆိုးအသစ်'ကိုပြုခြင်းသည် နှလုံးသွင်းမှားသောကြောင့် ဖြစ်သည်။ ယခု အဘယ်ကြောင့် နှလုံးသွင်းမှားရသနည်းဆိုလျှင်-

'မှန်ကန်မှုကို သင်ကြားချက် မနာရ၍ဖြစ်သည်'။

အဘယ်ကြောင့် မနာရသည် ဆိုလျှင်-

'မှန်ကန်သူနှင့် မပေါင်းရ၍'-ဟု ဖြေရမည်။

အဘယ်ကြောင့် မပေါင်းရသနည်း-ဟု ဆိုလျှင်-

'မှန်ကန်သူနှင့် ပေါင်းနိုင်လောက်အောင် အခြေခံအချက်အလက် အချို့တို့ မတည်ဆောက်သောကြောင့်'-ဟု ဆိုရမည်။

ယင်း အခြေခံအချက်အလက်ကား အဘယ်နည်းဆိုလျှင်-

'ပေးခြင်း,ကမ်းခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း၊ စိတ်ဓါတ်မြင့်တင်ခြင်း'၊ စသည်တို့ ဖြစ်သည်။ 'အခြေခံရှိခြင်း'ဟူသော စကားလုံးသည် 'ပါရမီ'ဟူသော စကားလုံး၏ ဒုတိယစကားလုံး ဖြစ်ပေသည်။

ဤမျှဖြင့် လူများ အဘယ်ကြောင့် အသက်တိုရ,ရှည်ရသည်ကို သိနားလည်ခွင့် အနည်းအကျဉ်း ရလောက်ပြီဟု ထင်ပါသည်။ စိတ်နှင့်ဥတု,အာဟာရ တို့ကြောင့် အသက်တိုရ, ရှည်ရပုံသည် အစေ့အစပ် အသေအချာ နည်းကောင်း နည်းသွားပါမည်။ ဤဆွေးနွေးရသော ပင်မအကြောင်းနှင့် များစွာပတ်သက်ခြင်း မရှိ၍ ခပ်ဟဟမျှဖြင့် ပြီးခဲ့ခြင်းဖြစ်ပါသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

၃၇။ ရောဂါနည်းခြင်း,များခြင်းအကြောင်းရင်း

(၂) ဆက်လက်၍ 'အဘယ်ကြောင့် အချို့ရောဂါနည်း၍ အချို့များရသည်' ကို ဆွေးနွေးလိုပါသည်။

ဤ'ရောဂါအကြောင်း'သည်လည်း လေးမျိုးပင် ရှိပါမည်။ ကံ,စိတ်, ဥတု, အာဟာရတို့ပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကံနာ, စိတ်နာ, ဥတုနာ, အာဟာရနာ-ဟူ၍ အနာရောဂါသည် လေးမျိုးဖြစ်ပါမည်။

ဤ၌ 'ကံနာ'ဆိုသည်များကား လက်အဖြတ်ခံရခြင်း၊ ထားအခုတ်ခံရခြင်း၊ တုတ်အရိုက်ခံရခြင်း စသည်တို့ဖြစ်သည်။ ဤသို့သောအနာများသည် အဘယ်ကြောင့် 'ကံနာ'ဟူ၍ ဆိုနိုင်သနည်း။ ခိုးခြင်း၊ သတ်ခြင်းအစရှိသော အမှုကိုပြုသူသည် ဤသို့ ပြုသောကြောင့် အရိုက်အပုတ် အခုတ်အထစ်များ၊ အဆိပ်ခတ်ခံရခြင်းများ စသည်တို့နှင့် ရင်ဆိုင်ရလေသည်။ ဤသို့ ပြုသောအမှုသည် ခိုးခြင်းအစရှိသော 'စေတနာကံ' ဖြစ်၏။ ထို့ကြောင့် ဤအနာများသည် 'ကံနာ'များ ဖြစ်သည်။

'စိတ်နာ'ကား အဘယ်နည်း။ စိတ်ကြောင့်ဖြစ်သော အကြောပန်းရောဂါအမျိုးမျိုး ဖြစ်သည်။ ဥပမာ- စိတ္တဇခေါင်းကိုက်၊နောကျောတက်၊ ပိုက်နာ-စသည်တို့ ဖြစ်သည်။

ဤ၌ 'ကံ'နှင့်'စိတ်'ကို အဘယ်သို့ ခွဲခြားမည်နည်း-ဟု မေးဖွယ်ရှိပါသည်။ မေးလိုသည်မှာ အသက်တိုခြင်း၊ ရောဂါရခြင်းများကို ဖြစ်စေနိုင်သော 'ကံ'နှင့် 'စိတ်'တို့ကို ဘယ်လိုခွဲခြားမည်နည်း-မေးဖွယ်ရှိသည်ဟု ဆိုလိုပါသည်။

ဤအမေးကို ယနေ့ နားလည်နိုင်သော စကားလုံးဖြင့် ပြောလျှင် လွယ်ကူရှင်းလင်းပါသည်။ ယနေ့နားလည်နိုင်သော စကားမှာ-

စိတ်-နှစ်မျိုးရှိသည်။ တစ်မျိုးမှာ 'အပြင်စိတ်'၊ အခြားတစ်မျိုးမှာ 'အတွင်းစိတ်'ဟူ၍ ဖြစ်သည်။ ဤစကားဖြင့်ပြောလျှင် ရှင်းပါသည်။

- အပြင်စိတ်သည် 'ကံ' ဖြစ်ပါသည်။
- အတွင်းစိတ်သည် 'ဝိပါက်စိတ်' ဖြစ်ပါသည်။

ဟုတ်ပါသည်။ ကံနှင့်ဝိပါက်သည် အပြင်စိတ်နှင့် အတွင်းစိတ်များဟု ခေါ်ထိုက်သော အဖြစ် ရှိပါသည်။

'ကံ'လည်း စိတ်နှင့်မှ အတူဖြစ်ရသောကြောင့် 'စိတ်'ပင် ဖြစ်ပါသည်။

'ဝိပါက်'လည်း 'စိတ်'ပင်ဖြစ်ပါသည်။

ထိုသို့ 'စိတ်'ချင်းတူသော်လည်း 'ကံစိတ်'သည် ကိုယ်ပိုင်ဒွါရအာရုံများဖြင့် ထင်ရှားပေါ်လွင်ပါသည်။ 'ဝိပါက်စိတ်'မှာ ကိုယ်ပိုင်ဒွါရ မရှိသည်သာမက သူကိုယ်တိုင်ကပင် ပြန်၍ ဒွါရနေရာကို တာဝန်ခံ ယူနေရပြန်ပါသည်။ ထို့ကြောင့် သူသည် ငုပ်ပါသည်၊ အတွင်းကျပါသည်။

ဤသို့ 'ကံ'နှင့် 'စိတ်'ကို နားလည်ရပါမည်။ ယင်းကိုလက်ခံလျှင် ကံကြောင့်ဖြစ်သော အသက်သေဆုံးမှု၊ ရောဂါရမှုနှင့် စိတ်ကြောင့်ဖြစ်သော အသက်သေဆုံးရမှု၊ အနာရောဂါရမှုများကို ခွဲခြားနိုင်မည်-ဟု ယုံကြည်ပါသည်။

ဥတုနှင့် အာဟာရတို့ကြောင့်ဖြစ်သော ရောဂါများမှာ ထင်ရှားလှပါသည်။ အချဉ်စား၍ ဖျားခြင်း၊ အပူရှပ်၍ ဖျားခြင်းစသည်တို့ ဖြစ်ပါသည်။

ဤမျှဖြင့် လူများ ရောဂါများခြင်း၊ နည်းခြင်း အကြောင်းကို တင်ပြခဲ့ပြီး ဖြစ်ပြီဟု ယူဆပါသည်။

## ၃၈။ ရုပ်ဆိုးခြင်း,လှခြင်း အကြောင်းရင်း

(၃) ဆက်လက်၍ ရုပ်ဆိုး,ရုပ်လှ ကွဲရခြင်းအကြောင်းကို တင်ပြပါမည်။ ရုပ်ဆိုး,ရုပ်လှ-ဟူသည်မှာ အဘယ်နည်း။ အဘယ်သို့သောအဆင်းသည် ရုပ်ဆိုးဖြစ်၍ အဘယ်သို့သောအဆင်းသည် ရုပ်လှဖြစ်သနည်း။

နိမ့်,မြင့်၊ မဲ,ဖြူ ဆူ,ကြုံ ဤခြောက်ပါးရှိခြင်းသည် မလှ၊ လွတ်မှ လှသည်-ဆိုလျှင် ထို'အလှနှင့်မလှ'သည် 'ကံကြောင့်ဖြစ်သော အလှနှင့်မလှ'တို့ မဟုတ်ကုန်။ ဥတု,အာဟာရများကြောင့်သာ ဖြစ်ကြသော အလှနှင့်မလှများ ဖြစ်ကြလေသည်။

ဟုတ်ပါ၏။ ဥတု,အာဟာရများ မျှတလျှင် မည်းလွန်းခြင်း,ဖြူလွန်းခြင်း၊ နိမ့်လွန်း,မြင့်လွန်းခြင်းတို့မှ လွတ်မည်။ ဝလွန်း,ပိန်လွန်းခြင်းတို့မှ လွတ်မည်။

'ကံ'ကြောင့်ဖြစ်သောအလှကား ထိုဆိုခဲ့ပြီးသောအလှများ မဟုတ်ကုန်။

လက်မပါခြင်း၊ လက်ပိုပါခြင်း၊ နှာခေါင်းတိုခြင်း,ရှည်ခြင်း၊ နဖူးကျယ်ခြင်း, ကျဉ်းခြင်း၊ ဆံပင် နက်မှောင်ရှည်လျားခြင်း၊ ကော့ပျံနေခြင်း, မနေခြင်းတို့သည် လည်း 'ကံ'ကြောင့်ဖြစ်သော အလှနှင့် မလှများ မဟုတ်ကုန်။ 'ကံ'ကြောင့်ဖြစ် သော အလှကား-

'အလွန်ကြည်သော ရွှေရည်ပတ္တမြားအလား မက၊ တမြမြအေးစက်၊ တလက်လက်တောက်ပြောင်သော နှိုင်းတုမဲ့အလှတရား ဖြစ်လေသည်။

ယင်းကို စကားလုံးများဖြင့် တိုက်ရိုက်သရုပ်ဖော်ခြင်းငှာ လုံလောက် သောစကားလုံး အတိအကျ မရှိပေ'။

'ကံ'ကြောင့်ဖြစ်သောအလှကို ဖော်ကျူးလိုကုန်သောသူတို့သည် အလှ အပ၏ အစအနကလေး တစ်ဖဲ့တလေကို ဖော်ကျူးရန်ပင် စာမျက်နှာပေါင်းများ စွာဖြင့် ဖွဲ့ထားသော စာအုပ်ပေါင်းများစွာကို အသုံးပြုကြရလေသည်။

'ကံကြောင့်ဖြစ်လတ်၊ အလှဓါတ်၏၊ ထုပ္ပါတ်နိသင်၊ ဤရှိစဉ်က၊
လူရှင်ပေါ်ယယ်၊ ဂါထာသွယ်၍၊ ဖွင့်ကျယ်ဆန်းထွေ၊ ဟောတို့
ပေလည်း၊ ဆုံးစေအံ့ငှာ၊ မတတ်ရာသည် ။ ။ တေဇာကြီးမြင့်
ဖွံ့ဖြိုးတည်း။'

ကံကြောင့်ဖြစ်သော အလှအပသည် ဤ၍ဤမျှ နက်ရှိုင်းလွန်းလှချေ သည်။ ကျွန်ုပ်တို့လည်း ဤအလှကို ခံစားသာခံစားတတ်၍ ဖော်ပြမှုကိုကား မပြုလုပ်နိုင်ချေ။

ထို့ကြောင့် ဤအလှကိုဖော်ပြရန် တာဝန်ဆိုက်လာလျှင် ဤအလှကို မဖော်ပြဘဲ အကြောင်းအမြွက်မျှကိုသာ ကျွန်ုပ်တို့ပြနိုင်ပေသည်။ အောက်ပါ အတိုင်း နားလည်နိုင်အောင်သာ ကြိုးစားကြပါကုန်-

'ကံကြောင့်ဖြစ်သော အလုပိုင်ရှင်သည် ပတ်ဝန်းကျင်လူသားတို့ အပေါ်၌ အထိအခိုက်မရှိ ကူညီဖေးမဖို့ အသင့် ရှိနေလေသည်။ ခွဲရှာစက်ဆုတ်သွားခြင်းလုံးဝမရှိ။ အချို့ ကိုယ့်ထက်သာသူများအပေါ်၌ ဝမ်းမြောက်ဝမ်းသာဖြင့် 'သာမူ' ကို အသိအမှတ်ပြုနိုင်သောစိတ် ရှိပေသည်။ ကြွင်းကျန်သော ပတ်ဝန်းကျင်များအပေါ်၌လည်း အဘယ်ကြောင့် ဤသို့ဖြစ်သည်၊ ဤအဖြစ်၏ အကြောင်းသည် အဘယ်ဖြစ်သည်-ဟု နိုးကြားသိမြင်နေလေသည်'။

အလှပိုင်ရှင်၏စိတ်သည် ဤသို့ ဖြစ်နေလေသည်။

ဤစိတ်,စေတနာကံ၏ အခြင်းအရာ ဟန်ပန်တို့သည် သူ့ကိုယ်ကာယ၏ လှုပ်၍,ရှား၍ ကစား၍ရသမျှ အစိတ်အပိုင်းတိုင်း၌ အားလုံးထင်လျက် ပေါ်လွင်လျက်ရှိသည်။

ဉပမာ- မျက်လုံး,မျက်ခုံး,နှာခေါင်း,နှုတ်ခမ်း,ပါး,လက်,ခြေ,ခါးစသည်တို့ဖြစ်သည်။ ထို့အတူ အသံ၏ အတိုး,အကျယ်၊ အနိမ့်,အမြင့်၊ အဖွင့်,အပိတ်နှင့် စကား၏ အနက်ဒြပ်စသည်တို့လည်း ဖြစ်ပေသည်။ ဤအရာအားလုံးသည် အထက်ဆိုခဲ့သော စိတ်စေတနာကံအတိုင်း တကွထပ်တူ ဖြစ်နေကြသည်။

ဤအလှအပသည် 'ကံကြောင့်ဖြစ်သော အလှအပ' ဖြစ်သည်။

စိတ်ကြောင့်ဖြစ်သော အလှနှင့်မလှကား ဇာတ်မင်းသမီး, ရုပ်ရှင်မင်းသမီးတို့၏ တစ်ပွဲတိုး အလှနှင့်မလှတို့ ဖြစ်ပေသည်။ သူတို့၏ အလှခန်း၌အလှ၊ အကျည်းတန်ခန်း၌ မလှ(အကျည်းတန်)။ ဤအရာများသည် ဟန်အလှသို့မဟုတ် စိတ်ဖြင့် တမင်လုပ်ယူရသော စိတ္တဇအလှတို့ ဖြစ်ပေသည်။ ထို့ပြင်လည်း အမျိုးသမီးငယ်တို့၏ ပြင်ဆင်မှုကြောင့်ဖြစ်ပေါ်သော အလှသည်လည်း စိတ္တဇအလှတို့ပင် ဖြစ်ကြပေသည်။

ဉပမာ- နှုတ်ခမ်းက မပြုံးပါဘဲလျက် ပြုံးနေသည်ထင်ရလေအောင် ဆေးကူထားခြင်း၊ မျက်လုံးက ရီနေ,ကြည်နေခြင်းများ မရှိပါဘဲလျက် ရှိနေသည်ထင်ရအောင် ဆေးကူထားခြင်း၊ ကာမသွေးမကြွပါဘဲလျက် ကြွနေသည်ထင်ရ

အောင် လက်ဖမိုး၊ လက်ဖျားနှင့် ပါးတို့တွင် ဆေးကူထားခြင်း၊ ကာမစိတ် မဝင် ပါဘဲလျက် ဝင်နေလေဟန် ထင်ရလေအောင် ရင်သားကို တောင့်ကြွနေလေဟန် ပြုထားခြင်း စသည်တို့ဖြစ်သည်။

၃၉။ မိတ်ဆွေနည်း,များခြင်းနှင့် ဩဇာအာဏာအကြောင်းရင်း

(၄) ဆက်လက်၍ ကျန်သောပြဿနာများကို ဆွေးနွေးပါမည်။ ယခုဆိုက် လာသော ပြဿနာတို့ကား အချို့လူများ မိတ်ဆွေအပေါင်းအသင်းနှင့် ဩဇာ အာဏာကောင်းပြီး၊ အချို့ မကောင်းခြင်းအကြောင်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ အချို့သူ၌ ချစ်သူခင်သူများ၍ ဩဇာကြီးမားသည်။ အချို့ ဤသို့မဟုတ်။ ဤသည်မှာ အဘယ်ကြောင့်နည်း-ဟူ၍ ဖြစ်သည်။

ဤအဖြေလည်း နှစ်ချက်ခန့် ဖြေရမည်။

ကံနှင့် ပညာ၊ ဉစ္စာပစ္စည်းတို့ကြောင့် ဟူ၍ ဖြေရမည်။

ဟုတ်ပါသည်။ ပညာ, အာဏာ, ဉစ္စာရှိသူများထံ၌ လူများသည် ဝိုင်းအုံ နေကြရပေသည်။ ထို့ပြင် ထိုသူပြောဆိုသော စကားကိုလည်း လိုက်နာကြရပေ သည်။ ထို့ကြောင့် ပညာဖြစ်စေ၊ ဉစ္စာဖြစ်စေ၊ အာဏာဖြစ်စေ။ နှစ်ခုဖြစ်စေ, သုံးခုဖြစ်စေ ပိုင်ဆိုင်သူသည် မိတ်ဆွေအပေါင်းအသင်း၊ ချစ်သူခင်သူပေါ်များ၍ သူ၏စကားသည် ဩဇာအာဏာ ရှိလေသည်။

သို့သော်လည်း ဤသူများသည် ချစ်ခင်သူနှင့် ဩဇာရှိသူ အစစ်အမှန် များ မဟုတ်ကြပေ။ ချစ်၍မဟုတ်ဘဲ၊ မချစ်သော်လည်း အောင့်ကာနမ်းများသာ ဖြစ်ကြပေသည်။ သူ့ဘေးမှ မိတ်ဆွေနှင့် သူ့ဩဇာအောက်မှသူများသည် 'သူ့ကို' ချစ်ကြ,ဩဇာခံကြသည်လည်း မဟုတ်ပေ။ 'သူရရှိနေရာ'ကိုသာ ဩဇာခံကြ၊ ချစ်ခင်ပေါင်းသင်းကြခြင်း ဖြစ်ပေသည်။ ဤနေရာမှ သူဆင်းသွားရလျှင် ဤသူ၌ ဩဇာနှင့်မိတ်ဆွေသင်္ဂဟ၊ ချစ်သူခင်သူများ ကင်းကွာနေပေမည်။

ထို့ကြောင့် ထိုသူသည် မိတ်ဆွေများသူ၊ ဩဇာကြီးမားသူ-ဤသို့ မဆိုနိုင် တော့ချေ။

ဤသို့ဆိုလျှင် မိတ်ဆွေ,ချစ်ခင်သူများပြားသူနှင့် သြဇာကောင်းသူ-ဟူ သည် အဘယ်နည်း။ ဤပြဿနာ၏အဖြေကား နေရာကို ပဓါနမထားဘဲနှင့် အချစ်ခင်ခံရ, သြဇာရသူများသာ ဖြစ်ကြသတည်း-ဟု ဖြေရပေမည်။

နေရာမရှိဘဲ ဤသူသည် အဘယ်ကြောင့် ချစ်သူခင်သူ မိတ်ဆွေသင်္ဂဟ ပေါများသူ၊ သြဇာရှိသူ အဘယ်ကြောင့် ဖြစ်ရသနည်း။

သူ၏'ကံ'ကြောင့် ဖြစ်သည်။

'သူ့ကံ'ကား အဘယ်နည်း။

ထို 'ကံ'ကား ပတ်ဝန်းကျင်လူသားတို့အပေါ်၌ လုံးဝ ယုံကြည်စိတ်ချခံရ လောက်အောင်၊ ကိုယ့်ထက်သာ မနာလို လုံးဝမဖြစ်ဘဲ၊ ကိုယ့်ထက်သာသည်ကို ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုနိုင်ခြင်းပင် ဖြစ်လေသည်။

ဟုတ်ပါသည်။

သူများဘဝကို မရှုစိမ့်,မနာလို မရှိသောသူသည် လူတိုင်း၏

အမြတ်နိုးခံ အယုံကြည်ခံပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။

လူတိုင်းသည် ကိုယ့်ဘဝအတွက် အဖော်လိုချင်ကြပါသည်။ ထို့ပြင် လမ်းညွှန်ပြောဆိုမည့်သူကိုလည်း အလိုရှိကြပါသည်။ သို့သော်လည်း ထိုအဖော် နှင့် လမ်းညွှန်သြဇာပေးမည့်သူသည် ကိုယ့်ဘဝအတွက် ဘယ်လိုမှ အထိအခိုက် မဖြစ်နိုင်ဟုလည်း စိတ်ချလို၊ ယုံကြည်လိုပါသည်။ ထို့ကြောင့် ကိုယ့်ဘဝ ကြီး ထွားရပ်တည်နိုင်မှုအတွက် သူများဘဝကို လှေခါးထစ်ပြုရမည်ဟူသော 'ဣဿာ'ဟုဆိုအပ်သော အဖော်ရှိသောကံကို ပြုသူသည် အခြွေအရံ, အဖော် အပေါင်းနှင့် သြဇာအာဏာမရှိခြင်း ဖြစ်ပါသည်။

ဤမျှဖြင့် မိတ်ဆွေများ၍ သြဇာအာဏာရှိသူနှင့် မိတ်ဆွေနည်း၍ သြဇာအာဏာမရှိသူအကြောင်းကို ဆွေးနွေးပြီးပါပြီ။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

၄၀။ ဥစ္စာပစ္စည်းပြည့်စုံခြင်းနှင့် မွဲခြင်းအကြောင်းရင်း
(၅) ဆက်လက်၍ ပစ္စည်းဥစ္စာမွဲသူနှင့် ပြည့်စုံသူဖြစ်ရခြင်းအကြောင်းကို ဆွေးနွေးပါမည်။

အချို့လူများမွဲ၍ အချို့ချမ်းသာကြသည်မှာ အဘယ်ကြောင့်နည်း။ ပစ္စည်းဥစ္စာပြည့်စုံရခြင်း၏ အကြောင်းကို လူတို့သည် မိဘချမ်းသာခြင်း၊ လင် သို့မဟုတ် မယားချမ်းသာကို ရခြင်း၊ ထီပေါက်ခြင်း၊ ရွှေအိုးငွေအိုးများကောက်ရခြင်းတို့ ဖြစ်သည်ဟု ဆိုလိုကြသူများလည်း ရှိပေသည်။

အကယ်စင်စစ်၌ မိဘချမ်းသာများမှ အမွေးအဖွားခံရခြင်း စသည်တို့သည် ချမ်းသာခြင်း၏ အကြောင်းမဟုတ်-ဟု မဆိုနိုင်ပါ။ သို့သော်လည်း ဤအကြောင်းများသည် ချမ်းသာခြင်း၏ အရင်းကျသော အကြောင်းများမူကား မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူချမ်းသာ သားသမီးများဖြစ်ခြင်း၊ ချမ်းသာသောမယား သို့မဟုတ် လင်ကိုရခြင်း၊ ငွေထုပ်ရခြင်း၊ ထီပေါက်ခြင်းစသည်တို့ ရှိနေသောသူပင်ဖြစ်စေ၊ သူ၏ 'ကိုယ်ပိုင်ကံ'မပါလျှင် ထိုအရာများသည် ကြက်ပျောက်ငှက်ပျောက် မကြာခင် ဖြုန်းပြာခါသွားဖို့ ရှိပေသည်။

ထို 'ကိုယ်ပိုင်ကံ'ဆိုသည်ကား အဘယ်နည်း။

'ကိုယ်ပိုင်ကံ'ကား အရင်းအနှီး မြှုပ်နှံခြင်းများတည်း။ ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၏ အတွင်းကျဆုံးသော အကြောင်းသည် 'အရင်းအနှီးမြှုပ်နှံခြင်း'ပင် ဖြစ်ပါသည်။

လူချမ်းသာ သားသမီးဖြစ်သူ အစရှိသူတို့သည် ထို ချမ်းသာသော ရွှေ, ငွေ,ပစ္စည်း, ပစ္စယ အစစကို မပေးရက်,မကမ်းရက်၊ မဝယ်ရက်,မရောင်းရက်ဘဲ ရှိသော ရွှေ,ငွေ,ပစ္စည်း,ပစ္စယကို ဆုပ်ကိုင်၍ ထိုင်ကြည့်နေစေချင်သည်။ ဤသို့ဆိုလျှင် ဤသူ၌ ပစ္စည်းဥစ္စာမျှ မွဲမည်လော, ချမ်းသာမည်လော။

ကိုယ့်ပစ္စည်းကို နှမြောတွန့်တိုမရှိဘဲ ပေးခြင်း,ကမ်းခြင်း၊ ရောင်းချဝယ်ယူခြင်း စသည်တို့သည် အရင်းအနှီးမြှုပ်နှံခြင်းပင် ဖြစ်ပါသည်။

ဟုတ်ပါသည်။ ဝယ်ယူခြင်း, ရောင်းချခြင်းများသည် အရင်းအနှီးမြှုပ်နှံခြင်းပင် ဖြစ်ပါသည်။ ဤသို့မြှုပ်နှံရာတွင် နှမြောတွန့်တိုမှုများ ဖြစ်နေလျှင် မဖြစ်ပေ၊ မသင့်လျော်ပေ။ လူချမ်းသာ သား,သမီးစသူတို့သည် အရင်းအနှီးမမြှုပ်နှံဘဲ ချမ်းသာနေကြပါသလော။

ထို့ကြောင့် ချမ်းသာနေသူတို့၏ ချမ်းသာကြောင်းတရားကား မိဘချမ်းသာ၏ သားသမီးဖြစ်ခြင်းစသည်တို့ ဖြစ်သည်ဟု မဆိုနိုင်။ 'အရင်းနှီးမြှုပ်နှံခြင်းသာလျှင် ချမ်းသာခြင်း၏အကြောင်း' ဖြစ်ပေသည်။

ထို့ထက် အကြောင်းရင်းကိုပြောလျှင် ကိုယ့်ပစ္စည်းဥစ္စာကို နှမြောတွန့်တိုမနေဘဲ ရောင်းခြင်း,ဝယ်ခြင်းကိုလုပ်နိုင်သော 'ဒါနစေတနာ'သည် အကြောင်းရင်းဖြစ်သည်-ဟု ပြောရပေမည်။ ဤ၌ 'ရောင်းခြင်း,ဝယ်ခြင်း အရင်းအနှီးမြှုပ်နှံခြင်းသည် ဒါနစေတနာလော'-ဟု မေးဖွယ်ရှိပါသည်။

'ဟုတ်၏'-ဟု ဖြေရပါမည်။ 'ဒါန'-ဟူသည် 'စဇနလက္ခဏာ'-ဟူသည့်အတိုင်း 'စွန့်လွှတ်'ခြင်းသည် 'ဒါန'မည်ပါသည်။ အရင်းအနှီးမြှုပ်နှံမှုအတွက် ရောင်းသူ,ဝယ်သူတို့သည် မိမိဘက်မှ တစ်ခုသောပစ္စည်းကို စွန့်လွှတ်ကြရသည်။ သို့မဟုတ် ပေးဆပ်ကြရသည်။ ဥပမာ- ငွေဖြင့် ဆန်စပါးဝယ်၍ ရင်းနှီးမြှုပ်နှံ၍ ကုန်သွယ်သူသည် ဆန်စပါးရရှိရန် မိမိ၏ငွေကို စွန့်ရ,လွှတ်ရ ပေးဆပ်ရလေသည်။ ဤသို့ ငွေကို စွန့်ခြင်း,လွှတ်ခြင်း,ပေးဆပ်ခြင်းလည်း ဒါနမမြောက်-ဟု ဆိုမည်လော။ ဆိုချင်လျှင် အကြောင်းနှင့်တကွ ဆိုစေချင်ပါသည်။ အကြောင်း ဘယ်သို့ပြမည်နည်း။

ဆန်စပါး ရချင်၍ ငွေပေးခြင်းဖြစ်သည်။ ထိုသို့ ရချင်၍ ပေးခြင်းဖြစ်သောကြောင့် ဒါနမဟုတ်ဟု အကြောင်းပြမည်လော။ ဒါနမှန်သမျှ အဘယ်ဒါနသည် ရချင်၍မပေးဘဲ မရချင်မှုနှင့် ပေးသောဒါနဟူ၍ ရှိပါသနည်း-ဟု ပြန်မေးရပေမည်။ ဒါနပြုသူမှန်သမျှသည် 'ပြုမည်'-ဟုသဘောနှင့် 'ပြုလုပ်' သို့မဟုတ် 'အားထုတ်မှု အဘိသင်္ခါရ'ဖြင့် ပြုလျှင် 'ရချင်၍ပြုသူချည်း' ဖြစ်သည်။

(က) အချို့သည် ကိုယ်က ပေးကမ်းခြင်းပြုသောကြောင့် ပတ်ဝန်းကျင်၌ အစစ အဆင်ပြေလည်လေအောင် ဒါနပြုသည် (=အဆင်ပြေမှု ရချင်နေသည်)။

(၂) အချို့ကလည်း သေပြီးနောက် ရှိသည်-ထင်ပြီး သေပြီးနောက် အပါယ်ငရဲမကျဘဲ လူ,နတ်,ဗြဟ္မာများ ဖြစ်ရန်အတွက် ဒါနပြုခြင်း ဖြစ်သည် (=လူ,နတ်,ဗြဟ္မာဘဝအဖြစ် ရချင်နေသည်)။

(၃) တဖန် အချို့ကလည်း ပတ်ဝန်းကျင် အစစအဆင်ပြေအောင်လည်း မဟုတ်။ သေပြီးနောက် လူ,နတ်,ဗြဟ္မာဟုဆိုအပ်သော ကောင်းသောဘဝ ဖြစ်ရန်လည်းမဟုတ်။ 'သေပြီးနောက် ဘာမျှမဖြစ်တော့သော နိဗ္ဗာန်ဆိုသော' အရာကို ရရန်အတွက် ဒါနပြုပေသည်။ (=နိဗ္ဗာန် ရချင်နေသည်)။

ထို့ကြောင့် ဒါနပြုသူအားလုံးသည် အကယ်၍ 'ဒါနကိုပြုမည်'-ဟု 'အဘိသင်္ခါရ'အားစိုက်၍ ပြုသူဆိုလျှင် 'ရချင်၍' သို့မဟုတ် 'မြော်လင့်ချက်'ဖြင့် ပြုသူချည်း ဖြစ်လေသည်။

'ရချင်ခြင်း'တည်းဟူသော အားအစွမ်းကြောင့် (ဝါ) မြော်လင့်ချက်ကြောင့်သာ အသေးအဖွဲမှ စ၍ ကြီးကျယ်သည်တို့ကို လ-နိုင်,ပေးနိုင်ပါသည်။ ဤသို့ မြော်လင့်ချက်ဖြင့်ပြုခြင်းသည် အပြစ်တင် ကဲ့ရဲ့အပ်သောအရာ မဟုတ်ပေ။ 'ဒါန၏ အနှစ်သာရ'သည် ဤအရာပင် အစစ်အမှန် မဟုတ်ပါလော။

'ဘာမျှမမြော်လင့်ဘဲ' သို့မဟုတ် 'ဘာမျှမရချင်ဘဲ' အဘယ်သူသည် ပြုနိုင်အံ့နည်း။ အကယ်၍ ဤသို့ပြုနိုင်သူ ရှိသည်ဆိုလျှင် ထိုသူများကား ဘဝကုန်ဆုံးပြီးသော အလယ်လမ်းအတွေးအခေါ်ဖြင့် အလုံးစုံငြိမ်းချမ်းပြီးသော ပုဂ္ဂိုလ်များနှင့် စိတ္တဇအရူးများသာ ဖြစ်ရာပါသည်။

ဟုတ်ပါသည်။ ပဌမပုဂ္ဂိုလ်သည် အားလုံးငြိမ်းချမ်းမှုအတွက် ပြီးပြည့်စုံပြီးဖြစ်၍ ဒါနကို အခွင့်သင့်လျှင် ပြုသော်လည်း 'လိုချင်ခြင်း'-ဟုဆိုအပ်သော အားစိုက်မှု(အဘိသင်္ခါရ) အလျဉ်းမပါဘဲ ပြုကာမတ္တဖြင့်သာ ပြုပေသည်။

ထို့ပြင် စိတ္တဇသမားများကလည်း ဒါနကို ဘာမျှမြော်လင့်ချက်မရှိဘဲ ‘ဘာမျှမဖြစ်,မရှိသော၊ သေပြီးနောက် ရောက်လိမ့်မည်’ဆိုသော ‘နိဗ္ဗာန်’ဆိုသည်ကို အာရုံပြု၍ မျက်မှောက်ပြု၍ ဒါနကို ပြုကြပေသည်။ ထိုသို့မဟုတ်လျှင်လည်း ယူသူ,ပေးသူနှင့် ယူစရာ,ပေးစရာပစ္စည်း၊ ဤသုံးခုတို့သည် လုံးဝမမြဲကြ-အနိစ္စချည်း၊ လုံးဝဆင်းရဲကြ-ဒုက္ခချည်း၊ လုံဝအစိုးမရကြ-အနတ္တချည်း-စသည်ဖြင့် ဆင်ခြင်လျက် ဒါနကို ပြုကြပေသည်။

ထို့ပြင်လည်း ဒါနကို ဘာမျှမြော်လင့်ခြင်းမရှိဘဲ ပြုသူတစ်ဦးလည်း ကျန်ပေသေးသည်။ သူကား ကိုယ်မှာလည်း ပစ္စည်းပိုနေ၍ သူမှာလည်း ကိုယ့်မှာပိုသောပစ္စည်း လိုနေ၍၊ ထို့ပြင် သူ့ကို ချမ်းသာသွားသည်ကို မြင်လို၍ ပေးသူ-ဟူ၍ ဖြစ်ပေသည်။ ဤသူသည်လည်း ဒါန အနှစ်သာရကိုဖျောက်၍ ဖာသိဖာသာ ရမ်းရမ်းစမ်းစမ်းပြုသူပင် ဖြစ်ပေသည်။

ဤသူတို့တွင် ‘ဒါနကိုပြုမည်’-ဟု အားစိုက်မှုနှင့်ပြုလျက် ဘာမျှမြော်လင့်ခြင်း မရှိသူတို့သည် ဒါန၏အနှစ်သာရ အပျောက်ဆုံးခံနေရသော သူတို့သာ ဖြစ်ပေသည်။

ဤအကြောင်းကို ထင်ရှားအောင်စစ်လျှင် များစွာအရုပ်ဆိုးကြောင်း တွေ့နိုင်ပေသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ (ဝါ) နိဗ္ဗာန်ကိုအာရုံပြု၍ ပေးသူဆိုသူလည်း ရယ်ဖွယ်ပင်။ သူသည် နိဗ္ဗာန်ကု သိသလော။ ပညာရှိဆိုသည်များပင် နိဗ္ဗာန်ကို ထိုလိုငြင်းကြ၊ ဤလိုငြင်းကြ ပြုနေရသည်။ ဒါနပြုသူလူသာမန်သည် အဘယ်နိဗ္ဗာန်ကို သွား၍ အာရုံပြုမည်နည်း။ ထို့ကြောင့် ထိုသူတို့သည် နိဗ္ဗာန်ကို အာရုံပြုခိုင်းလျှင် တောရောက်တောင်ရောက် ရောက်ချင်ရာရောက်၊ တတ်သမျှမှတ်သမျှ ရှုံးခြုံပြီး အာရုံပြုနေပေမည်။ ကောင်းကင်ကို သော်လည်းကောင်း၊ ပညတ်ကိုသော်လည်းကောင်း အာရုံပြုလျက်ရှိမည်မှာ မလွဲတည်း။

ဤသို့ဆိုလျှင် အဘယ်သို့လျှင် ပေးခြင်းစေတနာအတွက် နေရာ ရှိတော့သနည်း။ တောရောက်တောင်ရောက် ပေါက်သောအာရုံများကို ရှာဖွေနေရသည်နှင့်ပင် ပေးခြင်းစေတနာအတွက် ထားရှိရန် နေရာမရှိတော့ပေ။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

တဖန် ပေးသူ၊ ယူသူ၊ အပေးခံပစ္စည်း-ဤသုံးမျိုးတို့၏ မမြဲခြင်း၊ အနှစ်မရှိခြင်း၊ ဆင်းရဲခြင်း၊ မလှမပအသုဘဖြစ်ခြင်းများ စသည်ကိုအောက်မေ့၍ ပေးသူသည်လည်း ဤအတူပင် ဒါန၏အနှစ်သာရ အပျောက်ဆုံးခံရသည်။ ဤအရာများကို ဆင်ခြင်နေလျှင် ဒါနအရကောက်ယူရသော ပေးဆပ်တတ်ခြင်း စေတနာသည် ဘယ်သို့ပေါ်မည်နည်း။

ပေးသူ၊ ယူသူလည်း ပုဂ္ဂလအဖြစ် ဧကန်ရှိသည်ထင်မှ အပေးခံပစ္စည်းသည် မွန်မြတ်သန့်စင် ကောင်းသည်ထင်မှ ထို ဒါနစေတနာသည် ထက်မြက်စွာနှင့် ဖြစ်ပွားလာဖို့အကြောင်း ရှိပေသည်။ အနည်းဆုံးအားဖြင့် ပေးအပ်မည့်ပစ္စည်း၏ အသုံးကျကောင်းမွန်ပုံကို ဆင်ခြင်မှသာလျှင် ဒါနစေတနာ ဖြစ်ပွားရဖို့ ရှိပေသည်။ ထိုသို့မဟုတ်လျှင် မကောင်းသောပစ္စည်းဖြစ်၍ 'မမြဲ, ဆင်းရဲ, အနှစ်မရှိ, မတင့်တယ်'၍ လွှင့်ပစ်လိုက်ခြင်းနှင့် စိတ်ထားခြင်း တူသွားရဖို့ ရှိလေသည်။ ထို့ကြောင့် ဤပေးခြင်းသည်လည်း ဒါန၏အနှစ်သာရ အပျောက်ဆုံးခံရသော ပေးခြင်းတစ်မျိုး ဖြစ်သည်။

ထို့ပြင် ကိုယ့်မှာလည်း-ပို၍၊ သူ့မှာလည်း-လို၍ သူ့ကို ဖြည့်ဆီးသည့် အနေဖြင့်လည်းကောင်း၊ သူ့အား သနား၍လည်းကောင်း ပေးခြင်းသည် ပေးခြင်းနှင့်ယူခြင်း၏ ဆက်သွယ်ပုံကို အကျိုးမသိဘဲ ပေးခြင်းဖြစ်၍ ဒါန၏အနှစ်သာရ ပြည့်ဝဖို့အကြောင်း မရှိပေ။ ထို့ပြင် ထိုသူ၏ ပေးကမ်းခြင်းသည် စက်ဆုတ်ဖွယ်လည်း ကောင်းလှပေသည်။ ထိုသူသည် သူပေးသည်ကို ယူမည်သူအား အထက်စီးမှ ငုံ့ကြည့်နေသူဖြစ်သည်။ ထို့ကြောင့် သူ့အပေးကိုရသူသည် သူ့တံတွေးကို သောက်ရသည့်ပမာ ရွံရှာစက်ဆုတ်ဖွယ် ခံစားရမှုများ ခံရဖို့ရှိပေသည်။

ဒါနနှင့်စပ်၍ ရှည်လျားစွာ ဝေဖန်ခဲ့သည်။ ဆိုလိုရင်းမှာ ဒါန-ဟူသည် ရယူခြင်းမရှိသောဒါနဟူ၍ မရှိ။ ရယူခြင်းမပါသော ဒါန-ဟူ၍ရှိလျှင် ထို-ဒါနဆိုသည်များသည် ဒါန၏အနှစ်သာရ ပျက်ပြီးဖြစ်သည်-ဟု တင်ပြနိုင်ရန် ဝေဖန်ခဲ့ခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ 'ဒါန'-ဟူသည် 'ရယူခြင်းမပါသော ပေးဆပ်ခြင်းသက်သက် အရာမဟုတ်။ ကိုယ်က ဤအရာကိုပေးသည်၊ သူ့ဆီက ထိုအရာကို ရသည်။ ဤသည်ပင် 'ဒါန' ဖြစ်သည်'။

ထို့ကြောင့် အရင်းအနှီးမြှုပ်နှံသောအဖြစ်-ဟု ဆိုအပ်သော ဆန်စပါး ဝယ်ရန် ငွေပေးရခြင်း စသည်လည်း 'ဒါန'ပင်ဖြစ်ကြောင်း အသိအမှတ် ပြုနိုင်စေချင်သည်။ တစ်ခုတော့ရှိသည်။ 'ဒါန'သည်-

'ဝဋ္ဋနိဿိတ'ဟုခေါ်သော ရစရာတိုက်ရိုက်အတွက်ပေးသော ဒါနနှင့်

'ဝိဝဋ္ဋနိဿိတ'ဟု ခေါ်သော ရစရာတိုက်ရိုက်အတွက် မဟုတ်သော ပေးခြင်းဒါနဟူ၍ နှစ်မျိုးရှိနိုင်သည်။ တနည်းပြောရလျှင်-

'လည်အောင်လုပ်သောဒါန'နှင့် 'လည်အောင်လုပ်ခြင်းမဟုတ်သောဒါန' ဟူ၍ ဖြစ်သည်။

အဘယ်သို့နည်း။

'ဆန်ပေး၍ ဆေးရသည်'-ဟူရာ၌ ဆန်ပေးခြင်းသည် လည်သောဒါန သို့မဟုတ် တစ်ပတ်လည်ဒါန ဖြစ်လေသည်။ ဆန်စပါးရအောင် ငွေပေးဝယ်ယူခြင်းလည်း တစ်ပတ်လည်ဒါနပင်။

ချစ်ခင်၍ လက်ဆောင်ပဏ္ဏာပေးခြင်း၊ ဆုချခြင်း၊ သူ့ဂုဏ်ကိုပူဇော်ခြင်း စသည်တို့သည် တစ်ပတ်လည်မဟုတ်သောဒါနတို့ ဖြစ်သည်။ သားမယားနှင့် မိဘစသူတို့ကို ကျွေးမွေးပေးကမ်းခြင်းသည် တစ်ပတ်မလည်သောဒါနများ ဖြစ်နိုင်ပေသည်။

ဒါနအကြောင်းသည် ဤမျှဆွေးနွေးချက်ဖြင့် လုံလောက်ပါပြီ။

ဤသို့ ဒါနများများ ပြုနိုင်လောက်အောင် ကိုယ့်ပစ္စည်းဥစ္စာအပေါ်၌ နှမြောတွန့်တိုခြင်းမရှိဘဲ များစွာ အရင်းအနှီးမြှုပ်နှံခြင်းသည် ပစ္စည်းဥစ္စာချမ်းသာကြောင်း ဖြစ်ပါသည်။ တစ်ပတ်လည်ဒါနဖြစ်စေ၊ တစ်ပတ်မလည်ဒါနဖြစ်စေ အကြောင်းသင့်သလို ပြုသွားနိုင်လောက်အောင် ကိုယ့်ပစ္စည်းကို နှမြောတွန့်တိုခြင်းမရှိဘဲပြုလျှင် ချမ်းသာမည်။

လောက၌ တစ်ပတ်လည်ဒါနလည်း များများလုပ်ဖို့လိုသည်။ သို့မှ လောကစီးပွားဟူသော ဥစ္စာကြေးငွေ တိုးပွားမည်။ တစ်ပတ်မလည်ဒါနလည်း များများလုပ်ဖို့ လိုပေသည်။ သို့မှသာ လောကုတ္တရာစီးပွားဟူသော မိတ်ဆွေကောင်း၊ အသိအမြင်ကောင်း၊ စိတ်ဓါတ်ကောင်း အခြေအနေများ တိုးပွားမည်ဖြစ်သည်။

ဤကဲ့သို့မဟုတ်ဘဲ ကိုယ့်ငွေကြေးကို သူများထံ မအပ်ရက်,မနှံရက် မပေးကမ်းရက်ဘဲ၊ ဆန်ရေစပါးများဆိုလျှင်လည်း ထို့အတူ မရောင်းရက်,မချရက် ဂိုဒေါင်မှာသိုလှောင်ပြီး တွန့်တိုနှမြော မစွန့်ပေါ်နေလျှင် ထိုသူ လူမွဲဖြစ်ကြောင်း ဖြစ်ရသည်။ ဘောဂဗေဒ ပညာ မျက်စေ့နှင့်ကြည့်လျှင်လည်း ငွေသေများဖြစ်ကြောင်းဖြစ်၍ မချမ်းသာနိုင်ကြောင်း တွေ့ရပေမည်။

ဤမျှဖြင့် အချို့လူမွဲ၍ အချို့ချမ်းသာကြောင်း ဆွေးနွေးချက် ပြီးပြည့်စုံပါပြီ။

၄၁။ ယဉ်ကျေးမြင့်မြတ်သောဇာတိ ရှိ,မရှိအကြောင်းရင်း

(၆) ဆက်လက်၍ လူများ ယဉ်ကျေးမြင့်မြတ်သောဇာတိ ရှိသူ,မရှိသူဖြစ်ခြင်း အကြောင်းကို ဆွေးနွေးပါမည်။ ဟုတ်ပါသည်။ အချို့လူများ ယဉ်ကျေးမြင့်မြတ်သောဇာတိ ရှိ၍ အချို့မရှိခြင်းသည် အဘယ်ကြောင့်ပါနည်း။

ဤသို့ဖြစ်ရခြင်းသည် သူတို့၏ ‘မာနတရား’ကြောင့် ဖြစ်ပေသည်။

‘မာနတရား’ဟူသည် ကိုယ့်ဘဝကို ကိုယ်အထင်ထား၍ ထိုဘဝအတွင်း၌ နစ်နေခြင်း ဖြစ်သည်။ ကိုယ်ရသောဘဝသည် တန်ဖိုးရှိသည်။

ကိုယ့်ထက် အောက်ကျသူများထက် သာသည်ကိုလည်း ယစ်မူးသည်။ အထင်ထားသည်။ မောက်မာသည်။ ကိုယ်နှင့် တန်းတူသူနှင့်လည်း ပြိုင်ဆိုင်သည်။ ကိုယ့်ထက်သာလွန်သူနှင့်လည်း တိုင်းတာ၍ မကျေမချမ်း ပင်ပန်းသည်။ ခုခံသည်။

ဤသည်မှာ‘မာန’ဖြစ်သည်။

'မာန'ပါဝင်သော သို့မဟုတ် 'မာန'အဖော်ရသော စေတနာကံပင် ဖြစ်သည်။ ဤ'ကံ'ကြောင့် ရိုင်းစိုင်းညံ့ဖျင်းသော ဇာတိ(=ဖြစ်ပွားမှု)များ ဖြစ်ရသည်။ ဤ-'မာန'အဖော်ရှိသော'ကံ'နှင့် ရိုင်းစိုင်းညံ့ဖျင်းသော ဇာတိ(=ဖြစ်ပွားမှု)'နှင့် ဘယ်သို့ ဆက်သွယ်သနည်း။ ဤ- 'မာနအဖော်ရှိသောကံ'ကြောင့် လူသည် အလေးဂရုပြုထိုက်သူကိုလည်း မပြု။ အရိုအသေပေးရမည့်သူကိုလည်း မပေး။ နေရာထိုင်ရာနှင့် လမ်းတို့ကို ဦးစားပေးရမည့်သူကိုလည်း မပေး။ ဤသို့လုပ်လာသည်။

'ကိုယ့်ပိုက်ဆံရှိမှ ကိုယ့်ထမင်းစားရသည်၊ ပိုက်ဆံရှိဖို့ဘဲ လိုသည်။ ဤအရာများသည် အပိုဖြစ်သည်။ ဘယ်အတွက်လုပ်မည်လဲ'-ဟု ပတ်ဝန်းကျင်ကို ထီမထင်သူ၊ ကိုယ့်ဘဝကွက်ကွက်ကိုသာ မြင်သူ ဖြစ်လာသည်။ ထို့ကြောင့် သူသည် ပတ်ဝန်းကျင်နှင့် အဆက်ပြတ်ပြီး အထီးကျန်ဘဝကို ရရှိလာသည်။ ထို့ကြောင့် ယုတ်ညံ့ရိုင်းစိုင်းသောဇာတိကို ဖြစ်စေပေသည်။

ထိုမှအပြန်သည် ယဉ်ကျေးမြင့်မြတ်သော ဇာတိဖြစ်ကြောင်း ဖြစ်သည်။

၄၂။ ဉာဏ်ထက်ခြင်းနှင့်နုံ့ခြင်းအကြောင်းရင်း

(၇) ဆက်လက်၍ လူအချို့သည် အသိဉာဏ်ထက်၍ အချို့နုံ့ရခြင်းအကြောင်းကို ဆက်ဆွေးနွေးပါမည်။ ဤအကြောင်းသည် နောက်ဆုံးအကြောင်း ဖြစ်ပါသည်။ အချို့ဉာဏ်ထက်၍ အချို့ကဉာဏ်နုံ့ခြင်း၏ အကြောင်းကား အဘယ်နည်း။

ဤပြဿနာ၏အဖြေကား ကျန်းမာခြင်း,မကျန်းမာခြင်း၊ ပတ်ဝန်းကျင်ကောင်း ရခြင်း,မရခြင်း၊ ဆည်းပူး-စူးစမ်းခြင်း,မဆည်းပူး-မစူးစမ်းခြင်းအားဖြင့် ပညာအနုံ့,အထက်ကွဲပြားကြသည်ဟု ဖြေဖို့ရှိပါသည်။

ဟုတ်ပါသည်။ ကျန်းမာရေးမကောင်းသော သူတို့သည် ဉာဏ်နုံ့၍သွားတတ်ကြပါသည်။ ကျန်းမာရေးကောင်းသူများသည် ထက်၍လာတတ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးသည် ဉာဏ်နုံ့ခြင်း,ထက်ခြင်းများ၏ အကြောင်း-ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ပြင် ပတ်ဝန်းကျင်ကောင်း ရသူသည် ဉာဏ်ထက်တတ်ပါသည်။ မရလျှင်ကား ဉာဏ်နုံ့တတ်ပါသည်။ အထူးအားဖြင့် လေးနှစ်အောက်ငယ်ရွယ်စဉ်က အထူးပင် ပတ်ဝန်းကျင်ကောင်း ရဖို့လိုအပ်သည်-ဟု ယနေ့ အသိပညာရှင်များ စူးစမ်းတွေ့ရှိနေကြပါသည်။ အသက် ငါးဆယ်အထိ ရှိနေပြီးသမျှ ပညာများ၏ထက်ဝက်သည် လေးနှစ်အောက်အရွယ်ကပင် တတ်ခဲ့သောပညာများဖြစ်သည်-ဟု အဆိုပြုကြသည်။

ဟုတ်လည်း ဟုတ်ပေမည်။ အဘယ်အရာဖြစ်စေ 'အစကောင်းဖို့'သည် အဓိက အရေးအကြီးဆုံး ဖြစ်ပေသည်။ ဘယ်ပညာရပ်ကိုပင် လိုက်စားသည် ဖြစ်စေ ပေါက်ရောက်အောင်မြင်ပြီးသူများထံ လိုက်စားရမှ ထိုပညာကို ပြီးမြောက်နိုင်လေသည်။ ဇာတိမခိုင်ခြင်းသည် ပြီးမြောက်မှုကို ကန့်ကွက်နိုင်လေသည်။

လူ့ဘဝအတွက် လေးနှစ်အောက်ကာလသည် တွေ့သမျှကို သင်ကြားရသောကာလ သို့မဟုတ် ဘဝအဘိဓါန် အပြင်းအထန်လှန်ရသောကာလ ဖြစ်သည်။ အားလုံးဆိုမှ အားလုံးကို ဖြစ်သည်။ အထက်ကာလများကား သူ့အရွယ်ဆိုင်ရာ အဘိဓါန်အကြွင်းအကျန်ကလေး တချို့ကိုသာ လှန်လှောရှာဖွေရတော့ခြင်း ဖြစ်သည်။ ထို့ကြောင့် ငယ်စဉ်က မိဘစသော ပတ်ဝန်းကျင်သည်လည်း ဉာဏ်ထက်ခြင်း,နုံ့ခြင်းအတွက် အကြောင်းအချက်ပင် ဖြစ်ဖွယ်ရှိပေသည်။

ထိုအရာများသည် ဉာဏ်ထက်ခြင်း,နုံ့ခြင်းကို ဖြစ်စေသည်ဖြစ်စေ၊ မဖြစ်စေသည်ဖြစ်စေ ဤနေရာ၌ ဉာဏ်ထက်ခြင်း,နုံ့ခြင်း၏အကြောင်း-ဟု မဆိုလိုပေ။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းများသည် အကယ် ဉာဏ်ထက်ရ, နုံ့ရသူပြုလုပ်သော အရာများ မဟုတ်ဘဲ၊ အပြင်အပမှ ဖြစ်သောကြောင့် ဉာဏ်ထက်ခြင်း,နုံ့ခြင်း အကြောင်း-ဟု မပြောပလောက်ပေ။

ဉာဏ်ထက်ခြင်း,နုံ့ခြင်း၏ အကြောင်းအဖြစ် ပြောရမည်ကား ထိုသူ၏ စူးစမ်းဆင်ခြင်မှု ရှိခြင်း,မရှိခြင်းသာလျှင် ဖြစ်ပေသည်။ အကယ်၍ ထိုသူသည် စူးစမ်းဆင်ခြင်မှုကို ပြုအံ့။ အစူးစမ်း အဆင်ခြင်ခံရသော ထိုအရာကို ထိုသူသိမည်အမှန်ပင် ဖြစ်သည်။

ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တစ်ဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု ရှင်ဉာဏ

ထိုသို့ စူးစမ်းဆင်ခြင်မိရန်လည်း သိမြင်တတ်ကျွမ်းသူထံမှ အဆိုအဆုံးအမကို ရဖို့လိုပေသည်။ ယင်းသို့ရရန် ထိုသူတို့နှင့်ပေါင်းမိဖို့ လိုလေသည်။ ထိုသို့ပေါင်းမိရန်လည်း ထိုသူနှင့် အကျင့်စရိုက်တူဖို့ လိုပေသည်။ ထိုသို့ဖြစ်ရန်လည်း ဘဝင်အခြေခံရပ်တည်ချက် မှန်ဖို့လိုပေသည်။

ယင်းအခြေခံရပ်တည်ချက်ကား အဘယ်နည်း-ဟူအံ့။

ပေးကမ်းခြင်း၊ စောင့်ထိန်းခြင်း၊ အာရုံငါးပါးခံစားမှုမှ ငံ့ဆိုင်းခြင်း အစရှိသည်တို့ ဖြစ်သည်။ ဤအရာများရှိသူသည် ဉာဏ်ထက်ဖို့ဖြစ်ပြီး၊ မရှိသူသည် ဉာဏ်နုံ့သူ ဖြစ်ပါမည်။ ဤသို့ပင် လူများ၌ ဉာဏ်အထက်,အနုံ့ ခြားနားကွဲပြားရပါသည်။ဤမျှဖြင့် လူ၏ဉာဏ်အနုံ့,အထက် ကွဲပြားရကြောင်းကို ဆွေးနွေးပြီးခဲ့ပါပြီ။

ဤသို့ဆိုလျှင် စာရှုသူတင်ပြအပ်သော ပြဿနာတထွေးကြီးကို ဖြေရှင်းခဲ့ပါပြီ။ စာရှုသူသည် 'မျက်မှောက်လူများ အဘယ်ကြောင့် ဆိုခဲ့ပြီးသည့်အတိုင်း ကွဲပြားနေရသနည်း'-ဟု တွေးခေါ်အပ်ပါသည်။ ထို့ကြောင့် ဤအရာများသည် ပြဿနာပြုအပ်သောအရာများလည်း ဖြစ်ပါသည်။

ဆိုခဲ့ပြီးသော စကားအစဉ်များဖြင့် ထိုပြဿနာများ၏အဖြေသည် ပြီးပြည့်စုံသင့်ပြီ-ဟု ယူဆပါသည်။

မျက်မှောက်ဘဝ အတွေ့အကြုံ အမြင်များသည် အဆန်းတကြယ်ဖြစ်နေသော အရာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အရာဟူ၍ တစ်ခုမျှ မပါဝင်ပေ။ ထိုသို့ပင်ဖြစ်သော်လည်း မိမိဘဝ အမြင်မျက်လုံးများ မဖြစ်ပေါ်မပေါက်ပွားဘဲ နီဝရဏတိမ်သလ္လာများ(ဖန်ဆင်းရှင်ကြောင့် နောက်အတိတ်ဘဝများက ပြုလုပ်ခဲ့သော 'ကံ'ကြောင့်ဟူသော တိမ်သလ္လာများ) အထပ်ထပ် ရစ်ပတ်ဖုံးအုပ်နေလျှင် အားလုံးလို ဆန်းနေနိုင်ပေသည်။

ဥပမာအားဖြင့် လုံးဝမျက်စေ့မပါဘဲ လူဖြစ်လာသူအတွက် ကမ္ဘာလောကကြီးနှင့်အပြည့် နေရာအနှံ့ရှိသော အရောင်,အလင်း,အဆင်းများအကြောင်းကို တစိုးတစိကလေးမျှ အသိမဖြစ်နိုင်သကဲ့သို့ ဖြစ်ပေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ကြောင့် မျက်မှောက်အဖြစ်များကို မေးမြန်းဆွေးနွေးမည်ဆိုလျှင် ဆွေးနွေးမေးမြန်းစရာများ မကုန်နိုင်အောင်ပင် ရှိပေဦးမည်။ သို့သော်လည်း ယခုဆွေးနွေးပြီးခဲ့သည်များသည် 'နောက်ဘဝ'နှင့် 'နောင်ဘဝ'ဖြစ်သည်ဟု တွေးခေါ်နိုင်စရာ မျက်မှောက်တွေ့မြင်ရချက်များအဖြစ် အတော်အတန်ပြီးပြည့်စုံသော ရှေ့တန်းအရောက်ဆုံးများ ဖြစ်ပါသည်။

ထို့ကြောင့် ထပ်ဆင့်ဆွေးနွေးနေလျှင် အချိန်များစွာကို အသုံးပြုရဖို့ ရှိပါသည်။ ဤမျှ မျက်မှောက်အမြင်များကို ဆွေးနွေးရခြင်းဖြင့် ကျေနပ်နှစ်သိမ့်ဖို့ ပန်ကြားရပါမည်။

ဤမျှဖြင့် မျက်မှောက်တွေ့ရှိချက်များ ဆွေးနွေးချက်ကို ကမွတ်ဖုံး၍ နိဂုံးအုပ်လိုက်ပါသည်။

ဘယ်လိုလဲ၊ အို-စာရှုသူ-

မျက်မှောက်တွေ့ရှိချက် ဘဝအတွေ့အကြုံပညာဖြင့် မမွေးမီနှင့် သေပြီးနောက် ဘဝများရှိသည်-ဟု သိမြင်နိုင်ပါသလော။

ကျွန်ုပ်တို့သည် မျက်မှောက်ဘဝ၌ တွေ့ရှိရချက်များကို များစွာ ဆွေးနွေးပြီးခဲ့ပါပြီ။ အဘယ် မျက်မှောက်အဖြစ်တစ်ခုခုသည် ရှေ့ဘဝနှင့်နောက်ဘဝများရှိသည်ကို သိနိုင်အောင် အထောက်အကိုး သက်သေသာဓက ပြုနိုင်ကြပါသနည်း။

လုံး၀ မတွေ့ခဲ့ပြီ မဟုတ်ပါလော။ ထို့ကြောင့် မျက်မှောက်တွေ့ရှိချက်များဖြင့် ရှေ့ဘဝနှင့် နောက်ဘဝများကို သိနိုင်သည်-ဟူသော ပညာရပ်သည် မမှန်ကန်သော ပညာရပ်သာ ဖြစ်သည်-ဟု မှတ်ချက်ချကြပါစို့။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့သည် အတိတ်မှ ဆွေးနွေးချက်ကို ပြန်ကောက်ကြပါစို့။ ဤဆွေးနွေးချက်ကား အဘယ်နည်း။

'ပုဂ္ဂိုလ်တစ်စုသည် ရှေ့ဘဝနှင့်နောက်ဘဝများကို စိတ်တန်ခိုးဖြင့် ဖြစ်စေ၊ ပညာဖြင့်ဖြစ်စေ၊ မျက်မြင်ဘဝအတွေ့အကြုံပညာဖြင့် ဖြစ်စေ သိနိုင်သည်'-ဟူသောအဆိုကို ဆွေးနွေးခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့သည်-

စိတ်တန်ခိုးကိုလည်းကောင်း၊
ဗုဒ္ဓအဘိဓမ္မာကိုလည်းကောင်း၊
ဘဝအတွေ့အကြုံပညာကိုငှင်း ဆွေးနွေးခဲ့ပြီးပါပြီ။

ဘယ်အရာနှင့်မျှ လူသားများသည် ရှေ့ဘဝနှင့် နောက်ဘဝများကို မသိနိုင်ကြောင်းသာ တွေ့ခဲ့ရပါသည်။ တွေ့နိုင်ကြောင်း သက်သေသာဓက တစ်စတလေမျှ မရရှိခဲ့ပါ။

ထို့ကြောင့် 'လူသည် မမွေးမီနှင့် သေပြီးနောက်ဘဝများကို သိနိုင်ပါသလော'-ဟူသော မေးခွန်းကို လက်ကိုင်ပြု၍ ဆွေးနွေးခဲ့ချက်၏ အဖြေသည် ယခုအခါ ထွက်ပေါ်ခဲ့ပါပြီ။ ယင်းကား-

လူသည် မမွေးမီနှင့် သေပြီးနောက် ဘဝများကို ဘာနှင့်မျှမသိနိုင်။

သိသလိုလိုရှိခြင်း ဆိုကြခြင်းသည် စိတ္တဇဖြင့်ဆိုကြခြင်း သို့မဟုတ် သိလေဟန်ပြု၍ မရိုးမသားဆိုကြခြင်းသာ ဖြစ်သည်'- ဟူ၍ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ရှေ့ဆက်၍ ပြောဆိုစရာများကို ပြောဆိုရပါမည်။

'လူသည် ရှေ့နောက်ဘဝများကို မသိနိုင်'-ဟုဆိုလျှင် လူထဲမှတစ်ဦးဖြစ်သော 'နိဗ္ဗာနဒီပနီ'ဆရာလည်း မသိနိုင်။ ဘယ်နည်းနှင့်မျှမသိနိုင်'-အဖြေထွက်ပါသည်။ ထို့ကြောင့် သူတင်ပြသော-

'ဤဘဝသည် မမွေးမီဘဝတစ်ခုခုက ပြုလုပ်ခဲ့သော 'ကံ'ကြောင့်ဖြစ်သည်။ ဤဘဝ၌ နောင်ဖြစ်ရန် 'ကံ'တစ်ခုခုကို ဆည်းပူးသေးလျှင် သေပြီးနောက်၌ ဆက်ဖြစ်ရဖို့ရှိသည်။ ဤ'ကံ'ကို မပြုလုပ်တော့လျှင် ဘဝအလျဉ်ရုပ်သိမ်း၍ ချုပ်ငြိမ်းခြင်းကြီး ချုပ်ငြိမ်းသည်'။

ဤသို့သော သူ၏တင်ပြချက်သည် သို့မဟုတ် ဤသို့သော သူ၏ ဘဝအမြင်ပဋိစ္စသမုပ္ပါဒ်သည် သူ့ကိုယ်ပိုင် ပဋိစ္စသမုပ္ပါဒ် ဟုတ်ပါတော့မည်လော။

လူသည် လူများ၏ ရှေ့နှင့်နောက်ဘဝများကို မြင်နိုင်သော အခွင့်အလမ်းမရှိလျှင် သူလည်း မမြင်ဘဲ ရှိရာ၏။ အဘယ်ကြောင့်ဆိုသော် သူသည်လည်း လူတစ်ယောက်ပင် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် သူတင်ပြသော ပဋိစ္စသမုပ္ပါဒ် ဘဝသံသရာအမြင်သည် ဗုဒ္ဓ အဘိဓမ္မာအပေါ် အတွေးချော်ထားသော မှားယွင်းနေသော ပဋိစ္စသမုပ္ပါဒ်သာ ဖြစ်လေသည်။ မှားယွင်းနေကြောင်း ကိုအောက်ပါပြဿနာဖြင့် စာရှုသူတို့အား သိမြင်စေချင်ပါသည်။ ယင်းကို အနည်းငယ် ဆက်လက်၍ ဆွေးနွေးပါဦးမည်။

၄၃။ ကံသတ္တိဆိုတာ ဘာလဲ

ရှေ့ဘဝ,နောက်ဘဝနှစ်ခုအကြား ဆက်သွယ်သော 'ကံ၏သတ္တိ'ဖြစ်စေ၊ အခြားတစ်ခုခုဖြစ်စေ၊ ထိုအရာဝတ္ထုကလေးသည် ဘဝနှစ်ခုဆက်သွယ်ရန် ရှိပါသည်။ ယင်း-အရာဝတ္ထုကလေးသည် ပရမတ်လော သို့မဟုတ် ပညတ်လော။

ဤပြဿနာ၏အဖြေသည် သူ၏ အဘိဓမ္မာစာအုပ်စာတမ်းများ၌ ဖော်ပြပြီး ရှိပါမည်။ အကယ်၍ ယင်းအရာဝတ္ထုကလေးသည် ဓါတ်ခုနစ်ဆယ့်နှစ်ပါး ပရမတ်တရား မဟုတ်ခဲ့လျှင် နယ်ပယ်ကိုကျော်သော'အဘာဝတရား' ဖြစ်၏။

'အဘာဝတရား'ကား တကယ်အားဖြင့် မရှိတရား။ သို့မဟုတ် စိတ်ဖြင့် တည်ဆောက်ထားသော စိတ္တဇတရားသာ ဖြစ်သည်။ ယင်းသို့သော 'အဘာဝ တရား' သို့မဟုတ် စိတ်ဖြင့်တည်ဆောက်ထားရသော ဤတရားဖြင့် အဘယ် အကျိုးကို သည်ပိုးဆောင်ရွက်နိုင်ခြင်း မရှိလျှင် ဘဝနှစ်ခုကို ဘယ်သို့စပ်နိုင် မည်နည်း။

ဤစကားကို ချေပလိုကောင်း ချေပလိုပေမည်။

'ဘဝနှစ်ခုသည် အကြားဟူ၍ မရှိ။ ထို့ကြောင့် ကံ၏သတ္တိကလေးသည် လည်း ပြေးလွှားနေစရာ မလိုပါ။ ဥပမာ-မီးတောက်နေသော မီးတိုင်မှ မီးမရှိသေး သောမီးတိုင်သို့ မီးကူးသလိုသာ ဖြစ်ပါသည်'။ ဤသို့ မိလိန္ဒပဉှာစာအုပ်ရေး ဆရာ၏ လေသံကိုမှီး၍ ပြောဆိုလိုကောင်း ပြောဆိုလိုပါမည်။

ထိုအဆိုသည်လည်း အကယ်၍ သင့်လျော်ခြင်းရှိသည် မဟုတ်ပေ။

မီးတိုင်မှမီးကို အခြားမီးတိုင်သို့ မီးကူးခြင်းသည် မီးမဲ့မီးတိုင်နှင့် မီးရှိ မီးတိုင်တို့ တစ်ခုနှင့်တစ်ခု နမ်းကြရ,ထိစပ်ကြရသည်။ ထိစပ်ခြင်းသည် ဆက်

သွယ်ခြင်းဖြစ်သည်။ ယခု ဘဝနှစ်ခုကား ဤသို့မနမ်းကြ, မထိစပ်ကြ။

ထို့ကြောင့် ဤဥပမာလည်း ပြည့်စုံသည်မဟုတ်။

ယခုဆက်သွယ်သော ဘဝနှစ်ခုသည် များစွာ အဝေးအလံကြီးလည်း ဖြစ်ခွင့်ရှိသည်။ ပြီးဆုံးခဲ့သည်ဘဝနှင့် နောက်စတော့မည့်ဘဝနှစ်ခုသည် ဌာန အားဖြင့် ခြားမှခြား ဖြစ်သည်။လုံးဝပင် မထိစပ်ပေ။ ထို့ကြောင့် ကူးစက်စရာ အရာတစ်မျိုးမျိုး လိုကိုလိုပေသည်။ ထိုအရာသည် ကံ၏သတ္တိကလေးဖြစ်ခဲ့လျှင်-

ယင်း-ကံ၏သတ္တိကလေးသည် သဘာဝလော, အဘာဝလော။

ကံ၏သတ္တိဆိုသော အရာကလေးကား အဘယ်သို့သော အရာကလေး ပါနည်း။ အကယ်၍များ ထိုအရာကလေးသည် မသိနိုင်သော သတ္တိထူးကလေး- ဟုဆိုလျှင် စကား သိပ်ပြီးမှားသွားပါမည်။ မသိနိုင်သော အရာကလေးကို ရှေ့ တန်းတင် စာရေးထားခြင်းသည် အနက်ရှိုင်းဆုံးမိုက်မှားမှုကို မွေးဖွားရန် ပိုက်နာ လာခြင်း မဟုတ်ပါလော။

## ၄၄။ နိဗ္ဗာနဒီပနီဆရာ၏ ဘဝအမြင်ဘာလဲ

ထို့ကြောင့် 'နိဗ္ဗာနဒီပနီ'ဆရာ၏ ဘဝအမြင် သို့မဟုတ် ပဋိစ္စသမုပ္ပါဒ်ပြ စကားများသည် သူပိုင်အမြင်များ မဟုတ်။ သူ့စကားများလည်း မဟုတ်။ ဗုဒ္ဓ အဘိဓမ္မာကို အတွေးချော်ပြီး ညွှန်ပြခဲ့ကြသော 'ဆရာ့ဆရာပုဂ္ဂိုလ်'တို့၏စကား ဖြစ်ပါသည်။

ဤယခု စာရေးသူ၏စကား မှန်ကန်ကြောင်း အနည်းငယ်မျှ သက်သေ ထူပြလိုပါသည်။ 'အဆုံးဘဝ၏ကံနှင့် အစဘဝ၏ဝိပါက်တို့ တစ်ခုနှင့်တစ်ခု အကြောင်းမကင်းကြသော်လည်း ထိုကံနှင့်ဝိပါက်တို့သည် တစ်ခုတည်းမဟုတ် ကုန်'-ဟူ၍ ဆိုကြသည်။ ထို့ထက်ရှင်းအောင် ဆိုပါဦးမည်။ ဗုဒ္ဓအဘိဓမ္မာကို အတွေးချော်ခဲ့ကြသော မိလိန္ဒပဉှာစာတမ်းကို ရေးပြုခဲ့သူမှ အစ ရှေးကပုဂ္ဂိုလ် များသည် ဘဝကို ဤသို့တင်ပြကြသည်။

အဘယ်သို့ တင်ပြကုန်သနည်း-ဟူမူ-

'ယခုဘဝနှင့် မမွေးမီအတိတ်ဘဝတို့သည် တစ်ခုတည်း မဟုတ်ကြကုန်။ သို့သော်လည်း အကြောင်းကား မကင်းကုန်။ တဖန်လည်း ယခုဘဝနှင့် အနာဂတ်သေပြီး၍ ဖြစ်လတ္တံ့သော ဘဝတို့သည်လည်း ထို့အတူ အကြောင်းမကင်း သော်လည်း လုံးလုံးပင် တစ်ခုတည်း သို့မဟုတ် တစ်ကောင်တည်း မဟုတ်ကြကုန်'။ ဤသို့ ဆိုကြ,တင်ပြကြကုန်၏။

ဤသို့ ပြောဆိုကြကုန်သော သူတို့သည်ပင် အခြားတစ်နေရာ၌ အောက်ပါစကားများကို နှုတ်နှင့်တွတ်တွတ်ရွတ်၍ ပြောဆိုကြပြန်သည်။

ယင်းစကားများကား-

'ယခု ငါတို့၏ ကောင်း,မကောင်းအဖြစ်များသည် မမွေးမီ နောက်ဆုံး ဘဝတုန်းက ငါတို့ပင် ကောင်း,မကောင်းပြုခဲ့သောကြောင့် ဖြစ်သည်။ ထို့အတူ ငါတို့ပြုသော ကောင်း,မကောင်းအမှုများသည်လည်း သေပြီးနောက်၌ ငါတို့ပင် ခံ,စံဖြစ်ပေါ်ရဦးမည်'- ဟူသတည်း။

ဤနေရာ၌ ပြန်ပြောစရာများ ရှိပါသည်။ 'ပညတ်အဖြစ် ဤသို့မှ မသုံး နှုန်းမပြောဆိုလျှင် ဘယ်သို့လုပ်မည်လဲ။ ဤသို့ 'ငါတို့, ငါတို့'-ဟူ၍ သုံးနှုန်းပြော ဆိုရမည်ပင် မဟုတ်ပါလော'-ဟု ဆိုချင်ပေမည်။

ဤသို့ ပြောချင်သည့်အတိုင်း ပြောပါ။ ဤသို့မှ 'ငါတို့,ငါတို့'-ဟု သုံးနှုန်း မပြောလျှင် မဖြစ်ပါ။ ထို့ကြောင့် နောက်ဘဝတုန်းက ဖြစ်သူကိုလည်း 'ငါတို့'ပင်၊ ယခုဘဝ ဖြစ်ဆဲသူကိုလည်း 'ငါတို့'ပင်။ နောက်ဖြစ်လတ္တံ့သူကိုလည်း 'ငါတို့'ပင် ဖြစ်ပါသည်-ဟု ပြောပါ။ ပြောထိုက် ပါ၏။

သို့သော်လည်း ပြောရုံပင် ပြောစေချင်ပါသည်။ မမွေးခင်က သူရော၊ ဖြစ်ဆဲသူရော၊ သေပြီးနောက် ဖြစ်မည့်သူပါ 'ငါ'တစ်ယောက်တည်းအဖြစ်ကိုမူ မထားသင့်ပါ။ ဤသို့မထားလျှင် မမွေးခင်က 'ငါ'လုပ်ခဲ့သောအမှုအတွက် ယခု ဖြစ်ဆဲ'ငါ့'မှာ 'ဆိုးမွေ,ကောင်းမွေ' ရမှာဖြစ်၍၊ အမွေဆိုးရသူဖြစ်လျှင် မမွေးခင် က'ငါ့'ကို ကြောက်ချင်ကြောက်ပါ။

သို့သော်လည်း သေပြီးမှ ဖြစ်ပေါ်အံ့သော‘ငါ’အတွက် လုံးဝ မကြောက်စေချင်ပါ။ ထို-သေပြီးနောက် ဖြစ်အံ့သော‘ငါ’သည် ယခု‘ငါ’ လုံးဝမဟုတ်ပါ။ ယခု‘ငါ’က မကောင်းလုပ်ပြီး သေပြီးဖြစ်အံ့သော‘ငါ’ကို မကောင်းမှု ပေးခဲ့ကော်ငြားပေးခဲ့ပေမည်။ သို့သော်လည်း သေပြီး ‘ငါ’သည် ယခု‘ငါ’မဟုတ်၍ ထို-သေပြီး ‘ငါ’အတွက် လုံးဝပူစရာ မရှိ၊ ကြောက်စရာလည်း မရှိပါ။ ‘ငါ-သေပြီးမှ ဖြစ်အံ့သောငါ-က ယခုဖြစ်ဆဲ-ငါကို ပြန်၍ ဆိုးမှု,ကောင်းမှု မပေးနိုင်သောကြောင့် ငါ-သေပြီးမှ ဖြစ်အံ့သောငါ-ကို ဘာမျှလှမ်းပြီး ကြောက်စရာမလို’-ဟူသတည်း။

ထိုသူတို့သည် ဤသို့မပူဘဲ မကြောက်ဘဲ နေကြသလော။

ထိုသူတို့၏ အဓိကလုပ်ငန်းသည် ထိုနောက်ဘဝဖြစ်မှာကို ကြောက်၍၊ နောက်ဘဝမဖြစ်အောင် လုပ်နေသောလုပ်ငန်း ဖြစ်သည်။

အဘယ်ကြောင့် နောက်ဘဝဖြစ်မှာ ကြောက်ကြသနည်း။

ဘဝဖြစ်လျှင် ဒုက္ခရ၍ ဤသို့သော ဖြစ်အံ့သောဒုက္ခကို ကြောက်ကြသောကြောင့် နောက်ဘဝကိုကြောက်ကြသည် ဟူသတည်း။

ထိုသူတို့၏ ‘ဘဝ’သည် စောက်ထိုးမိုးမြော် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့အဘိဓမ္မာက တခြား၊ သူတို့အကျင့် တခြား- ဖြစ်သောကြောင့်တည်း။ ဟုတ်ပါသည်။ သူတို့အဘိဓမ္မာအရ ‘နောင်ဖြစ်အံ့သောဘဝသည် ယခုဘဝနှင့် အကြောင်းမကင်းသော်လည်း ယခုဘဝမဟုတ်’-ဟု ဆိုလျှင် ထို-နောင်ဖြစ်အံ့သောဘဝကို ‘ငါ့ဘဝဖြစ်သေးသည်’-ဟု ပညတ်စကားလုံးဖြင့်ပင် သုံးနှုန်းပြောဆိုဖို့ မသင့်တော့ပေ။

သူတို့အဘိဓမ္မာအရ ‘နောင်ဖြစ်အံ့သောဘဝသည် ယခုဘဝနှင့် အကြောင်းမကင်းသော်လည်း ယခုဘဝမဟုတ်’-ဟုဆိုလျှင် အထက်ပါသူတို့ အဘိဓမ္မာအရ (ဝါ) သူတို့အဆိုအရ နောင်ဖြစ်အံ့သောဘဝသည် ယခုငါ့ဘဝ မဟုတ်ပါသောကြောင့်၊ နောင်ဖြစ်အံ့သောဘဝသည် ချုပ်ချင်ချုပ်-မချုပ်ချင်နေ၊ ဖြစ်ချင်ဖြစ်-မဖြစ်ချင်နေ ယခု‘ငါ့ဘဝ’နှင့် ဘာမျှမဆိုင်ပါသဖြင့် နောင် ဖြစ်အံ့သောဘဝကို ယခုဘဝကနေပြီး ဘာမျှ လှမ်း၍ပူစရာလည်းမရှိ၊ ပင်စရာလည်း မရှိ၊ ကြောက်

စရာလည်း မရှိ၊ လန့်စရာလည်း မရှိ၊ ဝမ်းမြောက်စရာလည်း မရှိ၊ ဝမ်းနည်းစရာလည်း မရှိတော့ပေ။

သို့သော် သူတို့သည် ကြောက်နေတုန်းပင်။ အဘယ်ကြောင့်ဆိုသော် ယခုဘဝ ကိုယ့်ဝမ်းပိုက်ထဲက ဖြစ်ပေါ် ပေါက်ဖွားသွားသောသားသည် သေချာတပ်အပ်ပင် ကိုယ့်သားဖြစ်သည်မှာ အမှန်ဖြစ်သည်။ ထို-ကိုယ့်သားကိုပင် ကိုယ့်ကိုယ်နှင့်စာလျှင် 'သူတပါး'ဟု သုံးနှုန်းခေါ်ဝေါ်ရသည်။ အဘယ်နည်းနှင့်မျှ ငါ့သားဖြစ်၍ သူသည်လည်း သူတပါးမဟုတ်၊ 'ငါ'ပင်ဟု မပြောဆိုကြ။

ထိုသို့ တကယ်တမ်း သိနိုင်မြင်နိုင်လောက်အောင် သိသိထင်ထင် ဆက်သွယ်နေသော သားကိုပင် 'ငါ'ဖြစ်သည်-ဟု မပြောနိုင်ဘဲ 'သူတပါး'-ဟုပြောရလျှင် သိသိထင်ထင်မဟုတ်ဘဲ စိတ်မှန်းဖြင့် ကြိုးစားလျက်ဆက်သွယ်ရသော 'နောင်ဖြစ်လတ္တံ့ဘဝ'ကို 'ငါ'-ဟု သုံးနှုန်းပြောဆိုခြင်းသည် မသင့်မြတ်။ သုံးခြင်းသုံးလျှင် 'သူတပါး'-ဟုပင် သုံးသင့်တော့သည်။ ပညတ်မှာပင် အလွဲရှိခဲ့ပြီ။ လောကဝေါဟာရနှင့် မညီမညွတ် ဖြစ်ခဲ့ပြီ။

ထို့ကြောင့် သူတို့၏ဘဝသည် ပူခြင်းရှိသလို၊ နောင်ဘဝအတွက် ပူသင့်သလိုရှိမည် မဟုတ်လော-ဆိုအံ့။ ထိုသို့လည်း မသင့်-ဟုပင် ဆိုရမည်။

'သားကိုချစ်သည်, သားကိုချစ်သည်'-အစရှိသော စကားများသည် ထိုသားကို အကယ်ချစ်ကြသည် မဟုတ်ကြ။ အမှန်၌ 'ကိုယ့်ကိုယ်ကို ချစ်ကြခြင်းသာ' ဖြစ်သည်။ ကိုယ့်အသုံးအဆောင်ပစ္စည်း၊ အခြွေအရံပစ္စည်း- ဤမည်သောပစ္စည်းကလေးအဖြစ် ချစ်ခြင်းဖြစ်သည်။ အဝတ်အထည်, ပန်းမာလ်စသည်ကို ချစ်ခြင်းကဲ့သို့ပင် ကိုယ့်ဘဝပြည့်စုံမှုအတွက် ချစ်ခြင်းဖြစ်သည်။

ထို့ကြောင့် ဤသို့ချစ်သော သားအမိ, သားအဖ, မောင်နှမ, ဆရာတပည့်စသည့် အချစ်များသည်လည်း ငါရာနှစ်ဆယ့်ရှစ်အချစ်ဖြစ်ဖို့ များစွာ အကြောင်းနည်းပါးလှပါသည်။ တစ်ထောင့်ငါးရာချစ်များသာ ဖြစ်ဖို့ရှိလေသည်။

တစ်ထောင့်ငါးရာအချစ်သည် ကိုယ့်ဘဝကို အခြေခံသောအချစ်များလည်း ဖြစ်သည်။ ထိုသို့ပင် ဖြစ်သော်လည်း ထိုထိုမိဘနှင့် သားသမီး, မောင်

နှမတို့သည် သူတို့အချစ်ကို တစ်ထောင့်ငါးရာချစ် သို့မဟုတ် ကိုယ့်ဘဝကိုအခြေခံ သော အချစ်-ဟု မသိမြင်ကြတော့ကုန်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။

အစပဌမ၌ ကိုယ့်ဘဝကို အခြေခံပြီး ချစ်ခဲ့ခြင်း အမှန်ပင်။ သို့သော် လည်း ကြာမြင့်လာသောအခါ ထို-ကိုယ့်ဘဝကို အခြေခံ တည်ဆောက်ထား သော အချစ်တို့သည် ကြီးထွားပြန့်ကျယ်၍ လာလေသည်။ 'အရက်ကို အစ၌ လူကသောက်သည်၊ နောက်အခါ အရက်က လူကိုသောက်သည်'- ဆိုသကဲ့သို့ ပင် အစ၌ ကိုယ့်ဘဝကိုအခြေခံပြီး အချစ်ကို တည်ဆောက်ခဲ့သည်။ ကြာမြင့်လာ သောအခါ ထိုအချစ်များက အားကောင်းလာသောကြောင့် ကိုယ့်ဘဝကို လွှမ်းမိုး သွားခံရခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ 'အချစ်'သည် ကိုယ့်ဘဝကို ဝါးမြိုသွား သည်-ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် 'ကိုယ့်အတွက် သူများကိုချစ်သည်'-ဟု မသိတော့ဘဲ 'သူများ ကို သက်သက် ကိုယ်ကချစ်သည်'-ဟု သိမြင်လာလေတော့သည်။ ထို့ကြောင့်ပင် ကိုယ့်အချစ်အတွက် ကိုယ့်အသက်, ကိုယ့်ဘဝကို အဆုံးရှုံးခံနိုင်ကြခြင်း ဖြစ်ပေသည်။

အစ၌ 'အချစ်'ကို ကိုယ်ကသောက်သည်။ နောင်အခါ 'အချစ်'က ကိုယ့် ကိုသောက်သွားသည်။ ဤသို့ဖြစ်သည်။ ဤ၌လည်း ကိုယ့်သားသည် လုံးဝပင် ကိုယ်မှပွားသော ကိုယ်၏ ကိုယ်ပွားကလေးကိုပင် ကိုယ့်ကိုယ်လောက် မချစ်နိုင်- ဆိုလျှင် နောင်ဖြစ်အံ့သောဘဝ ကိုယ့်အတွက် ယခုဘဝ ကြောက်သည်, ပူပန် သည်-ဆိုသည်မှာ နောင်ဘဝအတွက် မဟုတ်ဘဲ၊ ယခုဘဝ ကိုယ်ကနေလျက် စိတ္တဇဖြစ်နေခြင်းသာ ဖြစ်ရပေမည်။

ထို့ကြောင့် နောက်ဘဝအတွက် ကိုယ်ကျင့်တရားများ ယခုဘဝကပင် ကျင့်နေကြခြင်းသည်လည်း နောက်ဘဝကြောက်မှု-ဟူသော စိတ်အားလွန်မှု (=အဘိသင်္ခါရ) စိတ္တဇဝေဒနာ ဖြစ်မှုကြီးကြောင့် ပြုလုပ်ကျင့်ကြံနေကြခြင်းသာ ဖြစ်ပေသည်။ သူတို့သည် သူတို့စိတ္တဇလုပ်ငန်း အတွက် မြန်မာစကားပုံတစ်ခု ပြုကြလေသည်။ ယင်းကား 'အရိပ်လိုချင်လျှင် နေပူကစောင့်ပါ' ဟူသတည်း။

'အရိပ်လိုချင်လျှင် အရိပ်ထဲသွား'။ ဒါပင် မကောင်းပါလော။ (ဝါ) အရိပ်ထဲသွားနေရန် မကောင်းပါလော။ အရိပ်နောက် ရွေ့လိုက်လျှင် ပြီးသည် မဟုတ်ပါလော။ ထို့ကြောင့် သူတို့ဘဝသည် 'အမြင်နှင့်အလုပ်' သို့မဟုတ် 'အဘိဓမ္မာနှင့်ဘဝ' မဟပ်မိ, မစပ်မိသော အကျိုးအပဲ့ကြီး ဖြစ်နေလေသည်။

ဤသို့ အဘယ်ကြောင့် ဖြစ်ရသနည်း။

သူတို့သည် 'ဘဝ'ကို မလေ့လာကြပေ။ သဘောတရားစာတမ်းများကိုသာ လေ့လာကြပေသည်။ ထို့ကြောင့် ကိုယ်မပါသောခေါင်းသည် ဘယ်မှမရွေ့နိုင်ပေ။ မရွေ့နိုင်သောကြောင့် ခေါင်းသည် ကြည့်မြင်စရာ၊ ကြားနာစရာစသည့် အာရုံ အသစ်အသစ်တို့ ငတ်မွတ်ပြီး စိတ္တဇ ဖြစ်သွားရလေသည်။

ထို့ကြောင့် သူတို့၏ သဘောတရားများသည် စိတ္တဇသဘောတရားများ ဖြစ်နေကြပေသည်။ ဟုတ်ပါသည်။ သူတို့သည် 'ဗုဒ္ဓအဘိဓမ္မာ'ကို လေ့လာကြသော်လည်း ထို'ဗုဒ္ဓအဘိဓမ္မာ'၏ တကယ့်ဘဝကိုကား မဖော်ဆောင်နိုင်ကြပေ။ ထို 'ဗုဒ္ဓအဘိဓမ္မာ'ကို သူတို့ခံတွင်း၌ သွားရည် အလိမ်းလိမ်းဖြင့် ငုံထားကြရုံ ငုံထားကြပေသည်။

'ဗုဒ္ဓ၏သဘောတရား'ကား-

နောက်ဘဝရှိခြင်းနှင့် မရှိခြင်းကိုလည်းကောင်း၊

ရှေ့ဘဝရှိခြင်းနှင့် မရှိခြင်းကိုလည်းကောင်း ငြင်းဆိုခဲ့ပေသည်။

ဤသို့ငြင်းဆိုရခြင်း၏ အကြောင်းကို သဘောပေါက်အောင် လေ့လာနိုင်သူ ဖြစ်စေ၊ ဤသို့ပင် ငြင်းဆိုရမည်ဟု သဘောပေါက်ပြီးသူ ဖြစ်စေ၊ ဤသူများကသာ ဗုဒ္ဓ၏တည်ဆောက်ခဲ့သောဘဝကို တွေ့ရှိခြင်း ဖြစ်ပေသည်။

'စိတ္တဇသဘောတရား'ရှိသော သူတို့သည် ဗုဒ္ဓ၏တည်ဆောက်ခဲ့သော ဘဝကို တွေ့ရှိကြသော ဤသူများကဲ့သို့ မဟုတ်ကြ။ မဖြေကောင်းသောပြဿနာဖြစ်၍ မဖြေခြင်းသာဖြစ်သည်-ဟု ကျေနပ်လွယ်သွားခဲ့ကြပေသည်။ (ဝါ) ပညာရှိ လုပ်သွားခဲ့ကြသည်။

၄၅။ ပရမတ္ထအရှိဝါဒသည် ဗုဒ္ဓဝါဒမဟုတ်

ထို့ပြင် သူတို့သည် ဤသို့ ရှေ့,နောက်ဘဝများ ရှိခြင်း,မရှိခြင်းနှစ်မျိုးမှ လွတ်ရန် သဘောတရားသစ်တစ်ခု တည်ဆောက်ကြပေသည်။

ယင်းကား 'ပရမတ္ထဝါဒ' ဖြစ်လေသည်။

သို့မဟုတ် 'ပရမတ္ထအရှိဝါဒ' ဖြစ်လေသည်။

ထိုဝါဒဖြင့် နောက်ဘဝ,နောင်ဘဝများ ရှိ,မရှိ နှစ်မျိုးလုံးကို ငြင်းဆိုရန် မျက်လှည့်ပြဖို့ ဖြစ်လေသည်။ သူတို့မျက်လှည့်သည် မျက်လှည့်သာ ဖြစ်လေသည်။ သူတို့ မျက်လှည့်ပြသူများကိုယ်တိုင်ပင် တကယ်ငြင်းဆိုမှုကို အမြဲတန်းဖြစ်အောင် မတည်ဆောက်နိုင်ကြပေ။ (ဝါ) တကယ်ငြင်းဆိုမှုကို သဘောကျအောင် မတည်ဆောက်နိုင်ကြပေ။

ဤငြင်းဆိုမှုသည် သာသနာတော်၌ ပဋမနေရာကို အနည်းဆုံး ရစေနိုင်လေသည်။ ဤငြင်းဆိုမှုမျိုးကိုကား မြန်မာပြည်သားမှန်သမျှ ပြုတတ်နေမလားပင် ဆိုရမည်။

မြန်မာပြည်၌ ဆရာတော်ကြီးတစ်ပါးလည်း ဤသို့ပင် နှလုံးမူဟန် တူပေသည်။ 'သာသနာတော်၌ ပဋမနေရာ(သောတာပန်)ကို လူတိုင်းရနေတယ်-လို့ ပြောလိုက်ချင်တယ်။ လူကြားမကောင်းမှာစိုးလို့သာ'-ဟူ၍ နှုတ်ဖြင့် တတွတ်တွတ်ရွတ်၍ မိန့်ဆိုဖူးခဲ့ပေသည်။

သူသည် (ဝါ) ယင်းဆရာတော်သည် ပရမတ္ထဝါဒီတို့၏ မျက်လှည့်ကို နားလည်ခြင်းအားဖြင့် ရှေ့,နောက်ဘဝများ ဖြစ်,မဖြစ်မှလွတ်အောင် သိမြင်နိုင်သောအရာ-ဟု နှလုံးပိုက်တော်မူသောကြောင့် ဖြစ်ပေသည်။ သူထင်သလို ဟုတ်ပါ၏လော။

ဤ'ပရမတ်အရှိဝါဒ'ကို ထုံးလိုချေ ရေလိုနှောက်နေသော သူတို့သည်လည်း သာသနာ၏ ပဋမနေရာရသူတို့ အသွင်အပြင်နှင့် ဖီလာဆန့်ကျင် ရှိနေကြသည်ကို အလွယ်တကူပင် တွေ့ခွင့်ရှိသည် မဟုတ်ပါလော။ 'ပရမတ္ထအရှိဝါဒ' သည် 'ဗုဒ္ဓဝါဒမဟုတ်ပေ'။ သူတို့၏ စိတ္တဇဝါဒသာ ဖြစ်ပေသည်။

ဗုဒ္ဓသည် သူ၏ဘဝအမြင်ကို တင်ပြရာ၌-

'ပရမတ္ထကို အရှိသဘောအဖြစ် တင်ပြခဲ့ခြင်း မရှိပေ။

'အဖြစ်တရားအဖြစ်သာ တင်ပြခဲ့ပေသည်။

သူတို့သည် သူတို့၏ ပရမတ္ထအရှိဝါဒအရ စိတ်လည်း အရှိဖြစ်သည်။ စေတသိက်လည်း အရှိဖြစ်သည်။ ရုပ်လည်း အရှိဖြစ်သည်-ဟု ဆိုကြသည်။

ထိုသူတို့သည် ထိုပရမတ္ထတရားများကို ခန္ဓာတရားများဖြစ်သည်- ဟုလည်း ဆိုကြပြန်သည်။ ထိုတရားများသည် ခန္ဓာလော။ ကာလ,ဌာန,သဏ္ဍာန်အပြား တစ်ဆယ့်တစ်ပါးတို့ဖြင့် ခွဲခြားစိတ်ဖြာ၍ ကြည့်သူ၏အဖြစ်များသည် ခန္ဓာလော။

ထို စိတ်,စေတသိက်,ရုပ်များဖြင့် ဖွဲ့သောအရာကို'သစ္စာလေးပါး'ကို ဖော်ထုတ်ပြသကြသော ပုဂ္ဂိုလ်တို့အမြင်၌ ခန္ဓာများ မဟုတ်ကြကုန်။

ထို့ကြောင့် 'ခန္ဓာ'သည်လည်းကောင်း၊ စိတ်,စေတသိက်,ရုပ်များသည်လည်းကောင်း 'အလယ်လမ်း'ကို ဖော်ထုတ်ပြသတော်မူခဲ့ကြသော ပုဂ္ဂိုလ်များအမြင်၌ 'အရှိတရားများ'-ဟု မထင်ကြကုန်။ထိုသို့ မထင်ကြောင်းကို သူတို့ဖော်ပြကြသော စိတ်,စေတသိက်,ရုပ်တို့၏ အမှတ်လက္ခဏာစကားများ၌ ထင်ရှားတွေ့မြင်ရပေသည်။

ထိုအမှတ်လက္ခဏာများကား အဘယ်နည်း။

ယင်းတို့ကား 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'တို့ ဖြစ်ပေသည်။

ဟုတ်ပါသည်။ အလယ်လမ်းကို ဖော်ထုတ်ပြသခဲ့ကြသော ပုဂ္ဂိုလ်တို့သည် စိတ်,စေတသိက်,ရုပ်ဟုဆိုအပ်သော ပရမတ္ထများ၏ လက္ခဏာကို 'အနိစ္စ, ဒုက္ခ,အနတ္တ'ဟု ညွှန်ပြခဲ့ကြပါသည်။

ထိုလက္ခဏာပြစကားလုံးများသည် စိတ်,စေတသိက်,ရုပ်ဟု
ဆိုအပ်သော ပရမတ္ထတရားများ၏ 'အရှိတရား အဖြစ်ကို
ငြင်းဆိုပြသော စကားများ' ဖြစ်ပါသည်။

အရှိတရားအဖြစ်မှငြင်းဆိုခြင်းများအနက် ဤလက္ခဏာပြ စကားလုံး သုံးလုံးဖြင့် ငြင်းဆိုခြင်းသည် အစေ့စပ်ဆုံး၊ အသေချာဆုံး ငြင်းဆိုချက်ပင် ဖြစ်သည်ဟု

၄၆။ အရှိဆိုတာ ဘာလဲ

ဤနေရာ၌ 'အရှိ'ဆိုသော စကား၏ အနက်ကို အနည်းငယ် ဖွင့်ပါရစေ။

'အရှိ'ဟူသည်မှာ 'အတ္တသတ္တိ'ဟုဆိုအပ်သော ကိုယ့်ကိုယ်ကို ရပ်တည် နိုင်သော စွမ်းရည်နှင့် 'အတ္တနိယသတ္တိ'ဟု ဆိုအပ်သော ပတ်ဝန်းကျင်ကိုပါ ဆောင်နိုင်သော စွမ်းရည်ရှိသောအရာ ဖြစ်ပါသည်။

'အတ္တ'နှင့် 'အတ္တနိယသတ္တိများ'ရှိသောအရာသည်

'အရှိ'ဖြစ်သည်-ဟု ဆိုလိုပါသည်။

အကယ်၍ ဖြစ်ပေါ်လာသော တရားသည် အတ္တသတ္တိနှင့် အတ္တနိယ သတ္တိများ ဝင်နေသော 'အရှိတရားများ' ဖြစ်ခဲ့ပါမူ၊ ထိုတရား၌ ကာလ, ဌာန, သဏ္ဌာနများ အမှန်ပင် ရှိပေရာသည်။ ဤ၌-

'ကာလ'-ဆိုသည်မှာ 'ယခု,နောက်,နောင်' ဖြစ်သည်။

'ဌာန'-ဆိုသည်မှာ 'နီး,ဝေး,တွင်း,ပြင်' ဖြစ်သည်။

'သဏ္ဌာန'-ဆိုသည်မှာ 'ယုတ်,မြတ်,ကြမ်း,နု' ဖြစ်သည်။

အကယ်၍ ဖြစ်ပေါ်ဆဲ ဖြစ်စေ၊ ဖြစ်ပေါ်ပြီးနောက် တည်ဆဲဖြစ်စေ၊ ပျက်သွားအံ့အချိန်တိုင်အောင် ဖြစ်စေ 'ဖြစ်ပေါ်နေသောအရာ'သည် ကိုယ့်ကိုယ် ကို ရပ်တည်နိုင်သောသတ္တိနှင့် အခြားအရာဝတ္ထုကို ဖြစ်ပေါ်အောင် ပြုနိုင်စွမ်း သောသတ္တိများ ရှိသည်ဆိုအံ့။ ထိုအရာသည်သာ 'အရှိတရား' ဖြစ်သည်။ ထိုအရှိတရား၌သာလျှင် စစ်မှန်သော ကာလ,ဌာန,သဏ္ဌာနများ ရှိသည်။

'အတ္တနှင့် အတ္တနိယသတ္တိများ' မရှိ၍ အရှိတရားမဟုတ်သော 'အဖြစ် တရားများ'၌ ကာလ,ဌာန,သဏ္ဌာန'များ အကယ်မရှိကုန်။ လူ၌ 'သင်္ကေတ'ဖြင့် သာ ရှိဟန်ဖြစ်၍နေခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း- ဟူသော် 'အရှိတရားမဟုတ်သောကြောင့်'-ဟူလို။

ထိုစကားများအရ ထိုစိတ်,စေတသိက်,ရုပ် ပရမတ်တရား၌ 'အတ္တသတ္တိနှင့် အတ္တနိယသတ္တိ'များ ရှိသလော,မရှိသလော- ဆန်းစစ်ရဖို့ ရှိလေသည်။

ထိုပရမတ်များကို ဖော်ထုတ်ခဲ့သော အလယ်လမ်းအတွေးအခေါ်ကို တင်ပြနိုင်ခဲ့သူ ဗုဒ္ဓအသျှင်သည် ထိုပရမတ်များ၌ ကာလ,ဌာန,သဏ္ဌာနများ ရှိသည်-ဟု ဖော်ထုတ်ခဲ့သလော။ ဗုဒ္ဓအသျှင်သည် ထိုပရမတ်များ အရှိမဟုတ်ကြောင်း ဖော်ထုတ်ခဲ့၊ ညွှန်ခဲ့သည်။

ယင်းတို့မှာ 'အချိန်ကာလ၊ နေရာဌာနနှင့် အသွင်သဏ္ဌာန'ကို ငြင်းဆိုသော 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'ဟူသော စိတ်, စေတသိက်, ရုပ် ပရမတ်တို့၏ လက္ခဏာပြစကားလုံးများ ဖြစ်ကြပေသည်။

၄၇။ အနိစ္စသည် ပရမတ်အရှိပြ အချိန်ကိုငြင်းဆိုသည့်စကား

ဤစကားလုံးတို့၏ အနက်အတ္ထ အဓိပ္ပါယ်ကို အနည်းငယ်မျှ ဆန်းစစ်၍ ကောက်ယူပြလိုပါသည်။ ထိုစကားသုံးလုံးအနက် 'အနိစ္စ'ဟူသော စကားလုံး၏အနက်ကို လေ့လာကြပါမည်။ 'အနိစ္စ'ဟူသော စကားလုံးသည် 'အ'နှင့် 'နိစ္စ' ဟူသော နှစ်လုံးပေါင်းစကားလုံး ဖြစ်ပါသည်။ ဤ၌-

'အ'သည် 'တားမြစ်ခြင်းပြ' စကားလုံး ဖြစ်ပါသည်။

'နိစ္စ'သည် 'မြဲခြင်း'အနက်ပြ စကားလုံး ဖြစ်ပါသည်။

ဤစကားနှစ်လုံးကို ပေါင်းလိုက်သောအခါ 'မမြဲခြင်း' သို့မဟုတ် 'အမြဲမရှိခြင်း'ဟူ၍ ထွက်ပေါ်လာပါသည်။

ဘယ်သူမမြဲသနည်း သို့မဟုတ် ဘယ်သူ အမြဲမရှိသနည်း။

စိတ်,စေတသိက်,ရုပ်ဟူသော ပရမတ္ထတို့ မမြဲခြင်း၊ အမြဲမရှိခြင်း ဖြစ်ပါသည်။ ဤ၌ 'မမြဲခြင်း'ဟူသည် အဘယ်သို့ဖြစ်သည်ကို ဆိုသနည်း။

'မြဲခြင်း'၏ ဆန့်ကျင်ဖက်ဖြစ်ခြင်းကို 'မမြဲခြင်း'ဟု ဆိုရပါသည်။

ထိုသို့ဆိုလျှင် 'မြဲခြင်း'ဟူသည် အဘယ်သို့နည်း။

'မြဲခြင်း'ဟူသည် 'မမြဲခြင်း၏ ဆန့်ကျင်ဖက်'ပင် ဖြစ်သည်-ဟူ၍ ဖြေရပေမည်။ ဤသို့ဆိုလျင် 'မြဲ'နှင့် 'မမြဲ'တို့၏ အနက်အတ္ထတို့သည် တရားသေမရှိကုန်။ 'မြဲ'ဟု အသတ်မှတ်ခံရသော အတိုင်းအတာမှ ကျော်လွန်သောအဖြစ်သည် 'မမြဲ' ဖြစ်၍၊ 'မမြဲ'ဟု အသတ်မှတ်ခံရသော အတိုင်းအတာ၏ အောက်ကျသောအဖြစ်သည် 'မြဲ' ဖြစ်နေလေသည်။

ထို့ကြောင့် 'မြဲ'နှင့် 'မမြဲ'သည် တစ်ခုကိုတစ်ခု ထောက်ဆ၍ဖြစ်သော အရာများဖြစ်သည်။ ထိုသို့ ထောက်ဆမှုဖြစ်သောအရာသည် ထောက်ဆသူနှင့် ကင်း၍ မရနိုင်ပေ။ သို့မဟုတ် ထောက်ဆသူ၏ သတ်မှတ်ချက်နှင့်ကင်း၍ ဖြစ်နိုင်သောအရာ မဟုတ်ပေ။ ဆိုလိုသည်မှာ 'ဤအချိန်အတွင်း ဖြစ်ပေါ်သမျှသည် 'မြဲ'ဖြစ်သည်၊ ဤအချိန်မှအထက်ဖြစ်သော အရာသည် 'မမြဲ'ဖြစ်သည်'- ဤသို့ သတ်မှတ်ချက်ရှိမှ 'မြဲ'နှင့် 'မမြဲ'ကို ဖြစ်စေနိုင်မည်ဟု ဖြစ်ပါသည်။

ဤ'အနိစ္စ'ဟူသော စကားလုံးကို သုံးနှုန်းခဲ့သော ဗုဒ္ဓအသျှင်သည် 'မြဲ' နှင့်မမြဲ'တို့၏စည်းခြားပေးရာ သတ်မှတ်ချက်ကို အဘယ်သို့ မြွက်ခဲ့လေသနည်း။

ရုပ်အတွက်ဆိုလျင်လည်း 'လက်ဖျစ်တစ်တွတ်အချိန်၏ ကုဋေငါးထောင် ကျော်ပိုင်း တစ်ပိုင်း'အချိန်မှ အောက်အချိန်များသည် 'မြဲသောအချိန်' ဖြစ်သည်။ ၄င်းအချိန်နှင့် အထက်အချိန်များသည် 'မမြဲသောအချိန်' ဖြစ်သည်။ စိတ်အတွက် ဆိုလျင် လက်ဖျစ်တစ်တွတ်အချိန်၏ ကုဋေတစ်သိန်းကျော်ပိုင်းတစ်ပိုင်းအချိန်မှ အောက်ဖြစ်သောအချိန်များသည် 'မြဲ'သောအချိန်များ ဖြစ်သည်။ ထိုအချိန်နှင့် ထိုအချိန်မှအထက်ဖြစ်သော အချိန်များသည် 'မမြဲ' ဖြစ်ကြသည်။

ဤသို့ သတ်မှတ်ခဲ့ပါသလော။

ဤသို့ သတ်မှတ်ခဲ့မှသာ ကုဋေငါးထောင်ကျော်ပိုင်း-တစ်ပိုင်း အချိန် သက်တမ်းရှည်သည်-ဆိုသော ရုပ်များနှင့် ကုဋေတစ်သိန်းကျော်ပိုင်းတစ်ပိုင်း အချိန်သက်တမ်းရှည်သည် ဆိုသော နာမ်တရားများအတွက် 'မမြဲ'ဟု မှတ်ယူနိုင်ခွင့်ရှိမည် ဖြစ်လေသည်။

အကယ်၍ ဤသို့သတ်မှတ်ခဲ့ခြင်း မရှိလျှင် ထိုသို့ အချိန်သက်တမ်းရှိကြသော ရုပ်နှင့် နာမ်များသည် 'မမြဲ'ဟုဆိုရန် အကြပ်အတည်း အခဲအကပ် ရှိပေသည်။ အဘယ်သို့နည်း။

ကုဋေငါးထောင်ကျော်ပိုင်းတစ်ပိုင်း အသက်တမ်းရှိသော ရုပ်သည် လက်ဖျစ်တစ်တွတ်၏ ကုဋေငါးထောင်ကျော်ပိုင်းတစ်ပိုင်း အချိန်တို့ထက်ပို၍ လက်ဖျစ်တစ်တွတ်လုံးလုံးအချိန်၊ ဤအချိန်များနှင့်စာလျှင် မမြဲသည် အမှန်ဖြစ်သော်လည်း လက်ဖျစ်တစ်တွတ်၏ ကုဋေငါးထောင်ကျော်ပိုင်းတစ်ပိုင်း အချိန်ကို ထက်ဝက်ခွဲထားသောအချိန် သို့မဟုတ် ကုဋေတစ်သောင်းကျော်ပိုင်းတစ်ပိုင်း အချိန်၊ ဤအချိန်များနှင့်စာလျှင် 'မြဲ'ဟူ၍ ဖြစ်သွားရဖို့ ရှိလေသည်။

'မြဲ,မမြဲ'ဟူသော စကားများသည် ရှည်သောအချိန်ကိုထောက်၍ တိုသောအချိန်ကို 'မြဲ'၊တိုသောအချိန်ကိုထောက်၍ ရှည်သောအချိန်ကို 'မမြဲ'၊ ဤသို့ခေါ်ဝေါ်ရသည် မဟုတ်ပါလော။

ထို့ကြောင့် 'မြဲနှင့်မမြဲ'ကို ခွဲခြားရန် သတ်မှတ်ထားသော စံပြုအချိန် မရှိခဲ့ဆိုလျှင် 'မြဲ-မမြဲ'ပြောဆိုရန် မဖြစ်နိုင်သော အခြေအနေ ရှိပေသည်။

နာမ်အတွက်လည်း ထို့အတူပင် နာမ်ကို လက်ဖျစ်တစ်တွတ်၏ ကုဋေတစ်သိန်းကျော်ပိုင်းတစ်ပိုင်း သက်တမ်းကာလရှိသည်-ဟု ယူဆပြောဆိုကြသည်။ ထိုနာမ်သည် ဤမျှ အသက်တမ်းကာလရှိသည်-ဟု ယူဆပြောဆိုကြသည်။ ထိုနာမ်သည် ဤမျှ အသက်တမ်းကာလရှိသည်ဆိုလျှင် ထိုနာမ်သက်တမ်းထက် တိုသော သက်တမ်းကာလ ဟူ၍လည်း ရှိနိုင်ရာသည်။

ကာလသည် ကုဋေတစ်သိန်းကျော်ပိုင်း တစ်ပိုင်း စသည်ဖြင့်လည်း ရှိနိုင်သည် မဟုတ်ပါလော။ ဤမျှတိုတောင်းသော အချိန်ပိုင်းဟူ၍ မရှိနိုင်-ဟု မည်သူမျှ အချိန်ပေးနိုင်ခွင့် မရှိပေ။ ယခုခေတ်လို အမ်စထရောင်ယူနစ်များကို စနစ်တကျ သုံးစွဲတတ်ပြီးဖြစ်သောခေတ်၌ ဤမျှတိုတောင်းသောအချိန်ဖြင့် ပြောပလောက်သည် မဟုတ်တော့-ဟုဆိုလျှင် အရယ်ခံရဖို့ သေချာပေသည်။ ဤသို့ဆိုလျှင် ကုဋေတစ်သိန်းကျော်ပိုင်း တစ်ပိုင်း သက်တမ်းကာလရှိသော

နာမ်သည် ကုဋေတစ်သန်းကျော်ပိုင်းတစ်ပိုင်းကာလနှင့် စာလျှင် ဆယ်ဆပင် ပို၍မြဲနေလေသည်။

ထို့ကြောင့် နာမ်တရားကို မမြဲ-ဟု အဘယ်ဆိုမည်နည်း။

ဤသို့ပင် ရုပ်,နာမ်များကို 'မမြဲ'ဟုပြောဆိုရန် အခက်အခဲရှိပေသည်။ ထိုအခက်အခဲကို ကျော်လွှားနိုင်ရန် စံပြုအချိန်တစ်ခုခုကို ဗုဒ္ဓအသျှင်သည် သတ်မှတ်ကြေငြာ၍ မထားခဲ့ပေ။ ဤသို့လည်း ထားခဲ့၍ မဖြစ်ပေ။

ဗုဒ္ဓအသျှင်သည် အလွန်တန်ဖိုးရှိသော 'အလယ်လမ်းအတွေးအခေါ်' ကို ဖော်ထုတ်ပြသခဲ့သူ ဖြစ်ပေသည်။ သူ၏ အလယ်လမ်းအတွေးအခေါ်သည် စိတ်ကူးယဉ်အတွေးအခေါ်၏ ပြောင်းပြန်အချိုး ဖြစ်သည်။ အကယ်၍ အချိန်တစ်ခုခုကို 'မြဲနှင့်မမြဲ'တို့၏ စည်းခြားရာ ကြားမှတ်တိုင်အဖြစ် စံပြုသတ်မှတ်ခဲ့လျှင် သတ်မှတ်နိုင်ရန် တကယ် သရုပ်သကောင်တစ်ခု အမှန်ရှိရပေမည်။

ဥပမာ- စင်တီဂရိတ်ပြဒါးတိုင်၌ တစ်မှအောက်သည် ရေခဲရမည်။ တစ်ရာမှအထက်သည် ရေဆူရမည်-ဟု ကြေငြာခဲ့သည်။ ထိုသို့ ကြေငြာသည့်အတိုင်း ဒီဂရီပြဒါးသည် အကယ်၍-တစ်အောက်ရောက်နေခဲ့လျှင် အပြင်လောကများသည် ရေများ ခဲနေရမည်။

ဤကဲ့သို့ အကယ် ဖြစ်ရပ်တစ်ခုခု မရှိဘဲ၊ အဘယ်အချိန်သည် 'မြဲနှင့်မမြဲ'တို့၏ စည်းခြားရာ ကြားကာလအချိန်ဖြစ်သည်-ဟု ကြေငြာသတ်မှတ်လျှင် စိတ္တဇသတ်မှတ်ချက်၊ စိတ်ကူးယဉ်သတ်မှတ်ချက်သာ ဖြစ်ပေမည်။ ထို့ကြောင့် ထိုအလုပ်မျိုးသည် ဗုဒ္ဓအသျှင် အလျဉ်းပင် မလုပ်သောအလုပ် ဖြစ်သည်။

ထို့ကြောင့် 'အနိစ္စ'ဟူသော စကားလုံး၏ အနက်အတ္ထသည် 'ဖြစ်,ဖြစ်ပြီးမှ ပျက်သွားခြင်း'ဟူသော အနက်အတ္ထ မဖြစ်နိုင်ရာ။ 'ဖြစ်ပြီးနောက် မရှိခြင်း' ဟူသော 'ဟုတွာ အဘာဝ'အနက်မျိုး ဖွင့်နိုင်ရန် အထက်ဆိုခဲ့သည့်အတိုင်း စံပြုအချိန် မရှိသောကြောင့်တည်း။ ထို့ကြောင့်-

'အနိစ္စ'ဟူသော စကားလုံး၏ အနက်အတ္ထသည်
'အချိန်ကို ငြင်းဆိုသော' စကားလုံးပင် ဖြစ်ရာသည်။

'မြဲ'-ဟု ပြောနိုင်သော အချိန်ဟူ၍ လုံးဝမရှိ။ အမြဲကို မရှိ။ ဘိတ်ဘိတ် မရှိ။ ဘယ်တော့မျှ မရှိ-ဟု ဆိုလိုပေရာသည်။

စိတ်,စေတသိက်,ရုပ်ဟူသော ပရမတ္ထတရားတို့သည် ပရမတ္ထအရှိဝါဒီတို့ ယူကြသလို အနှစ်အသားအဖြစ်၊ အလယ်လမ်းကို ဖော်ထုတ်တင်ပြခဲ့ကြသူတို့ ဟောပြောခဲ့ကြခြင်း ရှိသည် မဟုတ်ပေ။ အားလုံးသောလောကကို 'ပစ္စယသမဝါယ'-ဟု ဆိုအပ်သော 'မပြည့်စုံသေးသော အကြောင်း အစိတ်အပိုင်းကလေးများဖြင့် စုဝေးပေါင်းစပ်ထားသောအရာ'-ဟူ၍ အကျယ်တဝန်း မိန့်ကြားမြွက်ဆိုခဲ့ကြပေသည်။

ဤ-'လောက'ဟူသည် ရေ,မြေ,တော,တောင်၊ သမုဒ္ဒရာ၊ လူ၊ တိရစ္ဆာန်၊ အိုးအိမ်-အစရှိသည်များနှင့် စိတ်,စေတသိက်,ရုပ်များ ဖြစ်ပါသည်။

ဤ-'လောက'ကို နှစ်ပိုင်းတော့ ခွဲနိုင်ပါသည်။

(၁) စိတ်,စေတသိက်,ရုပ်မှ ကြွင်းသော လောကနှင့်

(၂) စိတ်,စေတသိက်,ရုပ်-ဟူသော လောက-ဟူ၍ ဖြစ်ပါသည်။

အဘယ်ကြောင့် ဤသို့ခွဲရသနည်း။

နှစ်ပိုင်းစလုံးပင် မပြည့်စုံသေးသော အကြောင်းအသေးအဖွဲကလေးများ စုဝေးပေါင်းစပ်နေသော အရာများချည်း မဟုတ်ပါလော-ဟု မေးဖွယ်ရှိပါသည်။ ဟုတ်ပါသည်။ ရေ,မြေ,တော,တောင်၊ လူ၊ တိရစ္ဆာန်၊ အိုးအိမ် စသည်တို့သည်လည်း မပြည့်စုံသော အကြောင်း(ပစ္စယ)များ စုဝေးနေသောအရာ 'သမဝါယ' များဖြစ်ပါသည်။

ဥပမာ-အိမ်ဖြစ်ရန် သစ်သားစ, ဝါးစ-စသည်ဖြင့် အိမ်တစ်လုံးဖြစ်ဖို့အတွက် မပြည့်စုံသော အစိတ်အပိုင်း သို့မဟုတ် အိမ်ဆောက်ပစ္စည်းများဖြင့် စုပေါင်း တည်ဆောက်ခံထားရသော အရာ ဖြစ်သည်။

'လူ'ဆိုသည်မှာလည်း ထို့အတူ ဖြစ်ပါသည်။ အသွေးအသား, အရိုးအကျော-စသည်ဖြင့် အစိတ်အပိုင်းကလေးများဖြင့် တည်ဆောက်ခံထားရသော အရာဝတ္ထုဖြစ်ပါသည်။ ကြွင်းသော ရေ,မြေ,တော,တောင် စသည်လည်း ဤနည်း

များအတူ ဖြစ်ပါသည်။

ထို့ပြင် စိတ်,စေတသိက်,ရုပ်ဟူသော နာမ်တရားများလည်း ရေ,မြေ, တော,တောင်-စသည်ကဲ့သို့ပင် မပြည့်စုံသေးသော အကြောင်းများ ပေါင်းစပ် စုစည်းနေသော အရာများပင် ဖြစ်ပါသည်။ ဥပမာ- စိတ်ဖြစ်ရန် အာရုံနှင့်ဒွါရတို့ ပေါင်းစုံရပါသည်။ ဤ၌ အာရုံသည်လည်းကောင်း၊ ဒွါရသည်လည်းကောင်း စိတ်ဖြစ်ရန်အတွက် မပြည့်စုံသေးသောအကြောင်း အစိတ်အပိုင်းကလေးများ ဖြစ်ပါသည်။

စေတသိက်လည်း စိတ်အတူဖြစ်ပါသည်။ ရုပ်ဆိုလျှင်လည်း ဤအတူ ဖြစ်ပါသည်။ 'ဥပါဒါရုပ်'ဟုဆိုအပ်သော မျက်စေ့အကြည်,နားအကြည်စသည်၊ သည်'ဘုတ်ရုပ်'ဟုဆိုအပ်သော မာခြင်း,ကြမ်းခြင်း၊ ဆွဲခြင်း,ငင်ခြင်း၊ ပူခြင်း,အေး ခြင်း၊ လှုပ်ခြင်း,တွန်းခြင်းများ၏ အချိုးအပေါ်မှီ၍ ဖြစ်နေသည်။

ထို'ဘုတ်ရုပ်'တို့၏ ဖွဲ့စည်းပုံအချိုးများသည် မျက်စေ့အကြည်ဖြစ်ဖို့ မပြည့်စုံသေးသောအကြောင်းများ ဖြစ်သည်။

ထို့အတူ 'ဘုတ်ရုပ်'များသည်လည်း တစ်ခုဖြစ်ဖို့အတွက် အခြားသုံးခု သည် မပြည့်စုံသေးသောအကြောင်း ဖြစ်သည်။ တစ်ခုတိုင်းသည် ဤသို့ပင် သုံးခုတို့၏ စုဝေးနေသော အသွင်သာ ဖြစ်သည်။ ဤသို့ စိတ်,စေတသိက်,ရုပ်နှင့် ရေ,မြေ,တော,တောင် စသည်တို့သည် 'ပစ္စယသမဝါယ'တရား သို့မဟုတ် မပြည့်စုံသေးသော အစိတ်အပိုင်းကလေးများဖြင့် တည်ဆောက်ခံထားရသော အရာများအဖြစ် တူညီရပါသည်။

ဤသို့ပင်တူသော်လည်း စိတ်,စေတသိက်,ရုပ်တို့သည် ရေ,မြေ,တော, တောင်၊ လူ၊ တိရစ္ဆာန် စသည်တို့ တည်ဆောက်ရာ၌ 'အခြေခံသဘောများ' ဖြစ်သည်။ ရေ,မြေ,တော,တောင်၊ လူ၊ တိရစ္ဆာန် စသည်တို့သည် 'စိတ်,စေတသိက်, ရုပ်'ဟု ဆိုအပ်သော 'အခြေခံတရား'တို့ဖြင့် အတည်ဆောက်ခံထားရသော အသွင်အပြင်တရားများ ဖြစ်သည်။

ဤသို့ပင် ရေ,မြေ,တော,တောင်၊ လူ၊ တိရစ္ဆာန် စသည်နှင့် ‘စိတ်,စေတသိက်,ရုပ်’တို့ ကွဲပြားခြားနားကြသည်။ ထို့ကြောင့် ‘လောက’ကို-

‘စိတ်,စေတသိက်,ရုပ်’တို့ တစ်ပိုင်း၊

ကြွင်းသော ရေ,မြေ,တော,တောင်စသော အရာများကိုတစ်ပိုင်း။

ဤသို့ နှစ်ပိုင်း ခွဲအပ်ပါသည်။

၄၈။ ပရမတ်နှင့် ပညတ်

အခြေခံအပိုင်းသည် ‘ပရမတ္ထ’ ဖြစ်ပါသည်။

ဤ၌ ‘ပရမတ္ထ’၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်မှာ ‘ချေဖျက်၍မရသော အရာ’ ဟူ၍ ဖြစ်ပါသည်။ သို့မဟုတ် ‘နောက်ဆုံးအခြေအနေ’ဟူ၍ အဓိပ္ပါယ် ယူရပါသည်။ ဥရောပတိုက်၏ ရှေးနားခေတ်မှ အက်တမ်(Atom)ဝါဒီရှင်တို့၏ အက်တမ်(Atom)၏အနက်နှင့် တူညီပါသည်။

အက်တမ်ဝါဒီတို့စသည် ‘အားလုံးသောလောကဟူသော တိုက်အိမ်ကြီး၏ အခြေခံအုတ်ချပ်များကား အက်တမ်များဖြစ်သည်’-ဟု ယူဆသကဲ့သို့-

‘အားလုံးသောရေ,မြေ,တော,တောင်၊ လူ၊ တိရစ္ဆာန်စသည်တို့၏ အခြေခံတရားကား စိတ်,စေတသိက်,ရုပ်ဟူသော ပရမတ္ထတရား’များ ဖြစ်ပါသည်။

‘ပရမတ္ထ’၏ အနက်အဓိပ္ပါယ်သည် ‘ချေဖျက်၍မရ’-ဟူ၍ဖြစ်သည် ဆိုအံ့။ အဘယ်သို့ ချေဖျက်၍ မရသနည်း။ ဤသို့ မေးဖွယ်ရှိပါသည်။

ဤအဖြေသည် အောက်ပါအတိုင်းဖြစ်ပါသည်-

‘ရေ,မြေ,တော,တောင်၊ လူ,တိရစ္ဆာန်စသည်ကို ချေဖျက်လျှင် စိတ်, စေတသိက်,ရုပ်ဟူ၍ ကြွင်းကျန်ပါမည်။ စိတ်,စေတသိက်,ရုပ်တို့ကို ချေဖျက်လျှင်ကား ဘာမျှ အကျန်မရှိပါ။

ချေဖျက်မရ-ဟူသည် အက်တမ်ဝါဒီများကဲ့သို့ ‘အားလုံး၏ အခြေခံဖြစ်သလို၊ ယင်းကို ချေဖျက်လျှင်လည်း မပျက်သောအရာ ဖြစ်သည်’-ဟု ဆိုလိုရင်း မဟုတ်ပေ။

ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တစ်ဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု 

'ချေဖျက်၍မရ'-ဟူသည် ချေဖျက်လျှင် 'ပျက်'ပါသည်။ အဘယ်အရာမှ လက်ကျန်မကျန်-ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် 'ပရမတ္ထ'၏ အနက် အဓိပ္ပါယ်သည် 'အဖြစ်တရားများ၏ နောက်ဆုံးပိတ် အဖြစ်တရားအဖြစ် တည်ရှိ နေသော အခြေခံတရား'ဟူ၍ ဖြစ်ပါသည်။

ဤသို့လျှင် လောက၏ အခြေခံပိုင်းသည် 'ပရမတ္ထပိုင်း' ဖြစ်ပါသည်။

ထို့ပြင် ကျန်သော အသွင်အပြင်ပိုင်းသည် 'ပညတ်ပိုင်း' ဖြစ်ပါသည်။

ဤသို့ပင် လောကကို 'ပရမတ္ထပိုင်း၊ 'ပညတ်ပိုင်း'ဟူ၍ နှစ်ပိုင်းခွဲအပ်ပါ သည်။ထိုသို့ ပညတ်ပိုင်း၊ ပရမတ်ပိုင်း နှစ်ပိုင်းခွဲအပ်သော်လည်း ဘယ်အပိုင်း သည် 'အရှိပိုင်း'၊ ဘယ်အပိုင်းသည် 'မရှိပိုင်း'ဟူ၍မူ မခွဲအပ်ပေ။

အချို့သော အလယ်လမ်းအတွေးအခေါ်ကို သဘောမပေါက်ကြသော ပုဂ္ဂိုလ်တို့သည် 'ပညတ်ပိုင်းကို မရှိထင်'၍၊ 'ပရမတ်ပိုင်းကို အရှိထင်'ကြလေ သည်။ ထိုသူတို့သည် 'ပရမတ္ထအရှိဝါဒီ'များ ဖြစ်ကြပေသည်။

ထိုသူတို့သည် 'ပညတ်ပိုင်း'မှ အရာဖြစ်သော ယောကျ်ား, မိန်းမ, ငါ, သူတပါး စသည်တို့ကို 'မရှိ'-ဟု ယူဆကြသည်။ 'ငါမရှိ၊ သူတပါး မရှိ။ ယောကျ်ား ဟူ၍လည်း မရှိ၊ မိန်းမဟူ၍လည်း မရှိ'-ဟူ၍ ပြောင်ပြောင်တင်းတင်း ပြောဆိုကြ ပေသည်။ ထိုသူတို့သည်ပင် 'ရှိသည်ကား ရုပ်,နာမ်များသာတည်း'ဟူ၍ ဆိုကြ ပြန်သည်။ ဤသို့ပင် ပရမတ်ပိုင်းများကို 'အရှိ' ယူကြပြန်လေသည်။

စင်စစ်၌ ထိုသူတို့၏စကားသည် ကလေးဆန်လွန်းလှပေသည်။ 'ဗမာ သည် လူဖြစ်၏။ ထို့ကြောင့် လူသည် ဗမာဖြစ်ရမည်'။ ဤသို့ တွေးခေါ်အပ်သော ကလေးငယ်၏ အတွေးအခေါ်သည် ပြုံးချင်ရယ်ချင်စဖွယ် မပြည့်စုံ မန္တစပ်သော အတွေးအခေါ်ဖြစ်သည်ကို တွေ့ရသကဲ့သို့ ဖြစ်သည်။

'ရုပ်,နာမ်'သည် 'အရှိ'ဖြစ်သည်။ ထိုရုပ်,နာမ်တို့ဖြင့် အတည်ဆောက်ခံ ထားရသော ငါ,သူတပါး,ယောကျ်ား,မိန်းမများမူ 'မရှိ'-ဟုဆိုပြန်သည်။ အဘယ် သို့နည်း။

ရုပ်,နာမ်သည် သူတို့ဆိုတိုင်း အကယ်ပင် အရှိဖြစ်ခဲ့လျှင် ထိုအရှိ ရုပ်,နာမ်တို့ဖြင့် အတည်ဆောက်ခံထားရသော ငါ,သူတပါး,ယောကျ်ား,မိန်းမများသည် များစွာသောရုပ်,နာမ်တို့၏ အစုအဝေးဖြစ်၍ ပို၍ပင် ရှိဖွယ်ကောင်းလှသည် မဟုတ်ပါလော။ 'ငါ,သူတပါး,ယောကျ်ား,မိန်းမစသည် မရှိ၊ ရုပ်,နာမ်သာ ရှိသည်'-ဟူသောအဆိုသည် သစ်သား,ဝါးစသည်သာ ရှိသည်၊ ထိုသစ်သား,ဝါးတို့ဖြင့် ပြုလုပ်ထားသော အိမ်-ဟူ၍မူကား မရှိ'-ဟုဆိုသောစကားနှင့် လုံးဝတထပ်တည်းကျအောင် တူလေသည်။

'သစ်သား,ဝါးသာ ရှိသည်၊ သစ်သား,ဝါးဖြင့်ပြုလုပ်သော အိမ်မူကား မရှိ'-ဟူသော စကားကို ကျွန်ုပ်တို့ ဘယ်သို့ သဘောထားကြမည်နည်း။

ထိုသို့ အဆိုပြုသောသူကိုယ်တိုင်ပင် သစ်သား,ဝါးတို့ဖြင့် ဆောက်ထားသောအိမ်ကို တထပ်တည်းကျအောင် ရှုမြင်တွေးခေါ်နိုင်မည်လော။ အကယ်၍ တထပ်တည်းကျအောင် ရှုမြင်နိုင်လျှင် ထိုသူသည် အိမ်-ကို အိမ်-ဟူ၍လည်း သုံးစွဲရကောင်းမှန်း မသိ ဖြစ်လေရာ၏။

လူတိုင်းပင် သစ်သား,ဝါးနှင့် ထိုသစ်သား,ဝါးတို့ဖြင့် တည်ဆောက်ထားသော အိမ်ကို လုံးဝပင် ကွဲပြားအောင် ခွဲခြားသိကြသူချည်း ဖြစ်လေသည်။ အထူးအားဖြင့် ထိုထိုအိမ်များကို တည်ဆောက်သောအိမ်ရှင်များနှင့် လက်သမားများသည် ထိုအိမ်၏ သစ်သားနှင့်ဝါးတို့ဖြင့် တည်ဆောက်ထားသည်ကို လုံးဝသိကြသည်။ ထိုသူတို့သည် ထိုသို့ လုံးဝသိကြပါလျက် အိမ်ကို သစ်သား,ဝါးတို့နှင့် ထပ်တူသိပြီး၊ သစ်သား,ဝါးတို့သည် လူနေထိုင်သုံးဆောင်ရန် မဖြစ်၍ မသုံးဆောင်ဘဲ နေကြသကဲ့သို့ မသုံးဆောင်ဘဲနေကြသလော။

ဤသို့ မသုံးဆောင်ဘဲနေသူဟူ၍လည်း လုံးဝမရှိနိုင်။ ဤသို့ဖြစ်လျှင် ဤသို့သော သစ်သား,ဝါးတို့ဖြင့် ပြုလုပ်ထားသောအိမ်ကို ခွဲခြား၍သိနေခြင်းသည် အဘယ်အကျိုး ဖြစ်စေမည်နည်း။ အကယ်၍ မသုံးဆောင်ဘဲနေသူ ရှိသည်ဆိုအံ့။ ထိုသို့ မသုံးဆောင်ဘဲနေသူ၏ စိတ်သည် စိတ်မှန်လော, စိတ်မှားလော။

'အိမ်များသည် သစ်သား,ဝါးတို့ဖြင့် တည်ဆောက်ထားသောအရာ ဖြစ်သည်။ သစ်သား,ဝါးတို့သည် လူ နေထိုင်သုံးဆောင်စရာ မဟုတ်သကဲ့သို့ အိမ်သည်လည်း လူများနေထိုင်သုံးဆောင်စရာ မဟုတ်ကြကုန်။ ထို့ကြောင့် ငါတို့သည် လဟာပြင် သို့မဟုတ် သစ်ပင်အောက်များ၌ နေကြရမည်'။ ဤသို့ဆိုလျက် လဟာပြင်, သစ်ပင်အောက်တို့၌ နေသောသူသည် အကယ်၍ ဤသို့ပင်ရှိသည် ဆိုအံ့။ ဘယ်သို့ သဘောထားကြမည်နည်း။

လောက၌ 'ငါ, သူတပါး, ယောကျ်ား, မိန်းမ မရှိ။ ထို 'ငါ, သူတပါး, ယောကျ်ား, မိန်းမ'ဖြစ်အောင် တည်ဆောက်ထားသော ရုပ်,နာမ်များသာ ရှိသည်'-ဆိုသော သူတို့သည် အထက်ပါ 'အိမ်မရှိ'-ဟုဆိုသော လူအတိုင်း ဖြစ်လေသည်။ 'ငါ, သူတပါး,ယောကျ်ား,မိန်းမ မရှိ၊ ရုပ်,နာမ်သာ ရှိသည်'-ဟု ပရမတ်လေ့လာသူတိုင်း အကယ်ပင် သိကြပေသည်။ သို့သော်လည်း 'ငါ,သူတပါး,'တို့ကို ပျောက်အောင် ဘယ်သူ တစ်ဦးတစ်ယောက်သည် ဖျောက်နိုင်ခဲ့သနည်း။

ထို 'ငါ ၊ သူတပါးနှင့် ယောကျ်ား,မိန်းမ' စသည်တို့သည် အမှားများ မဟုတ်ကြကုန်။ 'အမှန်များ၊ သစ္စာများသာ' ဖြစ်ကြကုန်၏။ ထို့ကြောင့် သစ္စာကို ပျောက်အောင် ဖျောက်၍မရဘဲ ရှိရာပါသည်။ ထိုကြောင့် ပျောက်အောင် ဖျောက်နိုင်ခဲ့သောသူလည်း မရှိခဲ့ ဖြစ်ရာပါသည်။

ထို 'ငါ,သူတပါးနှင့် ယောကျ်ား,မိန်းမ' စသည်တို့သည် ပျောက်အောင် ဖျောက်ကောင်းသော သဘောများကော ဟုတ်ပါ၏လော။

ဤသို့ ဆိုဖွယ်တော့ ရှိရာပါသည်။ 'ငါ,သူတပါး'စသည်တို့သည် အမှန်မှာ 'သစ္စာ'များဖြစ်ကြသည်မှာ မှန်သော်လည်း၊ ယင်းသစ္စာသည် 'သမုတိသစ္စာ' သို့မဟုတ် 'ပညတ္တိသစ္စာ'များ မဟုတ်လော- ဟူ၍ ဖြစ်ပါသည်။

ဟုတ်၏။ 'ငါ,သူတပါး'သည် 'ငါ'-မဟုတ်သည်ကို 'သူတပါး'။ 'သူတပါး'-မဟုတ်သည်ကို 'ငါ'။ ဤသို့ သစ္စာများမှန်သော်လည်း ထိုသစ္စာသည် 'သမုတိသစ္စာ'များ ဖြစ်သည်မှာ မှန်ပါသည်။ 'သမုတိသစ္စာ'များ ဖြစ်သောကြောင့် အမှန်အားဒီဂရီကို လျော့ပေါ့တွက်လိုပါသလော။ ဤသို့ ပြန်မေးရပါမည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

'လျော့ပေါ့တွက်ရမည်'-ဟု ဖြေလေမည်လားပင်။ 'သမုတိသစ္စာ'သည် 'ပညတ္တိသစ္စာ'ဖြစ်၍ မှန်သည်ဆိုသော်လည်း အကယ်မှန်သည် မဟုတ်'-ဟု 'ဆိုသောသူတို့၏ နှုတ်ခမ်းနှစ်လွှာအကြားတွင်သာ မှန်သည်'။ ဤသို့များ အကြောင်းပြလေမည်လော။

အကယ်၍ ဤသို့ဆိုလျှင် ထိုသူအား ပြန်၍သတိပေးရပါမည်-

'ငါ,သူတပါး'တို့၏ အဖြစ်သည် အကယ်ပင် နှုတ်ခမ်းနှစ်လွှာ အကြားမှာသာ ဖြစ်သောအရာလော။ လောကမှာ လူနှစ်ယောက်ရှိလျှင် ပဌမလူဘက်ကြည့်ပါက ဒုတိယလူသည် 'သူတပါးအဖြစ်' အကယ်မရှိပြီလော။ ထို့အတူ သူ့ကိုယ်သူလည်း ဒုတိယလူကိုထောက်၍ 'ငါဖြစ်သည်'ဟူသောအဖြစ် အကယ်မရှိပြီလော။

ဤသို့မေး၍ ရှိနေသည့်အဖြစ်ကို သိမြင်စေချင်သည်။ဤသို့သိမြင်ပြီး 'သမုတိသစ္စာ'သည် နှုတ်ခမ်းနှစ်လွှာတို့ အကြားမှာသာမက ကမ္ဘာလောက အသွင်သဏ္ဌာန်များအဖြစ် အကယ်ရှိနေသည်ကို သိမြင်စေချင်ပါသည်။

ဤသို့ သတိရစေရပါမည်။ ဤသည်ကို အောက်မေ့မိလျှင် 'သမုတိသစ္စာသည် နှုတ်ခမ်းနှစ်လွှာတို့၏ အကြားမှာသာရှိသည်'-ဟူသောအဆိုကို ပြန်ရုပ်သိမ်းမည်မှာ သေချာပါသည်။

၄၉။ သမုတိသစ္စာနှင့်ပရမတ္ထသစ္စာ သမဘာဂဖြစ်

ထိုပြင်လည်း တစ်နည်းအားဖြင့် ဆိုကောင်းဆိုပါဦးမည်။ 'သမုတိသစ္စာ' သည် နှုတ်ခမ်းနှစ်လွှာတို့၏ အကြားမှာထက် ပိုလွန်ရှိသော်လည်း၊ ပရမတ္ထသစ္စာနှင့် ယှဉ်လိုက်သောအခါ သစ္စာနေရာပင် မြဲအောင် မယူနိုင်တော့အောင် အလိုအလျောက် ပျောက်ပျက်သွားရလေသည်။ ထို့ကြောင့် ယောကျ်ား,မိန်းမဟူသော သမုတိသစ္စာများ မှန်ကြသော်လည်း ရုပ်,နာမ်ဟူသော ပရမတ္ထသစ္စာနှင့် တိုက်ခိုက်လိုက်သောအခါ ယောကျ်ား,မိန်းမဟူသော သမုတိဖြစ်သော ထိုသစ္စာများ ကျေမြေ့ပျက်ပြားရမည်မှာ မဟုတ်ပါလော'။ ဤသို့ ဆိုကောင်း ဆိုနိုင်ပါသည်။

ဤအဆိုအတွက် အနည်းငယ် ရှင်းကြည့်ပါမည်။

---

'သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ၊ ဤသို့ သစ္စာနှစ်ခု ပြိုင်လိုက်သောအခါ သမုတိသစ္စာ ကျေမြေ့ပျက်ပြားသည် မဟုတ်ပါလော'-ဆိုလျှင် 'မဟုတ်ပါ'-ဟုပင် ဆိုရပါမည်။

'သမုတိသစ္စာ'သည် 'ပရမတ္ထသစ္စာ'နှင့် ပြိုင်ရလျှင် မထင်မရှား ဖြစ်သွားခြင်းသာ ဖြစ်ပါသည်။ ကျေမြေ့ ပျက်ပြားသွားခြင်းများ မဖြစ်ပါ။ 'ပျက်ပြားသည်'-ဆိုသည်မှာ အလင်းနှင့် အထိခံရသော အမှောင်များ လျော့ပါး ကျဆုံးရသကဲ့သို့သောအဖြစ် ဖြစ်ပါသည်။

သမုတိသစ္စာနှင့် ပရမတ္ထသစ္စာသည် အမှောင်နှင့်အလင်းကဲ့သို့ လုံးဝဆန့်ကျင်ဘက် ဝိရောဓိသဘောများ မဟုတ်ကြပါ။ နေရောင်အလင်းနှင့် လရောင်အလင်းကဲ့သို့ သို့မဟုတ် ပိုးစုန်းကြူး၏အလင်းနှင့် မီးခွက်၏အလင်းကဲ့သို့ တသားတည်းဖြစ်သော 'သမဘာဂ'သဘောများ ဖြစ်ပါသည်။

လရောင်၏အလင်းသည် နေရောင်နှင့်တွေ့လျှင် ပျက်ပြားသွားသလော-ဟူအံ့။ 'ပျက်မသွား'-ဟုပင် ဖြေရပါမည်။ ထိုသို့ဆိုလျှင် နေရောင်အောက်၌ လရောင်သည် ထွန်းလင်းတောက်ပနေသေးသလော-ဟူလျှင်လည်း 'မတောက်ပ' ဟုပင် ဖြေရပါမည်။ ဤသို့ဆိုလျှင် ထိုစကားနှစ်ရပ်ဆက်စပ်အောင် ဘယ်သို့ယူရမည်နည်း-ဟု မေးဖွယ်ရှိပါသည်။

ဤသို့ ယူရမည်-ဟု ဖြေပါမည် -

'လရောင်နှင့်နေရောင်သည် အရောင်သဘောအားဖြင့် တစ်မျိုးတည်းပင် ဖြစ်ပါသည်။ သို့သော် လရောင်သည် နေရောင်၏ ရောင်ပြန်အရောင်သာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် ယင်းမူလအရောင်ဖြစ်သော နေရောင်နှင့် သို့မဟုတ် လရောင်ထက်ကျယ်ဝန်း၍ အခြေခံကျသောနေရောင်နှင့် တွေ့သောအခါ လရောင်သည် နေရောင်နှင့်ပြန်လည်၍ ပေါင်းစည်းသွားပါသည်။ ဤသို့ ဖြေရပါမည်။

ဟုတ်ပါသည်။ လရောင်သည် နေရောင်ကြောင့် ပျက်ပြားသွားသည် မဟုတ်ပါ။ သူ့ လင်းမြဲအတိုင်း လင်းလျက်ပင် ရှိပါသည်။ သို့သော်လည်း သူ့အလင်းထက်အားကောင်းသော သို့မဟုတ် အခြေခံကျသော နေရောင်နှင့်

ပေါင်းသွားခြင်းသာ ဖြစ်ပါသည်။ ရောနှောသွားခြင်း-ဟု ဆိုအပ်သော 'သမဘာဂ' အဖြစ် ရောက်သွားခြင်းသာဖြစ်သည်-ဟု ဆိုလိုပါသည်။

ဤအတူပင် သမုတိသစ္စာသည် ပရမတ္ထသစ္စာနှင့် တွေ့သောအခါ သမုတိသစ္စာ၏ သစ္စာသဘာဝဖြစ်သော မှန်ကန်ခြင်းအဖြစ်မှ ပျောက်ပျက်သွားရခြင်း မရှိပါ။ ပရမတ္ထသစ္စာ၏ သစ္စာသဘာဝဖြစ်သော မှန်ကန်ချက်နှင့် အရောအနှောခံရပြီး မထင်မရှားဖြစ်သွားရခြင်းသာ ဖြစ်ပါသည်။ ထိုသို့ မထင်မရှား အဖြစ်ခံရသော်လည်း လရောင်ကဲ့သို့ပင် သမုတိသစ္စာ၏ သဘာဝဖြစ်သော မှန်ကန်ချက်သည် ဖြစ်ထွန်းလျက်ပင် ဖြစ်ထွန်းမြဲပင် ဖြစ်ပါသည်။

၅၀။ အထက်သစ္စာရောက်သော်လည်း အောက်သစ္စာမပျက်

လောက၌ သစ္စာသုံးမျိုး ရှိပါသည် -

(၁) သမုတိသစ္စာ၊

(၂) ပရမတ္ထသစ္စာ၊

(၃) အရိယသစ္စာ-ဟူ၍ ဖြစ်ပါသည်။

ဤတွင် နောက်ဆုံးဖြစ်သော 'အရိယသစ္စာ'သည် 'ပရမတ္ထသစ္စာ'အပေါ်မှာ တည်ဆောက်ရပါသည်။ ပရမတ္ထသစ္စာမမှန်လျှင် အရိယသစ္စာတည်ဆောက်မှု မဖြစ်ထွန်း မအောင်မြင်နိုင်ပါ။

တဖန် ပရမတ္ထသစ္စာသည်လည်း 'သမုတိသစ္စာ'ပေါ်မှာ တည်ဆောက်ထားပါသည်။ 'သမုတိသစ္စာ' မမှန်လျှင် ပရမတ္ထသစ္စာကို ဖြစ်ထွန်းအောင်မြင်အောင် တည်ဆောက်၍ မရနိုင်ပါ။

ဤသို့ဆိုလျှင် 'သမုတိသစ္စာ'သည် အဘယ်မျှ အခြေခံကျသနည်း။

ထိုထို အထက်ထက်သစ္စာများ သစ္စာသဘာဝ ဆိုက်,မဆိုက်ကို အောက်,အောက် သစ္စာများကို ချိုးဖျက်ပစ်၍ အလျဉ်းမဖြစ်ပါ။

အကယ်၍ အထက်ကဆိုခဲ့ပြီးသည့်အတိုင်း အထက်ထက်သစ္စာများသို့ ရောက်သော အခါ အောက်,အောက်သစ္စာများ ပျက်ပြားကုန်သည်၊ သစ္စာသဘာဝ

ကို စွန့်ကြကုန်သည်ဆိုလျှင် အထက်ထက်သစ္စာများ သစ္စာသဘာဝ ရှိကြကြောင်း ဘာနှင့်တိုင်းတာမည်နည်း။ သို့မဟုတ်လျှင်လည်း ထိုထို အထက်ထက်သစ္စာများ သည် အဘယ်အပေါ်၌ ရပ်တည်နေကြသေးသနည်း။

အထက်ထက်သစ္စာသည် အောက်,အောက်သစ္စာပေါ်မှာရပ်၍ တည် ဆောက်ရသောကြောင့် အောက်သစ္စာကို 'အထက်သစ္စာရောက်ပြီ'-ဟု ဖျောက် ဖျက်ပစ်လိုက်လျှင် အထက်ထက်သစ္စာ၏ ရပ်တည်ရာသည် မရှိ-ဖြစ်ခဲ့သည်။ ထို့ကြောင့် အထက်သစ္စာသည်လည်း သစ္စာအဖြစ်မှ လျောကျ ဖောက်ပျက်သွား ရလေသည်။

ဤသို့ဖြစ်ကြသောလူများသည် လောက၌ အထင်အရှားပင် ရှိနေကြ သည်။ ထိုသူတို့မှာ အောက်ပါပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်-

ပဌမ၌ သမုတိသစ္စာကို အလေးထားကြသောသူတို့သည် သဂ္ဂြိုဟ်သင် ခြင်း၊ တရားဆွေးနွေးခြင်း စသည်ဖြင့် ပရမတ္ထသစ္စာကို အရရှာကြသည်။ တွေ့၍ သိသောအသိကို အချိန်ယူ၍ ပွားများကြသည်။ ကြာလာသောအခါ ပရမတ္ထ သစ္စာဆိုသည်ကို သူတို့ဆိုက်ရောက်ကြသည်။

ထိုအခါ သူတို့သည် 'ငါ,သူတပါးနှင့် ယောကျ်ား,မိန်းမများ ရှိသည်'-ဟူသော သမုတိသစ္စာနယ်ကို ဖြတ်ကျော်ကြလေတော့သည်။

'ရုပ်,နာမ်သာရှိသည်၊ ငါ,သူတပါး,ယောကျ်ား,မိန်းမ,ငါ့သား,ငါ့သမီး အကယ်မရှိပြီ။ သူ့ဥစ္စာ,ငါ့ဥစ္စာဟူ၍ အကယ်မရှိပြီ။ သူ့မယားနှင့်မှားလျှင် အပြစ်ရှိသည် ဆိုသည်မှာလည်း 'သူ့မယား'မှာ အကယ်မှ မရှိသောကြောင့် မှားသည်ဆိုသည်မှာလည်း တကယ်မရှိနိုင်။ အောက်တန်းစားဖြစ်သော၊ ပရမတ် သစ္စာကို မသိသူတို့အား သိပ်ရိုင်းမသွားစေရန် ခြောက်ထားခဲ့သော ခြောက်လုံး, လှန့်လုံးသာဖြစ်သည်။ အကယ်၍ မှားခွင့်ကြုံ၍ မှားလျှင်လည်း ဘာမျှ အပြစ်မရှိ၊ အဘယ်ကြောင့်ဆိုသော် မှားသည်ဆိုသည်ကိုကပင် အမှန်မရှိသောကြောင့် ဖြစ်သည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဟုတ်သည်။ ဓါတ်ရုပ်ကြီးတစ်ခုက ဓါတ်ရုပ်ကြီးတစ်ခုကို ဆွဲခြင်း,ဖက်ခြင်းစသည် လုပ်ရာမှာ 'အမှား'ဟူသော အရာဝတ္ထု၏ တည်နေရာသည် မရှိပြီ။ အဖော်တပည့်, တူမ,နှမ, ကိုယ့်သမီးဆိုသည်ကို ဤသို့ပြုသော်လည်း မသင့်ဟူ၍ မရှိပြီ။ အားလုံးသည် ဓါတ်ရုပ်ကြီးများချည့် ဖြစ်သည်။ သူတို့၌ လုပ်မည်-ဟုလည်း အားထုတ်နိုင်သည့် ပယောဂ ဗျာပါဒ ရှိကြသည်မဟုတ်။ အကြောင်းသင့်၍ ထနောင်းပွင့်ခြင်းမျိုး ဖြစ်သည်။ စောင့်စည်းစရာဟူ၍လည်း မရှိ။ လွန်ကျူးစရာဟူ၍လည်း မရှိ။ ကောင်းသည်ဟူ၍ အထူးလုပ်စရာလည်း မရှိ။ မကောင်းဟူ၍ အထူးရှောင်စရာလည်း မရှိ။ ထို့ကြောင့် ဒါန,သီလသည်လည်း ပြုဖွယ်အထူး မရှိပြီ။ အကြောင်းသင့်လျှင် ထနောင်းပွင့်ခြင်းမျှသာ ရှိတော့သည်။ မလုပ်မဖြစ်၍ လုပ်ရခြင်း၌ အကောင်း,အဆိုးဟူ၍ မရှိပြီ'။

ဤပုဂ္ဂိုလ်များသည် 'အကိရိယဝါဒ၊ အဟေတုကဝါဒ၊ နတ္ထိကဝါဒ' သဘောရှိသူအဖြစ် ကျရောက်လျက် နေကြပေသတည်း။ ဤသူတို့သည် ယနေ့ခေတ်၌ များပြားစွာ ထွန်းကားလျက် ရှိပြီ။ အထူးအားဖြင့် 'ဗုဒ္ဓဝါဒပရမတ္ထ အရှိဝါဒီ'များထံ၌ အထူးအားဖြင့် ခေတ်စားနေပေသည်။

ဤအဖြစ်များသည် သူတို့ထင်သလို အပြစ်မရှိကြသည်များ မဟုတ်ပေ။ သူ့မယား,သားကို  အပြစ်မရှိထင်၍ အကြောင်းသင့်သောအခါ လွန်ကျူးလျှင်လည်း နောက်ဆုံး၌ အရိုက်အနှက် အထိုးအခုတ်နှင့် အချုပ်ခန်း။ ဤအရာများနှင့် ထိုသူတို့ ရင်ဆိုင်ရရန် အကြောင်းသည် သူ့လုပ်ငန်းများ၏ နိဂုံး၌ အသေအချာ ရှိနေပေသည်။

ထို့ကြောင့် ဤအဖြစ်များသည် မလိုလားအပ်သောအဖြစ်များ ဖြစ်ကြပေသည်။ အဘယ်မှ ဤမလိုလားအပ်သော အဖြစ်ဆိုးများ မွေးဖွားလာပါသနည်း။

'ပညတ် သို့မဟုတ် သမုတိသစ္စာကို အရှိမထားရာမှ' မွေးဖွားလာခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့် သမုတိသစ္စာကို အရှိ-မထားလေသနည်း။

ပရမတ္ထသစ္စာကို အရှိအဖြစ်ထားလိုအား များလွန်းသွားရာမှ ဖြစ်သည်။

ထို့ကြောင့် 'ပရမတ္ထအရှိဝါဒီ'တို့သည် ဆင်ဆင်ခြင်ခြင် ပြုကျင့် တွေးခေါ်သင့်သည်။ ပရမတ်သည်လည်း 'ပစ္စယသမဝါယ'တရား၊ ပညတ်သည်လည်း 'ပစ္စယသမဝါယ'တရားပင်။

ဤသို့ မပြည့်စုံသော အကြောင်းကလေးများ၏ စုဝေးနေကြသည်ချည်း ဖြစ်ပါလျက် 'အခြေခံနှင့် အသွင်သဏ္ဍာန်' ဤမျှခြားနားကာမျှဖြင့် ပရမတ္ထကို- အရှိ၊ ပညတ်ကို-မရှိ။ ဤသို့ ခွဲခြား၍သိမြင်ခြင်းသည် သင့်လျော်သည် မဟုတ်ပေ။

တကယ်စင်စစ်၌ ပရမတ္ထအရှိဝါဒီတို့ သိမြင်ကြသည့်အတိုင်း ပညတ်တရားများ အရှိမဟုတ်သလို၊ ပရမတ်တရားများလည်း အရှိမဟုတ်ကြပေ။ ဤသို့ အမှန်အတိုင်း သိမြင်သင့်ပေသည်။ ဤအသိသည် အကယ်ပင် မှန်ကန်သောအသိအမြင် ဖြစ်ပေသည်။

ပညတ်နှင့် ပရမတ်သည် အခြေခံနှင့် အသွင်သဏ္ဍာန်ဟူသော ခြားနားချက်မှတပါး အခြားသော 'အရှိ-မရှိ'ခွဲရန် ခြားနားခြင်း အလျဉ်းမရှိပေ။ နှစ်ခုစလုံးသည် မပြည့်စုံသေးသော အကြောင်းအစိတ်အပိုင်းကလေးများ၏ စုဝေးနေသော နေရာသည်ကား၊ မပြည့်စုံသေးသော အကြောင်းအစိတ်အပိုင်းကလေးများ၏ စုဝေးနေသော အရာသာ ဖြစ်မည်- မဟုတ်ပါလော။

ဤသိစရာသည် အနည်းငယ် ရှုပ်ထွေးပါသည်။ စုဝေးနေသောအရာသည် 'စုဝေးနေသောအရာသာ ဖြစ်သည်'-ဟု ဆိုလိုပါသည်။

ဟုတ်ပါသည်။ မရှိသေးသောအရာကို အခြားအရာဝတ္ထုနှစ်ခုကို စုဝေးစေလိုက်သဖြင့် အရှိအဖြစ်-အကယ် ရောက်လာနိုင်ပါသလော။

အကယ်၍ ရောက်လာစေနိုင်လျှင် စုဝေးသောအရာပင် ဖြစ်ပါစေ၊ 'ရှိသည်'-ဟု ဆိုရပါမည်။ မရောက်လာလျှင်ကား ထိုစုဝေးသောအရာကို 'အရှိ'-ဟု မဆိုနိုင်ပါ။ စုဝေးနေသောအရာ-ဟူ၍သာ ဆိုရပါမည်။

ဗုဒ္ဓအသျှင်သည်လည်း 'ပရမတ္ထတရားများ စုဝေးနေသောအရာမျှ'-ဟူ၍သာ ဟောခဲ့သည်၊ နားလည်ပါသည်။

အဘယ်သို့နည်း-

'စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'-စသည်ဖြင့် ဖြစ်ပါသည်။

ရုပ်အတွက်လည်း-

'ဇေကံ မဟာဘူတံ ပဋိစ္စတယော မဟာဘူတာတယော ပဋိစ္စဘူတေ

ပဋိစ္စဇေကံ မဟာဘူတံ ဒွေမဟာဘူတေ ပဋိစ္စဒွေ မဟာဘူတာ'-ဟူ၍ ဖြစ်ပါသည်။ ယင်းတို့ အဓိပ္ပါယ်မှာ-

'မြင်စိတ်သည် မျက်စေ့နှင့်အဆင်းတို့ နှစ်ခုပေါင်းဖြစ်ပါသည်။

ကြားစိတ်သည်လည်း နားနှင့်အသံတို့၏ နှစ်ခုပေါင်း အရာဝတ္ထု ဖြစ်သည်'-ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် 'မာခြင်း-ဟူသော တစ်ခုသောဘုတ်သည် 'ဖွဲ့ခြင်း, ပူခြင်း, လှုပ်ခြင်း'ဟူသောဘုတ်သုံးခုတို့၏ အပေါင်းသဏ္ဍာန်ဖြစ်သည်'-စသည်ဖြင့် ဖြစ်ပါသည်။

ဤအဓိပ္ပါယ်ကိုဆိုက်အောင် ကြိုးစား၍ ကြိုက်ကြည့်ကြပါကုန်။

'မျက်စေ့နှင့်အဆင်းကိုစွဲ၍ မြင်စိတ်ဖြစ်သည်'-ဟူသည်နှင့် 'မြင်စိတ်-ဟူသည် မျက်စေ့နှင့်အဆင်းတို့၏ နှစ်ခုပေါင်းဖြစ်သည်' ဆိုခြင်းသည်ကား အထူးခြားနားချက် မရှိဟု ထင်ပါသည်။ ဟုတ်ပါသည်။ မြင်စိတ်ဖြစ်ရန် ဤနှစ်ပါး ပြည့်စုံမှဖြစ်သည် မဟုတ်ပါလော။ တစ်ပါးပါးလျော့လျက် မြင်စိတ်၏ တစ်စက်ကလေးမျှပင် မဖြစ်နိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် မြင်စိတ်သည် ဤနှစ်ခုတို့၏အပေါင်းဖြစ်သည်မှာ လက်မခံနိုင်စရာရှိမည် မထင်ပါ။ ဤနှစ်ခုတို့၏ အပေါင်းဖြစ်၍ မြင်စိတ်ကို မျက်စေ့ဖြစ်သည် သို့မဟုတ် အဆင်းဖြစ်သည်-ဟု မဆိုလိုကြောင်းလည်း သဘောကျထားစေလိုသည်။

တဖန် ဤသို့ဆိုလျှင် အလင်းတို့၊ မနသိကာရတို့လည်း ပါသဖြင့် မြင်စိတ်သည် မျက်စေ့,အဆင်း,အလင်းနှင့် မနသိကာရ-လေးမျိုးတို့အပေါင်း ဖြစ်သည်-ဟု ဆိုပါတော့အံ့လော-ဟူအံ့။ ဤသို့ မဆိုချင်ပါ။ အလင်းနှင့် မနသိကာရတို့သည် မြင်စိတ်အတွက် အဓိကဇာတ်ဆောင်များ မဟုတ်ဘဲ၊ ဇာတ်ရန်များသာဖြစ်သောကြောင့်ပင်။

အထက်ပါစကားမျှ ဆိုလျှင်ပင် မြင်စိတ်သည် မျက်စေ့,အဆင်းတို့၏ နှစ်ခုပေါင်းဖြစ်သော်လည်း မြင်စိတ်ကို မျက်စေ့နှင့်အဆင်းများမဟုတ်-ဟု လက်ခံလျှင် မြင်စိတ်ရှိ၍ မဟုတ်ပါလော။ ဤသို့ မေးဖွယ်ရှိပြန်ပါသည်။

ဤမေးခွန်းကို 'မဟုတ်'-ဟု ဖြေရပါမည်။

မြင်စိတ်သည် မျက်စေ့နှင့်အဆင်း နှစ်ခုပေါင်းလိုက်သည့်အတွက် မျက်စေ့လည်း-မဟုတ်၊ အဆင်းလည်း-မဟုတ်သော အဖြစ်တစ်ခုရောက်သွားခြင်းသာ ဖြစ်ပါသည်။ 'မြင်စိတ်အဖြစ် ရောက်သွားခြင်း'သာ ဖြစ်ပါသည်။ 'အရှိဖြစ်လာခြင်းမဟုတ်'-ဟူ၍ ဆိုလိုခြင်း ဖြစ်ပါသည်။

၅၁။ အဖြစ်နှင့် အရှိသည် အတူမဟုတ်

'အဖြစ်'ကို 'အရှိ'ဟု မယူသင့် ထင်ပါသည်။

'အဖြစ်'နှင့် 'အရှိ'သည် ခြားနားချက် အကြီးအကျယ် ရှိနိုင်ပါသည်။

စက္ခုဝိညာဏ်ဟူသော မြင်စိတ်ကိုလည်း 'အရှိ'ဟု မယူဆနိုင်ပါ။ 'အဖြစ်ရောက်လာသောအရာ'-ဟူ၍သာ ယူဆနိုင်ပါသည်။ 'အဖြစ်နှင့်အရှိ'ကွဲပြားရန် အနည်းငယ်ဖွင့်ဆိုပါမည်။ သဘောကျရန် အလေးအနက် လေ့လာစေချင်ပါသည်။

လောက၌ 'ဆေးလိပ်'-ဟူသောအရာ ရှိပါသည်။ ဤ-'ဆေးလိပ်'-ဟူသောအရာသည် အဘယ်သို့သောအရာနည်း၊ အရှိလော, အဖြစ်လော။ လောက၌ 'ဆေးလိပ်'ဟူသောအရာသည် 'အဖြစ်'-ဖြစ်ပါသည်။ 'အရှိ'-မဟုတ်ပါ။

'ဆေးလိပ်'-ဟူသည် ဤသို့ဖြစ်ပါသည်။ ဆေး,ဆေးရိုးနှင့် ဖက်,ဖင်အစီခံ၊ ဤလေးမျိုး စုဝေးနေသောအရာ ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ဆေးလိပ်ဟူသော အရာသည် လောက၌ ထင်ရှားသည် မဟုတ်လော။ ထို-'ဆေး,ဆေးရိုးနှင့် ဖက်, အစီခံ' လေးမျိုးတို့၏ အပေါင်းသည် 'ဆေးလိပ်အဖြစ်' ထင်ရှားနေသည် မဟုတ်ပါလော။

'ဆေးလိပ်'သည် 'ဖက်,အစီခံနှင့် ဆေး,ဆေးရိုး' လေးမျိုးအပေါင်းအဖြစ် ထင်ရှားပါသည်။ ထိုသို့ထင်ရှားသော်လည်း 'အရှိတော့ မဟုတ်'ပါ။ ထိုလေးမျိုးတို့၏ စုဝေးနေသော 'အဖြစ်'သာ ဖြစ်ပါသည်။ ထိုလေးမျိုးတို့၏ အစုအဝေးသာ ဖြစ်သည်-ဟုဆိုလျှင် ထိုဆေးလိပ်သည် ထိုလေးမျိုးအနက်မှ တစ်မျိုးမျိုးလော သို့မဟုတ် နှစ်မျိုးလော သို့မဟုတ် သုံးမျိုးလော။ ထိုကဲ့သို့မဟုတ်လျှင် လေးမျိုးလုံးလော။

ဤသို့ တစ်ခုမျှ မဟုတ်ပါ။ ဤလေးမျိုးမှ အလွတ်ဖြစ်ပါသည်။ ဆေးလိပ်-ဟူသည် ဖက်ကိုခေါ်ခြင်း မဟုတ်ပါ။ ဖင်စီခံ,ဆေး,ဆေးရိုး-တစ်မျိုးမျိုးကို ခေါ်ခြင်းလည်း မဟုတ်ပါ။ ဖက်နှင့်ဖင်စီခံနှစ်မျိုးကို ခေါ်ခြင်းလည်းမဟုတ်ပါ။ ဖက်,ဖင်စီခံ,ဆေး,ဆေးရိုး လေးမျိုးလုံးကို ဆေးလိပ်-ဟု ခေါ်ခြင်းလည်း မဟုတ်ပါ။ 'ဆေးလိပ်'ကို ဖက်,ဖင်စီခံ,ဆေး,ဆေးရိုး-လေးမျိုးကို ဆေးလိပ်ဟုခေါ်လျှင် ဤလေးမျိုးကိုထပ်၍ ခွက်တစ်ခုတည်း၌ ထည့်ထားလိုက်လျှင်ပင် ဆေးလိပ်ဖြစ်ရမည် မဟုတ်ပါလော။ ထို့ကြောင့် ထိုလေးမျိုးကိုခေါ်ခြင်း မဟုတ်ပါ။

'ဆေးလိပ်'သည် 'ဆေး,ဆေးရိုး,ဖက်,အစီခံ'-ဤလေးမျိုးတို့မဟုတ်သော အရာတစ်မျိုး ဖြစ်ပါသည်။ ဖက်သည် ပဌမပစ္စည်း၊ ဖင်စီခံသည် ဒုတိယပစ္စည်း၊ ဆေးသည် တတိယပစ္စည်း၊ ဆေးရိုးသည် စတုတ္ထပစ္စည်းများ ဖြစ်ကြသည်ဆိုအံ့။ ဆေးလိပ်သည် ပဥ္စမပစ္စည်းဖြစ်သည်-ဟု ဆိုလိုပါသည်။

ဤသို့ဆိုလျှင် ဆေးလိပ်ဟူသောအရာသည် 'အရှိဖြစ်သော အရာဝတ္ထု' ဟု ဆိုသင့်သည် မဟုတ်ပါလော-ဟူအံ့။

'မဟုတ်'-ဟူ၍ပင် ဖြေရပါမည်။

အဘယ်ကြောင့်ဆိုသော် 'အဖြစ်'သာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

'ဖြစ်လျှင်'-'ရှိမည်'မဟုတ်ပါလော-ဟူအံ့။ 'မဟုတ်'-ဟု ဖြေရပါမည်။ အဘယ်ကြောင့်ဆိုသော် အကယ်'အရှိ'ဖြစ်အံ့။ ထိုစုဝေးနေသော လေးမျိုးကို ခွဲဖျက်လိုက်သောအခါ ဖြစ်ပေါ်လာသည်ဆိုသော ပဥ္စမအရာဝတ္ထုသည် လက်ကျန် ကျန်ခဲ့လေရာ၏။ ဤသို့ မကျန်ခဲ့သောကြောင့် ဟု ဖြေရပါမည်။

ဟုတ်ပါသည်။ အရာဝတ္ထု နှစ်မျိုးဖြစ်စေ၊ ထိုထက်များစွာကို ဖြစ်စေ၊ စုဝေးပေါင်းစပ်လိုက်လျှင် ထို-ပေါင်းစပ်သောအရာများ မဟုတ်သော 'သီးခြား အရာဝတ္ထုတစ်ခု' ဖြစ်ပေါ်လာ(ဥပ္ပါဒ) ရောက်လာပါသည်။ သို့သော်လည်း ထိုစုဝေးထား ပေါင်းစပ်ထားသော အရာဝတ္ထုသီးခြားသည် အပျောက်ဆုံး ခံရပါသည်။ ထိုသို့ဆိုလျှင် ထိုဖြစ်ပေါ်လာသည့် အရာဝတ္ထုကို 'အရှိ'ဟု ဆိုနိုင်ပါတော့မည်လော။

'မြင်စိတ်'အစရှိသော ပရမတ္ထတရားများသည် ဤသို့သောအရာများ ဖြစ်ကြပါသည်။အကြောင်းနှစ်မျိုး ဖြစ်စေ၊ သုံးမျိုး ဖြစ်စေ၊ ပေါင်းကြသောကြောင့် မြင်စိတ်စသည်ဖြင့် ဥပ္ပါဒအဖြစ် ဆိုက်ရောက်လာကြခြင်းသည် ထိုပေါင်းဆုံခဲ့သော အကြောင်းများ ပေါင်းဆုံမှုအဖြစ်မှ ကင်းကွာသွားကြသောအခါ ထိုဖြစ်ပေါ်လာသော မြင်စိတ်စသည့် အရာများသည် အပျောက်ဆုံး ခံကြရပေသည်။

ထို့ကြောင့် မြင်စိတ်စသော ထိုအရာများကို 'အရှိတရား-မဟုတ်'၊ 'အဖြစ်တရား'-ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ဆိုလျှင် လောက၌ ပြုပြင်မှုနှင့် မကင်းသမျှ ပညတ်, ပရမတ်မကျန် အားလုံးသော အရာဝတ္ထုများသည် 'အရှိတရားများ မဟုတ်'ဘဲ၊ 'အဖြစ်တရား' ချည်း ဖြစ်နေလေရာ၏-ဟု ဆိုအံ့။ ဟုတ်ပါသည်-ဟု ဖြေရပါမည်။

လောက၌ စိတ်,စေတသိက်,ရုပ်နှင့် ပညတ်များပါမကျန် အကြောင်း အစိတ်အပိုင်းကလေးများ စုဝေးနေသောအရာ မှန်သမျှသည် အရှိတရားများ မဟုတ်ကြပါ။ အဖြစ်တရားများချည်း ဖြစ်ကြပါသည်။

## ၅၂။ အရှိတရားအစစ်သည် ငြိမ်းအေးခြင်းသဘော

ဤသို့ဆိုလျှင် အရှိတရားကား အဘယ်နည်း။

ထို-စိတ်စသော အဖြစ်တရားကို ဖြစ်ပေါ်အောင် စုဝေးပေးလိုက်သော မျက်စေ့,အဆင်းစသောအရာများလော-ဟူအံ့။

မဟုတ်-ဟု ဖြေရပါမည်။

မျက်စေ့စသော မြင်စိတ်ဖြစ်အောင် စုဝေးကြရသော မြင်စိတ်၏ မပြည့်စုံသေးသော အကြောင်းကလေးများသည်လည်း မြင်စိတ်ကဲ့သို့ပင် အခြားသော မျက်စေ့-စသည်ဖြစ်ရန် မပြည့်စုံသေးသော အကြောင်းအစိတ်အပိုင်း ကလေးများ၏ စုဝေးနေသောအရာပင် ဖြစ်ပါသည်။ မျက်စေ့-စသည်တို့သည်လည်း အရှိတရားများ မဟုတ်၊ အဖြစ်တရားများပင် ဖြစ်သည်-ဟု ဆိုလိုပါသည်။

'အရှိတရား'မှာ အကြောင်းအစိတ်အပိုင်းတို့ဖြင့် စုဝေး၍ ဖြစ်ပေါ်ရသောအရာ မဟုတ်ပါ။ ထို အကြောင်းအစိတ်အပိုင်းတို့ဖြင့် မစုဝေးဘဲ တည်ရှိနေသောအရာကား 'ရာဂ,ဒေါသ,မောဟ'-ဟုဆိုအပ်သော 'လူ၏ အကြိုက်,အမုန်း, အမိုက်'-တို့၏ မဖြစ်ပေါ်ဘဲ တည်ရှိနေသော အခြင်းအရာ' ဖြစ်ပါသည်။

ဤ၌ မဖြစ်ပေါ်ဘဲ တည်ရှိသည်-ဆိုသော်လည်း ခဏတဖြုတ်မျှ ချုပ်ဆုံး၍ မဖြစ်ပေါ်သည်ကို 'မဖြစ်ပေါ်'-ဟု ဆိုလိုသည်မဟုတ်ဘဲ 'အကြွင်းမဲ့ မဖြစ်ပေါ်တော့သည်ကို သို့မဟုတ် 'နောင်အခါ ဘယ်တော့မှ မဖြစ်ပေါ်တော့'သည်ကို 'မဖြစ်ပေါ်'ဟု-ဆိုလိုပါသည်။

ဤသို့ အကြိုက်,အမုန်း,အမိုက်စသော ကိုယ်ပင်ပန်း စိတ်ပင်ပန်းမှုကို ဖြစ်စေတတ်သော သဘောတို့ လုံးဝမဖြစ်ပေါ်ဘဲ တည်ရှိနေသော၊ အေးမြသော သဘောသည် 'အရှိတရား' ဖြစ်ပါသည်။

ဤ'အရှိတရား'သည် အဘယ်အရာများစုဝေးပြီးမှ တည်ဆောက်ထားသောအရာ မဟုတ်သောကြောင့် ဘယ်အရာများကိုဖဲ့ယူလျှင် ပျက်စီးနိုင်သည် ဟုလည်း ဆိုစရာ မရှိ။ ဆိုလိုသည်မှာ ဤ'ငြိမ်းဧးသောသဘော'သည် ဘယ်အရာနှင့်မျှ စုဝေးတည်ဆောက်ထားခြင်း မဟုတ်ပါ၍ ဘယ်အရာများကို ခွဲခြားဖျက်ဆီးသော်လည်း ဤငြိမ်းဧးခြင်းမှာမူ မပျက်စီး-ဟု ဆိုလိုပါသည်။

ထို့ပြင် ဤငြိမ်းအေးခြင်းသည် ဘယ်အရာနှင့်မျှ တည်ဆောက်ထားသော အရာ မဟုတ်လျှင် မရှိနိုင်-ဟုလည်း ဆို၍မဖြစ်၊ အဘယ်ကြောင့်ဆိုသော် လူ၌ အကြိုက်,အမုန်း,အမိုက်စသည်မရှိခြင်းကြောင့် ငြိမ်းအေးခြင်းသဘောသည် အမှန်ပင်ရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့်__

လူဥ္ဆ 'ငြိမ်းအေးခြင်း'ဟု ဆိုအပ်သော ဤတစ်ခုတည်းသော သဘော တရားသည်သာလျှင် 'အရှိတရား' ဖြစ်ပါသည်။

ကြွင်းကျန်သော လူဥ္ဆရှိသမျှသော သဘောတရားမှန်သမျှ, အရာဝတ္ထု မှန်သမျှသည် အရှိတရားများ မဟုတ်ကြ၊ 'အဖြစ်တရား'များချည်း ဖြစ်ကြပေသည်။

ဤအရာများသည် လက်ဖျစ်တစ်တွတ်၏ ကုဋေတစ်သိန်းကျော်ပုံ တစ်ပုံ မျှပဲ အသက်တမ်းကာလ တည်ချိန်ရှိသည် ဖြစ်ချင်ဖြစ်ပါစေ၊ ကုဋေငါးထောင် ကျော်ပိုင်း တစ်ပိုင်းမျှပဲတည်ချိန် ရှိချင်ရှိပါစေ။ ထို့ထက်ကြာ၍ လက်ဖျစ်တစ် တွတ် အချိန်လုံးပင် သူတို့သက်တမ်း ရှည်ချင်လျှင်လည်း ရှည်လျားပါစေ။ ထို့ထက် တစ်စက္ကန့်, တစ်မိနစ်, တစ်နာရီ, တစ်ရက်, တစ်လ, တစ်နှစ်, နှစ်ပေါင်း များစွာ ကမ္ဘာချီ၍လည်း တည်ရှိချင် တည်ရှိကြပါစေ။

ဘယ်လောက်ပင် သူတို့၏ သက်တမ်းကာလ တိုခြင်း,ရှည်ခြင်းတို့သည် သူတို့ အရှိတရားဖြစ်မှုကို အထောက်အကူပြုနိုင်ခြင်း လုံးလုံးပင် မရှိပေ။ အဘယ် ကြောင့်ဆိုသော် သူတို့သည် မပြည့်စုံသေးသော အကြောင်းအစိတ်အပိုင်းတို့၏ စုဝေးနေသော အပေါင်းသာ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် သက်တမ်း တိုတို,ရှည်ရှည်၊ အလီလီသော ပစ္စယသမဝါယ တရား မှန်သမျှတို့သည် 'အဖြစ်တရားများ'သာ လုံးလုံးဧကန် အမှန်ဖြစ်ကြသတည်း။

၅၃။ ယနေ့ ဗုဒ္ဓသာသနာသည် လိင်္ဂသာသနာအဖြစ် ရောက်ရှိ

ဤဥ္ဆ ပရမတ္ထအရှိဝါဒီတို့သည် ဤတင်ပြခဲ့သည်နှင့် မတူကွဲပြား သီးခြား တို့ ဖြစ်ကြကုန်၏။ 'သူတို့သည် စိတ်ကိုလည်း 'အရှိ'ထားကြကုန်၏။ စေတသိက်, ရုပ်တို့ကိုလည်း 'အရှိ'ဟု မှတ်ထားကြကုန်၏။ ပညတ်များကိုလည်း 'အရှိ'ဟု မှတ်ထားကြကုန်၏။

ထိုသူတို့သည် အဘယ်သူ၏ တပည့်သာဝကများ ဖြစ်ကြသနည်း'။ အလယ်လမ်းအတွေးအခေါ်ကို ဖော်ထုတ်တင်ပြခဲ့သော ဗုဒ္ဓအသျှင်၏ တပည့် သာဝကများပင် ဖြစ်ကြပေသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထိုသို့ဆိုလျှင် ဗုဒ္ဓအသျှင်သည် ထိုသူတို့မြင်သကဲ့သို့ 'စိတ်,စေတသိက်, ရုပ်'-ဟူသော ပရမတ္ထဓမ္မများကို 'အရှိတရား'အဖြစ် ရောက်အောင် 'သပစ္စယဓမ္မ' များ မဟုတ်ကြ။ 'စိတ်,စေတတသိက်,ရုပ်'တရားတို့သည် 'အပစ္စယဓမ္မ'များ ဖြစ်သည်-ဟု ဟောကြားခဲ့ပါသလော။ ဤသို့လည်း ဟောကြားခဲ့သည် မဟုတ်ပေ။

အကယ်၍ 'စိတ်,စေတတသိက်,ရုပ်'များသည် 'သပစ္စယဓမ္မ' သို့မဟုတ် 'ပစ္စယသမဝါယမဓမ္မ'အဖြစ် ဗုဒ္ဓအသျှင်ဟောခဲ့လျှင် 'သပစ္စယဓမ္မ'သည် 'အဖြစ်တရား(ဥပ္ပါဒ)'သို့ ရောက်သောတရားသာ ဖြစ်ပါသည်။ 'အရှိတရား'-ဟု ဗုဒ္ဓအသျှင် မဟောခဲ့ပေ။

ထို့ကြောင့် 'ပရမတ္ထအရှိဝါဒီ'တို့သည် ဗုဒ္ဓအသျှင်၏ တပည့်သာဝက အဖြစ် သူတို့ကိုယ်တိုင် သူတို့ ရပ်တည်နေကြသော်လည်း၊ သူတို့ရပ်တည်ချက်သည် 'ဗုဒ္ဓအသျှင်၏ သဘောတရားအပေါ်၌ ရပ်တည်နေကြသည် မဟုတ်။ ဗုဒ္ဓအသျှင်၏ သဘောတရားနှင့် သီးခြားခွဲလျက် ရပ်တည်ပြီး နေကြပေသည်'။

သို့သော်လည်း ထိုသူတို့သည် ဗုဒ္ဓအသျှင်၏ အဆိုအဆုံးမအောက်မှ ကင်းလွတ်သောသူတို့ ဖြစ်သည်-ဟူ၍ ဆို၍လည်း မဖြစ်သေးပေ။ အဘယ်ကြောင့် ဆိုသော် ထိုသူတို့သည် ဗုဒ္ဓအသျှင်ညွှန်ကြားခဲ့သော ဆောင်ရန်နှင့် ရှောင်ရန် အကျင့်များကို ထက်သန်သော စေတနာစိတ်ဓါတ်အပြည့်ဖြင့် ဗုဒ္ဓအသျှင်၏ အဆုံးအမအောက်တွင် ရပ်တည်နေကြသောကြောင့် ဖြစ်သည်။

သို့သော်လည်း သူတို့ထံ၌ရှိသော ဗုဒ္ဓအသျှင်၏ အဆုံးအမဟူသော သာသနာသည် ဆောင်ရန်,ရှောင်ရန်ဟူသော မှတ်သားထားသော 'အသွင်အပြင်တရားမျှ'သာ ဖြစ်တော့သောကြောင့် 'အသွင်အပြင်သာသနာ' သို့မဟုတ် 'လိင်္ဂသာသနာ'၊ ဤသာသနာသာ ဖြစ်တော့သည်။

'ဘဝငြိမ်းချမ်းရေး' ထူထောင်ရာ၌ 'လိင်္ဂသာသနာ'ဖြင့် အဘယ် မူရအံ့နည်း။

ထို့ကြောင့် အသိအမြင်ရှိသူတို့သည် ကိုယ့်ဘဝ၏ အကယ်စင်စစ်ရနေသော ဘဝ၌ နစ်နစ်ဝင်ဝင် ယစ်ယစ်မူးမူးဖြင့် 'ထိုရနေသောဘဝသည် ငါ့အတွက်

အမှန်ဆုံးဆိုသည်ကိုရအောင် ငါ့ဘဝကို လှည့်ပြောင်းမည်'-ဟု သတိရ စေချင်ပါသည်။ (ဝါ) သတိရရန် သင့်လျော်ပေသည်။

ထို့ကြောင့် ဤအထိ စကားကျွံ၍ သင့်လျော်ပေသည်။ ထို့ကြောင့် ဤအထိ စကားကျွံ၍ ဝေဖန်လာခဲ့ပါသည်။ အမှန်စင်စစ် လိုအပ်သောစကားသည်ကား 'စိတ်စေတသိက်,ရုပ်' ပရမတ္ထတရားသည် 'အရှိတရား မဟုတ်ကြ'-ဟူသော စကားသာ ဖြစ်ပါသည်။ ဟုတ်ပါသည်။ ဤပရမတ်များ 'အရှိ'မဟုတ်ကြောင်း ဗုဒ္ဓအဘိဓမ္မများ၌ အထင်အရှား အပြတ်အသားဖြင့် အကျယ်တဝံ့ မြွက်ကြားခဲ့သည်။

၅၄။ မရှိနှင့်အရှိသည် အတူဖြစ်၍ အချိန်ဖြင့်တိုင်း၍မရ

ဤပရမတ်များသည် ဤဆိုခဲ့သည့်အတိုင်း အရှိ-မဟုတ်လျှင် အရှိမဟုတ်သောအရာသည် တိုင်းတာစရာ အချိန်ကော ရှိပါမည်လော။ မရှိသောအရာသည် 'အတိတ်'ဟူ၍လည်းကောင်း၊ 'ပစ္စုပ္ပန်'ဟူ၍ လည်းကောင်း၊ 'အနာဂတ်'ဟူ၍ လည်းကောင်း ရှိပါမည်လော။ သို့မဟုတ် မရှိသောအရာကို မနေ့က, ယနေ့, မနက်ဖြန်-ဟု တိုင်းတာစရာ ရှိပါမည်လော။

'မရှိသောအရာ'သည် အချိန်အားဖြင့် 'တိုင်းတာစရာ မရှိ'ပါ။ မရှိသောအရာကို အတိတ်ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန်ဟူ၍လည်းကောင်း၊ အနာဂတ်ဟူ၍လည်းကောင်း ဆိုစရာ လုံးဝမရှိပါ။

ဤသို့ဆိုလျှင် 'ငြိမ်းအေးခြင်း'ဟူသော 'အရှိတရား'သည် အချိန်အားဖြင့် တိုင်းတာ၍ရပါသလောဟု မေးဖွယ်ရှိပါသည်။

ဤ-'အရှိနှင့်မရှိ'သည် အကယ်စင်စစ်၌ နှစ်ထွေကွဲသောအရာ မဟုတ်ပါ။ ဤစကားအတွက် ကြားရသူများ မျက်မှောင်ကုပ်သွားမလား အောက်မေ့ရပါသည်။ သို့သော်လည်း ဤစကားကို အမှန်အတိုင်း ဆိုဝံ့သည်ဆိုလျှင် ဤအတိုင်းပင် ထပ်၍ဆိုရပါမည်။

ဟုတ်ပါသည်။ ဤ-'အရှိနှင့် မရှိ'တရားသည် အတူတူပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် အဘယ်ကြောင့် 'မရှိ'ဟူ၍လည်းကောင်း၊ 'အရှိ'ဟူ၍ လည်းကောင်း နှစ်ခုကွဲပြားနေသနည်း။ ဤအမေးကို ရှင်းပါမည်။

ဤအမေး၏ အတိုဆုံးအဖြေမှာ 'လူကြောင့်'-ဟူ၍ငှင်း၊ ကွဲနေသည်မှာ တစ်ခုတည်းသော သဘော၌ သတ်မှတ်လိုသူက ကြားဖြတ်၍ ရပ်လိုက်သော ကြောင့် ဖြစ်ပါသည်။

ဤအဖြေကိုလည်း နားရှင်းအောင် အတော်ကြီး ကြိုးစားရဖို့ရှိပါသည်။

ဤသို့ အဘယ်ကြောင့် နားမရှင်းရသနည်း-ဟူအံ့။

'လူကို နားလည်ပြီး မရှိသောကြောင့်'-ဟု ဖြေရပါမည်။

ရှိပါစေ။ အထက်မှ 'အရှိနှင့် မရှိ' တစ်ခုတည်းဖြစ်လျက် နှစ်ခုကွဲပုံကို နားလည်ရန် ဥပမာဖြင့် ဆက်ရှင်းကြည့်ပါဦးမည်။ လောကတွင် လူတိုင်း၌ အရှေ့အရပ်၊ အနောက်အရပ်ရှိသည်-ဟု သတ်မှတ်ပြီး ရှိကြ၏။ ထိုသို့ဖြစ်သော် လည်း သူ၏အရှေ့အရပ်သည် အခြားသူတစ်ဦး၏ အရှေ့အရပ်နှင့် မတူညီပေ။ သာမန်လူတွေ၏ စကားကိုလည်း အမှန်-ဟု ထင်ကောင်း ထင်ပေမည်။ လူနှစ် ယောက်မကပဲ တစ်ရာယောက်ဖြစ်ပါစေ၊ လူတိုင်း၏ အရှေ့အရပ်နှင့် အနောက် အရပ်တို့သည် ထပ်တူများသာ ဖြစ်ကြသည်-ဟု ပြောလိုကြပေသည်။

ထိုအထင်များ မဟုတ်ကြောင်းကို ဆက်၍ရှင်းပါမည်။

လူအများမဟုတ်ဘဲ လူနှစ်ယောက်ပင် ဖြစ်ပါစေဦး။ ထိုလူနှစ်ယောက် ကို အရှေ့,အနောက် တန်း၍ ရပ်နေပါစေ။ ပြီးလျှင် အနောက်ဘက်လူကို 'အရှေ့ အရပ် ဘယ်မှာလဲ'-ဟု မေးပါ။ ထိုအမေးကို အနောက်လူသည် အောက်ပါအ တိုင်း ထပ်မေးပါ။ 'သင်ပြောသော အရှေ့အရပ်သည် ဘယ်နေရာမှစ၍ အရှေ့ အရပ် ဖြစ်သနည်း'-ဟု မေးပါ။ ထိုသူက ဤသို့ ဖြေပေမည်-

'ကျွန်ုပ် စုံရပ်နေသောနေရာမှ အစပြု၍ အရှေ့အရပ် စဖြစ်သည်'-ဟူ ဖြေပေမည်။ ဟုတ်လည်း ဟုတ်ပေသည်။ သူ့ကိုယ်၏အရှေ့ဘက်သည် သူ့အတွက် 'အရှေ့ဘက်'ပင် ဖြစ်သည်။

တဖန် အရှေ့ဘက်မှလူအား အောက်ပါမေးခွန်းများ မေးကြည့်သင့်ပေသည်။ အနောက်ဘက်အရပ်ဟူသည် အဘယ်အရပ်နည်း။ ထို အနောက်ဘက် အရပ်သည် အဘယ်မှ စသနည်း-ဟူ၍ ဖြစ်ပါသည်။

ထိုသူသည်လည်း ဖြေပေမည်- 'အနောက်အရပ်ဟူသည် အနောက်လူ ရှိရာအရပ် ဖြစ်သည်။ ထိုအနောက်အရပ်သည် မိမိခြေအစုံမှ အစပြုသည်'-ဟူ၍ ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ဤသူနှစ်ယောက်တို့၏ 'အကြားအရပ်'ကို အနောက်လူ ၏အဆို၌ 'အရှေ့'-ဟု ဆိုသည်။ အရှေ့လူ၏အဆို၌ 'အနောက်'-ဟု ဆိုသည်။ ထိုသူနှစ်ဦးတို့၏ နေရာတစ်ခုတည်းအတွက် ကွဲပြားနေသော အဆိုနှစ်ခုသည် ဘယ်အဆို အမှန်ဖြစ်သနည်း။

ဘယ်အဆိုမှားသည်-ဟူ၍ ဘယ်သူမျှ မဆုံးဖြတ်နိုင်ရာ။ ထိုပြင် အဆို နှစ်ခုလုံးမှန်သည်-ဟူ၍လည်း မဖြစ်နိုင်ရာ။ အဘယ်ကြောင့်ဆိုသော် အဆိုပြုသူ နှစ်ဦး၏ အကြားကွက်လပ် ဖြစ်သော နေရာသည် တစ်ခုတည်းဖြစ်လျက် တစ်ဦး သည်'အရှေ့'၊ တစ်ဦးသည် 'အနောက်'၊ နှစ်မျိုးဆိုထားသောကြောင့် ဖြစ်သည်။

ဤသို့ဆိုလျှင် ဤပြဿနာ၏သစ္စာကား အဘယ်နည်း။

'နေရာ'ဟူသော တစ်ခုတည်းသောအရာကို အရှေ့, အနောက်-ဟု နှစ်ခုဖြစ်အောင် လူကခွဲနေခြင်း။ ဤသို့ တစ်ခုတည်းသောနေရာသည် နှစ်ခုဟု လူကခွဲသော်လည်း အစစ်အမှန်၌ တစ်ခုတည်းသောသဘောမှာပင် တင်းလျက် ခံနေခြင်း။ ဤအရာသည် ဤပြဿနာ၏သစ္စာ ဖြစ်ပါသည်။

ဤဆိုခဲ့သောစကားဖြင့်ပင် 'အရှိနှင့်မရှိ'တို့ တစ်ခုတည်းဖြစ်ပုံကို ကြိုး စား၍ သဘောပေါက်ကြည့်ကြပါကုန်။

ထို့ကြောင့် 'မရှိတရား'၌ 'အချိန်မရှိ'သလို'အရှိတရား'၌လည်း 'အချိန် မရှိ'ကုန်။ အဘယ်ကြောင့်ဆိုသော် 'အရှိနှင့်မရှိ'တို့သည် ဆိုခဲ့ပြီးသည့်အတိုင်း လူကခွဲ၍ နှစ်ခုကွဲနေသော်လည်း သူ့ပကတိသဘောအားဖြင့် နှစ်ခုမပြား၊ တသားတည်း ဖြစ်သောကြောင့်တည်း။

အဘယ်သို့ တသားတည်းဖြစ်သနည်း။

အဖြေသည် အောက်ပါအတိုင်းဖြစ်သည်-

'စိတ်,စေတသိက်,ရုပ်'-ဟူသော ပရမတ္ထများ၏ အတ္တသတ္တိနှင့် အတ္တနိယသတ္တိ မရှိခြင်းသည် သို့မဟုတ် ထိုတရားတို့ ဖြစ်ပေါ်နေစဉ်၌ ကိုယ်ကိုယ်တိုင်ရပ်နိုင်သောအားနှင့် သူများကိုဖြစ်ပေါ်အောင် ပြုလုပ်နိုင်သောအားများ မရှိခြင်းသည် အတ္တသတ္တိနေရာ၌ 'မရှိတရား' ဖြစ်သည်။

တဖန် 'ငြိမ်းအေးခြင်း'ဟူသော 'အရှိတရား'ဟူသည်မှာလည်း လူတို့၌ရှိ၍ 'အရှိတရား'-ဟူ၍ ပြောရသော်လည်း ထိုအရှိတရားသည် တစုံတစ်ခုသော မပြည့်စုံသေးသော အကြောင်းအစိတ်အပိုင်းကလေးများ ပေါင်းစုံစုဝေးသောကြောင့် ဖြစ်ပေါ်လာသောတရား မဟုတ်ပေ။ ဖြစ်ပေါ်လာသော 'ဥပ္ပါဒအဖြစ်' ရောက်သော တရားပင် အလျဉ်းမဟုတ်သောတရား ဖြစ်ပါသည်။

ဤ၌ ဖြစ်ပေါ်လာခြင်းမရှိသော တရားနှင့် ဖြစ်ပေါ်လာရသော်လည်း အတ္တသတ္တိနှင့် အတ္တနိယသတ္တိများမရှိ-ဟူသော တရားနှစ်ပါးတို့သည် ခြားနားသလော၊ အတူတူလော။ တကယ်အဖြစ်၌ 'အတ္တသတ္တိတရား'နှစ်ပါးသည် အတူတူပင် ဖြစ်ပေသည်။ 'မရှိမုန့်ကိုပေးခြင်းနှင့် မုန့်မပေးခြင်း'-ဟူသော စကားကဲ့သို့ ခြားနားချက်မရှိသောစကားများ ဖြစ်ကြပေသည်။ ဤသို့ တသားတည်းဖြစ်ပါသည်။

ဤသို့ဖြစ်လျှင် 'စိတ်,စေတသိက်,ရုပ်' ပရမတ်များကို လက်ဖျစ်တစ်တွက်ကာလ၌ ကုဋေတစ်သိန်းကျော်ပိုင်း တစ်ပိုင်း သက်တမ်းရှိသည်၊ ငါးထောင်ကျော်ပိုင်း တစ်ပိုင်းမျှရှိသည်။ ဤသို့ အဘယ်ကြောင့် အချိန်ရှိလေယောင် ဆိုနေကြသနည်း။

ဤအမေး၏အဖြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အထက်ပါ 'စိတ်,စေတသိက်,ရုပ်'ပရမတ်တို့၏ အချိန်အတိုင်းအတာများသည် ထို ပရမတ်တရားတို့၏ အကြောင်းအစိတ်အပိုင်းတို့ စုဝေးနေသော အသွင်သဏ္ဌာန်၏ သက်တမ်းပြစကားများမျှသာ ဖြစ်ပါသည်။ ထိုသို့ စုဝေးနေ

သော အသွင်သဏ္ဍာန်၏ သက်တမ်းပြမှုဖြစ်သော စကားများအရ ထို စိတ်စသော ပရမတ်တရားတို့၏ အတ္တသတ္တိနှင့် အတ္တနိယသတ္တိများရှိသော အရှိတရား-ဟု ယုံမှားမည်ကို ပယ်ဖျောက်လို၍ သို့မဟုတ် ယုံမှားမည်ကို စိုးရိမ်သောကြောင့် ယင်း-စိတ်စသော ပရမတ်များသည် 'အနိစ္စ'ဖြစ်သည်။ သို့မဟုတ် 'အချိန်မဲ့'ဖြစ်သည်ဟူ၍ သတ်သတ်မှတ်မှတ် မိန့်ကြားခဲ့ခြင်း ဖြစ်ပေသည်။

ယင်း-'အနိစ္စအနက်'ကို အတိအကျရယူလျှင် 'အမြဲမရှိခြင်း' အနက်သာမက 'အချိန်ငြင်းဆိုခြင်း'အထိ ယူမှ ဖြစ်မည့်အကြောင်း၊ စိတ်-စသော ပရမတ်တို့၏ သဘောသဘာဝသည် ဖြစ်ပေါ်လာသော အဖြစ်တရား ဖြစ်သော်လည်း 'မရှိ'သည့်အကြောင်းကို အကျယ်တဝန့် နားလည်ခဲ့ပြီးပြီ-ဟု စာရှုသူအတွက် ယုံကြည်လိုပါသည်။

ထို့ကြောင့် 'အနိစ္စ'ဟူသော စကားလုံးသည် 'စိတ်'စသော ပရမတ်တို့၏ 'အချိန်ရှိသည်ကို ငြင်းဆိုသောစကားလုံး' ဖြစ်ပါသည်။ ဤသို့ အချိန်အားဖြင့် အငြင်းခံရသော ပရမတ်များသည် 'အရှိတရား မဟုတ်ကြောင်း' ထင်ရှားစေပါသည်။

၅၅။ ဒုက္ခသည် ပရမတ်အရှိပြ အသွင်အပြင်ကို ငြင်းဆိုသည့်စကား

ထို့ပြင် 'ဒုက္ခ'ဟူသော 'စိတ်'စသော ပရမတ်များ၏ လက္ခဏာပြ စကားလုံးသည်လည်း ထိုပရမတ်တို့၏ 'အရှိအဖြစ်ကိုညွှန်နိုင်သော ထောင့်တစ်ခုကို ငြင်းဆိုသောစကားလုံး'-ပင် ဖြစ်ပေသည်။

ဟုတ်ပါသည်။'ဒုက္ခ'ဟူသော စကားလုံးသည် 'ဒု'ဟူသော စကားလုံးနှင့် 'ကရ'-ဟူသောစကားလုံးတို့ ပေါင်းစပ်ထားသောစကား ဖြစ်ပါသည်။ 'ခမ'-ဟူသော စကားလုံးနှင့် ပေါင်းစပ်ထားသော စကားလုံးဟုလည်း ဆိုကြပါသည်။

ဤသို့ 'ဒုက္ခ'၏ အနက်အဓိပ္ပါယ်သည် 'ဆင်းရဲခြင်း'-ဟူ၍ ပြန်ဆိုကြပါသည်။ 'ပီဠနတ္ထ'-စသည်ဖြင့်လည်း လေးနက်လာပါသည်။ 'ဆင်းရဲ'-ဟူ၍ပင် နားလည်ကြပါစို့။

ဤ၌ 'ဆင်းရဲ'-ဟူသည် အဘယ်နည်း။

ဤစကားသည် 'ခံစားမှုပြစကား' ဖြစ်ပါသည်။ 'ခံစားမှု'သည် အတော်သေချာမှု၊ ရေရာမှုနည်းသောအရာ ဖြစ်ပါသည်။ ဤသူ့အနေနှင့် 'ကောင်း'-ဟူသောခံစားမှုသည် ထိုသူ့အနေနှင့် 'ဆိုး'-ဟူသောခံစားမှု ဖြစ်သည်လည်း များစွာရှိပေသည်။ ထို့ပြင်လည်း ထိုအရာများကိုပင် အခြားသူတစ်ဦးအနေနှင့် ကောင်း,ဆိုးနှစ်တန် မထင်ပြန်-ဟူ၍လည်း ရှိတတ်ပေသည်။

ထို့ကြောင့် 'ဒုက္ခ'၏ အနက်ကို 'ဆင်းရဲ'-ဟု ဆိုရသော်လည်း ဤနေရာ၌ 'ဒုက္ခ'-ဟူသောစကားလုံးသည် 'ခံစားမှုပြစကား-မဟုတ်'-ဟု မှတ်ယူသင့်လေသည်။ အဘယ်ကြောင့်ဆိုသော် ကောင်း,ဆိုး နှစ်တန်၊ ထိုကောင်း,ဆိုးနှစ်တန်မှ လွတ်သောသဘော ခံ,စံမှုအားလုံးပင် ဤ၌ 'ဒုက္ခ'-အရကောက်ယူမည် ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် 'ဒုက္ခ'-ဟူသော စကားလုံးကို 'ဒု'နှင့်'ခမ'-ပေါင်းထားသော စကား ဟူသည်ထက် 'ဒု'နှင့်'ကရ'တို့ ပေါင်းထားသောစကား ဖြစ်သည်-ဟုဆိုခြင်းက ပို၍သင့်ဖို့ ရှိလေသည်။

ဟုတ်ပါသည်။ 'ဒု'-သည် 'တားမြစ်ခြင်းပြ စကားလုံး' ဖြစ်သည်။ အကယ်၍ 'ခမ'- ဖြစ်လျှင် 'ခမ'သည် 'ခံနိုင်ခြင်းပြစကားလုံး'ဖြစ်၍ ဤနှစ်လုံးပေါင်း၍ 'ဒုက္ခ'-ဟုယူလျှင် 'မခံနိုင်ခြင်း'-အနက် ထွက်ပါမည်။

ဤသို့ဆိုလျှင် 'မခံနိုင်သောအရာကား' အဘယ်နည်း။ ဤအရာကို ညွှန်ပြလိုလျှင် စံပြုသတ်မှတ်ခံရသောလူရှိဖို့ လိုလာပါသည်။ သို့မဟုတ် စံပြုသတ်မှတ်ထားသောဆင်းရဲ ဖြစ်ရပါမည်။ ဥပမာ- 'ဘယ်မှဘယ်အထိဖြစ်သော ဆင်းရဲသည် ခံနိုင်သောအခြေအနေ' ဖြစ်သည်။ ကျွင်းသောဆင်းရဲသည် 'မခံနိုင်သောအခြေအနေ' ဖြစ်သည်။ ဤသို့ စံပြုသတ်မှတ်ချက်ရှိဖို့လိုပါသည်။

'ဒုက္ခ'-ဟူသော စကားကို ဖော်ထုတ်သုံးနှုန်းခဲ့သော ဗုဒ္ဓအသျှင် ကိုယ်တိုင်က ဤစံကို သတ်မှတ်ခဲ့ခြင်း အလျဉ်းမရှိပေ။ ထို့ကြောင့် ဤအထက်ပါအကြောင်းများကြောင့် 'ဒုကရ'-ဟူသော စကားလုံးပေါင်းက ပို၍သင့်လျော်ခြင်း

ဖြစ်ပါသည်။

ဤ၌ 'ဒုက္ခ'၏အနက် 'ဆင်းရဲ'ဟူသည် အဘယ်သို့သော အနက်နည်း-ဟုမေးလျှင်-

'ဆင်းရဲ'-ဟူသောအနက်သည်'ပြုလုပ်၍ မရခြင်း'-ဟူသော အနက်ရှိသည်ဟု ဖြေရပါမည်။ သို့မဟုတ် 'ခက်ခြင်း'-အနက်ရှိသည်ဟု ဖြေပါမည်။

ဘယ်အရာများကို ပြုလုပ်၍မရခြင်း ဖြစ်ပါသနည်း-ဟူအံ။

'ယုတ်အောင်,မြတ်အောင်နှင့် ကြမ်းအောင်,နုအောင်'များ ပြုလုပ်၍ မရခြင်းဖြစ်သည် ဟု ဖြေရပါမည်။

ဟုတ်ပါသည်။ 'ဒုက္ခ'သရုပ်သကန်များဖြစ်ကြသော 'စိတ်,စေတသိက်, ရုပ်'ပရမတ်များသည် ကြမ်းအောင်,နုအောင်၊ ယုတ်အောင်,မြတ်အောင်များ 'ပြုလုပ်၍ မရကြ'ပါ။ ပြုလုပ်၍ မရခြင်းသည် 'ခက်ခြင်း'-ဖြစ်ပါသည်။ တဖန် ခက်ခြင်းသည် 'ဆင်းရဲခြင်း'-ဖြစ်ပါသည်။

ထို့ကြောင့် ဤ'ဆင်းရဲ'၏ အနက်သည် 'ခံ,စံခြင်းပြ ဝေဒနာစကားလုံး မဟုတ်'။ 'ခက်ခဲခြင်းပြစကားလုံး'ဖြစ်သည်-ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့် ဒုက္ခ၏သရုပ်ဖြစ်သော ပရမတ်များ၌ 'ကြမ်း,နု၊ ယုတ်, မြတ်' ပြုလုပ်၍မရသည်-ဟူအံ့။ အကြမ်းဖြစ်စေ, အနုဖြစ်စေ၊ အယုတ်ဖြစ်စေ, အမြတ်ဖြစ်စေ- ၎င်းတို့တစ်ခုခုမျှ ရှိပြီးမဖြစ်သောကြောင့်ဟု ဖြေရပေမည်။

ဟုတ်ပါသည်။ အရာတစ်ခုခုသည် အကယ်၍ အကြမ်းရှိနေသည်ဆိုလျှင် အနုလုပ်၍ ဖြစ်ပေရာသည်။ ထိုသို့မဟုတ်ဘဲ အနုရှိနေသည်ဆိုလျှင်လည်း အကြမ်းဖြစ်အောင် လုပ်နိုင်ပေရာသည်။ အယုတ်,အမြတ်တို့လည်း ဤအတူ တစ်ခုခုရှိလျှင် အခြားတစ်ခုခုဖြစ်အောင် ပြုနိုင်ခွင့် ရှိပေရာသည်။ ဤသို့ပြု၍ မရခြင်းသည် 'ကြမ်း,နု၊ ယုတ်,မြတ်' တစ်ခုမျှမရှိ-ဟူသော အနက်ကို ဖော်ပြရာ ရောက်ပေသည်။

ထို့ကြောင့် 'ဒုက္ခ'၏ 'ဆင်းရဲခြင်း သို့မဟုတ် ခက်ခဲခြင်း သို့မဟုတ် ပြုလုပ်၍မရခြင်း'-ဟူသော ဤအနက်အဓိပ္ပါယ်များသည် ဒုက္ခသရုပ်ဖြစ်သော

'စိတ်,စေတသိက်,ရုပ်'တို့၏ 'အယုတ်,အမြတ်၊ အကြမ်း,အနု' အသွင်အပြင်များ အလျဉ်းမရှိခြင်းကို ပြောင်စင်သွားအောင် ငြင်းဆိုခြင်း ဖြစ်ပေသည်။

ဤသို့ 'ဒုက္ခ'ဟူသော စကားလုံးဖြင့် 'ဒုက္ခ'သရုပ်ကောင်ဖြစ်သော ပရမတ်များ၌ 'အယုတ်,အမြတ်၊ အကြမ်း,အနု'ဟူသော အသွင်အပြင်များ-မရှိ'-ဟု ငြင်းဆိုခြင်းသည် ထိုပရမတ်များ၏ 'အရှိအဖြစ်ကို ငြင်းဆိုခြင်း' ဖြစ်ပေသည်။

ဤစကားမှန်သည်။ ဤအကြောင်းကို ပြပါမည်။ 'စိတ်,စေတသိက်,ရုပ်' ပရမတ်များသည် အကြောင်းအစိတ်အပိုင်းကလေးများ စုဝေးပေါင်းစုံလိုက်၍ 'စိတ်'-စသည်အဖြစ် ရောက်သောအခါ ထို'စိတ်'စသည်သည် အကယ်ပင် ကိုယ်တိုင်ရပ်နိုင်စွမ်းသော သတ္တိရှိသည်ဆိုလျှင် သူ့၌ အယုတ်,အမြတ်၊ အကြမ်း,အနု ဟူသော အသွင်အပြင်တရားများ ပိုင်ဆိုင်လျက် ရှိလေရာ၏။

ဆိုလိုသည်မှာ 'စိတ်'စသည်တို့သည် အကယ်ပင် 'အရှိ'ဖြစ်သည်ဆိုလျှင် အသွင်အပြင်တရားများ ရှိရမည်-ဟု ဖြစ်ပါသည်။ ထိုအသွင်အပြင်များကား အယုတ်နှင့်အမြတ်၊ အကြမ်းနှင့်အနုတို့ ဖြစ်ကြသည်။ ထိုသို့ အသွင်အပြင်တရားများရှိလျှင်လည်း အကြမ်းရှိလျှင် အနုဖြစ်အောင် ပြုလုပ်၍ ရရမည်၊ လွယ်ရမည်၊ ချမ်းသာရမည်။ ထို့အတူ အနုရှိလျှင်လည်း အကြမ်းဖြစ်အောင် ပြုလုပ်၍ ရရမည်၊ လွယ်ရမည်၊ ချမ်းသာရမည် အမှန်ပင်။

ထိုသို့ဖြစ်လျက် 'ဒုက္ခ'ဟူသောစကားလုံးဖြင့် လုပ်မရ၊ ခဲခက်သည်၊ ဆင်းရဲသည်-ဟု ဆိုလိုက်ခြင်းဖြင့် 'ဒုက္ခသရုပ်ဆောင်' ပရမတ်များသည် အသွင်အပြင်မဲ့တရားသာဖြစ်သည်-ဟု ဆိုလိုရာ ရောက်ပါသည်။

ထို့ပြင် အသွင်အပြင်မဲ့တရားသည် အရှိမဟုတ်သောတရားသာ ဖြစ်သည်။ ထို့ကြောင့် 'စိတ်'စသော ပရမတ္ထတရားများသည် အရှိမဟုတ်သောတရားများ ဖြစ်သည်-ဟု 'ဒုက္ခ'ဟူသော ပရမတ္ထလက္ခဏာပြ စကားဖြင့် ငြင်းဆိုပြပါသည်။

၅၆။ အနတ္တသည် ပရမတ်အရှိပြ နေရာဌာနကို ငြင်းဆိုသည့်စကား

ထို့ပြင်လည်း ကျန်သေးသော ပရမတ္ထလက္ခဏာပြစကားလုံး 'အနတ္တ'-သည်လည်း ထိုပရမတ္ထတို့၏ အရှိအဖြစ်ကို ငြင်းဆိုပြသော စကားပင် ဖြစ်ပေသည်။ ဟုတ်ပါသည်။ 'အနတ္တ'ဟူသော စကားလုံးသည် အနက်အဓိပ္ပါယ်အားဖြင့် 'အနှစ်သာရမဲ့ခြင်း(အသာရကဋ္ဌေန)'ဖြစ်သည်-ဟု အသိအမှတ်ပြုခဲ့ရသော စကားလုံး ဖြစ်ပါသည်။

ဤ'အနတ္တ'-ဟူသော စကားလုံးသည်လည်း 'အ'နှင့် 'အတ္တ'ဟူသော နှစ်လုံးတို့ပေါင်းထားသော စကားဖြစ်ပါသည်။'အ'သည် 'တားမြစ်ခြင်းပြ' စကားပင် ဖြစ်ပါသည်။ 'အတ္တ'မှာမူ 'အထည်'ဟူသော အနက်အဓိပ္ပါယ်ပြစကား ဖြစ်ပါသည်။

'အထည်'ဟူသည် အဘယ်နည်း။

'အထည်'ဟူသော စကားသည် 'နေရာနှင့်စပ်သော စကား'ပင် ဖြစ်ပါသည်။'အထည်(ဒြပ်)'ဖြစ်၍ ယင်း-အထည်ဒြပ်၏ တည်ရာ,မှီရာ ရှိရပါမည်။ ဥပမာအားဖြင့် 'အထည်'အဖြစ် အသေးအမှုန်ဆုံး အရာကလေးပင် ဖြစ်ပါစေ၊ ထိုအထည်သည် 'အတွင်း'-ဟူ၍လည်းကောင်း၊'အပြင်'-ဟူ၍လည်းကောင်း၊ 'အနီး'-ဟူ၍လည်းကောင်း၊ 'အဝေး'-ဟူ၍လည်းကောင်း လေးမျိုးလေးစားသော 'တည်ရာ, မှီရာပြ' အခြေအနေများ ရှိရပါမည်။

ထို့ကြောင့် 'အနတ္တ'သည် 'အထည်ကိုငြင်းဆိုသောစကား'သို့မဟုတ် 'နေရာကိုငြင်းဆိုသောစကားလုံး' ဖြစ်ပါသည်။ 'အနတ္တ'ကို 'အနှစ်သာရမရှိ'-ဟူ၍ အကာ,အခေါက်လိုအရာများသာ တည်ရှိနေသလိုလို ထင်ခွင့်ဖြစ်ပေါ်ပါသည်။ ဤသို့မဟုတ်ပါ။ အနတ္တလက္ခဏာ၏ သရုပ်ဖြစ်သော 'စိတ်'စသော ပရမတ်များ၏ အတ္တသတ္တိမရှိသည့်အတွက် အရှိအဖြစ်ပြောဆိုမှုကို အားပေးသော'နေရာ'ကို ငြင်းဆိုသည်-ဟု နားလည်ရမည် ဖြစ်ပါသည်။



ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

၅၇။ ပရမတ္ထအရှိဝါဒသည် ဗုဒ္ဓဝါဒနှင့် လားလားမျှမပတ်သက်

ဤသို့ဆိုလျှင် ဗုဒ္ဓအသျှင်၏ 'စိတ်,စေတသိက်,ရုပ်' ပရမတ္ထ လက္ခဏာပြစကားများဖြစ်သော 'အနိစ္စ,ဒုက္ခ,အနတ္တ'တို့သည် ထိုလက္ခဏာတို့၏ သရုပ်ဖြစ်သော ပရမတ်များ 'အရှိ'မဟုတ်ကြောင်းကို ငြင်းဆိုသောစကားများ ဖြစ်ပေသည်။ သို့မဟုတ် ထိုပရမတ်များ ဖြစ်ပေါ်ခွင့်ကြုံ၍ ဖြစ်ပေါ်သော်လည်း သူတို့ကိုယ်သူတို့ ဆောင်လျက် ရပ်စွမ်းနိုင်သော အရည်အချင်းနှင့်ပြည့်စုံသောအရာမဟုတ်ဟု ငြင်းဆိုကြပါသည်။

ဟုတ်ပါသည်။ 'အရှိတရား'ဟူသည်ကား ကိုယ့်ကိုယ်ကိုဆောင်လျက် ရပ်တည်နိုင်စွမ်းသော အရည်အချင်းရှိသောတရား ဖြစ်ပါသည်။ ထိုတရားသည် အကယ်၍ရှိခဲ့လျှင် ထိုတရား၌ 'အချိန်'သည်လည်းကောင်း၊ 'နေရာ'သည်လည်းကောင်း၊ 'အသွင်အပြင်'သည်၄င်း ရှိရာပါမည်။

ထို့အပြင်ထို'အရှိတရား'၏ ထို'အချိန်,နေရာ,အသွင်အပြင်'များသည် မဖောက်မပြန်လည်း ဧကန် ရှိပေရာ၏။

အကြောင်းအစိတ်အပိုင်းကလေးများ စုဝေး၍နေသော အဖြစ်တရားတစ်ခု၌ရှိသော အချိန်,နေရာနှင့် အသွင်အပြင်များသည် သူ့ပကတိရှိသောအရာမဟုတ်။ လူတို့ သင်္ကေတ၊လူတို့ သတ်မှတ်ထားသော ဖောက်ပြန်သောအရာများသာ ဖြစ်ကြပေသည်။

မဖောက်ပြန်သော အချိန်,နေရာနှင့် အသွင်အပြင်များရှိသော အရာသည်သာလျှင် ကိုယ့်ကိုယ်ကိုဆောင်လျက် ရပ်စွမ်းနိုင်သော သို့မဟုတ် အတ္တသတ္တိရှိသောတရား ဖြစ်ပါသည်။

'စိတ်,စေတသိက်,ရုပ်'ပရမတ်တို့၏ ပကတိသဘာဝကို စာရှုသူတို့အပြန်ပြန် ဆန်းစစ်ခဲ့ပေပြီ။ ထိုတရားများကို အကြောင်းအစိတ်အပိုင်းကလေးများ စုဝေးမှ ဖြစ်ပေါ်သည်ကို စာရှုသူကိုယ်တိုင်လည်း နားလည်ခဲ့လောက်ပြီဟု ယူဆပါသည်။ ဆိုလိုသည်မှာ ထိုပရမတ်များသည် ကိုယ့်ကိုယ်ကိုဆောင်လျက်

ရပ်တည်နိုင်စွမ်းသောတရား မဟုတ်။ အကြောင်းငယ်များ စုပေါင်းနေသော အဖြစ်တရား-ဟု နားလည်ခဲ့လောက်ပြီ-ဟု ယုံကြည်ကြောင်း ဖြစ်ပါသည်။

ထို့အပြင်လည်း ထိုပရမတ်တရားများကို တင်ပြခဲ့သော ဗုဒ္ဓအသျှင်ကိုယ်တိုင်ကလည်း ထိုတရားတို့၏ လက္ခဏာပြစကားလုံးများဖြင့် ထိုတရားများသည် အရှိတရားများမဟုတ်ကြကြောင်း စေ့စပ်သေချာစွာ ငြင်းဆိုပြခဲ့သည်ကို စာရှုသူတို့ သဘောပေါက်လောက်ပြီ-ဟု ထင်ပါသည်။

ထို့ကြောင့် 'ပရမတ်အရှိဝါဒ'သည် 'ဗုဒ္ဓဝါဒ'နှင့် လားလားမျှ မပတ်သက်သောဝါဒဖြစ်ပါသည်။

၅၈။ ပရမတ္ထအရှိဝါဒသည် စိတ္တဇဝါဒ

'ပရမတ်အရှိဝါဒ'သည် ဗုဒ္ဓဝါဒကို 'ဘဝ'မပါဘဲ 'သဘောတရား'ချည့် တည်ဆောက်ရာမှ သို့မဟုတ် ကိုယ်မပါဘဲ ခေါင်းချည်းရပ်တည်နေရာမှ ပေါ်ထွက်လာသော 'စိတ္တဇဝါဒ'-သက်သက် ဖြစ်ပါသည်။

သူတို့သည် 'ခန္ဓာ'ဟူသောစကားကို 'အရှိ'ထင်ကြပေသည်။

'ခန္ဓာ'သည် 'စိတ်,စေတသိက်,ရုပ်' ပရမတ်များဖြစ်သည်-ဟု သူတို့ယူဆသည်။ သူတို့ထင်သည့်အတိုင်း အမှန်မဟုတ်ပေ။'ခန္ဓာ'သည် 'ကာလ,ဌာန,သဏ္ဍာန် တစ်ဆယ့်တစ်ထွေအားဖြင့် ထို'စိတ်'စသည်ကို ရှုကြည့်သောသူ၌သာ ဖြစ်ပေသည်။

'ပရမတ္ထအရှိဝါဒီ'တို့သည် ရှေ့,နောက်ဘဝများ မရှိ-ဟု သူတို့၏ ပရမတ်အရှိများဖြင့် မျက်လှည့်ပြကြပေသည်။ သည်ဘက်ဘဝမှ ရုပ်,နာမ်သည် ဟိုဘက်ဘဝရုပ်,နာမ် မဟုတ်။ ဟိုဘက်ဘဝမှ ရုပ်,နာမ်သည်လည်း ဤဘဝရုပ်,နာမ် မဟုတ်။ သို့သော်လည်း ရုပ်,နာမ်ချင်းအကြောင်းမူ မကင်းကုန်-ဟူသတည်း။

သူတို့သည် 'ဤဘဝသည် ထိုဘဝမဟုတ်'-ဆိုသော်လည်း ထိုဘဝအတွက် ဤဘဝမှ မကြောက်ဘဲ မနေနိုင်ကြကုန်။ ထို့ကြောင့် သူတို့မျက်လှည့်သည် သူများကို ပြရုံမျှသာ အကျိုးရှိပေသည်။ ကိုယ်တိုင် အကျိုးထူး ထွက်ပေါ်အောင်မူကား မလှည့်နိုင်ကြပေ။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

သူတို့သည် ‘ဗုဒ္ဓအဘိဓမ္မာ’ကို လေ့လာရာ၌ ဘဝနှင့်ညှိ၍ အခြေခံသဘောများကို သေချာသည်အထိ ကောက်ယူနိုင်အောင် မကြိုးစားကြသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ထိုသူတို့၏ဘဝသည် ‘ဘဝနှင့် သဘောတရား’ သီးခြားစီဖြစ်လျက် စောက်ထိုးမိုးမျှော် ဖြစ်လျက်ရှိကြပေသည်။ ဤသို့ ကိုယ့်ဘဝနှင့် ကိုယ့်သဘောတရားပင် မဟပ်မိသော စောက်ထိုးမိုးမျှော် တည်ထောင်မှုများသည် ရှေးအခါခပ်စောစောကပင် တည်ရှိခဲ့ပြီး ဖြစ်သည်။

ကျွန်ုပ်တို့ အသေအချာပြောနိုင်သည်မှာ ဗုဒ္ဓအဘိဓမ္မာကို အတွေးချော်ခဲ့သော ‘မိလိန္ဒပဉှာ’စာတမ်းကို ပြုစုခဲ့သော ပုဂ္ဂိုလ်ထံ၌ပင် ဘဝ စောက်ထိုးမိုးမျှော်အဖြစ်များ တည်ရှိခဲ့ပြီကို သိရှိရပေသည်။

ထို့ကြောင့် ဤမှားယွင်းသော ဘဝအမြင်များသည် ကောကနုဒ်ဗိမာန်ကို ဖန်ဆင်းသူ၏ ကိုယ်ပိုင် ဘဝအမြင်ပင် မဟုတ်ပေ။ သူ့-ပဋိစ္စသမုပ္ပါဒ်သည် သူသိမြင်သော ပဋိစ္စသမုပ္ပါဒ် မဟုတ်-ဟု ဆိုလိုပါသည်။

ဤမျှဖြင့် ကောကနုဒ်ဗိမာန်ကို ဖန်ဆင်းသူ၏ ဘဝအမြင်သည် သူ့အမြင်-မဟုတ်ရုံသာမက သူ၏ ဘဝအမြင်လည်း မဟုတ်၍၊ ‘မှန်ကန်သောဘဝအမြင် မဟုတ်’ကြောင်း သဘောပေါက်သင့်ပါပြီ။ ယင်းသို့သဘောပေါက်အောင် အလေးအနက် တင်ပြရပါမည်။

ဤသို့ဆိုလျှင် ကောကနုဒ်ဗိမာန်ဆရာ၏ သူတင်ပြသော ‘ဤဘဝသည် မမွေးမီဘဝတစ်ခုမှကံကြောင့် ဖြစ်သည်၊ ဤဘဝမှပြုသောကံကြောင့်လည်း ဥပါဒါန်မကုန်သေးလျှင် သေပြီးနောက်၌လည်း ဘဝဖြစ်ရဦးမည်’-ဟူသော စကားသည် သူမသိဘဲ၊ သိလေဟန် စိတ္တဇဖြင့်ဆိုခြင်း ဖြစ်လေသည်။

ဤသို့ဆိုလျှင် ကောကနုဒ်ဗိမာန်ကို ဖန်ဆင်းသူ၏ ဘဝအမှန်ကို နားလည်ခွင့်ရှိပေပြီ။ သူ၏ ကောကနုဒ်ဗိမာန်တစ်နေရာ၌ အောက်ပါ သူ့ဘဝ၏ သင်္ကေတနှစ်ချက် ထားခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာခဲ့ရပြီ မဟုတ်ပါလော။

(၁) နိဗ္ဗာန်သည် မှားမည်,တိမ်းမည် အလွန်ကြီး ကြောင့်ကြစိုးရိမ်ဖွယ် မရှိ- ဟူသော အရာနှင့်၊
(၂) သာသနာအတွင်း၌ လူအဖြစ်ရနေသော ယခုဘဝသည် နိဗ္ဗာန်၏ အနီး ဆိုက်နေသောဘဝ ပေတည်း။ သေလွန်၍ သာသနာမရှိသောလူမျိုး၌ ဖြစ်ခဲ့သော်လည်းကောင်း၊ အပါယ်၌ ဖြစ်ခဲ့သော်လည်းကောင်း ယခု ဆိုက်တိုက်နီးပါးနေသာ နိဗ္ဗာန်နှင့် ကြာလေ အလှမ်းကွာဝေးလေ သွားပြန်လေ၏'။

ဤအရာများသည် ကောကနဒ်ဗိမာန်တစ်နေရာ၌ အသေအချာ ကျန်ရှိနေခဲ့သော အရာများ ဖြစ်ပါသည်။ ဤအရာများသည် သို့မဟုတ် ဤကမ္ဘည်းစာများသည် သူ့ဘဝ၏ မှန်ကန်သောသရုပ်ကို ဖော်ထုတ်၍ ပြနေပေသည်။

ယခု ကျွန်ုပ်တို့၌ သူ့ဘဝကို အဘယ်သို့သိနေမှုများ ဖြစ်နေကြပြီနည်း။

သူ့ဘဝသည် ရွှေဗိမာန်ပိသုကာလော၊

ရွှေမှုန်ကျဲဗိမာန်၏ ပိသုကာလော။

ဤအရာသည် စာရှုသူကိုယ်တိုင် ဆုံးဖြတ်ရတော့မည်အရာသာ ကျန်ပါတော့သည်။ စာရေးသူအနေနှင့် ကောကနဒ်ဗိမာန်ဖန်ဆင်းသူ၏ ဘဝကို ရွှေဗိမာန်ပိသုကာ မဟုတ်၊ ရွှေမှုန်ကျဲဗိမာန်၏ ပိသုကာဘဝသာဖြစ်ကြောင်း တတ်အားသမျှ လျှောက်လဲတင်ပြခဲ့ပါပြီ။

ဤအရာကို စာရှုသူကိုယ်တိုင် ကြိုက်သလို ဆုံးဖြတ်စေချင်ပါသည်။ ဆုံးဖြတ်ရန်လည်း တိုက်တွန်းပါသည်။

စာရှုသူသည် အကယ်၍ လျှောက်လဲချက်များ မပြည့်စုံ-ဟု ယူဆလျှင် လျှောက်လဲသူ၏ အတွေးချော်နေမှုဖြစ်ကြောင်း ဝန်ခံရပါမည်။ ထိုသို့မဟုတ်ဘဲ လျှောက်လဲမှုများ ပြီးပြည့်စုံသည်ဟုဆိုလျှင် ဆက်၍ လျှောက်လဲချက်ကို ဖတ်ရှုအကဲဖြတ်စေလိုပါသည်။

စာရေးသူ ဆက်၍ လျှောက်လဲရန် ရှိပါသေးသည်။

ယင်းမှာ အကယ်၍ ကောကနုဒ်ဗိမာန်ဖန်ဆင်းသူ၏ ဘဝသည် ရွှေမှုန်ကျဲဗိမာန်၏ ပိသုကာဘဝဖြစ်သည်ကို တွေ့ရသည်ဆိုလျှင် ဤကောကနုဒ်ဗိမာန်သည် ဘယ်နည်းနှင့်မျှ ရွှေဗိမာန် မဟုတ်နိုင်တော့ပေ။ ရွှေမှုန်ကျဲဗိမာန်သာ အသေအချာ ဖြစ်ရပါတော့မည်။

ယင်းကို သေချာသည်ထက် သေချာရန် ထိုကောကနုဒ်ဗိမာန်ကလေး၏ အစိတ်အပိုင်းကလေးတချို့ကို ဆိတ်ဖွဲ့၍ သက်သေထူပြလျှောက်လဲရန် တာဝန်ရှိပါသေးသည်။ ယင်းတာဝန်ကို ဆက်၍ ယူလိုပါသည်။ ဆက်၍ လျှောက်လဲရမည်မှာ ဤအရာသာ ဖြစ်ပါသည်။

ဤအရာကို ယခု ဆက်၍ လျှောက်လဲရပါတော့မည်။

တရားသူကြီးတို့၏ ဘက်မလိုက်စိတ်ထားဖြင့် အမှန်တရားကို ဦးထိပ်တင်လျက် ဆင်ခြင်ကြည့်ရှုကြစေလိုပါသည်။

အခန်း(၄)

# နိဗ္ဗာန်သည် တန်ခိုးအာနုဘော်ကြီးသည် အဆိုပေါ် စိစစ်သုံးသပ်ချက်


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

## အခန်း(၄)
## နိဗ္ဗာန်သည် တန်ခိုးအာနုဘော်ကြီးသည် အဆိုပေါ် စိစစ်သုံးသပ်ချက်

၅၉။ နိဗ္ဗာန်သည် တန်ခိုးအာနုဘော်ကြီးသလား

ကောကနုဒ်ဗိမာန်ကလေး၌ အပိုင်းသုံးပိုင်း ရှိပါသည်။

(၁) ဗိမာန်ကလေးတစ်ခုလုံးကို ထမ်းထားသောတိုင်နှင့် ထုပ်,ယောက်-စသည်များ သည် အပိုင်းတစ်ပိုင်း ဖြစ်ပါသည်။

(၂) နောက်တစ်ပိုင်းမှာ အမိုး,အကာစသည်များ ဖြစ်ပါသည်။

(၃) တတိယအပိုင်းတစ်ပိုင်းမှာကား ပန်းပြောက် ပန်းနွယ်နှင့် အခက်အလက်စသည်များ ဖြစ်ပါသည်။

စာရှုသူတို့ သိမြင်နိုင်ရန် အနည်းငယ်မျှသာဆိပ်ဖွဲ့၍ သက်သေထူတင်ပြမည်ဖြစ်၍ ဤအပိုင်သုံးပိုင်းအနက် သုံးပိုင်းလုံးကို လေ့လာတင်ပြမည် မဟုတ်တော့ပါ။ အရေးအပါဆုံးသော 'တိုင်နှင့် ထုပ်,ယောက်ပိုင်း'ကိုသာ လေ့လာတင်ပြမည် ဖြစ်ပါသည်။ ကျန်သောအပိုင်းများသည် ဤအပိုင်းအပေါ်၌ အားလုံးမှီ၍နေကြပေသည်။ ဤအပိုင်းကို လေ့လာမိလျှင် ကျန်အပိုင်းများအတွက် အလိုအလျောက် ပြီးမည်ဖြစ်ပါသည်။

ပဌမအပိုင်းသည် ကောကနုဒ်ဗိမာန်တည်ဆောက်သူ၏ ဝေါဟာရ၌ 'သင်္ခေပကဏ္ဍ'ဟူ၍ ဖြစ်သည်။

ဤအပိုင်း၌ 'နိဗ္ဗာန်'သည် အလွန်တန်ခိုးအာနုဘော်ကြီးသည်'-ဟု ပြဆိုထားပါသည်။ တန်ခိုးကြီးပုံကိုလည်း ဥပမာဖြင့် ဆက်၍ဖော်ပြထားပါသည်။

ပြပုံမှာ ဤသို့ဖြစ်သည်-

'ရွာသူကြီးတစ်ယောက်သည် သူနေသောရွာ၌ရှိသော လုယက်သတ်ဖြတ်တတ်သော ခိုးသူကြီးကို ကြောက်၍နေရသည်။ တချိန်၌ ထိုရွာသူကြီးသည် ပြည့်ရှင်မင်းကြီးအား ခစားမိသောကြောင့် မြို့ဝန်ရာထူးအဆင့် အမြင့်ခံရလေသည်။ သူသည် မြို့ဝန်ဖြစ်သောအခါ ခိုးသူကြီးကို အဆုံးစီရင်လိုက်လေသည်'။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဤဥပမာ၌- ခိုးသူကြီးနှင့် အဝိဇ္ဇာ၊ ရွာသူကြီးနှင့် လောကီပညာ၊ ကြောက်ရခြင်းနှင့် ဒုက္ခသစ္စာ၊ ပြည့်ရှင်မင်းနှင့် နိဗ္ဗာန်၊ မြို့ဝန်ရာထူးနှင့် မဂ်ပညာ- အတူပြု၍ ထားလေသည်။

ဤစကားများ၏ လှုပ်ရှားမှုကိစ္စကို စိစစ်လျှင် အောက်ပါအတိုင်း တွေ့မြင်ရပါမည်-

'လောကီပညာဖြစ်သော ရွာသူကြီးသည် ခိုးသူကြီးဟူသော အဝိဇ္ဇာကြောင့် ဒုက္ခဟူသော ဘေးရန်ကို ကြောက်၍လော၊ အခြားအကြောင်းကိစ္စ ရှိ၍လော မသိ။ တစ်ခုခုသောအကြောင်းကြောင့် နိဗ္ဗာန်တည်းဟူသော ပြည့်ရှင်မင်းထံ အခစားဝင်လေသည်။ ထိုနိဗ္ဗာန်တည်းဟူသော ပြည့်ရှင်မင်းကြီးကို ခစားမိသောကြောင့် လောကီပညာ-ရွာသူကြီးသည် လောကီပညာ-ရွာသူကြီးအဖြစ်မှ လောကုတ္တရာပညာ-မြို့ဝန်ရာထူးကို ရရှိသွားလေသည်။ လောကုတ္တရာမဂ်ပညာ မြို့ဝန်သည် ရာထူးမြင့်၍ အာဏာကြီးလာသောကြောင့် ဒုက္ခဟူသောဘေးရန်ကို ပြုလုပ်နေသော အဝိဇ္ဇာ-ခိုးသူကြီးကို သတ်ဖြတ်ကွပ်မျက်လိုက်လေသည်- ဟူသတည်း။

ဤစကားလှုပ်ရှားမှုများ၏ ကောက်ချက်ကိုဆွဲလျှင် အောက်ပါအတိုင်း ထွက်ပေါ်လာပါမည်-

'လောကီပညာ-ရွာသူကြီးသည် အဘယ်ကြောင့် မဂ်ပညာဟူသော မြို့ဝန်ဖြစ်သွားရပါသနည်း။ ခိုးသူကြီးကို သတ်နိုင်သောကြောင့်လော၊ သို့မဟုတ် ခိုးသူကြီးကိုသတ်ပြီး ရပ်ရွာအေးချမ်းအောင် ပြုနိုင်သောကြောင့်လော။ သို့မဟုတ် နိဗ္ဗာန်-ဘုရင်ကို ခစားသောကြောင့်လော။ အဘယ်ကြောင့် လောကီပညာ- ရွာသူကြီးအဖြစ်မှ မဂ်ပညာ-မြို့ဝန် ဖြစ်သွားရပါသနည်း။'

ဤအဖြေသည် အရေးကြီးပါသည်။ ဤအဖြေလွဲလျှင် 'နိဗ္ဗာန်'သည် တန်ခိုးအာနုဘော်အလွန်ကြီးသောအရာ ဖြစ်သည်'-ဟူသောအဆို ပျက်ပြားသွားနိုင်ပါသည်။ ဤအဆို မပျက်ပြားဘဲ အောင်မြင်နိုင်ရန် အောက်ပါအတိုင်း ဖြေရပါမည်၊ ဖြေ၍ထားပါသည်-

'လောကီပညာ-ရွာသူကြီးသည် နိဗ္ဗာန်-ပြည့်ရှင်မင်းကြီးနှင့် တွေ့သောကြောင့် မဂ်ပညာ-မြို့ဝန် ဖြစ်သွားရလေသည်'-ဟူ၍ ဖြစ်သည်'။

ဤသို့ဆိုလျှင် 'နိဗ္ဗာန်'သည် ရှေးကဆိုခဲ့သည့်အတိုင်း တန်ခိုးအာနုဘော်ကြီးသည်'-ဆိုသည်မှာ ဆိုခဲ့သည့်အတိုင်း မှန်ပေတော့သည်။ 'နိဗ္ဗာန်'သည် 'လောကီပညာမှ မဂ်ပညာ'အဖြစ် လှည့်ပြောင်းပေးနိုင်သော ဩဇာအာဏာရှိသော အရာတည်း။ 'မဂ်ပညာနှင့် လောကီပညာ'သည် 'မြို့ဝန်နှင့် ရွာသူကြီး' ကဲ့သို့ ရာထူးအဆင့်ချင်း ခြားမှုခြား ဖြစ်လေသည်။ ထို့ကြောင့် 'နိဗ္ဗာန်'သည် ဤအတိုင်းပင် လောကီပညာကို မဂ်ပညာအဖြစ် လှည့်ပြောင်းပေးနိုင်ခြင်း မှန်လျှင် တန်ခိုးအာနုဘော် ကြီးလှပေသည်။

သို့သော်လည်း လောကီပညာကို မဂ်ပညာဖြစ်အောင် နိဗ္ဗာန်သည် အကယ်ပင် လှည့်ပြောင်းပေးနိုင်ပါသလော။

ခိုးသူကိုသတ်နိုင်သောသတ္တိ သို့မဟုတ် ခိုးသူကိုသတ်၍ ရပ်ရွာအေးချမ်းအောင် လုပ်နိုင်သောသတ္တိ၊ ဤအရာကလေးများကသာ လောကီပညာ-ရွာသူကြီးကို မဂ်ပညာ-မြို့ဝန်ဖြစ်အောင် လှည့်ပြောင်းပေးနိုင်သောအကြောင်း ဖြစ်နိုင်သည် မဟုတ်ပါလော။

ဤ၌ နိဗ္ဗာန်-ပြည့်ရှင်မင်းသည် လှည့်ပြောင်းမှုပြုခြင်း၌ အာဏာအပ်နှင်းသူအဖြစ် ပါဝင်မည်ဖြစ်သော်လည်း အကြောင်းမဟုတ်ဖြစ်နေသည် မဟုတ်ပါလော။ ဤသို့ဆိုသော် နိဗ္ဗာန်သည် အဘယ်မှာ တန်ခိုးအာနုဘော် ရှိတော့သနည်း တကယ်အဖြစ်သည် ဤသို့ပင်ဖြစ်ရမည် မဟုတ်ပါလော။

'မဟုတ်'-ဟု အကယ်၍ငြင်းဆိုသည်ဖြစ်အံ့။ ငြင်းလိုသူသည် သစ္စာလေးချက်ကို တပြိုင်နက်လည်စေရန် လှည့်ပြနိုင်ရပေမည်။

'နိဗ္ဗာန်'တန်ခိုးရှိသည်'-ဟု အဆိုပြုချက်ကို အကြောင်းပြသော အထက်ပါစကားသည် သစ္စာလေးချက်ကို တပြိုင်နက်လည်စေနိုင်သော အခြေအနေ မရှိသောစကား ဖြစ်ပါသည်။

ထိုသို့ဖြစ်သော်လည်း ဤစကားသည် အခြေအမြစ်မရှိဘဲ ပေါက်လွှတ်ပဲစား ဆိုစကားတော့လည်း မဟုတ်ပေ။ မြန်မာတစ်ပြည်လုံးနှင့် ထေရဝါဒ သာသနာ တစ်ခုလုံးကပင် လေးစားရသော အဖွင့်ကျမ်းပေါင်းများစွာကို ပြုစုခဲ့သော အရှင် မဟာဗုဒ္ဓဃောသ၏ အဆိုအမြွက်စကားကို အခြေခံအဖြစ် ထားသော စကား ဖြစ်ပေသည်။

ရှင်မဟာဗုဒ္ဓဃောသ၏ စကားဟူသည်မှာ အဘယ်နည်း။

'နိဗ္ဗာန်'သည် ရာဂတို့ ကင်းရာကင်းကြောင်း၊ ဒေါသ,မောဟတို့ ကင်းရာကင်းကြောင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိဗ္ဗာန်ကိုအကြောင်းပြု၍ ရာဂ-စသည် ကုန်ကြရသောကြောင့် ဖြစ်သည်။'

ဤအဆိုကို သူ၏ သမ္မောဟအဋ္ဌကထာ၌ စောဒနာ,သောဓနာပေါင်းများစွာဖြင့် အခိုင်အမာတည်ဆောက်၍ ထားခဲ့ပေသည်။ အရှင်မဟာဗုဒ္ဓဃောသ၏ စကားဟူသည်မှာ ဤသည်တို့တည်း-

ထိုအခြေအမြစ်ရှိသော စကားပင်ဖြစ်သော်လည်း ထိုစကားသည် သစ္စာလေးချက်ကို တပြိုင်နက် လည်စေနိုင်မည်လော။ အကယ်၍ လည်စေနိုင်သည် ဆိုလျှင် ထိုစကားသည် အောင်မြင်သောစကား ဖြစ်နိုင်၏။

အကယ်၍ သစ္စာလေးချက်ကို တပြိုင်နက် မလည်စေနိုင်လျှင်ကား ဤစကားသည် သိကြားမင်းကြီးဆိုသော အရာကိုယ်တိုင်ပင် ဆင်းပြီး၊ 'ဘုရား ဤသို့ဟောခဲ့သည်ကို ကျွန်ုပ်ကိုယ်တိုင် သက်သေခံပါသည်'-ဟုဆိုသော်လည်း အောင်မြင်သောစကား မဖြစ်နိုင်။

ထို့ကြောင့်-

(၁) 'နိဗ္ဗာန်ရောက်ပြီးမှ ရာဂကုန်ရသလော၊ ရာဂကုန်သောကြောင့် နိဗ္ဗာန်ရောက်သလော'။

(၂) နိဗ္ဗာန်ရောက်သောကြောင့် မဂ်ရသလော၊ မဂ်ရသောကြောင့် နိဗ္ဗာန်ရောက်သလော'။

ဤပြဿနာများကို ဝေဖန်စဉ်းစားသင့်ပါသည်။

၆၀။ နိဗ္ဗာန်ရောက်သောကြောင့် ရာဂကုန်ခြင်းလော

'နိဗ္ဗာန် တန်ခိုးရှိသည်'-ဟု တင်ပြလိုသူ၏ အဆိုအားဖြင့် 'နိဗ္ဗာန်ရောက်သောကြောင့် ရာဂကုန်သည်၊ မဂ်လည်းဖြစ်သည်'-ဟု ဆိုလိုနေသည်။ သူ၏ဆိုခဲ့သောစကားများ၌ ဤသို့ အဓိပ္ပါယ်ရှိနေသည်။

ဤသို့ဆိုလျှင် နိဗ္ဗာန်ထံသို့ ပဌမသွားစဉ်က ပညာသည် 'မဂ်ပညာ' မဖြစ်သေးပေ။ လောကီပညာပင် ဖြစ်သေးသည်။ လောကီပညာသည် ဂေါတြဘူဟူသော အမည်ဖြင့် နိဗ္ဗာန်ကို ခစားပြီးမှ နိဗ္ဗာန်၏ တန်ခိုးရှိန်စော် အာနုဘော်များက ခစားလာသော ဂေါတြဘူဟူသော လောကီပညာကို မဂ်ပညာအဖြစ်ရာထူးတိုးလိုက်သည်။ ပညာသည် မဂ်ပညာဟူသော ရာထူးတိုးပြီးမှ ခိုးသူကြီး-သမုဒယကို သတ်ခြင်း ဖြစ်သည်။ ထို့ပြင် ထိုသို့သတ်ပြီးမှ ရပ်ရွာအေးချမ်းသည်။

ဤ၌ အစဉ်ကို ကာလဖြင့်ဆိုလျှင် အောက်ပါအတိုင်း ဖြစ်ပါမည်-

(၁) လောကီပညာဖြင့် နိဗ္ဗာန်ကိုတွေ့ခြင်းသည် ပဌမ။

(၂) နိဗ္ဗာန်တွေ့ပြီးနောက် လောကီပညာမှ လောကုတ္တရာအဖြစ်ရောက်ခြင်းသည် ဒုတိယ။

(၃) လောကုတ္တရာပညာက ခိုးသူကြီး(သမုဒယ)ကို သတ်ခြင်းနှင့် ရပ်ရွာအေးချမ်းခြင်းသည် တတိယ- ဟူသတည်း။

ထိုသို့မဟုတ်ဘဲ မဂ်ဖြစ်လျှင်ဖြစ်ခြင်းပင် ခိုးသူကိုလည်းသတ်၊ ရပ်ရွာလည်း အေးချမ်းသည်ဆိုလျှင် ဆိုပါစေ။ ရာထူးရလျှင်ရခြင်းလည်း သတ်နိုင်ပါသည်။ သို့သော်လည်း ယင်းသည် ဥပမာဖြစ်၍-ဟု ထားလျက် သတ်နိုင်သည်ပင်ရှိပါစေ။

'နိဗ္ဗာန်'တွေ့သည်က တစ်ချိန်။

ရာထူးရခြင်း၊ သတ်ခြင်းက တစ်ချိန်။ ဤသို့ ခြားနား၍ နေပြန်ပေသည်။

ထို့ပြင် ခိုးသူဆိုး၍ ရှင်ဘုရင်ထံသွားလျှင် ခိုးသူ၏ဆိုးသည်-ဟု အသိခံရခြင်းက တစ်ချိန်၊

ရှင်ဘုရင်ထံသွားသည်က တစ်ချိန်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဤသို့ အချိန် ခြားပြန်လေသည်။

ဤသို့လျှင် သစ္စာလေးချက်သည် တပြိုင်နက်မလည်ဘဲ ရှိနေလေသည်။

သစ္စာလေးချက်သည် 'ခမ္မစက်' ဖြစ်လေသည်။

လောက၌ စက်တစ်ခုသည် နိုးသည်ဆိုလျှင် ရှိသမျှသော စက်အစိတ်အပိုင်းတိုင်း တပြိုင်နက်ပင် သူ့ဆိုင်ရာကိစ္စကို လုပ်ဆောင်ကြရလေသည်။ ထိုသို့မဟုတ်လျှင် ထိုစက်သည် မလည်သောစက်၊ ပျက်သောစက် ဖြစ်ပါသည်။ စက်ပျက်နေလျှင် အဘယ်အစိတ်အပိုင်းသည် အလုပ်မလုပ်ဘဲ ရှိနေသနည်း-ဟု ဆန်းစစ်ရပေသည်။ စက်၏ အစိတ်အပိုင်းတိုင်း၌ သူ့ဆိုင်ရာလုပ်ငန်းကိစ္စ ရှိရပေသည်။

ဥပမာ-နံပတ်တစ်အစိတ်အပိုင်း တစ်ပတ်လည်ဆိုလျှင်၊ နံပတ်နှစ်က အပတ်ဝက်၊ နံပတ်သုံးက တစ်ပတ်ခွဲ၊ နံပတ်လေးက နှစ်ပတ်-စသည်ဖြင့် ဖြစ်သည်။

ဤသို့ သူလုပ်ရမည့်လုပ်ငန်းကို မလုပ်တော့ခြင်းသည် 'စက်ပျက်ခြင်း (ဝါ) စက်မလည်ခြင်း' ဖြစ်ပေသည်။ ထိုစက်ကို အဘယ်ကပျက်သည်-ဟု စစ်ဆေးသူသည် ထိုအစိတ်အပိုင်းများ သူ့လုပ်ငန်းကိစ္စအတိုင်း လုပ်,မလုပ် ဆန်းစစ်ရပေသည်။

'နိဗ္ဗာနံ အာဂမ္မ ရာဂဒယော ခိဏာ'-ဆိုသော အဋ္ဌကထာကို မှီးထားသော 'နိဗ္ဗာန် တန်ခိုးရှိသည်'-ဟူသောအဆိုသည် သစ္စာဓမ္မစက်ကို လည်စေနိုင်သောအဆို မဟုတ်ကြောင်း တင်ပြခဲ့ပေပြီ။

ထို့ကြောင့် ထိုအဆိုသည် သစ္စာဓမ္မစက်အပျက်ကြီး ဖြစ်နေလေသည်။

ဤသို့ဖြစ်လျှင်-

'အဘယ်-သစ္စာအစိတ်အပိုင်းသည် ပျက်နေလေသနည်း။ ရှာလျှင်တွေ့နိုင်မည်လော'။ အကယ်၍ ပျက်နေခြင်းမှန်လျှင် ရှာကြည့်ပါမူ မုချပင် တွေ့မြင်ရပေမည်။

၆၁။ သစ္စာလေးချက်သည် အချိန်မခြား တပြိုင်နက်လည်သည်

အောက်ပါတို့သည် ဓမ္မစက်အစိတ်အပိုင်းများ၏ လုပ်ငန်းကိစ္စကို ညွှန်ပြသော ဓမ္မစက်၏ ကက်တလောက်များ ဖြစ်ပါသည်-

(က) ဒုက္ခအရိယသစ္စာသည် 'အသိခံကိစ္စ' ရှိသည်။

(ခ) သမုဒယအရိယသစ္စာသည် 'အပယ်ခံကိစ္စ' ရှိသည်။

(ဂ) နိရောဓအရိယသစ္စာသည် 'အဆိုက်ခံကိစ္စ' ရှိသည်။

(ဃ) မဂ္ဂအရိယသစ္စာသည် 'ပွားရသောကိစ္စ' ရှိသည်။

ဤပွားအပ်သော 'မဂ္ဂအရိယသစ္စာ'သည် အဘယ်နည်း-

(၁) မှန်ကန်သော အမြင်၊

(၂) မှန်ကန်သော အတွေး၊

(၃) မှန်ကန်သော အပြော၊

(၄) မှန်ကန်သော အလုပ်၊

(၅) မှန်ကန်သော အနေ၊

(၆) မှန်ကန်သော ကြိုးစားခြင်း၊

(၇) မှန်ကန်သော နိုးကြားခြင်း၊

(၈) မှန်ကန်သော တည်ကြည်ခြင်း(စိတ်ထားခြင်း)တို့ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် မှန်ကန်သော အမြင်,အတွေးစသည်ကို ဘယ်မှာ လုပ်ရမည်နည်း။ ဆိုလိုသည်မှာ မှန်ကန်သော အမြင်,အတွေး-စသည်တို့၏ အမြင်, အတွေးခံရမည့် တရားကား အဘယ်နည်း။ ဤမဂ္ဂသစ္စာပင် ဖြစ်လေသလော။ သမုဒယ, နိရောဓသစ္စာများပင် ဖြစ်လေသလော။ ဒုက္ခသစ္စာပင် ဖြစ်လေသလော။

အဘယ်သစ္စာသည် 'အသိခံကိစ္စ ရှိသည်'-ဟု ဓမ္မစက်၏ ကက်တလောက်၌ အဘယ်ညွှန်ပြနေပါသနည်း။ 'နိဗ္ဗာန်'သည် 'အသိခံကိစ္စ' ရှိနိုင်ပါမည်လော။

ဤအမေး၏အဖြေကို ပိဋကတ်၌ 'သမ္မာဒိဋ္ဌိ'ကိုဖွင့်သောအခါ-

'ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခနိရောဓေဉာဏံ,

ဒုက္ခနိရောဓဂါမိနီပဋိပဒါ ဉာဏံ'-ဟုတွေ့ရတတ်ပေသည်။

အကယ်စင်စစ် ဤစကားသည် ဆောင်သူတို့ အားလွန်သောစကား သာ ဖြစ်ရာသည်။ အဘယ်ကြောင့်ဆိုသော် မဂ်ဉာဏ်သည် မဂ်ဉာဏ်ကို ပြန်၍ သိမှု မဖြစ်နိုင်သောကြောင့်တည်း။ မဂ်ဉာဏ်ကို ပြန်သိသည်ဆိုလျှင် ပစ္စဝေက္ခ ဏာဉာဏ်တော်သာ ဖြစ်လျှင်-ဖြစ်ခွင့်ရှိသောကြောင့်တည်း။

ထို့ကြောင့် ဤအမေး၏အဖြေသည် သစ္စာဓမ္မစက် ကက်တလောက် အရဖြေလျှင် 'ဒုက္ခသစ္စာ'သာ ဖြစ်ရာပါသည်။ ဟုတ်ပါသည်။ မဂ္ဂသစ္စာသည် မှန်သော အမြင်,အတွေးစသည်ကို ခံရမည့်သစ္စာသည် သမုဒယ, နိရောဓ, မဂ္ဂသစ္စာတို့ လုံးလုံး မဖြစ်နိုင်။ 'ဒုက္ခသစ္စာ'သာ ဖြစ်ပါသည်။

> 'ဒုက္ခသစ္စာ'ဟူသော တစ်ခုတည်းသော သစ္စာတရားသည်သာ
> လျှင် မဂ္ဂသစ္စာဟူသော အသိမှန်စသည်တို့၏ အသိခံသစ္စာ
> သက်သက် ဖြစ်ပါသတည်း။

ဤသို့ 'ဒုက္ခ'ကို မဂ္ဂဖြင့်သိသောကြောင့် 'ဒုက္ခ-ဟုမထင်ဘဲ သုခ-ဟုထင်ပြီး နှစ်သက်မြတ်နိုးမှုများ'သည် ကင်းကွာသွားကြရပါသည်။ ဤသို့ 'သမုဒယသစ္စာ' အပယ်ခံရသောကြောင့် 'ဒုက္ခ'ဖြစ်မည့်အလုပ်များကို မလုပ်။ ဒုက္ခလည်း ငြိမ်းပါသည်။ 'ဒုက္ခနိရောဓ'ဟူသော 'နိဗ္ဗာန်'သည် ဤသို့ 'အဆိုက်ခံ သက်သက်' ဖြစ်ပါသည်။

သစ္စာလေးချက်သည် ပွားခြင်း,သိခြင်း,ပယ်ခြင်း,ဆိုက်ခြင်း-ဟု လေး ချက်ဖြစ်သော်လည်း လေးချိန်လေးကာလ ဖြစ်ကြသည်မဟုတ်ပေ။ တစ်ချိန် တစ်ကာလတည်းတွင်ဖြစ်သောတရားများသာ ဖြစ်ကြပေသည်။

လောကဥပမာအားဖြင့် ရွှေစနှင့်တူသော သတ္တုတစ်စကို ရရှိလာသော သူသည် ဝမ်းသာစွာဖြင့် သိမ်းဆည်းလျက် စောင့်ရှောက်ထားပါသည်။ ထို့ကြောင့ 'ဆင်းရဲရသည်(အာရက္ခဒုက္ခ)'။ တစ်နေ့၌ ထိုသတ္တုစကို ဖြတ်တောက်၍ လေ့လာ သည်။ ရွှေမဟုတ်ကြောင်းကိုသိ၍ ထိုသတ္တုစအပေါ်၌ 'တွယ်တာမြတ်နိုးမှု, စောင့်ရှောက်မှု 'အာလယ'များ ပျက်ပြားသွားလေသည်။ ထို့ကြောင့် သတ္တုစကို မစောင့်ရှောက်ဘဲ နေလေတော့သည်။

ဤပုံစံ၌ သတ္တုစကို ‘လေ့လာဆန်းစစ်ခြင်း’၊ ရွှေမဟုတ်ကြောင်း‘သိခြင်း’ သည် အချိန်ကာလတူညီသလော, သီးခြားလော။ ထို့ပြင် ရွှေမဟုတ်ကြောင်း သိခြင်းနှင့် ရွှေစမဟုတ်သော သတ္တုစကို ရွှေစထင်၍ စွဲနေသော ‘အာလယကွာ ခြင်း’သည်လည်း အချိန်ကာလ အတူလော,သီးခြားလော။

တဖန်လည်း ထို-အာလယကွာခြင်းနှင့် ဆက်လက်စောင့်ရှောက်မှုကို ‘စွန့်ခြင်း’သည်လည်း အချိန်ကာလ အတူလော, သီးခြားလော။ ထိုလုပ်ငန်းအား လုံးသည် သို့မဟုတ် ထိုအဖြစ်အားလုံးသည် အချိန်ကာလ ‘အတူတကွ’တည်း။

သစ္စာမွေစက်သည်လည်း ဤဥပမာအတူ တပြိုင်နက် ဖြစ်ကြလေသည်။

‘မဂ္ဂ’ဖြင့် ‘ဒုက္ခ’၏ဆင်းရဲပုံ လေ့လာမိသောကြောင့် ‘ဒုက္ခ’ကို ‘သုခ,သုဘ’ ထင်ပြီး စွဲနေသော အာလယသမုဒယများ ကင်းပြီး၊ ‘ဒုက္ခငြိမ်းခြင်း(နိရောဓ)’ ဖြစ်လေသည်-ဟူသော စကား၌ ‘မဂ္ဂ,ဒုက္ခ,သမုဒယ,နိရောဓ’တို့ သူ့ကိစ္စနှင့်သူ တပြိုင်နက် အလုပ်လုပ်ကြပုံသည် ထင်ရှားလှပေသည်။

၆၂။ ပျက်သောသစ္စာများ

ဤသို့ဆိုလျှင် ‘လောကီမဂ်’ဖြစ်စေ၊ ‘လောကုတ္တရာမဂ်’ဖြစ်စေ တစ်ခုခု သောမဂ်ဖြင့် နိရောဓကို မျက်မှောက်ပြုသွားသည်-ဟူသော သဘောရှိသောအဆို သည် အဆိုမှန် မဟုတ်နိုင်။ မဂ္ဂဖြင့် နိရောဓကို မသိနိုင်။ နိရောဓ၌ အသိခံကိစ္စ မရှိသောကြောင့်တည်း။

ဤသို့ဆိုလျှင် မဂ္ဂဖြင့် ‘နိရောဓကိုသိ’သောကြောင့် သမုဒယပယ်သည် ဆိုသည်မှာလည်း မဟုတ်နိုင်။ နိရောဓ၌ သမုဒယဖြစ်စရာမှ မရှိပါဘဲလျက် နိရောဓကိုသိခြင်းကြောင့် လည်း ဘယ်သို့လျှင် သမုဒယကွာကျပါမည်နည်း။

ထို့ကြောင့် ဒုက္ခလည်းမဖြစ်တော့-ဟုဆိုလျှင် နိရောဓရှု၍ နိရောဓပြေန် ရောက်သည်-ဟုဆိုရာ ရောက်ပါသည်။ ဒုက္ခသစ္စာ၏ အခန်းသည် မပါဝင်ဘဲ ကျိုးပျက်ခဲ့ပြီ။ သမုဒယပယ်၍ ဒုက္ခငြိမ်းသည်ဟူသော စကားသည် ဒုက္ခသစ္စာကို ပြဆိုသောစကား မဟုတ်၊ နိရောဓသစ္စာကိုပြဆိုသောစကားသာ ဖြစ်သည်။

အကယ်၍ ဒုက္ခသစ္စာကိုပြဆိုသောစကားဟုပင် ဆိုအံ့။ ထိုအဆိုလည်း မှားပေသည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသစ္စာသည် အပယ်ခံကိစ္စ ဖြစ်သွားသောကြောင့် တည်း။

လောကီ, လောကုတ္တရာ ဘယ်မဂ်ဖြင့်ဖြစ်စေ 'နိဗ္ဗာန်'ကို မသိနိုင်။

'ဆိုက်ရောက်သည်၊ မျက်မှောက်ပြုသည်'-ဆိုသောစကားသည် 'သိ' ဆိုသောစကားနှင့် သီးခြားဖြစ်ရမည်။

'စက္ခုနှင့်ရူပ' ပေါင်းဆုံခြင်းကြောင့် ထိုပေါင်းဆုံမှုနှင့်အတူ 'စက္ခုဝိညာဏ' ဖြစ်သည်။

ဤ၌လည်း 'မနနှင့်နိဗ္ဗာန' ပေါင်းဆုံမှုကြောင့် 'မဂ္ဂ'ဖြစ်သည်။

ဤသို့ဖြစ်လျှင် 'မဂ္ဂ'သည် အဘယ်သို့လျှင် ယင်း၏အာရုံ 'နိဗ္ဗာန'ကို သိပါမည်နည်း။

'စက္ခုနှင့်ရူပ' ပေါင်းသောကြောင့်ဖြစ်သော 'စက္ခုဝိညာဏ'သည် ယင်း၏ အစိတ်အပိုင်းဖြစ်သော 'စက္ခုနှင့် ရူပ'ကို ပြန်၍သိနိုင်သလော။ နောက်စိတ်တို့ အကူဖြင့်သာ သိနိုင်မည် မဟုတ်ပါလော။

ဤသို့ 'နိဗ္ဗာန်'ကို ဘယ်မဂ်ဖြင့်မျှ မသိနိုင်လျှင်-

'နိဗ္ဗာန်'သိ၍ လောကီပညာသည် လောကုတ္တရာမဂ်ပညာ ရာထူးရသွားသည်၊ သို့မဟုတ် နိဗ္ဗာန်၌ လောကီပညာကို မဂ်ပညာဖြစ်အောင် ရာထူးတိုးပေးနိုင်သည်'- ဤစကားများသည် အနှစ်သာရမဲ့သောစကားများ ဖြစ်ပါသည်။

ထို့ပြင် ဤသို့ လောကီပညာသည် နိဗ္ဗာန်၏ ရာထူးတိုးပေးခံရမှုကြောင့် မဂ်ပညာ ဖြစ်ခါ ခိုးသူကြီး-အဝိဇ္ဇာကို သတ်နိုင်သည်-ဆိုသည်မှာလည်း အနှစ်သာရမဲ့သော စကားလှသာဖြစ်သော စကားဖြစ်ပေသည်။

ဤစကားရပ်ကလေးဖြင့်လည်း ကောကနဒ်နိဗ္ဗာန်သည် ရွှေနိဗ္ဗာန်မဟုတ်ဘဲ ရွှေမှုန်ကျဲနိဗ္ဗာန်ဖြစ်ကြောင်း အထင်အရှား တွေ့မြင်ရပေသည်။

ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တစ်ဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု ရှင်ဉာဏ

အခန်း(၅)

# သဥပါဒိသေသနိဗ္ဗာန်သည် ဝိပါက်နာမက္ခန္ဓာအကြွင်းမဲ့ချုပ်ဆုံးခြင်းလား


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

## အခန်း(၅)
## သဉပါဒိသေသနိဗ္ဗာန်သည် ဝိပါက်နာမက္ခန္ဓာ အကြွင်းမဲ့ချုပ်ဆုံးခြင်းလား

၆၃။ သဉပါဒိသေသနှင့် အနုပါဒိသေသနိဗ္ဗာန်

နောက်ထပ် ဆက်၍ အနည်းငယ်မျှ 'သဉပါဒိသေသနိဗ္ဗာန်'နှင့် 'အနုပါဒိသေသနိဗ္ဗာန်'များအကြောင်း တင်ပြချက်ကို လေ့လာရမည် ဖြစ်ပါသည်။

'သဉပါဒိသေသနိဗ္ဗာန်'ကို ဘယ်သို့တင်ပြသနည်း။

'ကိလေသာများ လေးကြိမ်လေးလီအားဖြင့် ချုပ်ဆုံးကြရာ ပဌမချုပ်ဆုံးသည်မှ စတုတ္ထချုပ်ဆုံးပြီးသည့်တိုင်အောင် 'နိဗ္ဗာန်'သည် 'သဉပါဒိသေသနိဗ္ဗာန်' ဖြစ်သည်-ဟူ၏။

'အနုပါဒိသေသေနိဗ္ဗာန်'ကား အဘယ်နည်း။

'ဤနိဗ္ဗန်ကား အသက်သေပြီးနောက်၌ဖြစ်သော ငြိမ်းအေးမှု'-ဟူသတည်း။ ဟုတ်ပါသည်။

ကိလေသာချုပ်ပြီး ခန္ဓာလက်ကျန်ရှိသေးလျှင် 'သဉပါဒိသေသနိဗ္ဗာန်'၊

ကိလေသာရော ခန္ဓာပါ လက်ကျန်မရှိတော့အောင် ချုပ်ပြီးလျှင် 'အနုပါဒိသေသနိဗ္ဗာန်'။

ဤသို့ဆိုပါသည်။ ထို့ကြောင့် 'အနုပါဒိသေသနိဗ္ဗာန်'ကို 'သေပြီးမှ'-ဟု ဆိုခဲ့သည်။ ခန္ဓာစဲခြင်းသည် 'အနုပါဒိသေသ' ဟုတ်ပါ၏လော။

ထို့ပြင် ကိလေသာများ အကြွင်းမဲ့ချုပ်ပြီးသွားပြီဖြစ်သော ရဟန္တာပုဂ္ဂိုလ် မျက်မှောက်ပြုနေသော နိဗ္ဗာန်သည် 'သဉပါဒိသေသနိဗ္ဗာန်' ဟုတ်ပါ၏လော။ ဤပြဿနာများဖြင့် အထက်ပါ နိဗ္ဗာန်အဆိုများကို ထိုးဖောက်ကြည့်သင့်ပါသည်။

ခန္ဓာစဲသွားခြင်းသည် သို့မဟုတ် အနာဂတ်၌ ဇာတိမဖြစ်တော့ဘဲ ဖြစ်သွားခြင်းသည် 'အနုပါဒိသေသနိဗ္ဗာန်' ဟုတ်ပါ၏လော။ အကယ်၍ 'ဟုတ်သည်'-ဆိုလျှင် ယင်းနိဗ္ဗာန်သည် 'အဘာဝ'-ဟူသော ဘာမျှမရှိဟူသောအဆင့်ကို ကျော်လွှားအောင် မတတ်နိုင်ရာ။

ဟုတ်ပါ၏။ ထိုအရာသည် အကယ်ရှိသည်ဆိုရန် ဘာနှင့် သက်သေထူမည်နည်း။ ထို-'အနုပါဒိသေသနိဗ္ဗာန်'ကို ဘယ်သူရောက်မည်နည်း။

'နိဗ္ဗာန်'ဟူသော စကားသည် 'ငြိမ်းအေးခြင်း'၊ 'အကြိုက်,အမုန်း,အမိုက်-စသော စိတ်ပင်ပန်းမှုကိုဖြစ်စေတတ်သော သဘောတို့၏ နောင်မဖြစ်ပေါ်သောအားဖြင့် 'ငြိမ်းအေးခြင်း'ဟူသော အနက်အတ္ထရှိသောစကား ဖြစ်ပါသည်။

'ငြိမ်းအေးခြင်း'-ဟူသော စကားသည် နာမ်စကား၊ နာမည်ပြစကား မဟုတ်ပါ။ ကြိယာစကားလုံး အမူအရာပြစကားလုံး ဖြစ်ပါသည်။ ကြိယာသည် 'နာမ်'ဟူသော ကာရကနှင့်ကင်း၍ ဖြစ်ကောင်းသော စကားလုံးလော။

ဤမှာဘက် မသေမီဖြစ်သော ရဟန္တာပုဂ္ဂိုလ်သည် သေပြီးနောက် ဖြစ်ပေါ်သော 'ငြိမ်းအေးခြင်း'ကြိယာ၏ 'ကတ္တား'ဖြစ်သည်-ဟု ဖြေလိုကောင်း ဖြေလိုမည်လားပင်။ ထိုသို့ဖြစ်လျှင် 'ကတ္တား'နှင့် 'ကြိယာ'သည် ကာလခြား၍ ရနိုင်မည်လော- ဆင့်မေးရပေမည်။

ဤသို့ 'ငြိမ်းအေးသူ မရှိဘဲ' 'ငြိမ်းအေးခြင်းအမူအရာ'သာ ရှိသည်ဆိုလျှင် ထိုအရာသည် သဘာဝတရား မဟုတ်နိုင်။ အဘာဝတရားသာ ဧကန်ဖြစ်ရပေမည်။

ဤနေရာ၌ 'အဘာဝတရား'ဟူသည်မှာ 'စကားသာရှိပြီး ထိုစကား၏ အနက်ဆံမရှိသောတရား'-ဟု ဆိုလိုပါသည်။

ဟုတ်ပါသည်။ ငြိမ်းအေးသူမရှိသော ငြိမ်းဧးခြင်းသည် 'ငြိမ်းဧးခြင်း'-ဟု ဘယ်သူတွေ့သိနိုင်မည်နည်း။ ဘယ်သူမျှ မတွေ့သိနိုင်သော ငြိမ်းအေးမှုကို ဘယ်သူသည် ဖော်ထုတ်ခဲ့မည်နည်း။ ဖော်ထုတ်သူသည် တွေ့သိသူ လုံးဝမဖြစ်နိုင်။ အထင်ဖြင့် ဖော်ထုတ်ထားခြင်းသာ ဖြစ်ပေသည်။

ဤအထင်စကားသည် အဘယ်သို့လျှင် အဆံ,အနှစ်,အသား ပါဝင်နိုင်ပါမည်နည်း။

ဤနေရာ၌ 'ငြိမ်းအေးသူ-မရှိ၊ ငြိမ်းအေးခြင်းသာ-ရှိသည်'-ဆိုသောစကားကို ခိုင်မာအောင် ပြုလုပ်သူ'ကတ္တား'-မရှိ။ ပြုလုပ်ခြင်းအမူအရာသာ ရှိသည်-

စသော စကားနှင့် ထပ်တူမဟုတ်လော'-ဟု မကျေနပ်သံ ထွက်ချင် ထွက်ပေလိမ့်မည်။

ဤသို့ မကျေနပ်၍ မရ။ ထိုအရာကား 'ကမ္မ'စသော ဓမ္မတို့၏ 'အရှိ မဟုတ်ကြောင်း၊ အဖြစ်များသာ ဖြစ်ကြောင်း၊ ထို့ကြောင့် ကတ္တုသတ္တိ မရှိကြောင်း -ထင်ရှားရန်ဆိုသောစကား ဖြစ်သည်။ ပညတ်ကို ငြင်းဆိုချက် မဟုတ်။ ယခု အရာကား 'ငြိမ်းအေးခြင်းကြိယာ'အတွက် ငြိမ်းအေးသူကတ္တားမှာ ပညတ်အားဖြင့်ပင် 'မရှိ'-ဖြစ်နေသည်။

ရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ်ခန္ဓာများ ချုပ်ဆုံးပြီးခြင်းသည် 'အနုပါဒိသေသ နိဗ္ဗာန်'-ဖြစ်ခြင်း-ဆိုလျှင်-

ထိုရုပ်နာမ်ချုပ်ပြီးလျှင် ရဟန္တာပုဂ္ဂိုလ်ဟူသည်ကို 'မရအပ်'တော့ပေ။ ထို့ကြောင့် ထိုနိဗ္ဗာန်,ထိုငြိမ်းအေးခြင်းသည် 'ငြိမ်းအေးသူမရှိသော ငြိမ်းအေးခြင်း' ဖြစ်သည်။

'ငြိမ်အေးသူမရှိသော ငြိမ်းအေးခြင်း'ကို 'ငြိမ်းအေးခြင်း'-ဟု ခေါ်လောက်ပါမည်လော။ ကတ္တားမဲ့ကြိယာဖြင့် စကားပီအောင် တည်ဆောက်၍ ရနိုင်ပါသလော။

ထို့ကြောင့် ငြိမ်းအေးခြင်းသာရှိ၍ ငြိမ်းအေးသူမရှိ-ဟူသော စကားသည် 'စကားကျိုး, စကားပဲ့, စကားအင်္ဂါချို့တဲ့သော' အချည်းအနှီးစကားသာ ဖြစ်ပါသည်။

ထို့ပြင်လည်း 'နိဗ္ဗာန်'သည် 'နိရောဓသစ္စာ' ဖြစ်သည်။

သစ္စာလေးချက်ကို ဘယ်မှာ ရှိသည်-ဟု ဗုဒ္ဓအသျှင် ဟောကြားခဲ့ပါသနည်း-

'ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညမှိ သမနကေ'-

ဟူ၍ ဟောကြားခဲ့ပေသည်။

'အသိစိတ်ဓါတ်နှင့် အမှတ်သညာရှိသော တစ်လံမျှလောက်သော လူမှာ ဖြစ်သည်'-ဟု ဟောခဲ့သည် မဟုတ်ပါလော။

နိဗ္ဗာန်သည် ငြိမ်းအေးမှု။

ထိုငြိမ်းအေးမှုသည် လူမဲ့ အထီးကျန် ငြိမ်းချမ်းနေသော ငြိမ်းချမ်းမှုမဟုတ်။

'လူ၏ငြိမ်းချမ်းမှု'-ဟု ဆိုလိုပါသည်။

ဒေသနာသည် ကြည်ညိုဖွယ်ကောင်းလောက်အောင် ရှင်းလွန်းလှပါသည်။

ဤသို့ဆိုလျှင် အနုပါဒိသေသနိဗ္ဗာန် အနက်ဆံသည် 'ရုပ်နာမ်များ နောင်မဖြစ်ရတော့အောင် ချုပ်ဆုံးခြင်း' ဟုတ်နိုင်ပါတော့မည်လော။ ဤရုပ်နာမ်များ နောင်မဖြစ်တော့ဘဲ ချုပ်ဆုံးခြင်းကို အနုပါဒိသေသနိဗ္ဗာန်ဟု ယူခြင်းသည် 'ဝိဘဝတဏှာ'များ တသွင်သွင်ယိုစီးခြင်း၏ အမှတ်အသား ဖြစ်ပါသည်။ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိတို့ ရေအလျဉ်ပမာ တသွင်သွင် စီးဆင်းနေခြင်းကို တွေ့ရခြင်း ဖြစ်ပါသည်။

အနုပါဒိသေသနိဗ္ဗာန်ကို ဤသို့ အသိပေးခြင်းသည် အန္တရာယ်များလှပေသည်။ လောကကို အမှောင်ကျစေနိုင်ပါသည်။ လူများ၌ 'ဝိဘဝတဏှာ'ကို ဖြစ်ပွားရန် အကောင်းဆုံးသော လက်ခုပ်သြဘာဖြစ်ပါသည်။

ဟုတ်ပါသည်။ ယနေ့ ဗုဒ္ဓဝါဒီများပင် ဤသို့ အနုပါဒိသေသနိဗ္ဗာန်ကို အသိရှိနေကြသောကြောင့် အောက်ပါအတိုင်း ငြီးငြူကြပါသည်-

'ဤခန္ဓာဝန်ကြီးသည် လေးလွန်းလှတကား၊ သေမှပဲ အေးလိမ့်တကား'- စသည်ဖြင့်ဖြစ်ပါသည်။ သူတို့၏ ဒုက္ခငြိမ်းခြင်းသည် ဤခန္ဓာ ရုပ်နာမ်ချုပ်မှ-ဟု စိတ္တဇဖြစ်နေကြသည်။ဒုက္ခငြိမ်းခြင်းသည် နိရောဓသစ္စာ၊ ဤသစ္စာသည် လူထဲမှာရှိသည်-ဟု အပွင့်လင်းဆုံး ဟောခဲ့ပါလျက် အဆင်းရဲကြရသည်။

သူတို့သည် လူကိုကျော်၍ ငြိမ်းချမ်းမှုကို မျှော်နေကြသူများ ဖြစ်သည်။ လောကသည် ဤသူများကို အဘယ်ကောင်းကျိုး ဖြစ်ထွန်းစေနိုင်လိမ့်မည်နည်း။

ထို့ကြောင့် အနုပါဒိသေသနိဗ္ဗာန်ကို ရဟန္တာသေပြီးနောက် ယူခြင်းသည် အန္တရာယ်ကြီးလှသည်။ ယူပြသူတို့ကိုယ်တိုင်လည်း အလွန်မိုက်မဲရာ ကျပါသည်။

ဟုတ်ပါသည်။ 'ဘဝ'ဟုဆိုအပ်သော အဘယ်ဖြစ်ပေါ်နေသော ရုပ်နာမ် အစဉ်ကို လျှပ်စီးလက်သောအခါမြင်ရသော အရာဝတ္ထုကိုမြင်သလောက် တစ်ခဏလေးဖြစ်ဖြစ် နားလည်သိမြင် သဘောဝင်ဖူးလျှင် ဤသို့ယူပြ၍ မဖြစ်နိုင်ဘဲ ရှိရာပေမည်။ ဘဝကို လုံးလုံးပိတ် မမြင်သောကြောင့် ဘဝကိုကျော်ပြီး ဟိုလှမ်း သည်လှမ်း လှမ်းပြီး စမ်းနေရခြင်း ဖြစ်ပေသည်။ သို့မဟုတ် ရုပ်နာမ်အစဉ်တို့၏ ဖြစ်ပေါ်ခြင်းဟူသောဘဝကို အမှန်မမြင် အမှားကိုမြင်ပြီး အမှန်ထင်သောကြောင့်သာ ဥစ္ဆေဒဒိဋ္ဌိကို အနုပါဒိသေသနိဗ္ဗာန်ဖြစ်အောင် ယူမိခြင်း ဖြစ်လေသည်။

သူသည် ယုတ္တိဗေဒ(Logic)ပညာရှင်ဖြစ်၍ ဤအနုပါဒိသေသနိဗ္ဗာန်၏ သရုပ်အရကောက်နှင့် ဥစ္ဆေဒဒိဋ္ဌိ၏ သရုပ်အရကောက်ကို ကွဲအောင်ခွဲနိုင်လျှင် ခွဲနိုင်မည်။ သို့သော်လည်း သူ၏ကွဲပြားမှုကို ခွဲခြားပြချက် အရှည်အလျားကြီးသည် အဘိဓမ္မာမျက်လုံး သို့မဟုတ် အလယ်လမ်းအတွေးအခေါ်မျက်လုံး ပွင့်ပြီး သူတို့ရှေ့မှောက်၌ အချိုးအချိတ် အမြီးအမောက်မတည့်ဘဲ တောတစ်လုံး တောင်တစ်လုံးစကားများသာ ဖြစ်နေပေသည်။

၆၄။ အနုပါဒိသေသနိဗ္ဗာန်သည် ရဟန္တာတို့၏နိဗ္ဗာန်

ဤသို့ဖြစ်လျှင် အနုပါဒိသေသနိဗ္ဗာန်ဟူသည်မှာ အဘယ်နည်း။

'ရဟန္တာ၏နိဗ္ဗာန်ဖြစ်သည်'-ဟု ဖြေပေမည်။

ဤစကားအတွက် ရှင်းရန် များစွာရှိပေမည်။ အဘယ်ကြောင့်ဆိုသော် ရဟန္တာ၌ ရုပ်နာမ်များ ရှိနေသည်။ ဤရုပ်နာမ်များသည် လောကီတရားများလည်း ဖြစ်နေသည်။ လောကီရုပ်နာမ်သည် 'ဥပါဒါနက္ခန္ဓာ' တရား၊ 'သဥပါဒိသေသ တရား' ဖြစ်နေသည်။ ဤသို့ သိနေသောကြောင့် ဖြစ်သည်။

ရဟန္တာ၏နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန်ဖြစ်ကြောင်း ရှင်းလင်းလိုလျှင် အထက်ပါအချက်များကို ရှင်းနိုင်ဖို့ လိုလာသည်။ အထက်ပါတို့ကို အဘယ်သို့ရှင်းမည်နည်း။ ဤပြဿနာကိုရှင်းရန် အောက်ပါအတိုင်း ပဉ္စမ ပြန်မေးရမည်-


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

'ရဟန္တာတို့၏ရုပ်နာမ်သည် ဥပါဒါနက္ခန္ဓာ ထိုက်သလော, မထိုက်သလော'။

'လောကီရုပ်နာမ်တိုင်း ဥပါဒါနက္ခန္ဓာ ထိုက်သလော'။

ဤအမေးကို ဖြေသူသည် လွယ်လွယ်ဖြေလျှင် 'လောကီခန္ဓာတိုင်း ဥပါဒါနက္ခန္ဓာ ဖြစ်သည်။ ရဟန္တာတို့၏ ရုပ်နာမ်သော ဘာသော,ညာသော လောကီတရားဖြစ်လျှင် ဥပါဒါနက္ခန္ဓာပင်ဖြစ်ရမည်'-ဟု ဖြေပေမည်။

ထိုသို့ဖြေသူကို အောက်ပါအတိုင်း စဉ်းစားစရာတစ်ခုကို ပေးရမည်။

ဥပါဒါန်ရှိသော တရားဟူသည်-

(၁) ဥပါဒါန်ထိုက်သော တရားများ၊

(၂) ထိုဥပါဒါန်ထိုက်သောတရားတို့နှင့် ယှဉ်ဖော်ယှဉ်ဖက် တရားများ၊

(၃) ထိုတရားများ၏ အကျိုးတရားများ-ဖြစ်ကြပါသည်။

အရကောက်လျှင် ဥပါဒါန်ရှိသော လောကီရုပ်နာမ်အားလုံး ရပါမည်။ သို့သော်လည်း ဥပါဒါန်တရားနှင့် ဥပါဒါန်နှင့်ယှဉ်ဖက်တရား၊ ထိုတရား၏ အကျိုးတရား၊ ဤတရားများမဟုတ်သော တရားသည် လောကီတရားပင် ဖြစ်သော်လည်း ဥပါဒါန်ရှိသောတရား-ဟု မဆိုထိုက်မဟုတ်ပါလော။

ဤတရားရှိနိုင်မည်လော-ဟု ပြန်မေးဖွယ်တော့ ရှိပါသည်။

'ရှိသည်'-ဟု ဖြေပါမည်။ ရဟန္တာပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ချိန်မှစ၍ လောကကို စောင်း၍မကြည့်တော့ဘဲ မြင်သည်ကို မြင်သည့်အတိုင်း(ဒိဋ္ဌေ ဒိဋ္ဌမတ္တံ)၊ ကြားသည်ကို ကြားသည့်အတိုင်း(သုတေ သုတမတ္တံ)၊ သို့မဟုတ် အရှိကို အရှိအတိုင်း(ယထာဘူတ)သိမြင်၍ ပလီပလာ ဖောက်ဖောက်ပြန်ပြန် ခံစားခြင်း မရှိချေ။

ထို့ကြောင့် ကြိုက်ခြင်း,မုန်းခြင်း,မိုက်ခြင်းများ အလျှဉ်းမရှိချေ။

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်၌ 'စွဲလန်းခြင်း(ဥပါဒါန်တရား)'များလည်း မဖြစ်ပေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ထိုဥပါဒါန်နှင့်အတူဖြစ်သော ကုသိုလ်, အကုသိုလ်တရားများလည်း မဖြစ်တော့ပေ။

ထို့ကြောင့် ကုသိုလ်,အကုသိုလ်တရားများ၏ အကျိုးဖြစ်သော ရုပ်နာမ်တရားများလည်း မဖြစ်တော့ပေ။ ရဟန္တာဖြစ်သည်မှစ၍ ဘယ်တော့မျှ မဖြစ်

တော့ပေ။ ထိုသို့ဖြစ်သော်လည်း ထိုရဟန္တာပုဂ္ဂိုလ်သည် ကြားခြင်း, မြင်ခြင်း, သူနာပြုခြင်း, မေးမြန်းသူကို ဖြေကြားခြင်းစသောတရားများ ဖြစ်လျက်ပင် ရှိပေသည်။ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုကြားခြင်း, မြင်ခြင်း, သူနာပြုခြင်း, မေးမြန်းသည်ကို ဖြေကြားခြင်း-စသောတရားများသည် အဘယ်သို့လျှင် 'ဉပါဒါန်ရှိသော တရား၊ ဉပါဒါန်နှင့်ပတ်သက်သောတရား' ဖြစ်မည်နည်း။

ဆိုလိုသည်မှာ-

'ရဟန္တာပုဂ္ဂိုလ်၌လည်း လောကီရုပ်နာမ်များ ဖြစ်လျက်ရှိသည်။ ထိုရုပ်နာမ်များ၌ ဉပါဒါန်တရားနှင့် ဘယ်သို့ဆက်စပ်မည်နည်း'-ဟူ၍ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် အောက်ပါအတိုင်း လွယ်လွယ် ဖြေလေမည်လားပင်-

'သူ့မှာ ဉပါဒါန်ရှိလို့ ဉပါဒါန်တရားခေါ်ခြင်း မဟုတ်။ သူ၏ရုပ်နာမ်များကို သူများတို့က စွဲလန်း၍ရသောကြောင့် ဉပါဒါန်ခေါ်ခြင်း ဖြစ်သည်'-ဟူသတည်း။

ထိုအဆိုသည် ကောင်းသောအဆို မဟုတ်ပေ။ ဤအဆိုသာ မှန်ကန်ခဲ့လျှင် လောကုတ္တရာတရားကိုစွဲလန်းသူ ဉပါဒါန်ဖြစ်သူများ အများအပြား ရှိပေသည်။ ဤစကားကိုလည်း ချေပလိုမည်လားပင်။

'နိဗ္ဗာန်ကိုစွဲခြင်းသည် ဉပါဒါန် မဟုတ်၊ သမာဆန္ဒ, ဘာညာစသည်ဖြင့်'-ဖြစ်သည်။ ဗုဒ္ဓအသျှင်ကပင် ဤသို့ အခွင့်မပေးပေ။

'နိဗ္ဗာန်ကို ငါ့ဟာ-ဟုကြံသူသည် နိဗ္ဗာန်ကို ရှေ့ရှုနှစ်သက်၏'-ဟု ဟောပေသည်။ ထို့ကြောင့် နိဗ္ဗာန်ကိုစွဲခြင်းကို ဉပါဒါန်မဟုတ်ဟု မချေပသင့်ပေ။

ထို့ကြောင့် ဉပါဒါန်၏အာရုံဖြစ်သောကြောင့် ရဟန္တာ၏ရုပ်နာမ်ကို ဉပါဒါန်ရှိသောတရားအဖြစ် ကောက်ယူမည်ဆိုလျှင် နိဗ္ဗာန်ကိုအလွတ်မပေးဘဲ ကောက်ယူရဖို့ ရှိပေသည်။ ဤသို့ မကောက်နိုင်လျှင် ဉပါဒါန်ရှိသော တရားအရ ရဟန္တာ၏ရုပ်နာမ်ကို မကောက်သင့်ပေ။

ဤသို့မကောက်သင့်လျှင်-

လောကီရုပ်နာမ်တိုင်း 'ဥပါဒါနက္ခန္ဓာ မဖွဲ့ထိုက်'ဟု အဓိပ္ပါယ်သစ် ထွက်ပေါ်လာပါသည်။

ဤအဓိပ္ပါယ်သစ်သည် တရားနည်းလမ်း မကျသလော။ အကယ်၍ တရားနည်းလမ်းကျလျှင် ရဟန္တာပုဂ္ဂိုလ်သည် သဥပါဒိသေသရဟန္တာ မဟုတ်ကြောင်း ရှင်းလင်းပါသည်။ ရဟန္တာပုဂ္ဂိုလ်၏နိဗ္ဗာန်သည် 'အနုပါဒိသေသနိဗ္ဗာန်' အစစ်အမှန် ဖြစ်ပါသည်။

အထက်ပါ စဉ်းစားစရာတင်ပြချက်များ အကယ်၍ နည်းလမ်းမကျ-ဟုဆိုလျှင် အဘယ်သို့ မကျပါသနည်း။

'ရဟန္တာပုဂ္ဂိုလ်၏ ကမ္မဇရုပ်နှင့် မြင်ခြင်း,ကြားခြင်းစသော ဝိပါက်ဝိညာဉ်များသည် ဥပါဒါန်ကုန်ပြီးဖြစ်သော ရဟန္တာဖြစ်ပြီးချိန်၌ပြုလုပ်သော 'ကံ၏အကျိုး' များ မဟုတ်ကြ။ ရဟန္တာဖြစ်ပြီးချိန်၌ အကျိုးကိုဖြစ်စေတတ်သော ကံဟူသည်ကိုပင် မပြုလုပ်တော့သောကြောင့် ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ရှိနေသော ကမ္မဇရုပ်များနှင့် မြင်ခြင်း,ကြားခြင်းစသော ဝိပါက်ဝိညာဉ်များသည် ရဟန္တာမဖြစ်မီ ဥပါဒါန်ရှိစဉ်က ကံများ၏ အကျိုးများဖြစ်သည်။

ထို့ကြောင့် ရဟန္တာ၏ မျက်စေ့,နားစသည်နှင့် မြင်စိတ်,ကြားစိတ် စသည်သည် ဥပါဒါန်၏အကျိုးတရား သို့မဟုတ် ဥပါဒါနက္ခန္ဓာတရားဟုပင် ခေါ်သင့်သည်။ ထို့ကြောင့် ရဟန္တာများ၏ မျက်စေ့,နား-စသည်နှင့် မြင်စိတ်,ကြားစိတ်စသည်များကို ဥပါဒါနက္ခန္ဓာမဟုတ်'-ဟု တင်ပြချက်သည် နည်းလမ်းမကျ'-ဟု ဆိုစရာရှိပေသည်။

ဤသို့ဆိုသူသည် ပရမတ္ထရုပ်နာမ်ဖြစ်သော 'ကံ,ဝိပါက်'တို့ဆက်စပ်ပုံကို မသိမမြင်ဘဲ ကြားဖူးနားဝအထင်ဖြင့် ပြောဆိုခြင်း ဖြစ်သည်။ ဤသူအား ဤအဆိုပြုလိုလျှင် အောက်ပါပြဿနာကို ဖြေစေပြီးမှ ဤအဆိုကို ဆိုလိုသေးလျှင် အလေးအနက်ဆိုဖို့ တိုက်တွန်းသင့်ပေသည်။ ယင်းပြဿနာမှာ-

'အဟိတ်ကုသလဝိပါက်ဖြစ်သော မြင်စိတ်,ကြားစိတ်စသည်သည် ကာမကုသိုလ်ကံ၏ ပဝတ္တိအကျိုး ဖြစ်သည်။ ဤအကျိုးနှင့်အကြောင်းသည် ဘယ်သို့

ဆက်စပ်နေသနည်း’။ ရဟန္တာဖြစ်နေသူ၏ မြင်စိတ်,ကြားစိတ်စသည်၌ ကာမကုသိုလ်ကံများ မရှိသောကြောင့် ယင်း-မြင်စိတ်,ကြားစိတ်စသည်ဖြစ်ရန် ကာမကုသိုလ်ကံသည် ရဟန္တာမဖြစ်မီရှေးမှ ဖြစ်ရာ၏။ ထိုသို့ဖြစ်လျှင် ‘ကံ’တည်းဟူသော-အကြောင်းနှင့် မြင်စိတ်,ကြားစိတ်စသော-အကျိုးသည် ‘ကာလခြားလျက်’ ရှိ၏။ ‘ဌာန’လည်း ခြားကောင်းခြားနိုင်၏။ ဤသို့ ကာလခြားလျက် ဆက်သွယ်မှုသည် အဘယ်သို့သောအရာဖြင့် ဆက်သွယ်ပါသနည်း။

ဤနေရာ၌ ‘ကမ္မဝိသယော အစိန္တေယျော’-ဟူသော မန္တာန်ကိုရွတ်၍ မဖြေဘဲ၊ ငြင်းဆိုမည်ဆိုလျှင် ဤမန္တာန်အရ မြင်စိတ်,ကြားစိတ်စသော အကျိုးဝိပါက်များနှင့် ကာမကုသိုလ်ကံတည်းဟူသော အကြောင်းကံများ ဆက်သွယ်သည်-ဟူသောအရာလည်း အရုပ်သိမ်းခံရသင့်သည်။ သို့မဟုတ် အငြင်းခုံခံရမှုသည်လည်း ထည့်သင့်သည်။

‘ကံ’အရာဖြစ်၍ ‘မကြံအပ်’ဆိုလျှင် ထိုအရာလည်း ကံအရာဖြစ်၍ မကြံအပ်သောကြောင့် ‘မယူသင့်တော့’-ဟု ဆိုလိုပါသည်။ ဤသို့ဆိုလျှင် ဤအရာကား ကြံထားသောအရာမဟုတ်၊ ဘုရားဟောဖြစ်သည်-ဟု ဆိုကောင်း ဆိုမည်။

ဤအဆိုကို အောက်ပါအတိုင်း ငြင်းဆိုရမည်။

‘ဤအရာသည်လည်း ဘုရားမဟော။ ကာမကုသိုလ်ကံသည် ထိုကံနှင့် ကာလခြားပြီးသော ပဝတ္တိအခါ၌ မြင်စိတ်,ကြားစိတ်စသော ‘အဟိတ်ကုသိုလ်(ဝါ) အကျိုးဝိပါက်’များကို ဖြစ်စေသည်-ဟုလည်းကောင်း။ ထို‘အဟိတ်ကုသိုလ်ဝိပါက်’များသည် ‘ကာမကုသိုလ်’ကြောင့်သာ ဖြစ်သည်-ဟုလည်းကောင်း။ ဘုရားသျှင် တိုက်ရိုက်မဟောဘဲ ရှိရမည်၊ ပရမတ္ထလောကကို အရကောက်မှနေ၍ ဟောသလိုလို ပုံဟန်သာလျှင် ရှိလိုက ရှိနေမည်’။

ဤအဆုံးအဖြတ်ကို ရှိုးသားသူတို့၏တာဝန်အဖြစ် ဆွေးနွေးမှုမှ ခြွင်းချန်ခဲ့လိုသည်။

ပရမတ္ထတရားတို့၏ ကြောင်းကျိုးဆက်သွယ်မှုသည် ‘ဧကတ္တ’ ဖြစ်ရန်လည်း အကြောင်းနှင့်အကျိုးတို့အကြား၌ ကာလခြား၍မဖြစ်ကြောင်း အထက်

နေရာများ၌ အရှည်အဝေးပင် တင်ပြ လျှောက်လဲခဲ့ပါပြီ။ အကယ်၍သာ ဤ လျှောက်လဲချက်များအနေနှင့် မှန်ကန်မှု မသွေမဖည် ရှိခဲ့လျှင် ယနေ့ အဘိဓမ္မာ၏ သရုပ်များသည် အမှန်မှ သွေဖည်လျက်ရှိရမည်။

ဥပမာအားဖြင့် အောက်ပါတို့ ဖြစ်သည်-

(၁) ဇာတိသည် ပဋိသန္ဓေ မဖြစ်နိုင်။ ထို့ကြောင့် သုတ္တန်ပါဠိတော်များ၌ ဇာတိနေရာကို ပဋိသန္ဓေဟူသော စကားလုံးဖြင့် သုံးနှုန်းဟောထားပြီး မရှိနိုင်။

(၂) လောကုတ္တရာကံသည် ကမ္မဇရုပ်ကို မဖြစ်စေဘဲ မရှိနိုင်။ အကယ်၍ မဖြစ်ဘဲရှိသည်ဆိုလျှင် ကမ္မဇရုပ်ဟူသည် ရဟန္တာတို့၏ မျက်စေ့, နား-စသည် မဖြစ်ဘဲရှိသည်။

ဤသို့သော အဘိဓမ္မာသရုပ်များဖြစ်သည့် ဤအရာများသည် အဘယ်ကြောင့် အမှန်မှ သွေဖည်ရမည်နည်း။ ကံနှင့်ဝိပါက်အကြား၌ ကာလများစွာ အခြားခံနေရသောကြောင့် ကံနှင့်ဝိပါက်တို့၏ အကျိုးဆက်ခြင်း မဖြစ်နိုင်တော့၍ ဖြစ်သည်။

ရဟန္တာ၏ မျက်စေ့,နားစသော ကမ္မဇရုပ်များနှင့် မြင်စိတ်, ကြားစိတ်စသော ဝိပါက်ဝိညာဉ်များ ဥပါဒါနက္ခန္ဓာ မဖြစ်-ဟု အဆိုကို နည်းလမ်းမကျဟု ထင်လိုလျှင် ပရမတ္ထရုပ်နာမ်ဖြစ်သော ကံနှင့်ဝိပါက်တို့၏ ဆက်သွယ်ပုံ စေ့စပ်စွာသိပြီးမှ ထင်စေသင့်သည်။

ထိုသို့သိရှိပြီးခြင်းမရှိလျှင် ရဟန္တာတို့၏ မျက်စေ့,နားစသော ကမ္မဇရုပ်များနှင့် မြင်စိတ်,ကြားစိတ်စသော ဝိပါက်နာမက္ခန္ဓာများသည် ထိုရဟန္တာပုဂ္ဂိုလ်များ၌ ဥပါဒါန်တရား လုံးဝ အရှင်းအကင်းအပြတ် မရှိပြီဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာမဟုတ်သော လောကီပဉ္စက္ခန္ဓာတရားတို့ ဖြစ်သည်-ဟု လက်ခံနိုင်သင့်ပေသည်။ ဤသို့ဆိုလျှင်-

'အနုပါဒိသေသနိဗ္ဗာန်'သည် ရဟန္တာတို့၏နိဗ္ဗာန် ဖြစ်ပါသည်။

ဟုတ်ပါသည်။ ဤနိဗ္ဗာန်သည် ဘယ်နည်းနှင့်မျှ ဥပါဒါန်အကြွင်းရှိသော-

နိဗ္ဗာန် မဟုတ်ပါ။ သောတာပန်နိဗ္ဗာန်သည် ကာမတဏှာစသော ဥပါဒါန်များ ကြွင်းပါသေးသည်။ သကဒါဂါမ်၏နိဗ္ဗာန်သည်လည်း နူးညံ့သိမ်မွေ့သော ကာမ တဏှာစသော ဥပါဒါန် ကျန်ပါသေးသည်။ အနာဂါမ်၏နိဗ္ဗာန်သည်လည်း ရူပါ ရူပဘဝတဏှာများဖြစ်သော ဥပါဒါန်များ ကျန်ပါသေးသည်။

ရဟန္တာ၏နိဗ္ဗာန်ကား ဘာဥပါဒါန်မျှ အကြွင်းအကျန် မရှိတော့ပါ။

ထို့ကြောင့် ရဟန္တာတို့၏နိဗ္ဗာန်သည် ဥပါဒါန်ဟူသမျှ တစ်ခုမျှ အကြွင်း အကျန် မရှိတော့သောကြောင့် 'သဉပါဒိသေသ'ဟုခေါ်သော ဥပါဒါန်ကြွင်းသော နိဗ္ဗာန် မဖြစ်နိုင်ပါ။ 'အနုပါဒိသေသနိဗ္ဗာန်'သာ ဖြစ်နိုင်ပါတော့သည်။

ထို့ကြောင့် 'အနုပါဒိသေသနိဗ္ဗာန်'သည် ခန္ဓာနာမ်ရုပ်ချုပ်ပြီးနောက်မှ ဖြစ်နိုင်သော နိဗ္ဗာန် အလျဉ်းမဟုတ်တော့ပါ။ ဤသို့မဟုတ်ကြောင်းကို တစ်နည်း အားဖြင့်လည်း နားလည်စရာ ရှိပါသေးသည်။ ယင်းမှာ-

'ဝိပါက်အဗျာကတ ခန္ဓာများသည် 'ပယ်အပ်သောတရားများ မဟုတ် ခြင်း' ဖြစ်ပါသည်။ 'ပယ်ကောင်းသောတရားများ မဟုတ်ခြင်း' ဖြစ်ပါသည်။ ပယ်ကောင်းသောတရား မဟုတ်၊ ပယ်ရန်သင့်သောတရား မဟုတ်၊ ပယ်၍ရ သောတရား မဟုတ်-ဟု ဆိုလိုပါသည်။ မျက်စေ့စသော ရုပ်ခန္ဓာများနှင့် မြင်စိတ် စသော ဝိပါက်ခန္ဓာများသည် တရားဖြင့်ပယ်အပ်သော ကိလေသာများ မဟုတ် ကြ။ ပယ်၍ဖြစ်နိုင်သော ကိလေသာများ မဟုတ်ကြ-ဟု ဆိုလိုပါသည်။

ဤသို့ဖြစ်လျှင် ထိုခန္ဓာနာမ်ရုပ်များ ဘယ်မဂ်ဖြင့် ပယ်မည်နည်း။ ပယ် စရာ မဂ်လည်း မရှိပါ။ ထိုဝိပါက်ရုပ်နာမ်များ ပယ်၍ကော ပျောက်ပါမည်လော။ ပျောက်သည်-ဟုလည်း မရှိပါ။ 'ရှိသည်'ဟု ဆိုသူများ 'ဧကစ္စသဿတ' စိတ္တဇ ဝါဒီများသာ ဖြစ်ပါသည်။

သူတို့သည် 'ပုထုဇဉ်သေပြီးလျှင် ဆက်ဖြစ်သည်၊ ရဟန္တာသေပြီးလျှင် တော့ မဖြစ်'ဟု 'အချို့ဖြစ်၊ အချို့မဖြစ်'-ဟု အယူရှိကြသောသူတို့ ဖြစ်ပါသည်။ သူတို့သည် 'စိတ္တဇဝါဒီ'များ ဖြစ်ကြပါသည်။ အကယ်မသိဘဲ စိတ်ထင်အတိုင်း တွက်ချက်ရမ်းဆ၍ ပြောသူများသာ ဖြစ်ကြပါသည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ကြောင့် သူတို့သည် 'ပုထုဇဉ်သေလျှင် မပျောက်'ဟူသော စိတ္တဇကို စွဲ၍ 'ရဟန္တာသေလျှင် နာမ်ရုပ်ပျောက်သည်'-ဟု ဒုတိယစိတ္တဇတစ်မျိုး ဖြစ်ပြန်ပါသည်။ ပျောက်သည်-ဟုရှိကြောင်း ပြောဆိုစကားသည် ဤသို့ပင် အမှန် မဟုတ်ပါ။

'ဝိပါက်ရုပ်နာမ်'သည် ပယ်၍ ပျောက်နိုင်သောတရား မဟုတ်ပါ။ ထို့ကြောင့် ပယ်၍ ပျောက်သည်-ဟုလည်း အလျဉ်းမရှိပါ။ ပျောက်ချင်လျှင် သူ့ဖာသာ ပျောက်ပါမည်။ အခြားအကြောင်းများကြောင့် ပျောက်သည်-ဟု ဆိုလိုပါသည်။

သို့သော်လည်း ထိုပျောက်ခြင်းကိုလည်း 'ပျောက်သည်'ဟု ဤ-'သစ္စာအရာ'၌ ပြောစရာစကား အရာမဝင်ပါ။ ဤ-'ဝိပါက်ရုပ်နာမ်'တို့၏ အပျောက်သည် သို့မဟုတ် အကြွင်းမဲ့ဖြစ်စေ ချုပ်အဆုံးများသည် 'ပျောက်သည်,ဆုံးသည်'-ဟု ပြောစရာစကားများအဖြစ် အရာဝင်သောစကားများ အလျဉ်းပင် မဟုတ်ကြပါ။

'ဝိပါက်ရုပ်နာမ်'တို့၏ အကြွင်းမဲ့ချုပ်ဆုံးမှုသည် 'အဗျာဟာရိက' ဖြစ်သည်-ဟု ဆိုလိုပါသည်။ အဘယ်ကြောင့်ဆိုသော် လူမှုငြိမ်းချမ်းရေးဟူသော သစ္စာနှင့် မဆိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဝိပါက်နာမ်ရုပ်များ အကြွင်းမဲ့ ချုပ်ဆုံးကောင်း ချုပ်ဆုံးမည်။ သို့သော်လည်း ဤချုပ်ဆုံးမှုသည် မဂ်နှင့်ပယ်သတ် ချုပ်ဆုံးစေလိုက်သောကြောင့် ချုပ်ဆုံးခြင်းလည်း မဟုတ်။ မဂ်နှင့်ပယ်သတ်စရာ ကိလေသာတို့၏ အကြွင်းမဲ့ချုပ်ဆုံးခြင်းလည်း မဟုတ်။ ဤသို့သော အကြောင်းများကြောင့် လုံးဝ အရိယာသစ္စာမဝင်သောစကား သို့မဟုတ် နိဗ္ဗာန်နှင့် လားလားမျှမဆိုင်သော စကားမျှသာ ဖြစ်ပါသည်။

ဤအကြောင်းကြောင့်လည်း အနုပါဒိသေသနိဗ္ဗာန်သည် ဝိပါက်ရုပ်နာမ်တို့၏ အကြွင်းမဲ့ချုပ်ဆုံးခြင်းကိုခေါ်ခြင်း မဖြစ်နိုင်ပါ။ ဝိပါက်ရုပ်နာမ်တို့၏ အကြွင်းမဲ့ချုပ်ဆုံးခြင်းသည် ဘာမျှ ပြောစရာမရှိသောစကား 'အဗျာဟာရိက စကား'သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဝိပါက်ရုပ်နာမ်တို့၏ ချုပ်ဆုံးမှုသည် အဘယ်သူ၌ခံရသော ချုပ်ဆုံးမှုဖြစ်သည်၊ ထိုသူ၌ ထိုသို့ ဝိပါက်ရုပ်နာမ်တို့ အချုပ်ဆုံးခံရသောကြောင့် အကြွင်းအဖြစ် အဘယ်သို့ရှိသည်-ဟု ဘယ်သို့ ပြောစရာရှိသေးသနည်း။

ချုပ်ဆုံးပြီးသည့်နောက်၌ အချုပ်ဆုံးခံရသူဟူ၍ ကတ္တားဆက်လက်၍ တည်ရှိမနေတော့သောကြောင့် ပြောစရာမရှိသောစကား 'အဗ္ဗောဟာရိက'- ဖြစ်သည်ဟု ဆိုလိုပါသည်။ သစ္စာနှင့် မဆိုင်သောစကားနှင့် အနက်တူပါသည်။

ဘယ်ချုပ်ဆုံးမှုများ၌မှု ချုပ်ဆုံးပြီးနောက် ဤချုပ်ဆုံးမှု၏ အကျိုးအမြတ်ကို ဆက်ခံသူကတ္တားရှိသနည်း၊ မေးဖွယ်ရှိပါ၏။ ကြိုက်မှု,မိုက်မှု,မုန်းမှု အကြွင်းမဲ့ချုပ်ဆုံးခြင်းသည် ယင်းသို့ အချုပ်ဆုံးခံရသော ပုဂ္ဂိုလ်လက်ကျန် ရှိပါသည်။ ထိုသူ၌ ဒုက္ခငြိမ်းခြင်းအကျိုးရသည်-ဟုလည်း ပြောစရာစကား ကျန်ပါသည်။

ထို့ကြောင့် ကိလေသာတို့၏ ချုပ်ဆုံးခြင်းသည် သစ္စာဝင်ပါသည်။

ဝိပါက်ရုပ်နာမ်တို့ချုပ်ဆုံးခြင်း၊ အကြွင်းမဲ့ချုပ်ဆုံးခြင်း မဖြစ်ပေါ်တော့ အောင်ပင် အနုပ္ပါဒချုပ်ဖြင့် ချုပ်ဆုံးခြင်း။ ဤချုပ်ဆုံးခြင်းသည် သစ္စာမဝင်ပါ။ ပြောစရာစကား အရာမဝင်တော့ပါ။ 'အဗ္ဗောဟာရိက' ဖြစ်ပါသည်။

ထို့ကြောင့် အနုပါဒိသေသနိဗ္ဗာန်သည် ရဟန္တာတို့၏ ဥပါဒါန်အကြွင်းမရှိတော့သော နိဗ္ဗာန် ဖြစ်ပါသတည်း။

## ၆၅။ သဉပါဒိသေသနိဗ္ဗာန်သည် အောက်အရိယာတို့၏နိဗ္ဗာန်

ထို့ကြောင့် 'သဉပါဒိသေသနိဗ္ဗာန်'သည် အဘယ်နည်း-ဟူသော မေးခွန်း၏အဖြေကိုလည်း နိဗ္ဗာနဒီပနီ၌ ပြောကြားသကဲ့သို့ မဖြစ်နိုင်။ ဤ၌ နိဗ္ဗာနဒီပနီတွင် စာမှားသလို ရှိနေသည်။ 'လေးကြိမ်လေးလီ'-ဟုလည်း ပြောသည်၊ 'ကိလေသာအကျန်'-ဟုလည်း ပြောသည်။

အကယ်၍ နိဗ္ဗာနဒီပနီ၌ လေးမဂ်လေးဖိုလ်ဖြင့် ရောက်အပ်သောနိဗ္ဗာန်ကို 'သဉပါဒိသေသနိဗ္ဗာန်'-ဆိုခဲ့လျှင် မမှန်နိုင်။ အောက်မဂ်အောက်ဖိုလ်သုံးခုတို့ဖြင့် ရောက်အပ်သော နိဗ္ဗာန်ဆိုလျှင် ဤအဆိုသည် မှန်ကန်သောအဆို ဖြစ်သည်။ 'သဉပါဒိသေသနိဗ္ဗာန်'သည် အောက်မဂ်,အောက်ဖိုလ်သုံးခုတို့၏ အာရုံဖြစ်သော နိဗ္ဗာန် ဖြစ်သည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

နိဗ္ဗာနဒီပနီလည်း အကယ်၍ ဤအတိုင်း အောက်မဂ်အောက်ဖိုလ်သုံးခုတို့၏ အာရုံဖြစ်သော နိဗ္ဗာန်များကို 'သဥပါဒိသေသ'-ဟုဆိုခဲ့လျှင် နိဗ္ဗာနဒီပနီ၌ အပြစ်တစ်ခု ထွက်လာသည်။ ယင်းကား-

'အနုပါဒိသေသနိဗ္ဗာန်'ကို ဝိပါက်ရုပ်နာမ်တို့၏ အကြွင်းမဲ့ချုပ်ဆုံးခြင်း'-ဟု ယူထားသောကြောင့် စတုတ္ထမဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် 'သဥပါဒိသေသနှင့် အနုပါဒိသေသ'-ထိုနှစ်မျိုးတို့မှ အလွတ်ဖြစ်သော နိဗ္ဗာန်-ဖြစ်ပေရာ၏။ ဤသို့မဖြစ်သင့်သောကြောင့်လည်း အပြစ်မလွတ်ရာ။

ဤသို့ အလွတ်လည်း မထားခဲ့လောက်ပေ။ ဤနေရာ၌ အမှားပင် ဖြစ်ရာ၏။

သူ၏ ပရမတ္ထဒီပနီကျမ်း၌ 'သဥပါဒိသေသနိဗ္ဗာန်သည် ကိလေသာနိဗ္ဗာန်' ဖြစ်သည်၊ 'အနုပါဒိသေသနိဗ္ဗာန်'သည် 'ခန္ဓနိဗ္ဗာန်ဖြစ်သည်'-ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားသောကြောင့် ဖြစ်သည်။

ဤသို့ လေးမဂ်လေးဖိုလ်လုံးတို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် 'သဥပါဒိသေသနိဗ္ဗာန်'-ဟု ယူခဲ့လျှင် မမှန်နိုင်ပေ။ အထက်မှဆိုခဲ့သည့်အတိုင်း စတုတ္ထမဂ်, ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် 'အနုပါဒိသေသ' ဖြစ်သောကြောင့်တည်း။

'အနုပါဒိသေသနိဗ္ဗာန်'ကို 'ခန္ဓနိဗ္ဗာန်'ဟု ယူဆခြင်း၌ အပြစ်များသည် နက်ရှိုင်းမှုကြီးမားလှကြောင်း စာရှုသူတို့ သဘောပေါက်ခဲ့လောက်ပါပြီ။

ဤမျှ 'သဥပါဒိသေသနှင့် အနုပါဒိသေသ'အခွဲအတွက် တင်ပြချက်ဖြင့် ကောကနုဒ်ဗိမာန်ကလေး၏ အစိတ်အပိုင်းကလေးတစ်ခုကို ဆိတ်ဖွဲ့ပြခဲ့ပါပြီ။

ဤကောကနုဒ်ဗိမာန်သည် ရွှေသားဗိမာန်လော၊ ရွှေမှုန်ကျဲထားသော ရွှံ့စေးဗိမာန်လော-ဟူသည်ကို စာရှုသူကိုယ်တိုင် ဆုံးဖြတ်ရန်သာ တာဝန်ရှိပါတော့သည်။

အခန်း(၆)

# သုညတ,အနိမိတ္တ,အပ္ပဏိဟိတနိဗ္ဗာန် စိစစ်သုံးသပ်ချက်


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

## အခန်း(၆)
## သုညတ,အနိမိတ္တ,အပ္ပဏိဟိတနိဗ္ဗာန် စိစစ်သုံးသပ်ချက်

၆၆။ သုညတနိဗ္ဗာန် စသည်

ဆက်လက်၍လည်း ဤဗိမာန်ကလေး၏တစ်နေရာကို ပြောင်း၍ ဆိတ်ဖဲ့ပြီး တင်ပြလိုပါသေးသည်။ ရွှေသားလော၊ ရွှံ့စေးလော သေချာတပ်အပ် သိနိုင်ရန် တတိယသက်သေထူချက်အဖြစ် ဆက်လက်တင်ပြပါမည်။ ယင်းမှာ-

'သုညတ,အနိမိတ္တ,အပ္ပဏိဟိတနိဗ္ဗာန်များဆိုင်ရာ စကားများ' ဖြစ်ပါသည်။ နိဗ္ဗာနဒီပနီ၌ 'သုညတ'အစရှိသော နိဗ္ဗာန်၏အမည်တို့ကို 'နိဗ္ဗာန်ဂုဏ်ကို ဖော်ပြထားသောအမည်' သို့မဟုတ် 'နိဗ္ဗာန်၏ အရည်အချင်းကိုပြသော အမည်'-အဖြစ် တင်ပြထားပေသည်။ တင်ပြထားပုံမှာ-

'သုညတနိဗ္ဗာန်'ဟူသည် 'ပလိဗောဓေပ်သိမ်းတို့မှ ကင်းငြိမ်းဆိတ်ငြိမ်သောတရား' ဖြစ်သည်။ 'အနိမိတ္တနိဗ္ဗာန်'ဟူသည် 'သင်္ခါရနိမိတ် အရိပ်အသွင် ထင်မှုခပင်းမှ ကင်းရှင်းသော တရား' ဖြစ်သည်။ 'အပ္ပဏိဟိတနိဗ္ဗာန်'ဟူသည် 'တောင့်တခြင်းခပ်သိမ်းမှ ကင်းငြိမ်းသောတရား' ဖြစ်သည်'။ ဤသို့ ဖြစ်ပါသည်။

'သုညတ'အစရှိသော နိဗ္ဗာန်၏အမည်များသည် နိဗ္ဗာန်၏ အာကာရဘေဒ အမည်များ ဖြစ်ကြပါသည်။ 'အာကာရ'သည် ဂုဏ်လော၊ 'အာကာရဘေဒ' သည် 'ဂုဏဘေဒ'လော။

အာကာရကို မြန်မာပြန်ထားသော 'အခြင်းအရာ'ဟူသောစကားသည် 'ဂုဏ်ဖြစ်ရန် မသင့်လျော်ပေ။ 'အသွင်အပြင်အခြေအနေ'ဟူ၍သာ ဖြစ်ရန် သင့်လျော်ပါသည်။

'နိဗ္ဗာန်၏ အရည်အချင်းပြစကား' ဆိုသည်ထက် 'နိဗ္ဗာန်၏ အသွင်အပြင် အခြေအနေပြစကား' ဖြစ်ဖို့မှာ ပို၍ဆီလျော်ပါမည်။ စကားလုံးကို ငြင်းဆိုခြင်းသည် မထိရောက်လှပါ။ သဒ္ဒါပညာသမားများသည် (ဝါ) သဒ္ဒါတတ်သော ပုဂ္ဂိုလ်များသည် စကားလုံးကို မိမိအသုံးပြုလိုရာသို့ရောက်အောင် ဆွဲသွင်းနိုင်

သော အရည်အချင်း ရှိကြသည်ချည်း ဖြစ်ကြပါသည်။

ထို့ကြောင့် ဤစကားကို အရှည်အလျား မဆိုတော့ပါ။

'အရည်အချင်း'ဆိုသောစကားနှင့် 'အသွင်အပြင်'ဟူသောစကားများ ခြားနား၏,မခြားနား-ဟု ငြင်းဆိုလိုသူများ ငြင်းဆိုစရာ ဖြစ်နေပါမည်။

ဤစကား၏အနက်များ တကယ် ခြား,မခြား နောက်ထား၍ စာရေးသူ အလိုအားဖြင့် ဤအနက်များကို ဤသို့သတ်မှတ်ပြီး ဆိုပါမည်-

'အရည်အချင်း'-ဟူသည် 'စွမ်းရည်သတ္တိ'ဖြစ်ပြီး၊ 'အသွင်အပြင်'

-ဟူသည်မှာ ထို-'စွမ်းရည်သတ္တိများ ဖြစ်ပေါ်ရာအရာ' ဖြစ်ပါသည်။

သို့မဟုတ် 'ဂုဏ်'နှင့် 'ဂုဏီ' ဖြစ်ပါသည်။

ဤ'သုညတ'စသော နာမည်များသည် ဂုဏ်နာမည်များ မဟုတ်။ ဂုဏီနာမည်များ ဖြစ်သည်-ဟု ဆိုလိုပါသည်။ ဂုဏ်ပြစကားများ မဟုတ်၊ 'ဂုဏီပြစကား'ဖြစ်သည်-ဟု ဆိုလိုကြောင်း တင်ပြနေခြင်း ဖြစ်ပါသည်။ နိဗ္ဗာနဒီပနီသည် 'သုညတ'စသောအမည်ကို 'ဂုဏ်ပြစကား'အဖြစ် တင်ပြထားပါသည်။

နိဗ္ဗာနဒီပနီတည်ဆောက်သူ၏ အခြားကျမ်းစာဖြစ်သော 'ပရမတ္ထဒီပနီ' တွင် ဤနိဗ္ဗာန်နေရာ၏ အဖွင့်၌လည်း-

'အာကာရ ဘေဒေနာတိ တိဝိဓေဿ သုညတာဒိကဿ ဂုဏာကာရဿ

တဿ ဘေဒေန'-ဟု တင်ပြပြီး ရှိနေပါသည်။

ဤပရမတ္ထဒီပနီကျမ်း၌ ဂုဏ်ပြစကားအဖြစ် တင်ပြကြောင်းကို အကျယ်တဝင့် ရှင်းချက်များ၌ ထင်လင်းပါသည်။ သုညတနိဗ္ဗာန်အတွက် ရှင်းချက်၌ သင်္ခတတရားများ ပလိဗောဓကြီးမားပုံ၊ အမြတ်ဆုံးအရဟတ္တဖိုလ်ပင် ပလိဗောဓများပုံကို တင်ပြပြီး ထိုမှမငြိမ်းခြင်းနှင့်ယှဉ်လျက် သင်္ခတ၏ပြောင်းပြန်အချိုးဖြစ်သော အသင်္ခတဖြစ်သောနိဗ္ဗာန်ကို ဂုဏ်တင်ပြပါသည်။

၆၇။ သုညတနိဗ္ဗာန်အရကောက်အမှန်

'သုညတနိဗ္ဗာန်'ဟူသည် ပလိဗောဓများရှိသော သင်္ခတတရားများ၏ ပြောင်းပြန်အချိုးဖြစ်သည်-ဟု တင်ပြခြင်းသည် နိဗ္ဗာန်၏အခြင်းအရာ အာကာရ ကို ပြသည် မည်ပါမည်လော။

ထိုတင်ပြချက်ကို ယခုဖတ်ပြီးပါပြီ။ နိဗ္ဗာန်၏ သုညတာကာရ-ဟူသော သုညဖြစ်ခြင်းအခြင်းအရာကို ကျွန်ုပ်တို့ ဘယ်သို့ နားလည်နေကြပြီနည်း။

ဤသို့ နားလည်နေကြပြီ မဟုတ်ပါလော။

'နိဗ္ဗာန်'ဟူသည် သင်္ခတတရားများကဲ့သို့ ကြောင့်ကြမရှိသတတ်'-ဟူ၍ ဖြစ်သည်။ ဤအရာသည် 'အာကာရ'-မဖြစ်ဘဲ 'ဂုဏ'သာ-ဖြစ်နေသည် မဟုတ် ပါလော။

'နိဗ္ဗာန်၏ဂုဏ်'ကို မပြဘဲ နိဗ္ဗာန်၏ဂုဏေးကိုပြမှ 'အာကာရ'ဖြစ်မည်။ ထို့ကြောင့် နိဗ္ဗာန်ကို သုညတာကာရဖြစ်ပုံပြ ဤစကားများသည် မမှန်နိုင်-ဟု ဆိုလိုပါသည်။ ပလိဗောဓငြိမ်းခြင်း၊ ကင်းဆိတ်ခြင်းသည် နိဗ္ဗာန်၏ သုညတာ ကာရမဟုတ်-ဟု တင်ပြလိုခြင်း ဖြစ်ပါသည်။

'ပလိဗောဓများ ကင်းငြိမ်းဆိတ်ငြိမ်းခြင်း'ကို နိဗ္ဗာန်၏ 'သုညတာကာရ'- ဖြစ်သည်ဟု ဆိုခြင်းမှာ နိဗ္ဗာန်အပေါ်၌ အမြင် ဝေသီနေ၍ ဖြစ်ပါသည်။ အဘယ် သို့ အမြင်ဝေသီနေသနည်း ဆိုသော် နိဗ္ဗာန်ကို ကိုယ်တိုင်သိ(အဝဗောဓ)အဖြစ် မသိဘူးသည်ကို ထည့်မရေတွက်ဘဲ ကြံသိ(အနုဗောဓ)အဖြစ် အလျှော်သိမှာပင် နိဗ္ဗာန်၏ အခြေအနေအခြင်းအရာ'ဂုဏေးဖြစ်သော 'အာကာရ'ကို မသိဘူးသေး ခြင်း ဖြစ်ပါသည်။ ဤသို့ ဝေသီနေကြောင်းကို နိဗ္ဗာန်နှင့်ခန္ဓာ တစပ်တည်းဖြစ် အောင် စပ်မပြနိုင်ခြင်း၌ သက်သေတည်ပေမည်။

ဟုတ်ပါသည်။ ပလိဗောဓကင်းငြိမ်းခြင်းကို နိဗ္ဗာန်၏သုညတာကာရ- ဟု ဆိုလျှင် ခန္ဓာနှင့်နိဗ္ဗာန်၏ တစပ်တည်းဖြစ်ပုံကို မပြဆိုနိုင်ဘဲ ရှိရပေမည်။ ဤနေရာ၌ 'စပ်နိုင်မှာပါ'-ဟု ထင်လိုသူ ရှိကောင်း-ရှိပေမည်။ အဘယ်သို့ စပ် မည်နည်း-ဟု ပြန်မေးလျှင် စပ်ပြပေမည်။

'နိဗ္ဗာန်သည် ပလိဗောဓများ ငြိမ်းခြင်းဖြစ်၍ သင်္ခတသည် မငြိမ်းခြင်းဖြစ်သည်။ ဤ၌ ငြိမ်းခြင်းနှင့်မငြိမ်းခြင်းသည် အကြားအလပ်မရှိ၊ တစပ်တည်းဖြစ်သည်။ ငြိမ်းခြင်းနယ်သည် မငြိမ်းခြင်းနယ်၏ တစ်ဖက်တွင်ရှိသည်။ ပိုက်ဆံပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ နှစ်ခု ခြားနားသော်လည်း ပိုက်ဆံမှာ တပြားတည်းဖြစ်သည်။ ဤသို့စပ်သည်'-ဟု ဆိုလိုကောင်း ဆိုလိုပေမည်။ ဤအဆို မမှန်ပေ။

၆၈။ ခန္ဓာနှင့်နိဗ္ဗာန်သည် အပြိုင်ပြု၍မစပ်နိုင်

ခန္ဓာနှင့်နိဗ္ဗာန်၏အစပ်သည် ခေါင်းနှင့်ပန်းစပ်နည်းမျိုး မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် ခေါင်းနှင့်ပန်းသည် ပြိုင်နိုင်သည်။ ခေါင်းလည်းရှိသည်၊ ပန်းလည်းရှိသည်။ ဤသို့ ပြိုင်နိုင်သည်။ ထို့ကြောင့် ပိုက်ဆံတစ်ပြားတည်း၌ ထိုဘက်, ဤဘက်ပြားလျက် စပ်ခြင်းမျိုးသည် ခန္ဓာနှင့်နိဗ္ဗာန်၏စပ်ခြင်း မဟုတ်ပေ။

ခန္ဓာနှင့်နိဗ္ဗာန်၏စပ်ခြင်းမှာ မပြိုင်ရပေ။ 'ခန္ဓာလည်းရှိသည်၊ နိဗ္ဗာန်လည်းရှိသည်-ဟု မဆိုရ'-ဟူ၍ သိစေလိုပါသည်။ ခန္ဓာရှိသူအတွက် နိဗ္ဗာန်မရှိရ။ နိဗ္ဗာန်ရှိသူအတွက် ခန္ဓာမရှိရ-ဟူ၍ ဖြစ်ပါသည်။

ခန္ဓာနှင့်နိဗ္ဗာန်စပ်ခြင်းသည် 'သစ်ငုတ်ကို ညဥ့်အခါ တစ္ဆေထင်သူ၌ နေ့အချိန်ရောက်သောအခါ တစ္ဆေမဟုတ်၊ သစ်ငုတ်ဟုသိခြင်းကဲ့သို့ ဖြစ်သည်။ ဤ၌ သစ်ငုတ်နှင့်တစ္ဆေသည် မပြိုင်ပေ။ တစ္ဆေဖြစ်ချိန်၌ သစ်ငုတ်မရှိ၊ သစ်ငုတ်ဖြစ်ချိန်၌ တစ္ဆေမရှိ။ ဤသို့လျှင် 'ဤအရာသည်ပင် ထိုအရာဖြစ်သည်'-အထိ စပ်ခြင်းသည် 'ခန္ဓာနှင့်နိဗ္ဗာန်'တို့၏ တစပ်တည်းဖြစ်ခြင်း ဖြစ်သည်။

အကယ်၍ နိဗ္ဗာန်အပေါ်၌ အမြင်ဝေသီမနေလျှင် နိဗ္ဗာန်၏ 'သုညတာကာရ'သည် 'နိဗ္ဗာန်နှင့်ခန္ဓာတို့၏ တစပ်တည်းဖြစ်သော အခြင်းအရာကို ပြဆိုသောစကား'-ဖြစ်ကြောင်း အလွယ်တကူပင် သိမြင်ပေမည်။

'နိဗ္ဗာန်နှင့်ခန္ဓာတို့ တစပ်တည်းဖြစ်ပုံသည် အဘယ်သို့လျှင် သုညတာကာရ ဖြစ်သနည်း'- ဤသို့မေးဖွယ် ရှိပေသည်။ အဖြေသည် အောက်ပါအတိုင်း ဖြစ်သည်-

'သုညတနိဗ္ဗာန်'သည် ဥပါဒါနက္ခန္ဓာများကို အနတ္တအဖြစ်ရှုကြည့်သူတို့ ဆိုက်ရောက်သောနိဗ္ဗာန် ဖြစ်သည်။ ဤ၌ ခန္ဓာဟူသည် ပရမတ်တရားများ၏ အချိန်သုံးမျိုး၊ နေရာလေးမျိုး၊ အသွင်အပြင်လေးမျိုး-ပေါင်းတစ်ဆယ့်တစ်မျိုး တို့ဖြင့် ပြားနေသောအခြင်းအရာ ဖြစ်သည်။

တဖန် အနတ္တသည် 'နေရာလေးမျိုးကိုပျောက်အောင် ရှုကြည့်ချက်' ဖြစ်သည်။ ဤသို့ရှုမြင်ချက်အရ ဥပါဒါနက္ခန္ဓာသည် နေရာအားဖြင့် အမှန်မရှိ သည်ကို သိမြင်ခံသွားရသည်။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာသည် တစ်ဆယ့်တစ် ထွေမပြားနိုင် ဖြစ်ပြီး၊ ဥပါဒါနက္ခန္ဓာအဖြစ်မှ ကျဆုံးသည်။ ဥပါဒါနက္ခန္ဓာအဖြစ်မှ ကျဆုံးခြင်းသည် 'နိဗ္ဗာန်'ဖြစ်သည်။ ဤနိဗ္ဗာန်သည် 'သုညတနိဗ္ဗာန်'-ဖြစ်သည်။

ဤသည်ပင် 'သုညတာကာရ' ဖြစ်ပါသည်။

ဤအရာကို အနည်းငယ် ဆက်၍ရှင်းပါဦးမည်။

ပုထုဇဉ်ပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာများကို ရှုကြည့်သောအခါ သူတို့၏ အသိဉာဏ်ဖြင့် ဥပါဒါနက္ခန္ဓာကိုဖောက်ခွဲရန် အခဲအကပ် ရှိနေကြပေသည်။

လောက၌ ဗုဒ္ဓအသျှင်သည် 'အလယ်လမ်းအတွေးအခေါ်'ကို ထူထောင် ပြီး တင်ပြလိုက်သောအခါ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာ၌ 'အတ္တနှင့် အတ္တနိယသတ္တိ' မရှိပုံကို အသင်ကြားခံခွင့်ကို ရရှိလေသည်။

ထိုပုထုဇဉ်သည် ထိုသင်ကြားချက်ဖြင့် မိမိ,သူတပါး နှစ်ဦးသားတို့၏ ဥပါဒါနက္ခန္ဓာကို ကိုယ်တိုင် လေ့လာကွင်းဆင်း၍ ရှုကြည့်လေသည်။ ထိုအခါ ဥပါဒါနက္ခန္ဓာသည် တစ်ချိန်ကထင်သကဲ့သို့ 'အတွင်းရှိသည်,အပြင်ရှိသည်၊ အနီးရှိသည်,အဝေးရှိသည်'-ဟု အနှစ်သာရ ရှုမြင်ရှာဖွေ၍မရ ဖြစ်လာသည်။

ဆိုလိုသည်မှာ-

ထိုအချိန်၌ 'ပုထုဇဉ်သည် ဥပါဒါနက္ခန္ဓာကို ရှေးအချိန်ကသိခဲ့သည်နှင့် ပြောင်းပြန်အသိ ဖြစ်ပေါ်လာရန် ဦးတည်လာသည်'-ဟု ဖြစ်သည်။ ထို့နောက် 'ပြောင်းပြန်မြင်လာသည်။ ဤဥပါဒါနက္ခန္ဓာသည် အနီး,အဝေး, အတွင်း,အပြင် ရှိသောအရာများ မဟုတ်ပါလား'-ဟူ၍ မြင်လာခြင်း ဖြစ်သည်။

ဤသို့ ဥပါဒါနက္ခန္ဓာကို အနိစ္စ,အဝေး,အတွင်း,အပြင်အဖြစ် မြင်ရာမှ 'အနိစ္စ,အဝေး,အတွင်း,အပြင်မရှိသောအရာပါလား'-ဟူ၍ 'သာရ'မဟုတ်သော အားဖြင့် ပြောင်းပြန်မြင်ဆဲ အချိန်အထိပုဂ္ဂိုလ်သည် 'ပုထုဇဉ်ပုဂ္ဂိုလ်' ဖြစ်သည်။

ထိုသို့ပြောင်းပြန်လန်သွားမှုကြောင့် ယင်းဥပါဒါနက္ခန္ဓာများအပေါ် အာလယ(တွယ်တာမှု)ထားခြင်းများ ပျောက်ပျက်သွားခြင်းကြောင့် 'ငြိမ်းအေး ခြင်း' ဖြစ်သည်။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဤငြိမ်းချမ်းခြင်းသို့ ဆိုက်ရောက်ချိန်၌ ပုထုဇဉ်မဟုတ်တော့ဘဲ ဘဝပြောင်း ခံသွားရသည်။

ဘဝပြောင်းပုံကို အနည်းငယ် တင်ပြပါမည်။ ဥပါဒါနက္ခန္ဓာ၌ နိစ္စ,ဝေး, တွင်း,ပြင်များ ရှိသော 'သာရ'မဟုတ်-ဟု ပုထုဇဉ်အဖြစ် နောက်ဆုံးအသိ ဖြစ်သည်။ ယင်းအသိ၏အရှိန်ဖြစ်သောစိတ်နှင့် 'ဥပါဒါနက္ခန္ဓာသည် အနှစ်သာရ ရှိသောတရားမဟုတ်'-ဟူသော အာရုံတို့ ဆုံစည်းတိုက်ဆိုင်သည်။ ယင်းတိုက် ဆိုင်ခြင်းနှင့်အတူ 'ဥပါဒါနက္ခန္ဓာသည် အနှစ်သာရအရှိမဟုတ်'-ဟူသော အသိ ပေါ်လာသည်။ ယင်းအသိ၏ဘဝမှာ ပုထုဇဉ်ဘဝ၏ အခြားမဲ့ဘဝ ဖြစ်သည်။

ဤနေရာ၌ ပုထုဇဉ်မဟုတ်တော့သော ဤပုဂ္ဂိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်သည် အခြင်းအရာအားဖြင့် 'သုညတ'ဖြစ်သည်။ ဤနိဗ္ဗာန်သည် 'သုညတာကာရနိဗ္ဗာန်' ဖြစ်သည်-ဟု ဆိုလိုပါသည်။

ဟုတ်ပါသည်။ ဤနိဗ္ဗာန်သည် ဥပါဒါနက္ခန္ဓာ၏ နေရာလေးမျိုးမှ ကင်းဆိတ်ခြင်းကြောင့် ဥပါဒါနက္ခန္ဓာ မမည်နိုင်တော့ဘဲ နိဗ္ဗာန်ဖြစ်ရပုံ အခြင်း အရာ အာကာရကို ဖော်ပြသောကြောင့် သို့မဟုတ် အခြင်းအရာအာကာရ ရှိနေသောကြောင့် 'သုညတနိဗ္ဗာန်' ဖြစ်ပါသည်။ သို့မဟုတ် 'သုညတဖြစ်သော နိဗ္ဗာန်' ဖြစ်ပါသည်။

၆၉။ အနိမိတ္တနှင့် အပ္ပဏိဟိတနိဗ္ဗာန် အရကောက်အမှန်

ဤသို့ပင် နိဗ္ဗာန်၏သုညတစသော အာကာရဟူသည်မှာ နိဗ္ဗာန်၏ ပလိဗောဓမှကင်းခြင်းစသော ဂုဏ်ကိုဆိုသောစကား မဟုတ်ပါ။ နိဗ္ဗာန်၏ ခန္ဓာနှင့် တခြားစီမဟုတ်သော အခြင်းအရာကိုပြသောစကား ဖြစ်သည်။

အာကာရအားဖြင့် နိဗ္ဗာန်သုံးမျိုးရှိရသည်မှာလည်း ခန္ဓာ၌ 'ကာလ,ဌာန, ပယောဂ'-ဟူသော အပိုင်းသုံးပိုင်းရှိသောကြောင့် ဖြစ်သည်။ ထိုအပိုင်းသုံးပိုင်းကို လက္ခဏာသုံးချက်ဖြင့် ဖျက်ဆီးရပါသည်။

ယင်းသုံးခုမှာ နိဗ္ဗာန်၏ အာကာရသုံးခုတို့ ဖြစ်ကြပါသည်။

'အနိစ္စလက္ခဏာ'ဖြင့် ဉပါဒါနက္ခန္ဓာ၏ 'အချိန်ပိုင်း'များကို ဖျက်ပါသည်။ ထိုသို့ဖျက်သောကြောင့် ဉပါဒါနက္ခန္ဓာ ပျက်သုဉ်းသွားမှုသည် 'နိဗ္ဗာန်'ဖြစ်ပါသည်။ ယင်းနိဗ္ဗာန်သည် အနိစ္စဖြင့် ဉပါဒါနက္ခန္ဓာကို ဖျက်၍ရသောနိဗ္ဗာန် ဖြစ်သောကြောင့် 'အနိမိတ္တအခြင်းအရာရှိသော နိဗ္ဗာန်' သို့မဟုတ် 'အနိမိတ္တာကာရနိဗ္ဗာန်' ဖြစ်ပါသည်။

'ဒုက္ခ'ဖြင့် ဉပါဒါနက္ခန္ဓာ၏ အသွင်သဏ္ဍာန်လေးမျိုးကို ဖျက်ပါသည်။ ထိုသို့ အဖျက်ခံရသောကြောင့် ဉပါဒါနက္ခန္ဓာသည် အနုပါဒါနက္ခန္ဓာဖြစ်ပြီး 'နိဗ္ဗာန်'-ဖြစ်ရသည်။ ယင်းနိဗ္ဗာန်သည် 'အပ္ပဏိဟိတနိဗ္ဗာန်' ဖြစ်သည်။ ဒုက္ခဖြင့် ဉပါဒါနက္ခန္ဓာကို ဖျက်၍ရသောနိဗ္ဗာန် ဖြစ်သောကြောင့်ဖြစ်သည်။

ဤနေရာ၌ 'နိမိတ္တ'နှင့် 'ပဏိဟိတ'တို့၏ သရုပ်ကို ကွဲနိုင်ခဲခွင့် ရှိသည်။

'နိမိတ္တ'ဟူသည် ခန္ဓာ၏ ခန္ဓာအဖြစ်တည်ဆောက်ရာ၌ အစိတ်အပိုင်း ဖြစ်သော 'ခု,နောက်,နောင်(ပစ္စုပ္ပန်,အတိတ်,အနာဂတ်)'ဟူသော အချိန်များကို ဆိုခြင်း ဖြစ်သည်။ နိဗ္ဗာနဒီပနီမှာကဲ့သို့ 'သဏ္ဍာန်,နိမိတ်, အရိပ်,အသွင်'ဟူ၍ လုံးထွေး၍ကောက်ယူရန် အကြောင်းမရှိ။

'နိမိတ်'ဟူသော မြန်မာစကား၌ 'နိမိတ်ကောက်သည်'ဆိုသော စကား၏ အနက်ကဲ့သို့ ဖြစ်သည်။ ဤစကား၌ 'နိမိတ်'ဟူသော 'အချိန်'ကို ဟောသည်။ 'အတိတ်ကောက်သည်'-ဟူသကဲ့သို့ ဖြစ်သည်။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ဤစကား၌ အတိတ်ကောက်ယူပုံမှာ 'အတိတ်မှပုံနှင့် ပစ္စုပ္ပန်အဖြစ်ကို တိုင်းတာ၍ အနာဂတ်အတွက် အရှုံးအမြတ်တွက်ပြခြင်း' ဖြစ်သည်။ 'ဥပါဒါနက္ခန္ဓာဖြစ်သည်' ဆိုသည်လည်း ဤသို့ 'နိမိတ်ခန္ဓာ' ဖြစ်ခြင်းပင်။

ထို့ပြင် 'ပဏိဟိတ'-အရလည်း ဥပါဒါနက္ခန္ဓာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော 'အကြမ်း,အနု၊ အယုတ်,အမြတ်'ဟူသော အသွင်ပိုင်းကို ကောက်ယူရမည်။ ပရမတ္ထဒီပနီမှာ ကဲ့သို့၄င်း၊ နိဗ္ဗာနဒီပနီမှာကဲ့သို့၄င်း မထိတထိဖြင့် ဝိုးတိုးဝါးတား ဟိုဟိုဟင်ဟင် ကောက်ယူရမည်မဟုတ်။

'သုညတ'စသော အရာများသည် 'အာကာရပြစကား'သာ ဖြစ်သည်။

'ဝိသေသပြစကား' သို့မဟုတ် 'ဂုဏ်ပြစကား' အလျဉ်းမဟုတ်။ ထို့ကြောင့် 'သုညတ,အနိမိတ္တ,အပ္ပဏိဟိတ'တို့၏ အနက်ကိုလည်း ဂုဏ်ဆန်ဆန် ကောက်၍မဖြစ်။ 'အာကာရ'ကျကျ ထိမိတိကျစွာ ကောက်နိုင်ရမည်။

နိဗ္ဗာန်၏ 'သုညတာကာရဖြစ်ပုံ'ကို အကျယ်အားဖြင့် တင်ပြခဲ့ပြီးပါပြီ။

ဤတင်ပြချက်များအရ 'သုညတ'၏အနက်သည် 'ပလိဗောဓတို့၏ကင်းဆိတ်ခြင်း'-ဟူ၍ နိဗ္ဗာနဒီပနီဟူသကဲ့သို့ ယူသင့်ပါမည်လော။ ဤသို့ယူလျှင် နိဗ္ဗာန်နှင့်ခန္ဓာတို့၏ စပ်လျက်ဖြစ်ပုံ အခြင်းအရာသည် အပျက်ပြားခံရသည်။ သို့မဟုတ် အဖုံးလွှမ်းခံရသည်။

ဟုတ်ပါသည်။ နိဗ္ဗာန်နှင့်ခန္ဓာတို့၏ သီးခြားလွန်းသောဂုဏ်ကို ထုတ်ပြသဖြင့် နိဗ္ဗာန်နှင့်ခန္ဓာစပ်ပုံကို အလွဲလွဲအချော်ချော် အသိဖြစ်ပေတော့မည်။ ပိုက်ဆံတစ်ပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ ခြားနေသောအရာ-ဟု အသိဖြစ်ပေတော့မည်။

အကယ်စင်စစ်၌ နိဗ္ဗာန်နှင့်ခန္ဓာမှာ ဤသို့ခြားသည် မဟုတ်နိုင်။ ထို့ကြောင့် နိဗ္ဗာန်၏ သုညတာကာရသည် ပလိဗောဓတို့မှ ကင်းငြိမ်း,ဆိတ်ငြိမ်းခြင်းဖြစ်သည် မဆိုနိုင်။ အခြား နိမိတ္တာကာရဖြစ်ပုံ၊ အပ္ပဏိဟိတာကာရ ဖြစ်ပုံများလည်း မမှန်နိုင်ပေ။ ပလိဗောဓတို့မှ ကင်းငြိမ်းခြင်းစသော အဆိုများသည် နိဗ္ဗာန်၏အာကာရကိုပြသော စကားများမဟုတ်။

ဤမျှ အမြွက်စကားဖြင့် ကောကနဒ် ဗိမာန်ကလေး၏ အဖူးအတက် ငယ်တစ်ခုကို ဆိတ်ဖဲ့ပြခဲ့ပါပြီ။ ရွှေသားအလျဉ်းမဟုတ်ဘဲ ရွှံ့စေးများသာ ဖြစ်ကြောင်း သက်သေပြ လျှောက်လဲခဲ့ပါပြီ။

ကောကနဒ်ဗိမာန်သည် ရွှေဗိမာန်လော, ရွှံ့စေးဗိမာန်လောဆိုသည်ကို စာရှုသူကိုယ်တိုင် တရားသူကြီးလုပ်၍ အဆုံးအဖြတ်ပြုရန် ရှိပါသည်။

အခန်း(၇)

# နိဗ္ဗာန်သည် အရှိစသည်အပေါ် စိစစ်သုံးသပ်ချက်

## အခန်း(၇)
## နိဗ္ဗာန်သည် အရှိစသည်အပေါ် စိစစ်သုံးသပ်ချက်

၇၀။ နိဗ္ဗာန်အမှန်ရှိကြောင်း ဖော်ပြပုံအပေါ် စိစစ်ချက်

ဆက်လက်၍ ကောကနုဒ်ဗိမာန်၏ ရွှံ့စေးဗိမာန်ဖြစ်ကြောင်းကို နောက်ဆုံးတစ်ချက်အနေနှင့် သက်သေထူ၍ လျှောက်လဲလိုပါသည်။

ယင်း-နောက်ဆုံးတစ်ချက်ဆိုသည်မှာ-

(၁) နိဗ္ဗာန်သည် အရှိဟုတ်ပါ၏လော။

(၂) အမြင့်မြတ်ဆုံးငြိမ်းချမ်းမှုကော ဟုတ်ပါ၏လော။

(၃) နူးညံ့နက်နဲ သိနိုင်ခဲသည်ဆိုသည်မှာ မှန်ပါသလော၊

ဟူသော အရာများဖြစ်ပါသည်။

'နိဗ္ဗာန်'ကို 'အရှိ'ဖြစ်ကြောင်း အချက်နှစ်ချက်ဖြင့် ဖြေဆိုထားပါသည်။

ယင်းအဖြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

'နိဗ္ဗာန် အရှိမဟုတ်လျှင် ဘုရားရဟန္တာများ အရှိမဟုတ်နိုင်။ ဘုရားရဟန္တာများ အမှန်ရှိသောကြောင့် နိဗ္ဗာန်လည်း အရှိဖြစ်သည်။'

ဤသို့ တစ်ချက်တင်ပြထားသည်။'နောက်တစ်ချက်မှာ-

'နိဗ္ဗာန်သည် ပရမတ်ဖြစ်သောကြောင့် အရှိဖြစ်သည်'-ဟူ၍ ဖြစ်သည်။

နိဗ္ဗာန်၏ 'အရှိ'ဖြစ်ပုံတင်ပြချက်ဖြစ်သော ဤနှစ်ချက်သည် သင့်လျော်လျောက်ပတ် ကောင်းမြတ်ပါ၏လော။

ပဌမတင်ပြချက်သည် နိဗ္ဗာန် အဟုတ်အမှန်မရှိလျှင် ဘုရားရဟန္တာမရှိနိုင်၊ ယခု ဘုရားရဟန္တာ အမှန်ရှိ၍ နိဗ္ဗာန်ရှိသည်-ဟူ၍ ဖြစ်သည်။

ဤအဖြေ ကောင်းမွန်ပါသလော။

ဘုရားနှင့် ရဟန္တာဆိုသော ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ဟူသော သဘောတရားကို ဖော်ထုတ်တင်ပြခဲ့သော ပုဂ္ဂိုလ်များ ဖြစ်သည်။ နိဗ္ဗာန်သည် ထိုပုဂ္ဂိုလ်များ ဖော်ထုတ်တင်ပြမှုကြောင့် ပေါ်လွင်ထင်ရှားလာသောအရာသာ ဖြစ်သည်။

ထို့ကြောင့် နိဗ္ဗာန်ရှိကြောင်းပြောလိုလျှင် နိဗ္ဗာန်ကို ဖော်ထုတ်ခဲ့သူများရှိခြင်းနှင့် သက်သေထူရန် သင့်လျော်ပါမည်လော။ ဤသို့လည်း တစ်ချက် စဉ်းစားဖွယ် ရှိသည်။

ထို့ပြင်လည်း ပုဂ္ဂိုလ်တစ်ဦးသည် ဘုရားရဟန္တာ အမှန်ရှိကြောင်း ဘယ်အရာဖြင့် သိနိုင်မည်နည်း။ အကယ်၍ သိသည်ဆိုလျှင် ထိုပုဂ္ဂိုလ်များ ဖော်ထုတ်တင်ပြခဲ့သော နိဗ္ဗာန်သဘောတရားကို ပေါက်ရောက်ခြင်းအားဖြင့်သာ သိနိုင်ရပေမည်။

ဤသို့ဆိုလျှင် ဘုရားရဟန္တာကို အစစ်အမှန်ရှိသည်-ဟု သိသူသည် နိဗ္ဗာန်ကို ဆိုက်ဖူးသူ ဖြစ်သည်။

ဆိုခဲ့ပြီးသော တင်ပြချက်များကိုဆက်၍ အကွက်ဖော်လိုက်သောအခါ အောက်ပါအတိုင်း ထွက်ပေါ်လာသည်-

'နိဗ္ဗာန်သည် ငါ-သိသောအရာ ဖြစ်သည်။ နိဗ္ဗာန်ကို ငါ-သိ၍ ထိုနိဗ္ဗာန်ကို ဖော်ထုတ်တင်ပြခဲ့ကြသော ဘုရားရဟန္တာများကို ငါ-သိသည်။ တဖန် ထို-ဘုရားရဟန္တာများ ဧကန်အမှန်ရှိသူများဖြစ်ကြ၍ ငါ-သိနေသော၊ ငါ-ရနေသော နိဗ္ဗာန်သည်လည်း ဧကန်-အရှိပင်ဖြစ်သည်'။

ဤသဘောသည် ချောချောကြီး ကျရောက်လေ၏။ ဤသည်လည်း တစ်ချက်။ ဤအကြောင်းများကြောင့် ပဌမပြဆိုသောစကားသည် သင့်,မသင့် စဉ်းစားဆင်ခြင်သင့်လှပါသည်။

ဆက်လက်၍ ဒုတိယ နိဗ္ဗာန်အရှိဖြစ်ကြောင်းပြစကားကို လေ့လာကြပါမည်။ 'နိဗ္ဗာန်သည် ပရမတ်ဖြစ်သည်။ ထို့ကြောင့်အရှိအစစ်ဖြစ်သည်'-ဟု ဆိုရန် နိဗ္ဗာန်ကို ပရမတ်ဖြစ်ကြောင်း တင်ပြပါသည်။

ပရမတ်ဟူသည် အဘယ်သို့ ပညတ်နှင့် ကွဲပြားခြားနားမှု ရှိပါသတဲ့နည်း။

'ပရမတ်တရားမှန်လျှင် သစ္စာလေးချက်၏ ကိစ္စကြီးလေးချက် ရှိသည်။ ပညတ်မှန်လျှင် မရှိ'-ဟု ဖြေဆိုထားသည်။

ဤကိစ္စကြီးလေးချက်အတွင်းဝင်လျှင်-ပရမတ်၊ မဝင်လျှင်-ပညတ်’-ဟူသတတ်။

‘သစ္စာလေးချက်’သည် ‘အရိယသစ္စာ’ဖြစ်သည်။ ပရမတ္ထသစ္စာ ဖြစ်သည်။ အရိယသစ္စာသည် ပရမတ္ထသစ္စာပေါ်၌ တည်ဆောက်ထားသောအရာ ဖြစ်သည်၊ အရိယသစ္စာကို ပရမတ္ထသစ္စာက မွေးဖွားပေးထားသည်’-ဟု ဆိုလိုပါသည်။

ဤသို့ဖြစ်လျက် ‘ပရမတ် ဟုတ်,မဟုတ်’ အရိယသစ္စာနှင့် ပြန်တိုင်းရမည်-ဆိုသည်မှာ အကြောင်းအကျိုးဝင်ဆန့်သည်-ဟု ထင်ရအောင် အတော်ပလီပလာ ကြိုးစားယူဖို့ ရှိပေသည်။

ပရမတ်နှင့်ပညတ်ခွဲရန် ညွှန်ပြသော ဤနည်းနိသျသည် မဏိသာရမဉ္ဇူသာဆရာအား ပေးခဲ့သော ‘မဟာထုသဂဗ္ဘ’ဟူသောဘွဲ့ကို လွှဲပြောင်းလက်ခံဖို့ သို့မဟုတ် ထိုဘွဲ့ကို ပြန်လည် လက်ခံသိမ်းပိုက်နိုင်ဖို့ သင့်လျော်သော နည်းနိသျ ဖြစ်မည်-ဟု ထင်မြင်မိလေသည်။

ယခုခေတ်လို ကမ္ဘာသကတာဉာဏ် ပွင့်လင်းထွန်းကားသောခေတ်၌ ဤကြောင်းကျိုးပြစကားများ၏ အနှစ်သာရမဲ့ပုံသည် ညွှန်ပြသူများ၏ အညွှန်အကြားပင်မလိုဘဲ သာမန်မျက်စေ့ကိုဝေ့၍ ကြည့်ကာမျှဖြင့် သိကြမည်ဖြစ်၍ ယင်းတို့ကို ဝေဖန်၍မပြလိုပါပြီ။ သို့သော်လည်း နိဗ္ဗာန် သစ္ဆိကရဏကိစ္စရှိ၍ ပရမတ်ဖြစ်ပုံကို သက်ဆိုင်လွန်းနေ၍ အနည်းငယ် တင်ပြပါမည်။

‘နိဗ္ဗာန်’သည် ကိုယ်တွေ့,ဉာဏ်တွေ့ နှစ်ပါးအားဖြင့် တွေ့နိုင်သောအရာ ဖြစ်သည်။ ထို့ကြောင့် ပရမတ် ဖြစ်သည်။ အဘယ်သို့ ကိုယ်တွေ့, ဉာဏ်တွေ့ နှစ်ပါးဖြင့် တွေ့နိုင်သနည်း။

ကိုယ်တွေ့ဖြစ်ပုံမှာ ဤသို့တည်း။

သောတာပတ္တိမဂ်သို့ ဆိုက်သောအခါ အလွန်ပူလောင်ကြပ်တည်းသော ဒိဋ္ဌိ,ဝိစိကိစ္ဆာ သံညောင့်များ နှလုံးတွင်းမှ ကျွတ်ကျသည်။ ဤနှစ်ပါးသည် ငရဲမျိုးစေ့ဖြစ်သည်။ ထို့ကြောင့် ဤနှစ်ပါးငြိမ်းခြင်းသည် ငရဲအိုးကြီးနှစ်လုံးငြိမ်းခြင်း ဖြစ်သည်။ (ဝါ) ကွဲသွားခြင်း ဖြစ်သည်။ မမွေးမီကပြုခဲ့သော မရေမတွက်နိုင်သော

ကံဆိုးများ လွတ်ငြိမ်းကြသည်။ သေပြီးနောက် ဘဝတို့၌လည်း စိုးရိမ်စရာ အလျဉ်းမရှိတော့။ ဤသည်လျှင် ကိုယ်တွေ့နိဗ္ဗာန်တည်း။

ဉာဏ်တွေ့ပုံမှာ ဤသို့တည်း။ ငါ့အား ဘေးဥပဒ်ကြီး နှစ်စင်း ကျွတ်ပေပြီ-ဟု ရှုမြင်သော အခါ ဉာဏ်တွေ့ဖြစ်ပြန်၏’-ဟူသတည်း။

ပြခဲ့သောစကားများ၌ ‘ကိုယ်တွေ့ ဉာဏ်တွေ့’ နှစ်ပါးတို့တွင် ‘ကိုယ်တွေ့’ ဟူသော စကားကို အနည်းငယ်မျှ လေ့လာကြည့်စေချင်ပါသည်။

‘ကိုယ်တွေ့ပြ’ စကားများ၌ တကယ်ကိုယ်တွေ့ဖြစ်နိုင်သော စကားသည် အနည်းငယ်မျှ ဖြစ်၏။ အတိတ်စကားများနှင့် အနာဂတ်စကားများ လှိုင်လှိုင်ပါနေ၏။ အနာဂတ်၌ ကံဆိုးများငြိမ်းခြင်း၊ အတိတ်မှ ငရဲအိုးများ ကွဲခြင်းများသည် စိတ်ကူးသာ ဖြစ်နိုင်၏။ ကိုယ်တွေ့ မဖြစ်နိုင်။ ကိုယ်တွေ့ဖြစ်နိုင်သော ကိလေသာ သံယောဇဉ်များကျွတ်သည် ဆိုသည်မှာလည်း စိတ်ကူးယဉ်ဆန်လှပါသည်။ ပုံပြင်အတွင်းမှ အာလာဒင်မီးခွက်ဆန်းစွမ်းရည်ကို နားထောင်ရသကဲ့သို့ ဖြစ်ပါသည်။

ဤ‘ကိုယ်တွေ့ ဉာဏ်တွေ့’ အတွေ့နှစ်မျိုး သို့မဟုတ် မျက်မှောက်အပြုခံရခြင်း ကိစ္စနှစ်မျိုးဖြင့်ရှိနေကြောင်း နိဗ္ဗာန်ကိုပြနိုင်သောကြောင့် နိဗ္ဗာန်သည် ပရမတ်ဖြစ်သည်-ဟု ဆိုလိုကြောင်း တင်ပြထားပါသည်။

‘ပရမတ်သည် အရှိဖြစ်သည်။ နိဗ္ဗာန်သည် တကယ်တွေ့နိုင်သောကြောင့် ပရမတ်ဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်သည်လည်း အရှိဖြစ်သည်’-ဟူသတတ်။

ဤတင်ပြသော အရှိဖြစ်ပုံ ကြောင်းကျိုးပြစကားများသည် သို့မဟုတ် နိဗ္ဗာန်၏ အရှိအဖြစ် အကြောင်းပြစကားများသည် အကယ် ခိုင်လုံခြင်းရှိပြီ-ဟု ယူဆသင့်ပါသလော။ဤတင်ပြချက်သည် အတ္တဝါဒပါဒါန်ကို ခိုင်မြဲသန်မာအောင် ဖွဲ့နှောင်နေသော အဆိုများသာဖြစ်သည်-ဟု ထင်မြင်ပါသည်။

‘ငါတို့ဘုရား နှုတ်ခပတ်တော်သည် အမှန်ဖြစ်သည်’၊ အဘယ်ကြောင့်ဆိုသော် ‘ငါတို့ဘုရားသည် အမှန်ဖြစ်သောကြောင့်’ပင်။ တဖန်လည်း ‘ငါတို့ဘုရားသည်လည်း အမှန်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ငါတို့ဘုရား၏ နှုတ်ခပတ်တော်များသည် အစစ်ဧကန် မှန်နေသောကြောင့်ဖြစ်သည်’။

ဤစကားများသည် 'အတ္တဝါဒုပါဒါန်'ကို သန်မာထွားကြိုင်းစေသော စကားများဖြစ်ပါသည်။ သဘောတရားကို ဘဝအပေါ်မှာ မဆောက်ဘဲ သဘောတရားကို သဘောတရားပေါ်မှာ ထပ်ဆင့်တည်ဆောက်ခြင်းသည် 'အတ္တဝါဒုပါဒါန်'ကို ခိုင်မာရှင်သန်စေသည်။ လောကအတွက် 'အတ္တဝါဒုပါဒါန်'ဖြင့် အဘယ် အကျိုးရှိအံ့နည်း။

ဤမျှဖြင့် နိဗ္ဗာန် အရှိဖြစ်ပုံပြစကားများကို အနည်းငယ်မျှလေ့လာခြင်းကို အဆုံးသတ်သင့်ပါသည်။

၇၁။ နိဗ္ဗာန်၏ အမြင့်ဆုံးငြိမ်းချမ်းမှုဖြစ်ပုံ သုံးသပ်ချက်

ဆက်လက်၍ နိဗ္ဗာန်၏ 'အမြင့်ဆုံးငြိမ်းချမ်းမှုဖြစ်ပုံပြ စကား'ကို လေ့လာဆွေးနွေးကြပါမည်။

'ငြိမ်းချမ်းမှု'သည်-

(၁) ခံစားမှုရှိသော ငြိမ်းချမ်းမှုနှင့်

(၂) ခံစားမှုမဲ့သော ငြိမ်းချမ်းမှု၊ နှစ်မျိုးရှိသည်တွင်__

နိဗ္ဗာန်ငြိမ်းချမ်းမှုသည် ဒုတိယငြိမ်းချမ်းမှု ဖြစ်သည်။ ရှေ့ငြိမ်းချမ်းမှုသည် ပေးဆပ်မှုရသောအရာ ဖြစ်သည်။ နောက်မှာ ထိုသို့မဟုတ်။ ထို့ကြောင့် နောက်ငြိမ်းချမ်းမှုမှာ အမြင့်ဆုံးဖြစ်သည်-ဟူ၍ တစ်ချက်ဆိုထားသည်။

ထို့ပြင်လည်း ခံစားမှုရှိသော ငရဲကြီးရှစ်ထပ်၊ ငရဲငယ် တစ်ရာနှစ်ဆယ့်ရှစ်ထပ်တို့ အမှုတွဲတန်းလန်း ရှိနေသည်။ ခံစားမှုမဲ့ငြိမ်းချမ်းမှုမှာ ထိုသို့မရှိ။ ထိုသို့မရှိသောကြောင့်လည်း မြင့်မြတ်သည်-ဟု ဆိုပါသည်။

ဤအဆိုများသည် များစွာ ပြောစရာမရှိပါ။ သို့သော်လည်း စာဆိုလည်း မသိ၊ စာဖတ်သူတို့လည်း သိမည်မဟုတ်၊ ကျွန်ုပ်လည်းမသိသော အရာများကို အလေးထား၍တင်ပြခြင်း၌ ပေါ့ဟာလှပေသည်။ ငရဲကြီးငယ်တစ်ရာသုံးဆယ့်ခြောက်ထပ်ကို သူ-သိပါမည်လော။ ကျွန်ုပ်တို့ကော သိနိုင်ပါမည်လော။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

ထို့ကြောင့် အိပ်မက်ထဲမှာ အကြောင်းအရာများကို ကိုင်စမ်းရသကဲ့သို့ စာဖတ်ရသည်မှာ ယောင်ဝါးဝါးရှိလှသည်။ နိဗ္ဗာန်၏ အမြင့်ဆုံးငြိမ်းချမ်းမှုဖြစ်ပုံသည် မျက်မှောက်အဖြစ်၌ ဤမျှမထင်မလင်းသောအရာ ဖြစ်သတဲ့လော။

အလို,အမျက်ငြိမ်းခြင်း၊ အမြင်မှားပျောက်ခြင်းများကြောင့်ဖြစ်သော ငြိမ်းချမ်းမှုသည် ဤမျှ မှုန်ဝါးသတဲ့လော။

ဆက်လက်၍ နိဗ္ဗာန်၏ ခက်ခဲနက်နဲ သိမ်မွေ့ပုံပြဆိုသော စကားကို ဆက်လက်၍ တင်ပြပါမည်။ နိဗ္ဗာန်၏ ခက်ခဲနက်နဲမှုသည် ဒုက္ခ၏ ခက်ခဲနက်နဲမှုနှင့်အညီ ဖြစ်သည့် ဒုက္ခနက်မှုလောက်ပင် ဒုက္ခငြိမ်းမှု နက်နဲသည်-ဟု တင်ပြပါသည်။

ဤတင်ပြချက်၌ အထူးပြောဆိုစရာ မရှိလှပါ။

အခန်း(၇)

# နိဗ္ဗာနဒီပနီသုံးသပ်ချက် အချုပ်စကား

# အခန်း(၈)
## နိဗ္ဗာနဒီပနီသုံးသပ်ချက် အချုပ်စကား

၇၂။ နိဗ္ဗာနဒီပနီအပေါ် ခြုံငုံသုံးသပ်ချက်

ဤမျှဖြင့် 'နိဗ္ဗာနဒီပနီ'တည်းဟူသော ကောကနုဒ်ဗိမာန်ကလေး၏ အရေးကြီးသော အစိတ်အပိုင်းကို အနည်းငယ်မျှ ဆိတ်ဖွဲ့လေ့လာ၍ တင်ပြချက်များ အဆုံးသတ်သင့်ပါပြီ။

ဤတင်ပြချက်များသည် ကောကနုဒ်ဗိမာန်ကလေး၏ ဤအစိတ်အပိုင်းများသည် ရွှေသားအစစ် ဖြစ်နေသည်ကို တွေ့မြင်ရသလော၊ သို့မဟုတ် ရွှံ့စေးများဖြစ်နေသည်ကို တွေ့မြင်ရပါသလော။

ဤစာ တင်ပြလျှောက်လဲသူသည်-

'ကောကနုဒ်ဗိမာန်သည် ရွှေသားဗိမာန်မဟုတ်၊ ရွှံ့စေးဗိမာန်ဖြစ်သည်'-ဟု လျှောက်လဲနေခဲ့ပါသည်။

စာရှုသူသည် တရားသူကြီးလုပ်၍ ဤပြဿနာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သမာသမတ်ကျအောင် ဆုံးဖြတ်ဖို့ပင် ဖြစ်ပါသည်။

ဤမျှစကားစဉ်ဖြင့် တင်ပြချက်သည် နိဂုံးသို့ ရောက်သင့်ပါပြီ။ ဤစာဖြင့် ကောကနုဒ်ဗိမာန ်ဖန်ဆင်းသူ၏ ဘဝကိုလည်းကောင်း၊ ကောကနုဒ်ဗိမာန်၏ အစိတ်အပိုင်းများကိုလည်းကောင်း တတ်အားသမျှ ထုတ်ပြခဲ့ပါပြီ။

ဤတင်ပြချက်များဖြင့် အနှစ်သာရဟုတ်နှင့် မဟုတ်ကို ဖော်ထုတ်သိမြင်လိုသူတို့အတွက် အနှစ်သာရမဟုတ်သည်ကို အနှစ်သာရလုပ်နေခြင်းဒုက္ခမှ လွတ်မြောက်စေချင်သော ဆန္ဒကို ဖော်ပြပါသည်။

ထို့ပြင်လည်း ဤစာသည် သစ္စာမီးရှူးအတွက် ပူဇော်အပ်သော အနည်းငယ်သော လောင်စာဆီတစ်မျိုးလည်းဖြစ်ရန် အလိုရှိပါသည်။ ဤမီးရှူးရောင်သည် လောကများ၏ များမြောင်သောကိစ္စများအတွင်းမှ တစ်ခုတလေကိုဖြစ်စေ ပြီးမြောက်အောင် ဆောင်နိုင်သော အရည်အချင်းဖြစ်ပေါ်မည်-ဟု ယုံကြည်ပါသည်။

 ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

၇၃။ နိဗ္ဗာနဒီပနီဘယ်လဲ နိဂုံး

မြင့်မိုရ်တောင်ကို လက်သီးဖြင့်ထိုးသလို ဖြစ်ချင်ဖြစ်မည်။

ဤစကားကို ရေးသားခဲ့ပြီ။ အရာထင်သည်ဖြစ်စေ မထင်သည်ဖြစ်စေ ဤအရာသည် စာရေးသူ၏ ပဓါနအကြောင်း မဟုတ်ပါ။

'သစ္စာတရားသည် လောကမှာ အမှန်ရှိသည်ဆိုလျှင် ထိုသစ္စာစကားကို လင်းချင်းလာစေခြင်းသည်သာလျှင် ဤစာရေးသူ၏ပဓါန' ဖြစ်သည်။

မြင့်မိုရ်တောင်ကြီး၌ အာဃာတတရား အနည်းမျှ စာရေးသူမထားပါ လေးစားအပ်သောအရာ ဖြစ်သည့်အတိုင်း မြင့်မိုရ်တောင်အဖြစ် လေးစားလျက်၊ ဦးညွှတ်လျက် အစဉ်ပင် ရှိပါသည်။

ဟုတ်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ထုထည်ရှိသော ပညာ,သီလ,ဝီရိယရှိသူအမှန်ပင် ဖြစ်လေသည်။ သူ၏ ခြေရာတော်, လက်ရာတော် အချို့အစိတ်အပိုင်းကလေးမျှ တွေ့မြင်ရခြင်းဖြင့် သိနိုင်ခွင့် ရှိလောက်အောင်ပင် ဖြစ်ပါသည်။ အလားတူပုဂ္ဂိုလ်တစ်ဦးသည် အနာဂတ်၌ ပေါ်ဦးမှ ပေါ်ပေါက်ဖြစ်ပွားလာတော့မည်လား-ဟုပင် တွေးထင်စရာ ဖြစ်ပါသည်။

ထို့ကြောင့် ဦးညွှတ်ပါ၏၊ လေးစားပါ၏၊ ဝပ်တွားပါ၏။ ဆရာတော်ကြီး၏ ဖြူစင်သောအကျင့်တော်၊ မြင့်မားသော အတတ်ပညာတော်၊ ကြီးမြတ်သော သိက္ခာတော် အစရှိသည်များသည် ကျွန်ုပ်တို့ဦးခေါင်းပေါ်၌ အမြဲတည်ပါစေ။

ထိုသို့ဖြစ်သော်လည်း အဖေမှားသည်ကို 'အဖေမှားဖြစ်သည်'ဟူသော အကြောင်းဖြင့် ထိုအဖေအမှားကို တာဝန်ယူရန် မဖြစ်နိုင်ပါ။ တာဝန်ယူလျှင် အဖေကလည်း ကြိုက်မည်မဟုတ်ပါ။

အဖေသည် သူမှား၍ သူ၏အမှားအမွေကို သားတို့အား ဆက်လက်၍ ပေးလိုစိတ်ရှိနိုင်ပါမည်လော။ သားတို့၏ လမ်းဟောင်းပေါ်တွင် လမ်းသစ်ထွင်သွားမည်ကို မရှုစိမ့်နိုင်သောအဖေ ဟူ၍ လောက၌ ရှိနိုင်ပါသလော။

အဖိုး၏အမျိုးကို အဖေထက်မြင့်အောင် ဆောင်ရွက်နိုင်ခြင်းကြောင့် အဖေ မကျေမနပ် ဖြစ်နိုင်ပါမည်လော။

ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တစ်ဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု ရှင်ဉာဏ

ဤသို့မဖြစ်နိုင်-ဟု ကျွန်ုပ်ယုံကြည်သည်။

ထို့ကြောင့် ဤစာသည် မြင့်မိုရ်တောင်ကို လက်သီးဖြင့်ထိုးသူ ဖြစ်ကောင်း ဖြစ်မည် ရှိသော်လည်း လယ်တီဆရာတော်ဘုရား သက်တော်ထင်ရှားရှိလျှင် အကြိမ်ကြိမ်သာဓုခေါ်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

လယ်တီဆရာတော်ဘုရားသည် တောင်ပေါ်တက်နေ၍ အရပ်မြင့်သူ ဖြစ်မည်မထင်ပါ။ တကယ်တမ်း အရပ်မြင့်သူ-စသည် ဖြစ်မည်ထင်ပါသည်။ တကယ်တမ်း အရပ်မြင့်သူဖြစ်လျှင် ဤစာအတွက် အကြိမ်ကြိမ်အထပ်ထပ် သာဓုသံမပြတ်ဘဲ ရှိရာပါသည်။။

ဟုတ်ပါသည်။ အဖေ့ဝမ်းပိုက်အတွင်း၌ အူအတက်ပေါက်လျက်နေရာ သားလုပ်သူသည် သိ၍ အဖေ၏ဝမ်းပိုက်ကို ထားထက်ထက်ဖြင့် ထိုးဖောက်၍ အဖေ၏ ထိုအစိတ်အပိုင်းဖြစ်သော အူအတက်ကို ဖြတ်တောက်ပစ်လျှင် အဖေ စိတ်ဆိုးမည်လော။ ချီးမွမ်းသံမပြတ် အထပ်ထပ် ဖြစ်ပေါ်မည်လော။ ဤအဖေ၏ ဝမ်းပိုက်ကို ထားထက်ထက်ဖြင့် ထိုးဖောက်ပြီး အဖေ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုအား ဖြတ်တောက်ပစ်သလိုဖြစ်၍ မြင့်မိုရ်တောင်ကို လက်သီးဖြင့် ထိုးသလို ဖြစ်ကောင်းဖြစ်ပါမည်။

သို့သော်လည်း-

သစ္စာအတွက်ဖြစ်၍ အဖေ ဝမ်းသာရမည်မှာ မလွဲတည်း။

အဖေသည် ဤအရာကို ဝမ်းနည်းရလောက်အောင် သူရဲဘောမကြော၏ ဣဿာ,မစ္ဆရိယတရားများဖြင့် မရစ်နှောင်။

ထို့ကြောင့် အားလုံးသောစာရှုသူတို့သည် သစ္စာအတွက် လက်ခနဲ အလင်းရောင်ကို မထိတ်မလန့် မကြောက်မရွံ့ဘဲ ပျော်ရွှင်ချမ်းမြေ့၍ အေးမြ ကြည်သာသောစိတ်ထားဖြင့် ဤစာ၏ အမှန်နှင့်အမှားကို ပုဂ္ဂိုလ်ရေးမဖက် သက်သက်သော ဓမ္မဓိဋ္ဌာန်ဖြင့် မေတ္တာပွားပြီး အဆုံးတိုင် ရိုးသားနိုင်ကြပါစေ သတည်း။


ကိုယ်တိုင် ဖတ်ရှုတည်းဖြတ်ရန်၊ တဆင့်ကူးယူဖြန့်ဝေခြင်း ခွင့်မပြု

စာရှုသူတို့အတွက် ဤစာသည် အမြင့်ဆုံးသော ဘဝငြိမ်းချမ်းရေးအကျိုးကို သယ်ပိုးနိုင်သမျှ သယ်ပိုးဆောင်ရွက်နိုင်ပါစေ။

ရှင်ဉာဏ
ရွှေမြင်တင်တောင်၊ မင်းကွန်း
၁၃၃၄ ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၁ရက်

ဤစာရေးကူးပြီးချိန် (၁၃၆၄ခုနှစ် ကဆုန်လဆန်း ၅ရက်၊ ၁၆-၅-၂၀၀၂၊ ကြာသပတေးနေ့)

E:\3tja\NnaGnl\Nivirna\Nivirna.pm6(Nsym)